www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၁၄၃/၉၈(၅) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၂၈၅/၉၈(၇) |
| ထုတ်ဝေသည့်အကြိမ် | - ၁၉၉၈၊ ဩဂုတ်လ |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၂၀၀ ကျပ် |
| စာအုပ်ချုပ် | - ကိုမြင့် |
| ရှေ့မျက်နှာဖုံးပန်းချီ | - ဝသုန် |
| နောက်ကျောဖုံးပန်းချီ | - ဝင်းတင့် |
| မျက်နှာဖုံးပုံနှိပ် | - ဦးမြသိန်း၊ သိန်းမြင့်ဝင်းအော့ဖ်ဆက် (မြ-၀၁၄၂၇) အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | - ဦးမြသန်း (အသိုင်းအဝိုင်းစာပေ) ၃၅၊ ဗွဲစုံရပ်ကွက်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | - သဇင်ဦး ပုံနှိပ်တိုက် အမှတ် ၃၁၊ ရှမ်းရိပ်သာလမ်း၊ ရန်ကုန်မြို့။ |
| အတွင်းဖလင် | - အေးကျော်နှင့်အဖွဲ့ |
| ပြည်လုံးကျွတ်ဖြန့်ချိရေး | - ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းတိုက် ၁/၁၊ မဂ္ဂင်လမ်း၊ ကျောက်ကုန်း၊ ရန်ကင်းစာတိုက်၊ ရန်ကုန်။ |


BURMESE CLASSIC .com

## 'မေ' စီစဉ်သူမှ စာဖတ်သူသို့

ကမ္ဘာ့စာပေမှာ နာမည်ဆိုးနှင့် ကျော်ကြားသည့် ဇာတ်လိုက်မ အင်နာကာရင်နီနာ၊ မဒမ်ဗိုဘာရီ စသည်တို့ကဲ့သို့ မြန်မာဝတ္ထုထဲက ဇာတ်လိုက်မ 'မေ'သည်လည်း နာမည်ဆိုးနှင့် ကျော်ကြားသည်ဟု ဆိုရမည်လား မသိပေ။ သို့သော် အင်နာကာရင်နီနာကို ရေးသူ တော်လစတွိုင်းကား အင်နာကာရင်နီနာဘက်က နေသည်။ ဆရာဒဂုန်တာရာလည်း မေဝတ္ထုကို ရေးရာ၌ ဇာတ်လိုက်မ 'မေ'ဘက်က လိုက်သည်ဟု ဆိုရပေမည်။

ဘာ့ကြောင့် သူတို့ဘက်က လိုက်သလဲ။ စာရေးဆရာသည် ၎င်းဇာတ်ကောင် အမျိုးသမီးတို့အပေါ် လူသားတစ်ဦးအဖြစ် ကရုဏာသက်ခြင်းကြောင့်ပင် ဖြစ်ပေလိမ့်မည်။ လူသည် ပတ်ဝန်းကျင်၏ ပြုပြင် ဖန်တီးမှုကို ခံရသည့် သားကောင်ပင် မဟုတ်လား။ မှီးသော ဝတ္ထုဟု ဆိုသော်လည်း မြန်မာ့ လူ့အဖွဲ့အစည်းထဲက မြန်မာ့ဇာတ်ကောင် တစ်ဦးအဖြစ် အသက်သွင်းလိုက်ခြင်း ဖြစ်သည်။ 'မေ'သည် ထိုခေတ် ထိုအခါက လူ့အဖွဲ့အစည်း၊ လူ့ ပတ်ဝန်းကျင် တစ်ခု၏ ရိုက်ပုတ်မှုဒဏ်ကို အကြီးအကျယ် ခံခဲ့ရသော သားကောင်တစ်ဦးသာ ဖြစ်သည်။ ထို့ကြောင့် စာရေးဆရာက ကရုဏာသက်ကာ သူ့ဘက်က နေခဲ့သည် ဖြစ်မည်။

ဥရောပ အလယ်ခေတ်ကနေ အသိဉာဏ် ပွင့်လင်းသော ဒီနေဆန် ခေတ်သို့ ရောက်လာသောအခါ ဥရောပသားတို့သည် ရှေးလက်တင်နှင့် ဂရိစာ စာပေများကို လိုက်လံ ရှာဖွေ စူးစမ်း

www.burmeseclassic.com

www.burmeseclassic.com

ဖတ်ရှုလာကြသည်ဟု ဆိုသည်။ မြန်မာစာပေ ပြန်လည်ဆန်းသစ်လာရန်လည်း ယခင်က စာပေများကို ပြန်လည် ဖတ်ရှု လေ့လာဖို့ လိုအပ်ပါသည်။ ယနေ့ လူငယ်များသည် ကိုယ့်အရင်က လူကြီးများက ဘာတွေ ပြောခဲ့ကြ၊ ဘာတွေ လုပ်ခဲ့ကြ၊ ဘာတွေ ရေးထားခဲ့ကြသလဲ ဆိုသည်ကို ပြန်လည် လေ့လာ စူးစမ်းခဲ့ကြသည့်အခါ စာအုပ်ရှားပါးမှု အခက်အခဲ တစ်ခုကို တွေ့ရသည်။ စာအုပ်စာတမ်း ရှားပါးမှုသည်လည်း အတိတ်နှင့် ပစ္စုပ္ပန် စာပေ ဆက်စပ်နိုင်မှုတွင် ကြီးမားသော အဟန့်အတား တစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် ထို အဟန့်အတားကို တတ်နိုင်သည့်ဘက်က ဖြေရှင်းပေးလိုသည့် ဆန္ဒနှင့် ဤစာအုပ်ကို ထုတ်ဝေရခြင်း ဖြစ်ပါသည်။ တခြားစာအုပ်ကောင်းများကိုလည်း ဆက်လက် ထုတ်ဝေရန် စိစဥ် ကြိုးစားပါဦးမည်။

ကျော်ကြားခဲ့သော သခင်ဗဟိန်း၏ အမှာစာနှင့်အတူ ဆရာဒဂုန်တာရာ၏ 'မေ' ဝတ္ထုကို ပြန်လည် ထုတ်ဝေလိုက်သည့်အတွက် ယနေ့ လူကြီး လူငယ်များ ပြန်လည် ဖတ်ရှု သုံးသပ်ဆင်ခြင်နိုင်ကြလျှင် 'မေ'ကို ဖတ်၍ တစ်စုံတစ်ရာ အကျိုးရှိသည်ဟု ယူဆလျှင်တော့ ထုတ်ဝေသူ အနေနှင့် အလွန် ပီတိ ဖြစ်ရပါမည်ဟု။

**စိစဥ်သူ**

၈-၈-၁၉၄၁ - နဂါးနီစာအုပ်တိုက် လီမိတက်မှ ထုတ်ဝေခဲ့သော ပဌမမူအတိုင်း ပြန်လည် ထုတ်ဝေပါသည်။

**သခင်ဗဟိန်း၏အမှာ**

## နိဒါန်း

မေဝတ္ထုကို ဖတ်ရသည်မှာ ရှန်ပိန် အရက်ကို သောက်လိုက်သည်နှင့် တူလေသည်။ အဘယ်ကြောင့်ဆိုသော် သူ့ အရသာမှာ အခြား အစာ အာဟာရများလို ဒါချည်း... ဒါချည်း မဟုတ်ဘဲ၊ ထူးထူးကဲကဲ၊ ရှိန်းခနဲ၊ ဖိန်းခနဲ ဖြစ်သွားသောကြောင့်ဖြစ်သည်။

သူ့ကို လျှာပေါ်တင်လိုက်ကတည်းက ဆန်းသစ်သော အရသာကို တွေ့ရသည်။ ဒါတိုင်း စားနေကျ အရာများထက် ထူးသည်ကိုတော့

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သိလိုက်သည်။ ဝမ်းထဲသို့ ချောချောချွေ့ချွေ့ ဝင်မသွား။ ပထမတော့ ပူတူတူ၊ ရှိန်းတိန်း တိန်းနှင့်ပင် မျိုချလိုက်ရသည်။ သူ့ကို ဖတ်နေ စဥ်ဝင် အသစ်အဆန်းကလေးများကို မတွေး ဝံ့ဝံ့ဖြစ်နေရသည်။ သို့ရာတွင် ဘာပဲဖြစ်ဖြစ်... သူ့ကို တွေ့ရ၍ ခံစားရမည့်ဝေဒနာကို ရင်ဆိုင်ရ မည်။ သူ့ အယုအယကို ခံယူရာ၌ သူ့ကို အရေ လည်ဖို့လိုသည်။ သူ၏ ယုယမှုမှာ အရေလည် ရေးပေါ်တွင် တည်လေသည်။ အရေလည်လာ လေ၊ ဖတ်၍ အင်မတန် အရသာရှိလေဖြစ်သည်။ သူ့စိတ်ကူးကို ဖော်ကျူးသော အရေးအသားမှာ အနုစိပ်သည်။ သူ အနုစိပ် သလောက်ကို ကြည့်သူ က မြင်မှဟန်ကျသည်။ သူ၏ ရောင်ခြည်များ သည် ရှေ့ဝယ် လှပစွာထင်လာလေသည်။ ထို ရောင်ခြည်များသည် ပဥ္စလက်နည်းဖြင့် ပေါ်လာ သော ရောင်ခြည်ဖြစ်၍ ထိုဟာသာ သူ၏ Art အတတ်ပညာဖြစ်လေသည်။ ဒီဟာများသာ အရက် ကို မူးရသောအရသာဖြစ်လေသည်။

မသည် မည်သူ့အအုပ်အထိန်းကိုမှ မခံ ရသော ကောလိပ်ကျောင်းသူကလေး ဖြစ်လေ သည်။ သူ့သဘောအတိုင်း ဘာမဆိုလုပ်နိုင်သည်။ မသည် ကျောင်းကထွက်လျှင်ထွက်ချင်း လူကုံထံ



တွေ့နှင့် တွေ့ရသည်။ ပထမတော့ လူကုံထံကို နားမလည်။ လူကုံထံကို အကဲမခတ်တတ်။ နောက်ဆုံး မသည် လူကုံထံကို နားလည်လာ လေသည်။ နားလည်လျှင် လူကုံထံ၏ ဒဏ်ကြောင့် ပင် သူ့ကိုကို စွန့်ခွာ၍သွားရလေသည်။ နောက် မသည် သူ့ကိုယ်သူ လူကုံထံဖြစ်အောင် ကလေ သည်။ ဒီအခန်းထိ ဝတ္ထုရေးဆရာက လူကုံထံ တွေကို ပြောင်လှောင်လေသည်။ ဝတ္ထုရေးဆရာ သည် မေ့ဘက်က နေ၍ လူကုံထံကို သရော်သည်။ ရှုတ်ခမ်းမဲ့သည်။ ကျန် အခန်းအထိ ဝတ္ထုရေးဆရာ သည် မေ့ဘက်ကလည်း မနေပေ။ ဘယ်ဘက်ကမှ မနေပေ။ မေ့ဘဝကိုသာ ဝတ္ထုရေးဆရာသည် ပန်းချီဆရာလို ပုံတူရေးပြသည်။ မေ့ပုံကားကို ရေးရာ၌ တစ်လုံးတစ်ပါဒမျှ မကွန့်၊ ဆေးရောင် နှင့်လည်း မမှုန်းသ၊ မေ့ကို စက္ခုဖြင့် မြင်ရသည့် အတိုင်းသာ ရေးဆွဲလေသည်။ တစ်ခုတော့ရှိသည်၊ ပုံကားဆွဲရာတွင် ဆေးသား အင်မတန်ညှိသည်။ အခြယ်အလှယ်လှပသည်။ လက်ရာယဥ်ကျေး သည်၊ ပုံကားပြီးလျှင် ဝတ္ထုရေးဆရာသည် အသာ ဆောင်းထားလိုက်လေသည်။ ဘယ်နေရာက အမှောင်၊ ဘယ်နေရာက အလင်း စသည်တို့ကိုမူ ဝတ္ထုရေး ဆရာက မညွှန်ပြ။ ကြည့်သူကသာ အလင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



အရောင်ကို ခွဲခြားရမည်ဖြစ်လေသည်။ ခွဲခြား၍ စိတ်ကူးဉာဏ်တို့ရခြင်းမှာ အရသာတစ်မျိုး ဖြစ်လေသည်။

၀ ၀ ၀

မေဝတ္ထုကိုရေးသော ဟိုဒွေးမြိုင် (ဒဂုန်တာရာ)မှာ ကျောင်းသားဖြစ်လေသည်။ သူသည် တက္ကသိုလ်သမဂ္ဂအသင်းတွင် အမှုဆောင်တစ်ဦးဖြစ်၍၊ သူသည်မနှစ်က ဝါဒဖြန့်မှုအရေးမှူး ဖြစ်လေသည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအသင်းမှ ထုတ်ဝေသော မျိုးညွန့်မဂ္ဂဇင်းနှင့် တက္ကသိုလ်သမဂ္ဂမှ ထုတ်ဝေသော အိုးဝေမဂ္ဂဇင်းတို့တွင် အယ်ဒီတာဖြစ်ခဲ့သည်။ သူသည် သမဂ္ဂအစည်းအရုံးခင်မြင့်မှလာသော စာရေးဆရာ ဖြစ်လေသည်။ သူရေးသော ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာများကို ဒဂုန်မဂ္ဂဇင်း၊ ဂန္ထလောက၊ ယုနီဗာစီတီကောလိပ်မဂ္ဂဇင်းများတွင် ဖတ်ရသည်။ သူသည် စာပေကို ရေးစက ကဗျာများကိုရေးသည်။ ယခုမူ သူသည်ဝတ္ထုရေးဆရာ ဖြစ်လေပြီ။ သူတွင် ကဗျာစိတ်ကူးရှိသည်။ ထို့ကြောင့် သူရေးသားရာ စာလုံးကလေးများမှာ ကဗျာဆန်သည်။ အင်မတန် လှပသည်။ သူသည် ဝတ္ထုကိုရေးသားရာ၌ စာလုံးကလေးများကို ပန်းသီသလိုသီသည်။ နောက်



တစ်ခုမှာ သူသည် စကားလုံးထုဆရာ ဖြစ်သည်။ သူသည် စကားလုံး အသစ်အဆန်းများကို ထုလုပ်သည်။ အသစ်အဆန်းများ ပေါင်းဖွဲ့၍ သူ့အရေးအသား ဖြစ်လာရသည်။ သူသည် သီကုံး ရေးသားရာ၌ Rhythmic ညီညွတ်၍ ပြေပြစ်သည်။

သူသည် တော်လှန်ရှုသူများလည်း ဖြစ်လေသည်။ ရေးနေကျ၊ စိတ်ကူးနေကျများကို တော်လှန်၍ အသစ်ထွင်သည်။ လေပြေလေညင်းဟု မသုံး။ လေနုအေးဟု ရေးသည်။ ကစားသည်ဟု မရေး။ နော့သည်ဟု ရေးသည်။ ဒီလို သူသည် ဘယ်သူ့နှင့်မှ မတူ၊ ဘယ်ဟာနှင့်မှ မတူသော အရသာမှာ ရှန်ပိန်အရက်ကိုသောက်၍ မူးနေသော အရသာဖြစ်လေသည်။ မေ၏ပုံကားသည် ရှေ့တွင် အခိုးအငွေ့များသဖွယ် လိပ်၍ လိပ်၍ သဏ္ဍာန် ဝတ္ထုတစ်ခု ဖြစ်ပေါ်နေလိမ့်မည်။ ထို ပုံသဏ္ဍာန်သည် မေဝတ္ထုဖြစ်၍၊ အရက်လိုမူးပြီးလာရန်မှာ နိဒါန်းကို ကျော်၍ ရှေ့ဆက် ဝတ္ထုကို ဖတ်ဖို့ပင် ဖြစ်လေသည်။

သခင်ဗဟိန်း

၈-၈-၄၁

ရန်ကုန်

www.burmeseclassic.com

## (၁)

လေနုအေးသည်၊ တနွဲ့နွဲ့ နှော့နေဆဲကို…။

ဆရာဖြစ်သင် ကောလိပ်ကျောင်းဝင်းအတွင်းရှိ မြင့်မားလှသော မန်ကျည်းပင်၊ ပိတောက်ပင်၊ မရမ်းပင်များသည် လေအယဉ်တွင် ဘသွင်သွင် လှုပ်ရှားလျက်ရှိလေသည်။ အမြင့်ဝယ်၊ သစ်ရွက်သစ်ကိုင်းများအကြားကိုဖောက်၍ လေခတ်သဖြင့် တရှိုးရှိုးမြည်နေလေသည်။ စောစောက နှင်းတွေ တမှုံမှုံကျထားသဖြင့် ငွမ်းဆိုင်များလို အဆုပ်လိုက် အခဲလိုက် အိနေသော နှင်းပွင့်များမှာ သစ်ကိုင်းအခက် အလက်ဝယ် တွဲလွဲခိုကာ နောက်ဘက် အင်းလျားလမ်းဆီမှ ထိုးလာသော နေရောင်ခြည်ဦးဝယ် ငွေသွေးအလှကို ရွှေရေးပြနေကြလေသည်။ အမှန်မှာ နှင်းများသည် နေဦးမယ်ကိုကြိုဆို၍ ဆောင်းကို နှုတ်ဆက်ကန်တော့သော နှင်းကြွင်းများ ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထုကြီးထည်ကြီးနှင့် ခံ့ခံ့ရန့်ရန့်ရှိနေသော ကျောင်း အဆောက်အဦများမှာ ကောင်းကင်အပြာကို နောက်ကျောခံလျက် 'ဝင်ဒါမီယာ' ဘက် စိမ်းစိမ်းညိုသော တောရိပ်တောင်ရိပ်မှ အထင်းသား၊ အကွင်းသားပေါ်နေလေသည်။ ပြည်လမ်းမကြီးပေါ်မှ လော်ရီများ၊ ကားများ၊ ဘတ်များ စသော ရထားယာဉ်တို့ ဝေါခနဲ, ဝေါခနဲ တရိပ်ရိပ်ဖြတ်သွားကြသော်လည်း၊ ဆရာဖြစ်သင် ကောလိပ်ကျောင်းကြီးမှကား နေမြဲနေမြဲပင် တည်ရှိလျက်။ ပကတိတည်ငြိမ်သော ဣန္ဒြေ သမတ်ဝင်ကာ ရုံဖန်ရံခါမျှသာ ပြောင်းလဲမှု၏ ပုံတင်သံ ဝေ့လာလေသည်။

နှင်းနုနုဝယ် အားလုံးသော သစ်ပင်ပုဂ္ဂသမျှသည် ကြော့ကြော့ဝင်းနေသည်။ ပိုးသားလို တလွင်လွင် အိနေသည်။ မြဆေးချယ်ထားသလို စိမ်းစိမ်းစိုနေသည်။ သို့ရာတွင် ကြော့ရာ, လွင်ရာ စိမ်းရာမဟုတ်သော နွေဦးပေါက်လာသဖြင့် နွေဦးပေါက် ရှေ့တော်ပြေးနတ်သမီးများမှာလည်း ကချေနေကြလေသည်။ သစ်ရွက်ခြောက်များသည် လေရူး၏ စည်းဝါးချက်အတိုင်း အကိုင်းအလက်တို့မှ ဝေ့လည်ဝေ့လည်နှင့်ကြွေကျကာ မြေပေါ်တွင် နှံ့စ်ပတ်၊သုံးပတ်လိမ့်၍ သွားကြလေသည်။ ကျောင်းအတွင်းရှိ လမ်းငယ်ပေါ်တွင် သစ်ရွက်ခြောက်များ၊ ပန်းပွင့်အခြောက်များ ပြန့်ကြဲလျက်ရှိလေသည်။ သစ်ရွက်ခြောက်များ အပင်မှ ထွက်ခွာလာကြသော အချင်းအရာမှာ ကျောင်းသား၊ ကျောင်းသူများအတွက် အတိတ် နိမိတ်ဖြစ်လေသည်။ အကြောင်းမှာ တစ်နှစ်ကုန်ပြန်၍ နွေကျောင်းပိတ်ရက်အတွက် နေရပ်သို့ ပြန်ရန် သိပ္ပံကျောင်းကြီးမှ ထွက်ခွာကြသည့်အခါ ဖြစ်သောကြောင့်တည်း။ သစ်ပင်ကြီးငယ်များပေါ်မှ ကျေးငှက်အပေါင်းတို့မှာ တစ်ကိုင်းမှ တစ်ကိုင်းကိုကူးကာ နှုတ်ဆက် စောလက်ဘကို သီဆိုလျက် ရှိကြသည်။



အထူးသဖြင့်ကား မိန်းကလေးကျောင်းဆောင် အရှေ့ မျက်နှာစာရှိ ပန်းရုံတွင်းမှ ပန်းများသည် သူတို့၏ ရိုးညာတံကို အောက်သို့ကိုင်းညွတ်ကာ ဝတ်ရည်အစအန,ကလေးများ ဖိုစုစေလျက်။ နေရပ်သို့ ပြန်သွားကြမည့် ကျောင်းသူများအား အောက်မေ့နေကြဟန် ရှိလေသည်။ အချို့ပန်းများသည် သူတို့၏ချပ်လွှာကို ကော့ရကော့ဖြစ်စေလျက် ဝန်စည်စလယ်များကို ကားနှင့်တင်ကာ တစ်ဦးပြီးတစ်ဦး ကျောင်းဆောင်မှ ထွက်ခွာသွားကြသော စာသင်သူများအား ငေးကြည့်နေသည့် အသွင်ကို ဆောင်နေကြလေသည်။ အချို့ အားငယ်သော ပန်းများသည် စာသင်သူများနှင့် ခွဲရခွာရမည်ကို အောက်မေ့လွန်းလှသဖြင့် မကြည့်ရက်, မမြင်ရက် ဘိအလား၊ ပွင့်ချပ်ကားကားကြီးများနှင့် ကွယ်ကာမှုန်း၍ မျက်စိလွှဲထားကြလေသည်။ မာနကြီးသော ပန်းပွင့်များမှာ သူတို့နှင့်အလှချင်း ပြိုင်ကြသော ကျောင်းသူများ သွားကြတော့မည်ကို ကြိတ်၍ ဝမ်းသာကာ၊ ဝတ်မှုံလှလှကလေးများကို ဆော့ကစားကာ, ပျော်၍နေကြလေသည်။

အမှန်မှာ။ ပန်းပွင့်ကလေးများသည် ကျောင်းဆောင်အတွင်းရှိ ကျောင်းသူများ၏ အရိပ်ဖြစ်လေသည်။ ပန်းပွင့်လေးများ အလှရှုပါရုံကို မက်သလို, သူတို့လည်း အလှရှုပါရုံကို မက်ကြသည်။ ပန်းပွင့်ကလေးများ အလှကြိုက်သလို သူတို့လည်း အလှကြိုက်ကြသည်။ ပန်းပွင့်ကလေးများ လှဂုဏ်တိုးသလို, သူတို့လည်း လှဂုဏ်တိုးကြသည်။ ပန်းပွင့်ကလေးများ မာနကြီးသလို၊ သူတို့လည်း မာနကြီးကြသည်။ ပန်းပွင့်ကလေးများ ချစ်ဖွယ်ကောင်းကြသလို သူတို့လည်း ချစ်ဖွယ်ကောင်းကြသည်။ ပန်းပွင့်ကလေးများ အယုအယခံချင်သလို သူတို့လည်း အယုအယခံချင်ကြသည်။ ပန်းပွင့်ကလေးများ

www.burmeseclassic.com



အားငယ်၍ အလဟဿစိတ်များသလို၊ သူတို့လည်းအားငယ်၍ အလဟဿ စိတ်များကြလေသည်။ ကျောင်းသူ ပန်း၊ ပန်း ကျောင်းသူ ခြားနားခြင်းမှာ သက်ရှိနှင့် သက်မဲ့သာဖြစ်လေသည်။

ပန်းပွင့်ကလေး တစ်ပွင့်သည် မိန်းကလေးကျောင်းဆောင် အထက်ထပ်၊ ဝင်ဒါမီယာဘက်သို့ မျက်နှာပြုနေသော အခန်းတစ်ခန်းတွင်းရှိ မှန်တင်ခုံ၌ရပ်ကာ အလုပြင်လျက်ရှိလေသည်။ ထိုပန်းပွင့်ကလေးမှာ မခင်စီဟု ခေါ်သော သက်ရှိ ပန်းပွင့်ကလေးဖြစ်လေသည်။ ခါတိုင်းကဲ့သို့ အောက်ထပ်ညှိခန်းဆောင်မှ စန္ဒရားသံကိုလည်း ကြားရ။ ခါတိုင်းကဲ့သို့ ဓာတ်စက်သီချင်းဖွင့်သံ၊ ရေဒီယိုသံတို့မှာလည်း အပေါ်သို့ သဲ့သဲ့မျှပျံ့လွင့်၍မလာ။ ခါတိုင်းကဲ့သို့ ကျောင်းသူတွေကစားကြသော ချောက်ချောက်ချက်ချက် အသံတွေကိုလည်း နားမဖွင့်မိ။ သူ့နားထဲတွင် သူငယ်ချင်း တစ်တွေ ပြန်လုန်နှုတ်ဆက်ကြသော အသံဗလံတွေကိုသာ ကြားနေရလေသည်။ သူသည်အလှပြင်ပြီးလျှင် စားပွဲပေါ်ရှိ စာအုပ်တစ်အုပ်နှစ်အုပ်ကို သိမ်းဆည်းကာ ထင်းရှူးသေတ္တာထဲသို့ ထည့်လေသည်။ နောက် အပြီးမသတ်တတ်သေးသော နှုတ်ခမ်းဆိုးဆေးနှင့် နှုတ်ခမ်းကို ချယ်လှယ်နေပြန်လေသည်။ သူ၏စိတ်သည် အတည်တကျ မရှိ။ လုပ်သမျှတို့တွင်လည်း တစ်ခုပြီးတစ်ခု အစီအစဉ်နှင့်မလုပ်။ တဖန်သူသည် ပြတင်းပေါက်မှကျော်ကာ အပြင်သို့ ငေးနေပြန်သည်။ "ဥသြ ဥသြ" ဟု ... ဥသြသည် နွေဦးကို ကြိုလေသည်။

အခန်း၀ ဓာခန်းဆီး လိမ္မော်ရောင်အကြားမှ မိန်းမပျိုတစ်ဦး၏ သဏ္ဌာန်ပေါ်လာလေသည်။

"ဝင်ခဲ့လေ"



မိန်းမပျိုတစ်ဦး ဝင်လာသည်။ မခင်စီသည် သူ့ဆီ ပြေးလာလေသည်။

"သြော်...မေပါကလား၊ နှုတ်ဆက်မလို့ လာတာလား..."

မေသည် ခေါင်းကို ညိတ်လေသည်။ မေသည် မခင်စီကို မကြည့်၊ ပြတင်းပေါက်ဘက်သို့သာ ငေးနေလေသည်။ အပြင်ဘက်ကောင်းကင်အပြာတွင် တိမ်တိုက်အဖြူများ လွင့်ပါးနေသည်ကို မေ မြင်ရလေသည်။

"ဟုတ်တယ်၊ စိုကို နှုတ်ဆက်မလို့လာတာ"

မေသည် ခုတင်ပေါ်တွင် ဝင်ထိုင်လိုက်လေသည်။ မခင်စီသည် သူ့ဘက်သို့လှည့်၍ 'ဘယ်တော့သွားမှာလဲ' ဟု မေး၏။

"အို မေတော့သိပ်ကြာက်တာပဲ၊ ခုလေးပဲသွားရမှာ"

မေသည် ကြမ်းပြင်ကို ကြည့်ကာ "ခုလေးပဲ နေရမှာ၊ တော်တော်ကြာ မေတစ်ယောက်ထဲ ရှိတော့မှာပဲ" ဟု ဆက်ပြောလေသည်။

မခင်စီမှာ ဝမ်းနည်း၍သွားကာ "မေရယ် ဒီလိုမပြောပါနဲ့ကွယ်၊ ဘာမှအားငယ်စရာ မဟုတ်ပါဘူး... မေဟာလဲ တစ်ယောက်ထဲ၊ အဖော်မဲ့မှာ မဟုတ်ဘူး။ တော်ကြာ မေ့ကို ခင်လာကြမှာပါ။ စီ မေ့သဘောကို သိပါတယ်။ မေ အခုသွားပြီး ဆရာမ လုပ်ရမယ့်အိမ်က အိမ်သူအိမ်သားတွေအကြောင်းကိုတော့ မေဘာမှ မသိဘူးပေါ့။ ဒါပေမယ့် သူတို့ဟာ စိတ်ကောင်းရှိကြမှာပါပဲ။ မေကလဲ ဖော်ဖော်ရွေရွေဆိုတော့ သူတို့နဲ့ခင်မင်ပြီး ပျော်နေမှာပါ၊ စီ သိပါတယ်..."

မေ၏ မျက်လုံးများသည် အရောင်လက်၍လာ၏။ "မေ အဖော်အပေါင်းတွေနဲ့ ခင်မင်ပြီး ပျော်နေမယ်ဟုတ်လား။ မေ့အပေါ်ကို

www.burmeseclassic.com

www.burmeseclassic.com



တကယ်ကောင်းတာ စီပဲရှိတယ်။ စီတစ်ယောက်ပဲ မေ့ကို တကယ် ကြင်နာတယ်"

"မဟုတ်သေးဘူး မေ၊ မေဟာ ဘယ်သူ့ကိုမှ မုန်းတတ်တာ မဟုတ်ဘူး၊ မေက အင်မတန် ချစ်တတ်ခင်တတ်တာ၊ မေက စီ့လို မဟုတ်ဘူး"

"ဟုတ်ပါတယ်၊ မေ သိပါတယ်။ ဒါပေမယ့် မေနဲ့စီနဲ့ဟာ မတူဘူး။ စီ့မှာဆိုလျှင် ကြင်နာတဲ့ အဖေတို့... ယုယတဲ့ အမေတို့...အလိုလိုက်တဲ့ အစ်ကိုတို့နဲ့ သိပ်နေရာကျတယ်။ မေ့မှာ ဆို အာမှမရှိဘူး၊ လောကမှာ မေ တစ်ယောက်ထဲရယ်။ နောက်ပြီး ပိုက်ဆံအတွက် ဆိုရင်ကော..."

မေသည် လက်နှစ်ဖက်ကို ပတ္တာဆက်သလို ဆက်နေ၏။

"အခုဆိုရင် လက်ထဲမှာ ငွေနှစ်ဆယ်ပဲရှိတယ်။ ဒါနဲ့ပဲ လောကကြီးမှာ နေရမှာ"

မခင်စီမှာ မျက်ရည်ကလေးလည်နေရှာလေသည်။ မခင်စီနှင့် မေမှာ အတော်ချစ်ကြသည်။ သူတို့သည် အတော်ကြာ ငြိမ်သက်၍ နေကြ၏။

"မေ့ လိပ်စာပေးပါဦး၊ မေ အခုသွားပြီး ဆရာမလုပ် ရမယ့် အိမ်လိပ်စာကို ပေးရမှာပေါ့နော်"ဟု မေ့ကို မကြည့်ဘဲ မခင်စီက မေး၏။

"ဦးဘမောင်၊ မြေပိုင်ရှင်နှင့် သမာဓိမြို့ဝန်၊ လိပ်ပြာကန်၊ ပဲခူးမြို့ကတစ်ဆင့် မေ ဆိုလျှင်ရောက်မှာပေါ့"

မခင်စီသည် လိပ်စာကို ကူးယူရင်း "နားထောင်လို့ အကောင်းသား"ဟု ပြော၏။



"အို မေတော့ ပျော်မှာ မဟုတ်ဘူး၊ အရှင်လတ်လတ် မြေမြှုပ်ခံရမလိုနေမှာပဲ"ဟုပြောပြီး မေ၏ မျက်လုံးများသည် တောက် ပြောင်၍ လာပြန်သည်။

"မေကလည်းကွာ၊ ဒါချည်း ထပ်ထပ်ပြောနေတာပဲ။ အဆောင်မှူး ဒေါ်သက်တင်ကို ပဲခူးမှာ ဆရာမလုပ်မယ့် အကြောင်း ပြောသေးလား"ဟု မခင်စီက အိပ်ရာလိပ်ကို လက်နှင့်ပုတ်ကာ ပုံခါရင်းမေး၏။

"ပြောတယ်၊ ဒေါ်သက်တင်နဲ့ ဦးဘမောင်ဇနီးနဲ့ သိကြတယ်တဲ့။ မေက တစ်မျိုးစီရဲ့၊ မိန်းမတွေကို အားကြီး မုန်းတယ်၊ ရွံတယ်။ စီနဲ့မေနဲ့ မေတ္တာနှောင်ကြိုးကတော့ ဘယ်တော့မှ မပြတ်ဘူး။

မေ၏ မျက်နှာပုံပန်းသည်မကြည်လင်သော အသွင် ဆောင်နေ၏။ သူတို့သည် ခွဲရမှာ ဝမ်းနည်းနေကြ၏။

"စီကော မြို့ထဲဘယ်တော့ပြောင်းမလဲ"ဟု မေက မေး၏။ မခင်စီမှာ ရန်ကုန်မြို့ထဲ ကန်တော်ကြီးအနီးပတ်လမ်းတွင်နေ၏။ သို့ရာတွင် ကျောင်းဆောင်မှ ကျောင်းတက်၏။

"ညနေ အိမ်ကကား လာခေါ်မယ်"

သူတို့သည် စကားရပ်သွားကြပြန်၏။ အတော်ကြာမှ ခွဲရန် တော်ပြီဟု အောက်မေ့သဖြင့် မေသည် မခင်စီ၏လက်ကိုဆုပ်ကာ 'ကဲ မေသွားတော့မယ်နော်၊ နှုတ်ဆက်တာပဲ'ဟု မျက်ရည်စနှင့် ပြုံး၍ဆိုလေသည်။

မခင်စီသည် မေ့အနားသို့ ကပ်လာကာ ခေါင်းကို အသာ ညိတ်လေသည်။ နောက် သူတို့သည် တစ်ယောက်ကို တစ်ယောက် ဖက်ကာ နမ်းကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စိ မေ့ကို ဘယ်တော့မှ မမေ့ဘူး"ဟူ၍သာ မခင်စိက ပြန်ပြောနိုင်အားသည်။ စကားဆုံးလျှင် မေသည် သူ့အား ပြန်မကြည့်ဘဲ တစ်ခါတည်း အခန်းထဲမှ ထွက်ခွာသွားလေသည်။ မခင်စိမှာ တံခါးပေါက်ကိုမှီရင်း ကော်ရစ်ဒါ အချိုးတွင်ကွယ်သွားသော မေ့ကို ငေးကြည့်ကာ တစ်ချက်ရှိုက်လိုက်သည်။ (သူ၏ ရှိုက်သံမှာ မေတ္တာ ဈောင်းကြိုးကို တီးခတ်မိသောအသံ ဖြစ်လေသည်။)

မေမှာ တစ်ကောင်ကြွက်ဖြစ်လေသည်။ ငယ်စဉ်ကတည်းက သူ့အမေဆုံး၍ သူ့အဖေလက်ထဲတွင် ကြီးပြင်းလာရသည်။ သူ့အမေမှာ ကချေသည်ဖြစ်၍ အဖေမှာ စန္ဒရားဆရာဖြစ်လေသည်။ သူ့အဖေသည် ဂုဏ်သရေရှိ သားသမီးများကို စန္ဒရားအတီး သင်ပေးရသော အခငွေဖြင့် သမီးကို စောင့်ရှောက်လေသည်။ ထိုအခါက ဂုဏ်သရေရှိ သားသမီးများမှာ စန္ဒရားတီးတတ်မှ ဂုဏ်ရှိသည် ထင်မှတ်သော ကာလဖြစ်လေရာ ဝင်ငွေ အတော်ဟန်ကျသဖြင့် သမီးကို ရန်ကုန် ဒိုင်အိုမီန်းကလေးကျောင်းတွင် ကျောင်းအိပ် ကျောင်းစား ထားနိုင်လေ သည်။ သူ့အဖေ၏ သဘောမှာ သူ့သမီးကို အမေလိုလည်း အက,မကောင်းစေချင်။ သူ့လိုလည်း စန္ဒရားအတီး မတော်စေချင်။ လောကအလယ်တွင် တင့်တယ်စွာသာ နေစေချင်သည်။ သို့ရာတွင် မေမှာ စန္ဒရားကောင်းကောင်းတီးတတ်လေသည်။ (၁၀) တန်းအောင်သောအခါ သူ့အဖေက ဆရာဖြစ်သင်ကောလိပ် ကျောင်းတွင်နေစေလေသည်။ ဆရာ ဖြစ်လက်မှတ်ရလျှင် ဆရာမ လုပ်၍ သူ့ဘဝကို ခရီးသွားရန်ဖြစ်လေသည်။ သို့ရာတွင် သူ့ အဖေမှာ မေကောလိပ်ရောက်သည့် ပထမနှစ်ကပင် ဆုံးသွားလေရာ



မေမှာ လောကကြီးအလယ်တွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။ သူ့အဖေထားခဲ့သောငွေမှာ ဒုတိယနှစ်စာသင်ချိန်နှစ်အပြီး အထိသာခံလေသည်။ စာမေးပွဲတွေပြီး၍ ကျောင်းပိတ်သည့်အခါ မေ့လက်ထဲတွင် ငွေနှစ်ဆယ်ကျော်ကျော်သာ ကျန်ရစ်လေသည်။ ကံအားလျော်စွာ ပဲခူးမြို့ မြေပိုင်ရှင်ဦးဘမောင်၏ သမီးနှစ်ယောက် ကို အင်္ဂလိပ်စာသင်ပေးရန်နှင့် စန္ဒရားသင်ပေးရန် ဆရာမအလုပ် ရလေရာ ယခု ကျောင်းပိတ်ပိတ်ချင်း ပဲခူးသို့အလုပ်ဝင်ရမည်။

မေသည် သူ့အခန်းထဲ ရောက်လျှင်ရောက်ချင်း အိပ်ရာလိပ် သေတ္တာစသည်ကို အပြီးအစီးတုပ်နှောင်နေလေသည်။ သားရေသေတ္တာ ကိုမူ မပိတ်သေးဘဲ စားပွဲပေါ်တချို့၊ အံဆွဲပေါ်တချို့ ကျန်နေ သောပစ္စည်းကလေးများကို သိမ်းဆည်းနေ၏။ အံဆွဲထဲမှ ဖဲပွင့်အစိမ်းနု ကလေး လည်ပင်းစီး၍ သက္ကလပ်နှင့်လုပ်ထားသော ကြောင်နက်ရုပ် ကလေးကိုယူကာ သေတ္တာထဲသို့ထည့်လေသည်။ သူသည်ကြောင်များ ကို အလွန်ချစ်၏။ ကြောင်များသည် သူ့ကို ဘယ်တော့မှ မကုတ်ကြ။ သူ့ပေါင်ပေါ်တွင်လာထိုင်ကာ ချစ်ဖွယ်ဂီတသံ ငြိမ့်ငြိမ့် ကလေးနှင့် ဖျော်ဖြေနေတတ်ကြ၏။ နောက်ဆုံးတွင် မေသည် သူ့ကို ပိုးနေသော ပန်းချီဆရာတစ်ဦး ပုံတူရေးဆွဲပေးသော ပုံကားကို စားပွဲမှယူကာ ကြည့်လေသည်။ ပန်းချီဆရာပျို့မှာ မေ့အား မြတ်နိုးသမျှ၊ ချစ်သမျှ အရာကို ပန်းချီဆေးပေါ်တွင် အနုပညာဖြင့် မှုံးသထားဟန် တူလေ သည်။ မေသည် ပုံကားကိုကြည့်၍ပြုံးကာ သေတ္တာထဲသို့ ထည့်လိုက် လေသည်။ သိမ်းဆည်း၍ပြီးလေပြီ။ အိပ်ရာလိပ်၊ စာအုပ်သေတ္တာ၊ သားရေသေတ္တာတို့ကို စီး၍ ထားပြီးလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မေသည်အဆောင်မှူးဆရာမကြီး ဒေါ်သက်တင်ကို နှုတ်ဆက်ရန်အောက်ထပ်သို့ ဆင်းသွားလေသည်။ ဆရာမကြီးမှာ သူ့ရုံးခန်းတွင် စာရင်းတစ်ခုကို ကြည့်လျက်ရှိလေသည်။ မေသူ့အခန်းထဲသို့ ဝင်လာလျှင် ဆရာမကြီးသည် မော့ကြည့်လေသည်။

"ဩော်... မေပါကလား"

ကျွန်မ ဆရာမကြီးကို နှုတ်ဆက်ဖို့လာပါတယ်"ဟု မေက ဖြေ၏။

"အေး အေး တစ်ခါတည်း ပဲခူးသွားရမှာပဲမဟုတ်လား"

"အေး ဂေဇက်ကိုတော့ ဟိုကပဲ သတင်းစာထဲမှာ ကြည့်ပေါ့။ အောင်ပါလိမ့်မယ်ကွယ်၊ အောင်ပါတယ်"

မေသည် နောက်ထပ်ပြောရန် မရှိသဖြင့် အခန်းထဲမှ ထွက်သွားရန် ခြေလှမ်းလေသည်။

"ဟေး ခဏလာပါဦးကွယ်"ဟု ဆရာမကြီးက ထပ်ခေါ်သဖြင့် မေသည် ပြန်လာရပြန်လေသည်။

"ဒီစာကို ဦးဘမောင် ဇနီး ဒေါ်ငြိမ်းခင်ကို ပေးတာပေါ့၊ မင့်အတွက်ထောက်ခံစာပဲ၊ အေး အေး နောင်ကိုကြီးပွားဖို့ ဆရာမကြီး ဆုတောင်းပါတယ်"ဟုပြောကာ မေ့လက်ထဲသို့ စာအိတ်တစ်ခုထည့်လေသည်။ ဆရာမကြီးသည် ပြောရန်ပြီး၍ မေ့ဘက်သို့ ကျောပေးစဉ် မေလည်း ထွက်လာခဲ့လေသည်။

မေသည် သူ့အခန်းထဲသို့ရောက်လျှင် ရောက်ချင်း ပထမပြုလုပ်သောအရာမှာ ဆရာမကြီး၏စာကို အသာခဲတန်နှင့် နေရာမပျက်အောင် ဖွင့်ဖောက်၍ဖတ်ခြင်းဖြစ်လေသည်။



ဆရာဖြစ်သင်ကောလိပ်ကျောင်း
ပြည်လမ်း၊ ရန်ကုန်။

...မှာသော မငြိမ်းခင် ...

မေ့အား မငြိမ်းခင်တို့ အိမ်အတွက် သရာမ လုပ်ရန်ကို ကျွန်မက မိတ်ဆက်ပေးသည်။ ကိစ္စမှာ တာဝန်ရှိသလောက်တော့ ရှိသည်ကို ကျွန်မ သိပါသည်။ ကျွန်မတစ်ခု ထောက်ခံချင်တာကတော့ မေဟာ မငြိမ်းခင်တို့ ဆန္ဒအတိုင်းသာ မဖြစ်ဘူးလို့ထင်ရင် အခုလို မေ့အတွက် စာရေးပေးမှာမဟုတ်ဘူးတဲ့။

ကျောင်းဆောင်မှာ ကျွန်မ မေနဲ့အခန့်မသင့်တာ တွေ့ရဆိုမယ်၊ သူ့သဘော သကာယမှာကြီးလေးတဲ့ အပြစ်တော့ မမြင်မိဘူး။ နောက်ပြီး ကျွန်မဝန်ခံရမှာက မေဟာ ဉာဏ်ပါးတဲ့ ကျောင်းသူတစ်ဦးဘဲ။ ပညာဘက်မှာ တော်ပါတယ်။ သူ အင်္ဂလိပ်စကားကို နားထောင်ကောင်းလောက်အောင်ပြောတတ်တယ်။ ဒိုင်အိုဆီစင် ကျောင်းထွက် ဆိုသော့ သွက်လက်တာပေါ့၊ မေ ဆိုတဲ့ နာမည်ဟာလည်း ဗမာ နာမည်မဟုတ်ဘဲ၊ အင်္ဂလိပ်နာမည် May ပဲ။ ပညာအရည်အချင်းနဲ့ ပတ်သက်လို့တော့ ဆိုစရာတစ်ကွက်မရှိပါဘူး။

စန္ဒရားအလွန်တီးကောင်းတယ်၊ မြန်မာသီချင်းသံကြီး သီချင်းခံကို ကျကျနန ကျွမ်းကျင်တယ်။ အထူးသဖြင့် ပတ်ပျိုးကို နိုင်တယ်။ အင်္ဂလိပ် သီချင်းအသင့်အတင့်တတ်တယ်။ ဂီတဘက်မှာ အရွယ်နဲ့ မလိုက်အောင် တော်ပါတယ်။

ပထမ သူ့ကို စတွေ့ခါစတော့၊ ဘော်ကျော့ မိန်းကလေးလို့ ထင်မလားမပြောတတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အရေလည်လာတဲ့ အခါမှာ ဒီလောက် မဆိုးဘူး ဆိုတာ တွေ့ရပါလိမ့်မယ်။

မငြိမ်းခင်တို့ အိမ်သား အားလုံး သမီးနှစ်ယောက်ပါ ကျန်းကျန်းမာမာရှိကြလိမ့်မယ်လို့ ယုံကြည်ပါတယ်၊ ဆုလည်းဆု တောင်းနေပါသည်။

ဪ...တစ်ခုမေ့နေတယ်။ မေဟာ ကြောင်တွေကို အင်မတန် ချစ်တတ်တယ်၊ ချစ်တာမှ လွန်လွန်ကဲကဲကို ချစ်တယ်။

**ခင်သက်တင်**

မေသည် စာကိုအပြန်အလှန်ဖတ်ပြီး လက်ပေါ်တွင် မေးတင်လျက် အတန်ကြာငေးနေလေသည်။ နောက် သူသည်တစ်ချက်ရယ်ကာ စာကို အစုတ်စုတ်အမွှာမွှာဖြစ်အောင် ဆုပ်ဖြဲကာ အောက်သို့ လွှင့်ပစ်လိုက်၏။ စက္ကူအပိုင်းအစများသည် ဈာန်ယဉ်သတ်ကာ မြေပေါ်တွင် သစ်ရွက်ခြောက်များနှင့်အတူ ရောလျက်ရှိလေသည်။

(၂)

ထိုညနေ၌ ဦးဘေမောင်သည် ပျံ့ပျံ့ပြူးသော လမ်းကလေးပေါ်တွင် အံသြောင်းပြေလမ်းလျှောက်၍နေလေသည်။

သူသည် ဘုရားလူကြီးတစ်ဦးဖြစ်လေသည်။ အနောက်ဘက်သစ်ပင်ရိပ်အကြားမှ ဖြာ၍လာသော ရွှေရောင်ခြည်သည် သူ၏ စိမ်းသော ကတုံးကိုပြောင်စေလေသည်။ နွေအခါဖြစ်လေရာ အပူရှိန်ငွေ့သည် နေစောင်းသည့်တိုင်အောင် ပျံ့လွင့်လျက်ရှိသဖြင့် အိုက်စေရာ သူသည် အိတ်ထဲမှ ပုဝါဖြူကိုထုတ်ကာ မျက်နှာမှ ချွေးများကို



သုတ်၏။ လက်ကိုင်ပုဝါနှိုက်ရာ၌ အိတ်ထဲတွင် ဆေးပြင်းလိပ်ကိုပါ နမ်းမိသဖြင့် ဆေးလိပ်သောက်ချင်သောစိတ်ပါပေါ်လာ၏။ သူသည် ဆေးလိပ်ကို မီးချစ်နှင့်အတူ ထုတ်ဆဲ။ တူရူမှ သူ့ဆီသို့လာနေသော ဆိုင်ပိုင်ရှင်တရုတ်၏မိန်းမ, မကျင်မယ်ကို မြင်ရလေသည်။ သူသည် မမြင်ဟန်ပြုကာ ဆေးလိပ်ကို အိတ်ထဲသို့ ပြန်ထည့်လျက် လမ်းဘေးရှိ စကားဝါပန်းရုံဘက်ကို စိတ်ဝင်စား၍ နေလေသည်။ စကားဝါပွင့်ကားပုံထူသောလမ်းဘေးဝယ် ရွှေအိုရောင်တောက်နေကြ၏။

မကျင်မယ်သည် သူ့အနားသို့ရောက်လျှင်"ဪ ဦးဘေမောင် လမ်းလျှောက်မှတ်တယ်"ဟုသူ့ကို နှုတ်ဆက်လေသည်။

သူသည် စကားဝါရုံမှခွာကာ သူမဘက်သို့ လှည့်၍ "မကျင်မယ်ပါကလား"ပြန်၍နှုတ်ဆက်လေသည်။သူနှင့်လမ်းလျှောက်တိုင်း ဆုံတတ်သည်။

"ညနေက သိပ်လှတာပဲ၊ တော်တော်လှတာပဲ" သူသည် ပြောပြီးလျှင် စကားရပ်သွား၏။ နောက်ထပ် ဆက်ရန် စကားလုံးရှာမတွေ့။

"ဟုတ်တယ်မဟုတ်လား မကျင်မယ်"

"ဟုတ်ကဲ့ရှင်၊ လှပါတယ်။ မနက်ခင်းမှာလည်း ညနေလိုလှတာပါပဲ" စကားပြတ်သွားကြ၏။ ဦးဘေမောင်သည် အိတ်ထဲမှ ဆေးလိပ်ကိုထုတ်ကာ မီးညှိလေသည်။ သူ့သဘောမှာ မကျင်မယ် ပြန်စေချင်၏။ သို့ရာတွင် ရပ်မြဲရပ်နေလေသည်။

"မကျင်မယ်တို့ဆိုင်ကော အတော်ရောင်းကောင်းမှတ်တယ်" သူသည် တုတ်ကောက်ကို ဖေ့ရင်းမေးလိုက်၏။

"ကောင်းလှတယ်လို့မဟုတ်ပါဘူးရှင်၊ဘီယာကတော့ ရောင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါရဲ့၊ နေ့တိုင်းလိုပဲတွင်ပါတယ်။ ဦးဘောမောင်တို့လို သူဌေးတွေက အားပေးမှပေါ့ရှင်"

"ဟာ.. ကျုပ်မသောက်တတ်ပါကလား"

"ဟုတ်တယ်လေ အီယာတော့ ဘယ်သောက်မလဲ၊ ဘရန်ဒီကြိုက်တယ်မဟုတ်လား"ဟု မကျင်မယ်က ပြုံးကာမေးလေသည်။ ဦးဘောမောင်သည် ဘရန်ဒီကို သူ့ဇယောက်ျား တရစ်ထဲမှ၀ယ်သည်ကို သူ သိလေသည်။ ဦးဘောမောင်မှာလည်း မသောက်ဟု ငြင်းမည်မဟုတ်ပေ။

"ဘရန်ဒီဆိုလို့ဗျာ အိမ်မှာတောင် အခု ကုန်နေပြီ၊ ဒါဇင်ဝက်လောက်တော့လိုချင်တယ်"ဟု နောက်ဆုံး ဦးဘောမောင်က ဆို၏။

"ဟုတ်ကဲ့ရှင်... မနက်ဖြန်တော့ အိမ်ကို အပို့လွှတ်လိုက်ပါ့မယ်"ဟု မကျင်မယ်က ကိုယ်ကိုအနည်းငယ်ကြို့၍ ယဉ်ကျေးစွာ ပြောလေသည်။

"ဟုတ်တယ်ဗျ နေမကောင်းရင် ဘရန်ဒီက အင်မတန်နေရာကျတယ်။ တလောကလေးကလည်း မငြိမ်းခင် မမာလို့ ဒီဘရန်ဒီပဲ တိုက်ရတာပဲ။ တကယ်ဆိုတော့ ဘရန်ဒီဟာ အားဆေးတစ်မျိုးပဲ လူကို အားပြည့်ပြီး ရွှင်လန်းစေတယ်။ အထူးသဖြင့်ငှက်ဖျား အင်မတန်ကောင်းတယ်။ ကျုပ်ကလည်း ငှက်ဖျားသမား ဆိုတော့ ဘရန်ဒီနဲ့တဲ့တာပေါ့"

"ဟုတ်တယ်၊ ငှက်ဖျားတော့ကောင်းတယ်"ဟု မကျင်မယ်က ထောက်ခံ၏။

"ဒါပေမယ့် အခုလို လှပသာယာတဲ့ ညနေခင်းများမှာ ဘယ်ဖျားပါ့မလဲ... အခုလို ပန်းတွေနဲ့ဆိုရင်"



သူသည် စကားဝါပွင့်များ ရှိရာသို့ လက်ကိုညွှန်ပြလေသည်။ စကားဝါပန်းများမှာ လန်းလန်းကြီး ပွင့်နေကြသည်။ သူပြောသည်ကို မကျင် မယ်ကလည်းသဘောတူသည်။

"မလှလားဗျာ၊ ပန်းတွေ"

မှန်ပါသည်၊ ပန်းအလှတွေကို မြင်ပါသည်။

"မမွှေးလားဗျာ၊ ပန်းရနံ့တွေက"

မှန်ပါသည်၊ ရနံ့မွှေးတွေ ကြိုင်နေပါသည်။

"ဒီတော့ မသာယာဘူးလားဗျာ"

မကျင်မယ်သည် စကားဝါပန်း၏ အလှအပတွေကို သူတတ်နိုင်သလောက် မြင်အောင်ကြည့်လေသည်။

"ဒီတော့ ဒီလိုသာယာမှုတွေပေးနေတဲ့၊ အလှတန်ဆာဆင်နေတဲ့အရာတွေကို ကျေးဇူးတင်ရမှာပေါ့။ ဒီစကားဝါပန်းရဲ့၊ ဟောဟိုဘက်က လယ်ကွင်းကြီး၊ ဟိုဘက်က တောရိပ် တောင်ရိပ်ကလေး" သူ၏မျက်စိသည် လမ်းပေါ်သို့ရောက်သွားလေသည်။ "နောက်ပြီး သာဒီ ဖြူးနေတဲ့လမ်းကြီးကိုကောပေါ့၊ လမ်းကိုလည်း ကျုပ်တို့ ကျေးဇူးတင်ရမှာပေါ့"

မကျင်မယ်သည် ဒီညအဖို့ လမ်းကိုကျေးဇူးတင်ပြီးလျှင် ဦးဘောမောင်ကို နှုတ်ဆက်၍ ဆက်လက်ထွက်သွားလေသည်။ သူတို့ ကျေးဇူးတင်ကြသောလမ်းမှာ ပုံ့ပြူး၍ ချိုင့်ခွက်၊ အဖုအထစ်မရှိ သိသာဖြူဖွေးသော လမ်းကလေးဖြစ်ပါသည်။

ဦးဘောမောင်အဖို့ကား ဆိုင်သွား၍ မမှာကြားရဘဲ ဘရန်ဒီပုလင်းများ နက်ဖြန်ရောက်လာမည်ဖြစ်၍ ကျေနပ်ကာ သူ့အိမ်ဘက်သို့ဆက်လက်လမ်းလျှောက်သွားလေသည်။အလင်းရောင်မှာ အားနည်း

www.burmeseclassic.com

www.burmeseclassic.com



စပြုလေပြီ။ ငှက်ဆော်ပဇင်းတို့လည်း "ကျီ..ကျီ..ကျီ.. ကျီ" အော်ကာ အမှောင်လွှမ်းနေသော လယ်ကွင်းဘက်ဆီသို့ ပျံသွားကြလေသည်။ လေမှာ အနည်းငယ်အေးလျက် ပန်းပေါင်းစုံရနံ့ဖြင့် မွှေးလှိုင်နေလေသည်။ ခပ်လှမ်းလှမ်း လယ်ကွင်းဆီမှ ရိုးပြတ်တို့ အနံ့မှာလည်း သင်း၏။

သူသည် အခုမှသတိရကာ စောစောက အိတ်ထဲထည့်ထားသော ဆေးပြင်းလိပ်ကိုထုတ်ကာ မီးညှိ၍ဖွာနေလေသည်။ သူသည် မီးခြစ်ပြီး၍ မီးခြစ်ဆံကို လွှင့်ပစ်လိုက်စဉ် အဝေးမှ သူ့အိမ်ဆီသို့လာနေသော ကားတစ်စင်းကို သူမြင်လေသည်။

ကားမှာ အငှားမော်တော်ကားဖြစ်၍ အတွင်း၌ မိန်းမပျိုတစ်ယောက်ပါသွားလေသည်။ ဆရာမအသစ်ကလေး မေပင် ဖြစ်ဟန်တူသည်။ သူသည် ကားကို စိတ်ဝင်စားစွာ ကြည့်လေသည်။ ကားကိုရပ်၍ မေ့ကို နှုတ်ဆက်ရလျှင် နေရာကျမည်။ မေ့ကို ညနေခင်း အလှအပ အကြောင်း ညွှန်ပြလိုက်နိုင်မည်။ သို့မဟုတ် အိမ်ကျမှပင် အေးအေးဆေးဆေးတွေ့ရမည်လား၊ သူသည် နောက်ဆုံးအကြံကို ပို၍ နှစ်သက်လေသည်။ သူသည် သူ့အပါးမှ ကားဖြတ်မောင်းသွားသည်ကို အလျှင်းဂရုမစိုက်ဘဲ ဆက်၍လမ်းလျှောက်သွား၏။ သို့ရာတွင် ညနေခင်း ဝင်ဆဲနေရောင်ခြည်ထက်ပင် ဝင်းလက်ရွှန်းတင့်သော မေ၏ ဆံပင်များကို သတိထားမိလေသည်။

သူအိမ်တွင်းသို့ရောက်သည့်အခါ အတော်မှောင်နေပြီဖြစ်၍ မီးများထွန်းထားပြီဖြစ်လေသည်။ ဆင်ဝင်ဝဧည့်ခန်းတွင် သူ့ဇနီး ဒေါ်ငြိမ်းခင်ကို တွေ့၏။ ဇနီးသည်မှာ မျက်နှာထားတင်း၍ အစစအရာရာ ဩဇာပေးတတ်၏။ တွင်တွင်ကျယ်ကျယ် စီမံအုပ်ချုပ်



တတ်၏။ လင်သည် ပျော့၍ ချိုသလောက်၊ ဇနီးသည်မှာ မာ၍တည်လေသည်။

ဦးဘမောင် အိပ်ရာလိပ်၊ သားရေသေတ္တာတို့ကို တွေ့၍ "ဟေး.. မငြိမ်း ဒါ ဘယ်သူ့ပစ္စည်းတွေလဲ"ဟု အံ့အားသင့်သလို မေး၏။

"မေ အခုပဲ ရောက်တယ်..."ဟု ဒေါ်ငြိမ်းခင်က အေးဆေးစွာဖြေ၏။

"မေ... မေ" သူသည် နာမည်ကို စဉ်းစားနေလေသည်။

"ဒီက ခေါ်ထားတဲ့ ဆရာမကလေးလေ၊ အခုပဲ ရန်ကုန်က ရောက်လာတာကိုး။ မောင်နဲ့ ရှေ့ဆင့် နောက်ဆင့်ပဲ၊ လမ်းမှာ သူ့ကားနဲ့ မတွေ့ဘူးလား"

"ဟုတ်လား၊ မသိပါဘူးကွယ်။ ညနေခင်းက သိပ်သာယာနေတော့ ဘယ်ဟာမှ သတိမရပါဘူး"ဟု ပြောကာ သူ့နှာခေါင်းထဲတွင် စကားဝါပန်းရနံ့တွေ မွှေးလာသည်ဟု မှတ်ထင်လေသည်။

"ဟုတ်တယ်၊ ညနေခင်းက သိပ်သာယာတာ၊ နှင်းတော်င် လမ်းလျှောက်ထွက်မလို့ဟာ နောက်တော့ ဆရာမ ကလေးရောက်တာ မသိမှာစိုးတာနဲ့"

"ဆရာမ ကလေးက ဘယ့်နှယ့်လဲ"

"သဘောကောင်းပုံရပါတယ်။ ကလေးမက ရုပ်ရည်သနားကမား မျက်လုံးပြာကလေးနဲ့ ချစ်စရာ"

"ကောင်းတယ်၊ ကောင်းတယ်"ဟုပြောပြီး ဦးဘမောင်သည် သူ့အခန်းသို့သွားလေသည်။

အပေါ်ထပ်တွင်ကား ရုပ်ရည်သနားကမား၊ မျက်လုံးပြာ

www.burmeseclassic.com

www.burmeseclassic.com



ကလေးနှင့် ချစ်စရာ ဆရာမသည် ပတ်ဝန်းကျင်ကို အကဲခတ်နေလေသည်။ သူ့အဖို့ မှာ မြေပြောင်း၊ လေပြောင်း ဖြစ်၍ ဆန်းသစ်နေ၏။ ဦးဘော မောင်တို့အိမ်မှာ ဝင်းနှင့်ခြံ၊ မြေနှင့် မြို့အစွန်တွင် ဆောက်ထားလေရာ ခပ်လှမ်းလှမ်း လယ်ကွင်းမှ ရိုးပြတ်များ၏ ရနံ့သင်းသင်းနှင့် နွေဦးပေါက်ပန်းများ၏ ရနံ့မွှေးများကို သူ ရှူရှိုက်မိလေသည်။ ဘူတာရုံမှအိမ်သို့ အလာလမ်း, ကားပေါ်တွင် သူလုပ်ရမည့်ဆရာမအလုပ်ကို စဉ်းစားကြည့်၏။ သူသည် ပိပိရိရိ အပြစ်ကင်းအောင်နေရမည်။ အကယ်၍ ဤဒေသ၊ ဤအရပ်တွင် သူ့အားချစ်မည့်ကြိုက်မည့် ယောက်ျားတစ်ဦးတွေ့လျှင် ချစ်မိကြိုက်မိမည်ဖြစ်၏။ သို့ရာတွင် မေသည် လက်ထပ်ယူရန် ရည်ရွယ်ချက်မရှိပေ။ လင်ယူမည့်ကိစ္စကိုလည်း သူတွေး၏။ သူ့အဖို့မှာ တိုင်ပင်စရာ အမေလည်းမရှိ။ အဖေလည်းမရှိ။ တကယ့်အရေးကျလျှင် သူ့ဦးနှောက်နှင့်သာ တိုင်ပင်ရမည်။ အဖော်ပြုရမည်ဖြစ်လေသည်။ သူ့ကိုယ်ကိုသာသူ အားကိုးရမည် ဖြစ်၏။

ဒေါ်ငြိမ်းခင်အတွက်မှာလည်း "ငါ ဒီမိန်းမကိုတော့ ဘာမျှကြောက်စရာမရှိဘူး"ဟု သူ့ကိုယ်သူ ပြောမိလေသည်။ မေ့ အဖို့မှာလည်း သူ့သမီးနှစ်ယောက်အကြိုက်လိုက်၍ မြှောက်ပင့်နေလိုက်လျှင် ဟန်ကျမည်ဖြစ်၏။ ဆယ့်လေးနှစ်နှင့် ဆယ့်ငါးနှစ်သမီးနှစ်ယောက်မှာ ဖြူဖြူကျစ်ကျစ်ကလေးများဖြစ်ကြ၏။ ပထမ မေ့ကို သူတို့ ရှက်နေကြလေသည်။ နောက် မေက သူတို့၏ ဗိုလ်ခွေးကလေးနှစ်ကောင်ကို ချစ်သည့်ဟန်ပြလိုက်သဖြင့် သဘောကျသွားကြလေသည်။ ဆော်ဘီနှင့် တော်မီသည် တွေ့စက မေ့ကို ဟောင်ကြ၏။ အမှန်မှာ မေသည် ခွေးများကို မချစ်ချေ။ မေသည် ကြောင်များကိုသာ ချစ်လေသည်။



မေသည် အခန်း အနေအထားကိုကြည့်ကာပြုံးလေသည်။ နံရံများမှာ ဆေးဖြူသုတ်ထား၍ ပြတင်းပေါက်မှာ လယ်ကွင်းဘက်သို့ မျက်နှာပြု၏။ အခန်းထောင့်ရှိ သူ့အိပ်ဖို့ ခုတင်မှာ ကျွန်းသားဖြင့် ပြုလုပ်၏။ အဝတ်ထည့်သည့် ဗီရိုတစ်ခုမှာ ခုတင်နှင့် မျက်နှာချင်းဆိုင်နံရံတွင် မှန်တင်ခုံနှင့်အတူကပ်ထား၏။ အခန်းမှာ အတော်ကလေးကျယ်၏။

ပြီးလျှင် မေသည် အောက်ထပ်သို့ဆင်းလေသည်။ ဧည့်ခန်းသို့ ဝင်လျှင် ပက်လက်ကုလားထိုင်တွင်နေသော ဦးဘောမောင်ကို တွေ့ရလေသည်။ သူ့ကိုမြင်၍ မေသည် တုန့်သွား၏။

"လာပါ... လာပါ ကိစ္စမရှိပါဘူး"ဟု သူ့ကို ဖိတ်ခေါ်လေသည်။

မေသည် ကုလားထိုင်တစ်ခုပေါ်တွင် ဝင်ထိုင်လိုက်ရလေသည်။ မေသည် မျက်လွှာကို အောက်သို့ချလျက်နေ၏။

"မေဆိုတာထင်ပါရဲ့"

"မှန်ပါတယ်" မေသည် သူ့မကြည့်ဘဲ ဖြေလေသည်။

"ဘယ်တုန်းက ရောက်သလဲ"

"ခုနကလေးတင်ပါပဲ၊ လမ်းမှာတောင် ဦးကိုတွေ့မိတယ် မှတ်ပါတယ်"

"ဪ... ဟုတ်လား၊ မသိပါဘူးကွယ်၊ သတိမထားလိုက်မိဘူး"

မေသည် ဦးဘောမောင် အမှန်မပြောသည်ကိုသိလေသည်။ အား သူ့အနားဖြတ်လေသောအခါ သူ့ကို သေသေချာချာကြည့်သည်ကို မေ ကောင်းစွာ သတိထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးနှစ်ယောက်နဲ့ကော တွေ့ပြီးပြီမဟုတ်လား"

"ဟုတ်ကဲ့ တွေ့ပြီးပါပြီရှင်"

မေသည် ယဉ်ကျေးစွာ ပြောကြား၏။

"ကောင်းတယ်၊ ကောင်းတယ်၊တော်ကြာသူတို့နဲ့ ခင်မင်သွားပြီး မေလည်းပျော်လာမှာပဲ၊ နှစ်ယောက်စလုံးကို အစိုးရကျောင်းက ခြောက်တန်းနဲ့ နှုတ်ထားရတာကို။ ကောင်မလေးတွေက ချစ်တတ်ခင်တတ်ပါတယ်။ စာကိုလည်း အင်မတန် သင်ချင်ကြ၊ တိရစ္ဆာန်ဆိုလည်း ချစ်တတ်ကြရဲ့၊ ခွေးကလေးတွေ"

ဘော်ဘီနှင့် တော်မီကို မေမြင်ပြီးဖြစ်လေသည်။

"နောက်ပြီး ကြောင်ကလေးတွေ"

ထိုအခိုက် ကြောင်နက်ကလေးတစ်ကောင် အခန်းထဲသို့ ဝင်လာလေသည်။ ဦးဘောမောင်မှာ သူပြောသည်မှာ မှန်ကန်ကြောင်း ထောက်ခံသည့်အလား၊ ကြောင်နက်ကလေးကို လက်ညှိုးညွှန်ပြလေသည်။

"လာ လာ ပူစီ ပူစီ"ဟု သူသည် လက်ကိုလှုပ်၍ ခေါ်လေသည်။ သို့ရာတွင် ကြောင်ကလေးမှာ သူ့ဆီသို့မလာဘဲ မေ့ရှိရာသို့ အမြီးကလေးတစ်ချက်ကော့ကာသွားလေသည်။မေသည် အသာတယာ ကြောင်ကလေးကို ပွေ့ယူလိုက်ဆဲ ဒေါ်ငြိမ်းခင်နှင့်အတူ သမီးနှစ်ယောက် အခန်းထဲဝင်လာကြလေသည်။ သူတို့၏ အမည်များမှာ အငယ်က ဝင်း၊ အကြီးက နှင်းဟု မေ သိပြီးဖြစ်လေသည်။ မေသည် ကြောင်ကလေးကိုပွေ့ထားရာမှ ကြမ်းပြင်ပေါ်သို့ အသာချလိုက်လေသည်။

ဒေါ်ငြိမ်းခင်သည် မေ့အား"အတော်ယဉ်ကျေးတဲ့မိန်းက



လေး" ဟု အောက်မေ့မိလေသည်။

"ဪ ကိုမောင်နဲ့ မေ တွေ့ကြပြီကို"

မေသည် ဝန်ခံလေသည်။

"ကဲ...ကဲ... မေလာ ထမင်းစားကြရအောင်။ နှင်းနဲ့ ဝင်းက ဆရာမကို လက်တွဲပြီး ထမင်းစားခန်းခေါ်ခဲ့ကြ"

မေသည် နှင်းတို့ ဝင်းတို့ တစ်ဖက်တစ်ချက် ခြံရံလျက် ထမင်းစားခန်းထဲသို့ ရောက်လာလေသည်။ မေက ဦးဘောမောင်နှင့် ဆက်ဆံရာ၌ လွယ်ကူမည်ဟု တွေးထင်လေသည်။ ထမင်းစားခန်းမှာ အတော်ကလေးကျယ်၍ သပ်သပ်ရပ်ရပ်ရှိ၏။ စားပွဲထိပ်၌ ဦးဘောမောင် ထိုင်သည်။ "မေ ဘာမှအားမနာနဲ့၊ ကိုယ့်အိမ်လို သဘောထားစား၊ နောက်လဲ ဒီအိမ်သားဖြစ်မှာပါပဲ"ဟု ဒေါ်ငြိမ်းခင်က အားမနာအောင် ပြောလေသည်။

"ဆိတ်သားဟင်းကနည်းနည်းမင်ဘူးလား"ဟု ဦးဘောမောင်က ဟင်းကို နယ်ရင်းပြော၏။

"ကျုပ်ကတော့ ပေါ့တောင် ပေါ့သေးတယ် ထင်တယ်"ဟု ဒေါ်ငြိမ်းခင်က သဘောမတူသောအချက်ကို ဖော်ပြလေသည်။

"မေကော ဘယ့်နှယ့်လဲ"ဟု ဦးဘောမောင်က မေ့ဘက်သို့ လှည့်၍မေး၏။ မေ ကား၊ မည်သူ့ဘက် လိုက်ပြောရမည်ကို မတွေးတတ်။ ဝင်း၏သဘောမှာ ငံသည်ဟု သဘောရသည်။ နှင်းကမူ မေ၏အဝတ်အစားကိုသာ ငေးကြည့်နေ၏။ မေမှာ သူ့ပေးရမည့်အဖြေ အရေးကြီးကြောင်းသူသိ၏။

"မေ သိပ်မသိဘူး။ မေတော့ စားလို့ရတာပဲ။ နောက်ပြီး ကျောင်းမှာဆို ဆိတ်သား တယ်စားရတာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မေသည် မုသားသုံးလိုက်သည်။ ကျောင်းမှာ ဆိတ်သားမကြာခဏပင်စားရသည်။ ဒေါ်ငြိမ်းခင်မှာ မေ၏အဖြေကိုများစွာ ကျေနပ်လေသည်။ ဦးဘေမောင်မှာမူ ဟင်းသည် ငံသည်ကို အရေးမထား။ မေ၏ ငွေဆည်းလည်းသံလို ချိုနွဲ့သော အသံကိုသာ နားစွင့်နေ၏။

"ဝအောင်စား မေ...၊ ဝအောင်စား"ဟု ဒေါ်ငြိမ်းခင်က မေ မရှက်ရအောင် စကားပြောလေသည်။

သူတို့သည် ထမင်းစားပြီးလျှင် အိမ်မှာဖျော်သော သံပုရာအဖျော်ရည်ကို သောက်ရင်း ဟိုအကြောင်း၊ ဒီအကြောင်း စကားပြောကြလေသည်။ မေက သူတို့ မေးသမျှကို ဖြေကြားလေသည်။

"မေ ဒီလာတော့ မေ့ မိဘများ ဘယ်မှာနေရစ်ကြမလဲ"

"မေ့မှာ အဖေ၊ အမေ မရှိပါဘူး။ မေ့မှာ ဆွေမျိုးလည်း မရှိပါဘူး"

သူတို့သည် မေ့ကို သနားသွားကြ၏။ ဦးဘေမောင်မှာ ငေး၍နားထောင်နေ၏။ ဝင်းမှာ သူ့ဆရာမကို သနား၍ မျက်ရည်လည်မလာအောင်စိတ်ကိုထိန်းနေ၏။ နောက် သူတို့သည် ဆရာဖြစ်သင်ကောလိပ်ကျောင်းအကြောင်းကိုမေးသဖြင့် မေက စိတ်ရှည်၊ လက်ရှည်ပြောပြလေသည်။ အိမ်သားအားလုံးကပင် မေ့ကို ချစ်ခင်လာကြလေသည်။ မေ မျှော်လင့်သည်ထက်ပင် ဟန်ကျလာလေသည်။

"စာကို တစ်နေ့ ဘယ်အချိန်လောက် သင်ကြမှာလဲ"

"ဟစ်နေ့ ငါးနာရီဆိုရင် တော်လောက်ပြီထင်တယ်" ဟု ဦးဘေမောင်က အကြံပေးလေသည်။ အားလုံး သဘောတူကြ၏။

"အင်္ဂလိပ်စာ နှစ်နာရီ၊ ရာဇဝင် တစ်နာရီ၊ ဂဏန်း သင်္ချာ



တစ်နာရီ၊ စန္ဒရားအတီးသင်တာတစ်နာရီ"ဟု ဒေါ်ငြိမ်းခင်က အချိန်ကိုတွက်ပြ၏။

"ဟုတ်တယ်၊ ဒါကောင်းတယ်"ဟု ဦးဘေမောင်က သဘောတူ၏။ နှင်းနှင်းဝင်းတို့မှာ လူကြီးများပြောသမျှကို နားထောင်နေကြ၏။

"အချိန်ရသလောက်တော့၊ မေကြိုးစားပြီး သင်ပေးပါ့မယ်" ဟု မေက ဖြည့်စွက်လေ သည်။

"စာသင်ချိန်ရော အားလပ်ချိန်ရော မှုတလို့ပေါ့၊ စာချည်းသင်နေလို့လည်း အညောင်းမိနေကြပါမယ်။ ကိုယ်လက်လှုပ်ရှားကစားဖို့လည်း အရေးကြီးတယ်။ နှင်းနဲ့ ဝင်းကတော့ လမ်းလျှောက်အတော်ဝါသနာပါကြသားပဲ"

"ဟုတ်ကဲ့ ကိုယ်လက်လှုပ်ရှားကစားတာ အင်မတန် အရေးကြီးတယ်၊ မေတို့ ကျောင်းကတော့ ကစားတာကို အထူးပဲလေ့လာရတယ်"ဟု မေက ပြောပြလေသည်။ နှင်းနှင့် ဝင်းတို့မှာ ကျန်းမာရေးကစားနည်းများ မေ့ထံမှတောင်းမည်ဟုကြံနေကြ၏။ ဦးဘေမောင်မှာမူ မေ၏တောင့်တင်းသော ကိုယ်လုံးကိုယ်ပေါက်ကိုသာ တွေးနေလေသည်။

"စန္ဒရားသင်ရင် ဘာက စ,သင်မလဲ။ သီချင်းကြီးလား... ကာလပေါ်လား"ဟု ဝင်းက မရဲတရဲနှင့် မေ့ကိုမေးလေသည်။

မေက ပြုံးကာ သီချင်းကြီးရော၊ ကာလပေါ်ရောပေါ့" ဟု ဖြေလေသည်။

"အရင်က ကျွန်မတို့သင်တဲ့ဆရာကတော့ ကာလပေါ်က အလကားဆိုပြီး မသင်ပေးဘူး"ဟု နှင်းနှင့်ဝင်းက ပြောပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် တချို့က အယူသီးကြတယ်၊အမှန်ကတော့ နားဝင်ချိုစေတဲ့အသံဟာ ဂီတပေါ့"

"စန္ဒရားဆိုလို့ အိမ်က စန္ဒရားကြီး တီးကြည့်ပါလား" ဟု ဒေါ်ငြိမ်းခင်က အကြံပေး၏။

သူတို့သည် စန္ဒရားထားရာအလယ်ခန်းသို့ သွားကြလေသည်။ မေသည်စန္ဒရားကို စမ်းကာ သီချင်းတစ်ပုဒ် ကောက်တီးလေသည်။ နှင်းမှာ မေ၏ ကျက်သရေရှိစွာ လှုပ်ရှားသော လက်ချောင်းကလေးများကို ကြည့်ကာ အံ့သြနေလေသည်။ ဝင်းမှာ မဟာဂီတကို လှန်၍ သီချင်းကို တိုးတိုးဆိုကြည့်၏။ ဦးဘေမောင်သည် ဆေးပြင်းလိပ်ကိုပါးဆောင်တွင်ခဲကာ ပက်လက်ကုလားထိုင်မှ ဇိမ်နှင့် စန္ဒရားသံကို နားထောင်လေသည်။

ပြီးလျှင် မေသည် ခရီးပန်းနေသည်ဟု အကြောင်းပြကာ အိပ်ခန်းသို့ ပင်သွားလေသည်။

"ဆရာမကလေးက တော်သားပဲ၊ စန္ဒရားလည်း အတီးကောင်းတယ်၊ ပညာလည်းကောင်းပုံရတယ်၊ ဘယ့်နှယ့်သဘောရလဲ ကိုမောင်"

"အေးကွယ်၊ တို့တော့ ဒီလိုဆရာမကလေးရတာ ကံကောင်းတာပဲ"ဟု ဦးဘေမောင်က ပြောလေသည်။

❑ ❑ ❑

မေ အစောကြီး အိပ်ရာဝင်သွားခြင်းမှာ အိပ်ခန်းထဲတွင် လွတ်လွတ်လပ်လပ် တွေးရ၊ တောရအောင် ဖြစ်လေသည်။

မေသည် သူ့ကိုယ်သူ များစွာကျေနပ်၍ နေလေသည်။ ဦးဘေမောင်နှင့် ဇနီး ဒေါ်ငြိမ်းခင်ကလည်း သူ့ကို ယုံကြည်နေပြီ။



နှင်းနှင့်ဝင်းတို့ကလည်း သူ့ကို ချစ်ခင်နေပြီ။ အမှန်မှာ သူသည် နှင်းနှင့်ဝင်းတို့ကို တကယ်မချစ်သေး။ မည်သို့ပင်ဖြစ်စေ သူသည် ရှေ့အဖို့ဟန်ကျတော့မည်။ ပဲခူးမှာပဲဖြစ်ဖြစ်၊ လောကကြီးမှာပဲ ဖြစ်ဖြစ်။

သူသာ ပြတင်းပေါက်အနီးတွင် ရပ်လျက်ရှိ၏။သူ့ အိပ်ခန်းထဲသို့ ဝင်မိကတည်းက ဒေါ်ငြိမ်းခင်တို့ အိမ်သားတွေအကြောင်းကို မေ့ပစ်လိုက်ပြီဖြစ်၏။ သူတွေးနေသော အိပ်မက်များ၏ အလင်းရောင်, အမှောင်တို့ကိုသာ သူမြင်၏။ သူသည် ဆရာဖြစ်သင်ကောလိပ်ကျောင်းတွင် နေရသည်များကို တွေးမိ၏။ အားလပ်သည်ဆိုလျှင် ဧည့်ခန်းဆောင်တွင် မခင်စိန့်အတူ စန္ဒရားတီးကြ၏။ တနင်္ဂနွေနေ့ဆိုလျှင် မြို့ထဲထွက်၍ ရုပ်ရှင်ကြည့်ကြ၏။ ညနေအေးတွင် အညောင်းပြေ လမ်းလျှောက်ရင်း အင်းလျားလမ်းအနီး (ဂရင်းဘင့်ရှိ ဘူးသီးကြော်ဆိုင်သို့သွားကြ၏။ တစ်ဖန် သူ့အတိတ်သည် အဝေးသို့ လွင့်သွားပြန်၏။ သူသည် ဒိုင်အိုဆီစင် မိန်းကလေးကျောင်းတွင်နေစဉ်က အပူအပင် အကြောင့်အကျမရှိ။ ကပွဲတွေ၊ မိတ်ဆက်ပွဲသဘင်တွေ ဘက်၏။ ထိုအခါက မေသည် အတော် အကကောင်း၏။ ကပြားတွေ သူနှင့်တွဲကကြ၏။ ယခုမူ လယ်ကွင်းတွေဘေး သာယာအေးမြသော ပဲခူးတွင်ရောက်လေနေပြီ၊ တောစလေ့ကို တွေ့ရလေပြီ။

ထို နွေဦးပေါက်ညတွင် မေသည် ပျော်၏။ လွတ်လပ်၏။ ပြတင်းပေါက်မှ ညှင်းညှင်းညှံ့ညှံ့ကလေး ဝင်လာသော လေကိုရှူရှိုက်၏။သူ့ဟာသယတွင် ပီတိဟုန်ကြွနေ၏။ အောက် ပန်းခြံမှ ပန်းရနံ့များသည်လှိုင်နေလေသည်။အဝေး ပဲခူး–ရန်ကုန်လမ်းမကြီးပေါ်မှ ဝေါခနဲ ဆါခနဲ ဖြတ်သွားကြသော မော်တော်လော်ရီများ၏ အသံသည်

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်မှ အခန်းဆီးကို အသာလက်ဖြင့် ဖယ်လိုက်လေသည်။

မေသည် လက်နှစ်ဖက်ကို ဆန့်တန်းကာ ပပဝင်းနေသော လမင်းကိုနှုတ်ဆက်၍ ကောင်းကင်တိမ်တိုက်တွေကြားခွဲကား လနတ်သမီးသည် ငွေရောင်ခြည်၊ မြရောင်ခြည် တန်ဆာကိုဝတ်ဆင်ကာ၊ က၍နေလေသည်။ လနတ်သမီးသည် လက်ချောင်းများကို ကြာဖူးသဏ္ဍာန်ယှက်ကာ သက်လှယ်လမင်းကိုကန်တော့၏။ လနတ်သမီးမှာ မေပင် ဖြစ်နေလေသည်။ ပြုံးပြုံး ပြက်ပြက်နှင့် လနတ်သမီးမှ ဖြာထွက်သော အရောင်များမှာ သူ၏ စိတ်တန်ခိုးများဖြစ်လေသည်။

ဤကဲ့သို့သော အလှအပသည် ပဥ္စလက်နည်းဖြင့် သူ့ကိုယ်တွင်းသို့ ဝင်လာမည်ဆိုလျှင်သူကိုယ်တိုင်သည် အလှအပကို ကမ္ဘာကြီးအား ဖြန့်ဝေရာ လက်နက်ဖြစ်နေမည်လောဟု မေသည် မှုန်မှိုင်းစွာ တွေးထင်လျက်ရှိလေသည်။ သူ့အသံကို လူအများ နားထောင်လိုက်နာရ၍ သူ့စိတ်ကိုယ်သည် တပ်မက်ခြင်း၊ စည်းဝါးချက်အတိုင်း ကျူးသီသော ဆားမျှားတီးခတ်ရာ ဆောင်းတူရိယာပင်ဖြစ်နေတော့မည်။ အလှအပကို သူကောင်းကောင်းမြင်၍၊အလှအပသူ့တွင် ရှိရမည်။ အဘယ်ကြောင့်ဆိုသော် လူတို့သည် အလှအပ၏ ဆွဲဆောင်ရာသို့သာ လိုက်ကြသောကြောင့်ဖြစ်လေသည်။

သို့ရာတွင် သူသည် ပန်းချီဆရာလို ချစ်ဖွယ်နှစ်သက်ဖွယ်သော အာရုံတွင် မည်မျှပင်ထက်သန်လျက်ရှိသော်လည်း တစ်ဒင်္ဂမျှပင် စိတ်သည် ပျက်ပြယ်လျော့ရဲသွားခြင်းမရှိ။ ပုလဲရောင်နှင့် ငွေရောင်တွဲစပ်ထားသော နောက်ခံကားတွင်သူသည် အကောင်းချည်း, အလှချည်းမြင်နေလေသည်။ တကယ်ဆိုလျှင် သူ့ဘဝမှာ မေတ္တာနှင့် အောင်မြင်မှုတို့ဖြင့် ပြည့်စုံတော့မည်ဟု တွေး၍ သူနှုတ်ခမ်းပေါ်တွင်



အပြုံးကလေး ပေါ်လာလေသည်။ လှပကြည်ဝင်းသော လရောင်နှင့် အရိပ်များသာဖြစ်၍ ဘယ်တော့မှ နေ့ခင်း၏ တောက်ပခြင်း မဖြစ်နိုင်ပေ။

(၃)

*ပဲခူးမြို့၊ မတ်လ ၂၉ ရက်၊ ၁၉ ခု*

**အချစ်ဆုံးစီရေ . . .**

ဒီကနေ့မနက် စိမ်းစိမ်းပါနေတဲ့ လယ်တောဘက်ဆီက နေကလေး ထွက်ပြူစ သိပ်သာယာနေတုန်းပေါ့၊ မေ တပည့်မနှစ်ယောက် အပြင်လမ်းလျှောက်ထွက်နေတုန်း သူတို့လည်း တော်တော်ကြာမှာမို့ အားတဲ့အချိန်ကလေးမှာ စီ့ဆီကို စာရေးလိုက်ရတာပဲ၊ မနက်စာ ထမင်းစားပြီးတယ်ဆိုလျှင် စာသင်ရမှာနဲ့ အားတော့မှာ မဟုတ်ဘူး။ စီ့အခန်းလာပြီး မေနှုတ်ဆက်လာတုန်းက ကြာကြာမနေဘဲ ဘစ်ခါတည်း ထွက်သွားတာသိလား။ စီက သိပ်ဝမ်းနည်းတတ်တာနဲ့ စီငိုမှာကို မေသိလို့ မေ ခပ်မြန်မြန် ထွက်သွားလိုက်ရတာ၊ စီငိုတာမြင်လျှင် မေလည်း ငိုမိပြီး သိပ်စိတ်မကောင်းဖြစ်မိမှာ။

မေအခု ပဲခူးမှာ အသားကျနေပြီဆိုပါတော့၊ မေအစက ကြောက်သလိုတော့ မဟုတ်ပါဘူး။ မဆိုးလှပါဘူး။ ဦးဘောမောင်ဇနီး ဒေါ်ငြိမ်းခင်ဆိုတာကလည်း သဘောကောင်းပါတယ်။ သနားကြင်နာတတ်တယ်။ နည်းနည်းတော့ ဩဇာပေးတတ်တယ်။ မေနဲ့တော့ လေပေးဖြောင့်ပါတယ်။လေပေးမဖြောင့်စရာလည်း အကြောင်း မရှိပေဘူး။ မိန်းမကြီးက ခပ်ဝဝ ဖြူဖြူခန့်ခန့်ကြီး၊ သူ့ဒွေးကတော်ကိုက်ပေါက်တယ်၊ ခါးကြားမှာ သော့တွဲကြီး အမြဲချိတ်ထားတယ်၊ခါးက

www.burmeseclassic.com

www.burmeseclassic.com



ချတယ် မရှိဘူး။

သူ့ယောက်ျား ဦးဘေမောင်ဆိုတာကတော့ ပိန်ပိန်ရှဲ့ရှဲ့ အသက်(၄၅)နှစ်လောက်ရှိပြီ။ သူ့ဂုဏ်ဝိသေသနကတော့ မြေပိုင်ရှင်၊ သမာဓိမြို့ဝန်၊ ဘုရားလူကြီးဆိုပါတော့၊ သမာဓိရှိတယ် မရှိဘူး၊ ဘာသာတရား ကြည်ညိုတယ်၊ မကြည်ညိုဘူးကိုတော့ မေ,မသိဘူး။ ဒါပေမယ့် မြို့ပေါ်မှာတော့ ဂုဏ်သရေရှိလူကြီးတစ်ဦးပဲ။ သူတို့က အတော်လေးချမ်းသာတယ်။ လယ်တွေ၊ မြေတွေလည်း ရှိတယ်။

သူတို့အိမ်မှာ ဟင်းကောင်း၊ ကျွေးကောင်းတော့ အမြဲချက်တယ်။ မေအဖို့မှာတော့ ကျောင်းကနေပြီး အိမ်ရောက်သွားတယ်ဆိုတော့ စားလို့ သောက်လို့တော့ အင်မတန်ကောင်းတယ်။ မေလည်း အစားကြီးလာပြီကွဲ့၊ စီလည်းအိမ်ရောက်တော့ နင်းကြိတ်မှာပေါ့ ဟုတ်လား၊ ဦးဘေမောင်က ဟင်းကောင်း အင်မတန်ကြိုက်တယ်။ ထမင်းစားပြီးလည်း မျော်ရည်တစ်ခုသောက်ရမှ။

မေနေတဲ့အခန်းကလေးက အပေါ်ထပ်၊ လယ်ကွင်းဘက်ကို မျက်နှာပြုနေတယ်။ ပြတင်းပေါက်ဖွင့်ပြီး မျှော်ကြည့်မယ်ဆိုလျှင် ဘောရဲ့ ကျက်သရေအလှကို ကောင်းကောင်းတွေ့ရတာပဲ။ လေက လည်း အင်မတန်မွှေးတယ်၊ လသာတဲ့ညများဆို စီရယ်၊ အို... သိပ်ပြီးကောင်းတာပဲ။

မေအခု စာသင်ရတဲ့ နှင်းနဲ့ဝင်းဆိုတဲ့ ကောင်မလေးနှစ်ယောက်ဟာ သင်လို့တယ် မတတ်လွယ်ကြဘူး။ နည်းနည်းဉာဏ်ထိုင်းတယ်ဆိုရမှာပေါ့၊ အင်္ဂလိပ်စာကို (၆) တန်းအထိ သင်ဖူးတာကို၊ အဲဒါ တချို့အသံထွက်တွေကမှားနေလို့ ခဏခဏ ပြင်ဆိုခိုင်းရတာပဲ၊ တစ်ခုရှိသေးတယ်စီရဲ့။ စန္ဒရားသင်ချိန်မှာဆို ဒေါ်ငြိမ်းခင်က အမြဲလိုလို



အနားလာပြီး နားထောင်လေ့ရှိတယ်။ တချို့နေရာများမှာ သူကိုယ်တိုင်ဝင်တဲ့ပြီး "ဟဲ့ ဝင်း... သေသေချာချာ ဒရန့်ကို ပြီအောင်တီး၊ ဒရန့်ဟာ အင်မတန်အရေးကြီးတယ်၊ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်ကို စုံအသံ(၃)မျိုးထွက်အောင် စန္ဒရားခလုတ်ကို ခတ်လိုက်ရတယ်" အဲဒီလိုပြောပြီး တီးပြတတ်တယ်။နောက် "ဆရာမ ဆက်သင်ပေးပါ၊ ကျုပ် ငယ်ငယ်တုန်းကတော့ အတော်တီးတတ်တယ်။အခု မရတော့ပါဘူး၊ မေ့ကုန်ပါပြီတဲ့" အမှန်ကတော့ ရှေးက သင်လက်ထင်ပါရဲ့၊ နားထောင်လို့ မကောင်းပါဘူး။ မဟာဂီတ ကတော့ အမျိုးစုံရှိတယ်။ သားရေဖုံးပြီး "မငြိမ်းခင်"လို့ ရွှေစာလုံးထိုးထားတယ်။ ငယ်ငယ်က ဂီတအတော်ဝါသနာပါဟန် တူပါရဲ့။ စန္ဒရားကြီးက ဂျာမနီလုပ် "ဘလူသ်နာ"ဆိုတဲ့အမျိုးပေါ့။ အသံအတော်ကောင်းတယ်။ မြန်မာသီချင်းရော အင်္ဂလိပ်သီချင်းရော တီးလို့ကောင်းတယ်၊ ခလုတ်တွေက တို့ရုံနဲ့အသံမြည်တယ်။

ဒီလိုဆိုတော့ စီက မေဟာသိပ်ပျော်နေတယ်၊ ကျေနပ်နေတယ် အောက်မေ့မှာပဲ၊ ဒါပေမယ့် စီရယ်၊ မေဟာ အခုထက် ထိုက်တန်သင့်တယ်လို့ မေထင်တယ်။ စီလည်း သိတဲ့အတိုင်း၊ မေဟာ အရောင်အသွေးတွေ၊ ဂီတသံတွေ တောက်တောက်ပြောင်ပြောင်တွေ၊ ပြုံးပြုံးရီရီတွေကို အင်မတန်မျှော်လင့်တာ၊ မေကဒီဟာတွေနဲ့ ကြော့နေချင်တာ၊ ဒါတွေကို မေဘယ်တော့မှမရဘူး။နောက်ပြီး မေ့မှာ အဖော်လည်းမရှိဘူး။ မေ့မှာ မိတ်ဆွေဆိုလျှင် စီကလွဲလို့ တစ်ယောက်မှ မရှိဘူး။ ဒီ့ပြင် မိန်းကလေးတွေလို သူများ ဂရုစိုက်ခံရတာမဟုတ်ဘူး။ ဒါတွေများ တွေးမိရင်လေ မေတော့ ရူးချင်လာတာပဲ။ စီနဲ့မေတို့ ခဏခဏဆိုကြတဲ့ ဟောဒီကဗျာကို သွားသတိရတယ်။

www.burmeseclassic.com

www.burmeseclassic.com



လဲ့ကြည်လဲ့ကြည် ငွေခြည်လိုင်းသား၊
ငွေကွပ်နားနှင့် အိလျားပိုးလွှာ၊
မိုယ်းအပြာလျှင် မွေ့ကာပိုက်ထွေး၊
ရင်ဝယ်မွေးသည်
လကွေးတိမ်ဝယ် ပြုံးပြုံးတကား။ ။
ဖူးငုံဖူးငုံ ဝတ်မှုန်တင့်ထူး၊
ပွင့်တော်ဦးရှင် ရွှေဖူးတံထိပ်၊
စိမ်းရွက်ပိတ်၍ ချစ်မိတ်တို့လှယ်
ကြင်မည်ရွယ်သည် ရွက်ဝယ်ပန်းပွင့်
ဖုံးဖုံးတကား။ ။
တင့်ဟန်တင့်ဟန်
ပြာလွှံတိမ်တိုက်၊ လကိုပိုက်၍
ဖူးကိုက်စိမ်းရွက်၊ ပွင့်ကိုဘက်၍
ချစ်လျှက်ကြစေ၊ ကံမွဲမေမှ
ကြင်ဝေသက်ကံ မှန်းမှန်းတကား။

အဲဒီကဗျာရင်နဲ့ မေနဲ့ အဖြစ်ချင်းတူနေပြီ၊ စီ ဘယ်တော့ ပဲခူးကို လာလည်မလဲ၊ စီ လာလည်ချင်တယ်ဆိုတာ မေ သိပါတယ်။ စီတို့ကတော့ အစ်ကိုနဲ့ သိပ်ဟန်ကျတာပဲ။ သူ့ကိုပါ စီခေါ်လာနိုင်တာပဲ။ စီ့လို သူ့သဘောကောင်းလျှင် ဟန်ကျမှာပေါ့။ ဒါပေမယ့် စီ သူ့ကိုခေါ်လာရင်တော့ မေရှက်နေမှာပဲ။တော်ဦးမယ်နော်၊ ကျန်းမာကြပါစေ...။

**စီချစ်စွာသော မေ**

မခင်စီသည် မေ့စာကို ဖတ်ပြီးလျှင် မျက်ရည်ကလေး



လည်နေ၏။ မေကလည်းစီဖတ်လျှင် မျက်ရည်လည်မည်ဟု ထင်လေသည်။မခင်စီသည် မေ့စာကို သူ့အစ်ကို ကိုကျော်မြင့်အား ပြလေသည်။

"စီ့သူငယ်ချင်းက သနားစရာပဲ၊သူ့ခမြာ သိပ်ပြီး တစ်ယောက်တည်း ဖြစ်နေတယ်ထင်တယ်"ဟု ကိုကျော်မြင့်က ပြောလေ၏။

မခင်စီက ခေါင်းညိတ်လေသည်။ "မေက အင်မတန် ဖော်ရွေတာ၊ တော်တော်ကြာ ချစ်တဲ့ခင်တဲ့လူပေါ်လာမှာပါ"

"မေက ချောသလား"

"သိပ်ချောလှတယ် မဟုတ်ဘူးကိုကိုရဲ့၊ ဒါပေမယ့် ကြည့်လို့ကောင်းတယ်၊ ဆံပင်က အတွန့်အရွန့်ကလေးတွေနဲ့ သိပ်ဖိုလ်ဆန်တယ်၊ မျက်လုံးပြာကလေး၊ အသားကလည်း ဝင်းဝင်း၊ တစ်ခုက သူ့မှာ အဝတ်အစား ကောင်းကောင်းမရှိဘူး"

"ဒါဖြင့်-စီက လက်ဆောင်ဝယ်ပေးပါလား"

ကိုကျော်မြင့်ကား ဆရာမကလေး မေ၏ ပုံပန်းကို စိတ်ကူးဖြင့် မှန်းကြည့်လေသည်။ သူ့စိတ်ပုံကားထဲ၌ မေသည် အရပ်မြင့်မြင့် ဖိုလ်ဆန်ဆန် အပျိုမကလေးဖြစ်လေသည်။ မခင်စီကား သူ့အစ်ကို ပြောမှပင် လက်ဆောင်ပေးရမည်ကို သတိရလေသည်။

"စီ စဉ်းစားနေတာက မေ့ဆီလက်ဆောင်ပို့လျှင် ကြိုက်မှကြိုက်ပါ့မလား မသိဘူး။ မေက နည်းနည်း မာနကြီးတယ်ထင်တယ်။ သူများက ပေးတာ, ကမ်းတာလို့ ထင်ပြီး ဝမ်းနည်းချင်ဝမ်းနည်းမှာ"ဟု မခင်စီက တွေး၍ပြော၏။

ကိုကျော်မြင့်က ရယ်လေသည်။ "ဘာဆိုင်လဲ စီရဲ့၊ မေနဲ့ စီဟာ သိပ်ချစ်တဲ့ သူငယ်ချင်းပဲ၊ ဘယ်နှယ့် သူမကြိုက်ဘဲ ရှိပါ့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"လက်ခံလျှင်တော့ သိပ်ကောင်းမှာပဲ ကိုကို"

"ပြောနေကြာတယ် စီ၊ ဒီကနေ့ပဲ သွားဝယ်ရအောင်၊ ကိုကိုလည်း မြို့ထဲသွားစရာရှိတယ်"

မောင်နှမနှစ်ယောက်ကား၊ အဝတ်အစားလဲကာ မြို့ထဲထွက်သွားကြလေသည်။ သူတို့ နှစ်ယောက်မှာ သူငယ်ချင်းများလို ရောရောဝင်ဝင် ချစ်ကြသည်။ မြန်မာအစ်ကိုလို နှမဣန္ဒြေကြီးတွေနှင့် မဟုတ်ကြ။ တစ်ယောက်အရေး တစ်ယောက် ဖွင့်ပြောတတ်ကြသည်။

သူတို့သည် စကော့ဈေး (ဗိုလ်ချုပ်ဈေး)ရှိ ပိုးတိုက်များတွင် ဝင်ကာ မေ့ဖို့အဆင်ရွေးကြလေသည်။ ကျော်မြင့်က အပြာရင့်ရောင်များများပါသော အကွက်အသွေးကိုရွေးသည်။

သူ့အကြောင်းပြချက်မှာ မေသည် ဗိုလ်ဆန်ဆန်ချောသည်ဟု ဖြစ်လေသည်။ မီးခိုးရောင် သက္ကလပ်ကွတ်အင်္ကျီတစ်ထည်လည်း ချုပ်ကြသည်။

"ကိုကို စီတို့ တစ်နေ့ ပဲခူးသွားလည်ကြရအောင်နော်၊ မေ သိပ်ပျင်းနေရှာမယ်။ စီ့ကိုလည်း သူ တွေ့ချင်မှာပဲ"

"ဟုတ်တယ်သွားလည်ဖို့ကောင်းတယ်၊ ဒရိုင်ဘာ မခေါ်ဘဲ ကိုကို မောင်းပို့နိုင်တာပဲ"

ဤသို့ဖြင့် သူတို့သည် ပဲခူးမြို့ရှိ ဆရာမကလေး မေထံသို့ အလည်သွားကြရန် ဆုံဖြတ်ကြလေသည်။

ııı

လက်ဆောင်၂စုံည်းများမှာ မေ့ထံသို့ အချိန်တန်လျှင် ရောက်သွားကြလေသည်။ မေသည် သူ့အိပ်ခန်းသို့ အထုပ်ကို



ယူသွားကာ ခုတင်ပေါ်တွင်ထိုင်ရင်း ဖြေကြည့်လေသည်။ မေသည် သူ့ဖို့ ကုတ်အင်္ကျီ၊ မန္တလေးပိုးအဆင်ဆန်း၊ ချိတ်ထမိများကို ရင်ခွင်တွင် ပိုက်ကာ နှစ်သိမ့်ကျေနပ်လေသည်။ နောက် သူသည် အခေါက်ကို ဖြန့်ကာ မှန်ရှေ့သွားလျက် သူ့အသားနှင့် ကပ်ကြည့်၏။ ကုတ်အင်္ကျီကိုလည်းဝတ်ကြည့်၏။ သူသည် ပြုံးကာ လက်ဆောင်များကို တရိုတသေ သူ့အဝတ်သေတ္တာထဲသို့ ထည့်လေသည်။ လက်ဆောင်ပေးရာ၌ မခင်စီ၏အစ်ကို ပယောဂလည်းပါမည်ဟု သူတွေးလေသည်။ နောက် တစ်ခုမှာ မခင်စီတို့ မောင်နှမ လာလည်မည့်ကိစ္စပင်ဖြစ်လေသည်။ တဖြည်းဖြည်းရက်များလည်း ကြာသွားကာ မေမှာ ပဲခူးတွင် အတော်ပင် ဟန်ကျနေလေပြီ။ ဦးဘောမောင်တို့ အိမ်သို့လာလည်ကြသော သူများမှာ "မငြိမ်းတို့တော့ ရတနာပိုက်မိတာပဲ" ဟုပြောကြလေသည်။

ပဲခူးတွင် မျက်နှာကြီးထဲကဖြစ်သော မင်းတိုင်ပင် အမတ်ယောင်းကတော် ဒေါ်အေးရှင်ကပင် မေ့ကိုသဘောကျကာ နောင်အလုပ်သစ် လျှောက်လိုလျှင် ထောက်ခံစာရေးပေးမည်ဖြစ်ကြောင်း ပြောလေသည်။ ပဲခူးတွင် မင်းပွဲစိုးပွဲများတွင် သူ့အမြဲပါရာ၊ သတင်းစာထဲတွင် သူ့နာမည် ခဏခဏပါ၍ သူ့ကိုယ်သူ နာမည်ကြီးဟု ထင်မှတ်လေသည်။ မေ ကျေးဇူးတင်ကာ နောက်ကိုပြောပါမည်ဟု ကတိပေးလေသည်။ဒေါ်အေးရှင်သည် မေ့အကြောင်းကို သူ့တူ အလုပ်လက်မဲ့ မောင်ချစ်မောင်ကို ပြောပြလေသည်။

"ဒေါ်လေး ပြောသလိုဖြင့် ဦးဘောမောင်တို့အိမ်က ဆရာမကလေးက အတော်တော်တာပေါ့" ဟု မောင်ချစ်မောင်က အကြားနှင့် တစ်ဆင့် ချီးမွမ်းလေသည်။

မှုဆိုးမဝန်ထောက်ကတော်ဒေါ်မြင့်မြင့်မှာ ကွန်ဗင့် မယ်သီလ

www.burmeseclassic.com

www.burmeseclassic.com



ရင် ကျောင်းထွက်ဖြစ်ရာ မေတို့ဆီလာတိုင်း မေနှင့်အင်္ဂလိပ်စာပေအကြောင်းပြောကာ၊ သူဖတ်ဖူးသော လင်္ကာများကို ဆွေးနွေးတတ်လေသည်။ ဒေါ်မြင့်မြင့်က မေ့ကို"မေဟာ အင်္ဂလိပ်စာလည်း အတော်ဖတ်တာပဲ" ဟု ချီးမွမ်းကာ "စန္ဒရားအတီးမှာတော့ တကယ်ရှားပါးတယ်၊ လက်ကျ လက်နဲ့ကလဲ ပီ၊ အခု အဘက်တွေကလည်း ကောင်း၊ ဟန်တို့ မှင်တို့ကလည်းရှိ၊ အတော့်ကို တော်ပါတယ်၊ ကျုပ်တို့တော့ ဝန်ထောက် ဆုံးသွားကတည်းက ပီယာနိုမတီးတာ အခုထက်တိုင်ပဲ၊ တီးချင်တဲ့စိတ်လည်းမရှိတော့ပါဘူး"ဟု ဆိုလေသည်။ ဤအချက်သို့ရောက်လျှင် ဒေါ်မြင့်မြင့်မှာသွားလေသူ ဝန်ထောက်ကြီးအား သတိရသည့်တာနဲ့ဖြင့် မျက်ရည်လည်လာတတ်လေသည်။

ဦးဘေမောင်မှာ မေ့ကို အတိအလင်းချီးမွမ်းလေသည်။ ထို့ကြောင့်ပင် ဒေါ်ငြိမ်းခင်က "အိမ်က ကိုမောင်ကတော့ ဆရာမကလေးကို အတော်သဘောကျတာပဲ"ဟု ဒေါ်မြင့်မြင့်ကို ပြောလေသည်။

နှင်းနှင့်ဝင်းတို့ကို စာသင်နေသည့်အခါများ၌ ဦးဘေမောင်သည် အနားသို့လာရပ်ကာ မေနှင့်စကားစမြည်ပြောတတ်၏။ မနက်ထမင်းစားပြီးသည့်အခါတွင်လည်း "မေ စားလို့မြိန်ရဲ့လား"ဟု မေးတတ်၏။ ရက်များသည် တပြည်း ပြည်းကြာသွားကာ မေမှာ အိမ်သားတစ်ယောက်အဖြစ် ရင်းနှီးလာလေသည်။ မေသည် ညနေ၌ နှင်း,ဝင်းတို့နှင့်အတူ လမ်းလျှောက်တတ်လေရာ ဦးဘေမောင်လည်း မေ့ဘေးကလိုက်ပါလေသည်။ သမီးနှစ်ယောက်ကို အရှေ့တွင်ကျော်သွားစေ၍ အနောက်မှ သူနှင့် မေမှာ စကားပြောရင်းလာလေသည်။ မေမှာ သူပြောသမျှကို မျက်လွှာချကာ နားထောင်လေသည်။ မေ့အဖို့



မှာ အတော် အရေးကြီးသည်။ ဦးဘေမောင်ကို အရောမဝင်၍မဖြစ်၊ ဒေါ်ငြိမ်းခင်နှင့်လည်းသင့်မြတ်ရမည်၊ ဒေါ်ငြိမ်းခင်ကမှား သူ့ယောကျ်ားနှင့် မသင့်လျှင် သူ့အလုပ်ပြုတ်မည်ဖြစ်၏။ မေမှာ ခြေလှမ်းမမှားရအောင်နေလေသည်။

လယ်ကွင်းထဲမှ ဖြတ်လာသောလေမှာ တနွဲ့နွဲ့ တိုက်ခတ်နေ၏။ တောလေကိုရသဖြင့် မေ့မျက်နှာမှာ ကြည်ရွှန်းလာ၏။ သူ၏ ဖွန့်ရရွန့် ကော့ရရော့ ဆံပင်များမှာလည်း လှပ၍လာ၏။ ယခင်ဒိုင်အိုတုန်းက ယောကျ်ားများကြိုက်ကြ၊ ပိုးကြသော ရုပ်ကို ပြန်ရလာ၏။ မေ စန္ဒရားတီးနေသောအခါတွင် လမ်းပေါ်မှ ဖြတ်သွားသောလူများသည် ပြတင်းပေါက်မှ ပျံ့လွင့်ထွက်လာသော သီချင်းသံကိုကြားကာ "ဘယ်က စန္ဒရားဝိဇ္ဇာများလာတီးနေပါလိမ့်" ဟု အောက်မေ့ကြလေသည်။ မေသည် သူတစ်ယောက်တည်း စန္ဒရားတီးလျှင် ပြတင်းပေါက်ကိုဖွင့်ထားလေသည်။ သူသည် စန္ဒရားအသံနှင့် အတူ ရောထွက်လာသော ကျေးငှက်ကလေးများ အော်မြည်သံကို သူအလွန်ချစ်လေသည်။ ပန်းခြံမှ စပယ်၊ နှင်းပန်း၊ တတိုင်းမွေးတို့၏ ရနံ့များသည် အပေါ်သို့လှိုင်ကာ လေအယဉ်တွင်ပျံ့လွင့်နေသော ဂီတသံနှင့် ပေါင်းစုကြလေသည်။ ဥဩငှက်ကလေး၏ "ဥဩ ဥဩ" ဟု ရင့်သီလိုက်သောတေးသံနှင့် ချိုးကလေးများ၏ ကူချွဲသံများသည် သူ့ဂီတမှတ်ဉာဏ်တွင်းသို့ဝင်ရောက်ကာ၊ မှတ်ဉာဏ်မှ လွှဲဆော်သော စန္ဒရားသက်သံမှာ နူးညံ့သော ငွေသံဖြစ်စေလေသည်။

မေမှာ ပဲခူးလူကုံထံပိုင်းတွင်တစ်နေ့တစ်ခြား အသိအကျွမ်းများလာသည်။ အိမ်သူအိမ်သားများကလည်း သူ့ကို ချစ်ခင်လျက်ရှိသည်။ ဆရာမကလေးရောက်လာသည့် အတွက်လည်း သူတို့အိမ်မှာ

www.burmeseclassic.com

www.burmeseclassic.com



စန်းပွင့်လျက်ရှိသည်။ ထို့နောက် ပဲခူးသို့ ဝန်ထောက်အသစ်နှင့် ဆရာဝန်ကြီးအသစ်ပြောင်းလာကြသည်။ အရာရှိများ အသစ်ရောက်လာလျှင်မိတ်ဖွဲ့ရန်ဦးဖို့ အရေးကြီးလေသည်။ ဒေါ်ငြိမ်းခင်က သူတို့အိမ်တွင် ဥယျာဉ်ပွဲကျင်းပဖို့ အချိန်တော်ပြီဟု တွက်လေသည်။ ဥယျာဉ်ပွဲတွင် ဝန်ထောက်အသစ်နှင့် ဆရာဝန်ကြီးအသစ်ကို ဖိတ်ကြား၍ မိတ်ဖွဲ့ရမည်ဖြစ်လေသည်။ ဥယျာဉ်ပွဲဆိုသော်လည်း ဥယျာဉ်ပွဲသက်သက်မဟုတ်၊ ဘုရားကိုးဆူကပ်နှင့်တွဲ၍ ပြုလုပ်ဖို့ဖြစ်လေသည်။ အိမ်ရှေ့ ပန်းခြံမြက်ခင်းမှာလည်း ပန်းတွေ အတော်စုံလင်စွာရှိနေရာ ဥယျာဉ်ပွဲပြုလုပ်ဖို့ အကောင်းဆုံးဖြစ်လေသည်။ နောက်ဆုံး၌ ဒေါ်ငြိမ်းခင်ကဘုရားကိုးဆူကပ်မည့်ပွဲနေ့ကို ရက်ကန့်သတ်လိုက်လေသည်။ အများအားဖြင့် လှုကဲ့ထံပွဲမှာ ပကာသနရောင်တို့ မျက်စိကျိန်းလောက်အောင် ထောက်ပြောင်၍နေမြဲဖြစ်လေသည်။ အိမ်နီးချင်း ကတော်များကလည်း ဥယျာဉ်ပွဲအတွက် အားတက်သရောကူညီကြသည်။

ထိုနေ့တွင် သူတို့သည် အလုပ်များလျက်ရှိကြသည်။ အပေါ်ဆပ်တွင်လည်း ဘုရားစင်ကို ပုတီးစိကြိုးများ၊ တံခွန် ကုက္ကားတို့ဖြင့် မြိုင်နေအောင်ပြင်ဆင်ကြ၏။ မီးလုံးအစိမ်း အနီများလည်း တပ်ဆင်ထား၏။ ငွေပန်းစိုက်အိုးများတွင်လည်း ပန်းများကို ဝေနေအောင် ထိုးထားကြ၏။အိမ်ရှေ့မြက်ခင်းပေါ်မှာ ကုလားထိုင်စားပွဲများ အစီအရီခင်းထား၏။ ပန်းရုံးဘေးတွင် စန္ဒရားကြီးချထား၏။

အားလုံးတွင် အေးအေး ဆေးဆေး အနိုင်ဆုံးမှာ မေပင်ဖြစ်လေသည်။ သူသည်သူ့အခန်းထဲ၌ အဝတ်လဲလျက်ရှိစဉ် ညနေတွေ့ရမည့်ပွဲကို ခဉ်းစားကာပြုံးမိလေသည်။ ဒေါ်ငြိမ်းခင်မှာ အိမ်ကို



ပြင်ဆင်ရာ၌ ဆရာမ,ကလေးက အကူအညီကို နာယူလေသည်။ ဆရာကလေးက သဘောကျမှ သဘောကျသည်။ဟိုနေရာမှာလည်း ဆရာမကလေး၊ သည်နေရာမှာလည်း ဆရာမကလေး နေရာတကာတွင် ဆရာမ,ကလေးပါမှ။

မှိုင်းမှုံပြာဝေ..တိမ်ညိုပန်း သန်းတဲ့အခြေ။
နံ့သာလှိုင်ဝေ... စိမ့်ကြီးမြိုင်ကြီး
လန်းဆန်းပေ။
စန်းငွေယုန်သာ
ဆန်းလှတဲ့ချေ...
တိမ်ကြိုကြားမှာသွားခါပျော်ရွှင်ပေ။
တိမ်ကြိုကြားမှသွားကာ
မှိန်ချေ လင်းချေ... ခင့်ကိုလေ
တွေးရခက်အောင်။
ပြောင်လို့ လှောင်လို့
တမင်နေပေလေသလား... ယုန်ငွေ”

မေသည် တိုးတိုးကလေး သီချင်းဆိုကာ မှန်တင်ခုံရှေ့တွင် ရပ်လျက်အလှပြင်၍နေလေသည်။ နေရောင်ခြည်သည်လင်းနေသည်။ မြေသည်ဝင်းနေသည်။ ငှက်ကလေးများလည်း တေးသီနေကြသည်။ တစ်လောကလုံး ပျော်ရွှင်နေသည်။ မေသည် ပေါင်ဒါရိုက်ပြီးလျှင် အင်္ကျီအဝတ်အစားလဲလေသည်။ ပိတ်အင်္ကျီအဖြူတွင် ငွေကြယ်သီးကလေးကိုတပ်၏။ အညွန့်တက်, အတွန့်အခက် ကလေးကော့နေသော ဆံပင်ကြားတွင် ပန်းရောင်နှင်းဆီဖဲပွင့်တစ်ပွင့်စိုက်၏။ ရင်ဘတ်တွင် ခေါင်းနှင့်ဆင်တူ နှင်းဆီပွင့်တစ်ပွင့်ထိုး၏။ ထမီမှာ မခင်စိတို့

www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်ပေးသော အပြာရောင်ချိတ်ဖြစ်လေသည်။ ထဘီပြာမှာ မေနှင့်အလွန်လိုက်သည်။ လက်ပတ်နာရီကြိုးမှာလည်း ထဘီနှင့်ဆင်တူ အပြာနုရောင် ဖဲကြိုးကလေးဖြစ်လေသည်။ မေသည်ပြီးလျှင် ကိုယ်ကို ဆန့်လိုက်ကာ မှန်တွင် ဘယ်ပြန်ညာပြန်လှည့်၍ ကြည့်နေလေသည်။ နောက် အပြာနုရောင် ကတ္တီပါ မန္တလေးဖိနပ်ကိုစီးကာ အောက်ထပ်သို့ဆင်းသွားလေသည်။ ဧည့်ခန်းတွင် ဦးဘေမောင်နှင့် တွေ့လေသည်။

"ဟာ... ဆရာမပါကလား"ဟု မေ့ကိုမျက်တောင် မခတ် စိုက်ကြည့်ရင်းနှုတ်ဆက်လေသည်။နောက်မှ"ဆရာမက အတော်ကြည့်ကောင်းတာပါပဲ"ဟု နှုတ်ဆက်လေသည်။

မေမှာ ဘာမျှပြန်မပြောဘဲ ပြုံး၍သာ သူ့ကိုကြည့်နေ၏။

"ဆရာမဟာက ရိုးရိုးကလေးနဲ့ ယဉ်တာ၊ ညနေဘက် ကောင်းကင်အပြာနဲ့ ထဘီချိတ်အပြာနဲ့ဟာ အသွေးချင်းဟပ်နေတာပေါ့၊ ဘယ်လောက်အဆင့်ပြေသလဲလို့၊ ခေါင်းက ပန်းရောင်နှင်းဆီပွင့်ကလေးက ဆိုလဲ ဝင်တော့မယ့်ဆဲဆဲနေလို"

ဦးဘေမောင်၏ ဟိမဝန္တ ချီးမွမ်းခန်းပြော၍ စာပိုဒ်အဆုံးသောက်တွင် ဧည့်ခန်းထဲသို့ ဒေါ်ငြိမ်းခင်ဝင်လာသည်။ ဒေါ်ငြိမ်းခင်မှာ နောက်ဆုံးစကားလုံးကိုသာ သဲ့သဲ့ကြားလိုက်ရ၍ "ဟုတ်တယ် တော်တော်ကြာနေဝင်တော့မယ်၊ လာလာ ဆရာမ မြက်ခင်းပေါ်သွားပြီး ပြင်တန်တာပြင် ရအောင်၊ ဆရာမကို လိုက်ရှာ နေတာ။ ခုနကပဲ အပေါ်ကိုရောက်ခဲ့တယ်"ဟု ဆိုကာ မေနှင့်အတူ ဥယျာဉ်ပွဲပြုလုပ်မည့် မြက်ခင်းနေရာသို့ သွားကြလေသည်။

မြက်ခင်းမှာ ကဇော်ကြေးဖြင့်ဖြတ်ထားသဖြင့် ညီညာ မွဲ့ပျူးနေ



သည်။ ကွန်တီနင်တယ်မှ ကုလားများမှာလည်း အိုက်စကရင်၊ လက်ဖက်ရည်၊ ကိတ်၊ ဆင်းနဝတ် စသည်တို့ကို ပန်းကန်များနှင့် ပြင်ဆင်လျက်ရှိကြသည်။ ပန်းရုံများ အကြားမှာ ထိုးထားသောအရိပ်များမှာ ရှည်လျားသည်ထက် ရှည်လျားလာကာ၊ ဥယျာဉ်ပွဲနေရာကို အေးမြသာယာအောင်ပြုလုပ်ပေးလေသည်။

ဧည့်သည်များရောက်လာကြလေပြီ။ ဒေါ်ငြိမ်းခင်နှင့် ဦးဘေမောင်တို့မှာ ဝင်းဝဘက်မှလာသူများကို ကြိုဆိုနှုတ်ဆက်ကာ နေရာထိုင်ခင်း ညွှန်နေကြလေသည်။ မေမှာ သူသိသောဧည့်သည်များကို ဧည့်ခံစကားပြောနေလေသည်။ နှင်းနှင့်ဝင်းတို့မှာ မိန်းမသူငယ်ချင်းများနှင့် ဆူညံဆူညံစကားကောင်းနေကြ၏။

မကြာမြင့်မီပင် ပန်းခြံမြေရာကွက်တွင် ပဲခူးမြို့ လှကုံထံများဖြင့် ပြည့်နက်ကာ ပိုးရောင်, စိန်ရောင်တို့ဖြင့် ပြိုးပြိုးပြက်လာ၍ လာလေသည်။ လာရောက်သူများမှာ အစိုးရအရာရှိများနှင့် ပိုက်ဆံရှိသူများ ဖြစ်ကြလေသည်။ ခပ်လှမ်းလှမ်းမှနေကြည့်လျှင် ပန်းခြံတွင် လိပ်ပြာများအုံနေသည်ဟု မှတ်ထင်ရလေသည်။ မိန်းမပိုင်းမှ ဓာတုဗေဒလား၊ အစစ်လားဟု ခွဲခြား၍မရသော စိန်ရောင်များ တဝင်းဝင်းလက်နေ၏။ မြို့ပေါ်ရှိ အပျိုများမှာလည်း အလှပြနေကြလေသည်။ အချိန်ကျလျှင် သူတို့ ငန်းငန်းတက် သိချင်၊ ခင်မင်ချင်ကြသော ဒန်ထောက်နှင့်ဆရာ ဝန်ကြီးရောက်လာကြလေသည်။ ဦးဘေမောင်နှင့် ဒေါ်ငြိမ်းခင်တို့ကဦးဆောင်၍ အားလုံးကို မိတ်ဆက်ပေးလေသည်။

မေမှာ ပန်းခက်ကလေးများကို ပြင်ဆင်လျက်ရှိစဉ် ဒေါ်အေးရှင်နှင့် အသက် ၃၀ ကျော် လူကြီးတို့ရောက်လာလေသည်။

"မေ တော်တော်များ ပန်းနေပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"မပန်းပါဘူး အန်တီ"ဟု မေကပြုံး၍ ပြန်ပြောလေသည်။

"ဟော မိတ်ဆက်ပေးရဦးမယ်။ ဒါက နောက်ပြောင်းလာတဲ့ ဝန်ထောက်ဦးစိန်တင် အိုင်စီအက်၊ ဒါက မေ"

ဝန်ထောက်နှင့်မေတို့သည် ခေါင်းညိတ်ကာ အပြန်အလှန်နှုတ်ဆက်ကြလေသည်။ ဝန်ထောက်မှာ အင်္ဂလန်မှ ပြန်လာသော အိုင်စီအက်ဖြစ်ရာ ဗိုလ်ဆန်သောမေကို အင်္ဂလိပ်လို စကားပြောလေသည်။ မေမှာ ဘိလပ်သူပမာ အင်္ဂလိပ်စကားကို သွက်လက်စွာ ပြောနိုင်ရာ ဝန်ထောက်နှင့် စကားကောင်းနေကြလေသည်။ ဝန်ထောက်မှာ မေ၏ နားထောင်ကောင်းသော စကားလုံးများကို အံ့သြနေလေသည်။ သူတို့သည် ဂီတအကြောင်း၊ မဏ္ဍလေးအကြောင်း၊ ပန်းအကြောင်းများကိုပြောကြလေသည်။ ပရိသတ်မှာလည်း မေကို ချီးမွမ်းကာ အံ့သြနေကြလေသည်။ သူတို့မှာ ရေပက်မဝင်အောင် ပြောနေကြသဖြင့် ဒေါ်အေးရှင်ပင် "စကားပြောရစ်ကြဦး" ဟုပြောကာ အခြားဘက်သို့ ထွက်သွားလေသည်။ ဒေါ်မြင့်မြင့်က ဒေါ်ငြိမ်းခင်ကို လက်ကုတ်ကာ "စကားပြော တော်တော်ကောင်းတဲ့ ကောင်မလေး"ဟု မှတ်ချက်ချလေသည်။

အလင်းရောင်ပျောက်ကာ အမှောင်သန်းလာပြီဖြစ်၍ မီးများပင် လင်းလက်လာလေပြီ၊ လက်ဖက်ရည်ပွဲကို လည်းစလေပြီ။ မေ၏ လက်ယာဘက်မှာ ဝန်ထောက်ထိုင်၍၊ လက်ဝဲဘက်မှာ တရားသူကြီး ဦးသက်ဝင်း၏သား မောင်သိန်းဟန်ထိုင်လေသည်။ မေသည် ကြယ်တာရာများ အလယ်လမင်းပမာဖြစ်နေသည်။ မေ၏ အရောင်မှာ အခြားမိန်းမပျိုများ၏ အရောင်ကို လွှမ်းမိုးတောက်ပြောင်လေသည်။



စားဖွယ်သောက်ဖွယ်များ သုံးဆောင်လျက်ရှိကြစဉ် ဒေါ်ငြိမ်းခင်က မေ့ကို စန္ဒရားတီးရန်ပြောလေသည်။

"ဘာသီချင်းတီးရမလဲ မပြောတတ်ဘူး"ဟုမေကဝန်ထောက်နှင့် မောင်သိန်းဟန်ဘက်ကိုလှည့်ကာ ပြောလေသည်။

"ကျုပ်တော့'ရွှန်းရွှန်းမြ'ဆိုတဲ့သီချင်းကို သဘောကျတယ်"

မေသည် ဆောင်တော်ကူးပန်းရုံအောက်ရှိစန္ဒရားရှိရာသို့ ထသွားလေသည်။ လူအများသည် မေ၏ အမူအရာကိုသာ ကြည့်ချင်မြင်ချင်နေကြလေသည်။မေသည် စန္ဒရားခုံတွင် ထိုင်လိုက်သောအခါ စန္ဒရား၏ ညိုမှောင်သောအရောင်ဝယ် မေ၏လှပသောသဏ္ဌာန်မှာ ထင်ရှားစွာ ပေါ်နေလေသည်။ မေသည် စန္ဒရားကိုစမ်းကာ ဘွဲ့ခံလေသည်။

"ဟောကြည့်၊ မေ့လက်တုန်နေတယ်"ဟု ဒေါ်အေးရှင်က ဒေါ်ငြိမ်းခင်ဘက်သို့လှည့်၍မေးငေါ့၏။ သို့ရာတွင် မေသည်ဘယ်တော့မှလက်မတုန်ပေ။ ဒိုင်အိုကျောင်းမှာ ဆရာဖြစ်သင်ကောလိပ်ကျောင်းမှာ နေစဉ်ကတည်းက ပွဲတိုးခဲ့ဖူးလေသည်။ မေမှာ ဆိုရတီးရသူလည်းဖြစ်လေသည်။ ဤမျှ ပရိသတ်ကို မေက အပျော့သာထင်လေသည်။

ဘွဲ့ခံဆုံးသွားလျှင် မေ၏ ပီရိအေးညက်သော စန္ဒရားသံနှင့် အတူ နူးညံ့ငြိမ့်ဆန်းသောသီချင်းသံမှာ မြိုင်မြိုင်ကြီး ထွက်ပေါ်လာလေသည်။ ဂီတနားလည်သော သူများကလည်း မေ့ကို တီးတိုးချီးမွမ်းကြလေသည်။ သီချင်းခံကြိုးနှင့်ကြိုးဆုံးလျှင် မေသည် ပတ်ပျိုးတစ်ပုဒ် ကောက်တီးလေသည်။ ပတ်ပျိုးမှာ ချစ်သမျှကို သစ္စာတိုင်ပတ်ပျိုးဖြစ်ရာ သီချင်းစာသားကလည်း အသားပါ၊ အသံကလည်း ချိုရာ၊ မေ၏အသံမှာ လူတိုင်း၏နားဝယ် တလွင်လွင်သာနေလေသည်။

ချစ်သမျှကို ဆုံးသွား လျှင် ကာလပေါ်တစ်ပုဒ်တီး

www.burmeseclassic.com

www.burmeseclassic.com



ရန်ပွဲတောင်းကြပြန်လေသည်။ ဒီညအဖို့ ပရိသတ်များ၏ စိတ်တွင် မေသည် မိုးကျနတ်မယ်ကလေးဖြစ်လေသည်။ သူတို့စိတ်တွင် မေသည် ပြာသော တိမ်တိုက်အကြားမှ နတ်စောင်းကို တီးခတ်နေသည်ဟု ထင်ကြလေသည်။ သူတို့ ပတ်ဝန်းကျင်တွင် အရာအားလုံးတို့သည် နုသမျှနု၊ ယဉ်သမျှယဉ်၊ လှသမျှလှနေသည်ဟု ထင်လေသည်။ အတီးကောင်း အဆိုကောင်း အလှမယ်မေသည် ကာ N သီချင်း တစ်ပုဒ်ကိုတီးရပြန်လေသည်။

"လှေကလေးကို လှော်မည်၊ အားမသန်းတဲ့ အေးချမ်းတော့မည် မြစ်ကမ်းခြေနဒီ စီမ်းလဲ့လဲ့ကြည်"

မေ၏ သီချင်းသံမှတစ်ပါး အားလုံးငြိမ်သက်၏။ ဂီတ ဝါသနာမပါသူများပင် နားစိုက်၍ထောင်ကြ၏။ ပရိသတ်၏အာရုံမှာ ထမီအပြာချိတ်ကလေးနှင့် ပန်းရောင်နှင်းဆီပွင့်ကလေးနှင့် နားထောင် ၍မငြီးသော ကြည့်၍ မငြီးသော နတ်သမီးပျိုကလေး၏ အာရုံတစ်ခု တည်းသာဖြစ်လေသည်။ မေ့အဖို့မှာ နွေအလှကိုမြင်၍ ဘဝင်ကြည် ကြည်နူးသော ရွှေချိုးမယ်၊ ဥဩမယ်ကလေး ဖြစ်မှန်းမသိဖြစ်လေ သည်။ သူနှင့် ရွယ်တူမိန်းမပျို အအိုများပင် သီချင်းက သာလွန်း၊ ချိုလွန်းလှ၍ မေ့ကို မနာလိုရမှာကို မေ့ကာ စိုက်၍နားထောင်မိကြ လေသည်။

နောက်ထပ် ပွဲတောင်းမှာကြောက်သဖြင့် မေသည် သီချင်း ဆုံးလျှင် စန္ဒရားခုံမှထ၍ ပရိတ်သတ်ထဲရောက်နေလေသည်။ မေမှာ ချီးမွမ်းသူများ ခြံရံလျက်ရှိလေသည်။ မေ့အဖို့မှာ အောင်ပွဲမင်္ဂလာ ကြီးဖြစ်လေသည်။ အားလုံးသော ပါးစပ်များမှာ မေ၏ အမည်သာ ခေတ်စားလျက် သူတို့အားတည်ခင်းကျွေးမွေးသော အိမ်ရှင် ဦးဘေ



မောင်နှင့် ဇနီးဒေါ်ငြိမ်းခင်ကိုပင် ခေတ္တမေ့နေသလားဟု အောက်မေ့ရ လေသည်။ မည်သူမျှ နှင်းကို စန္ဒရားတီးရန် မတောင်းပန်ကြ၊ မည်သူမျှ ဝင်းကို သီချင်းဆိုရန်ပွဲမတောင်းကြ။ အကြောင်းမှာ မေသည် ကျေးငှက်ပေါင်းအလယ်မှာ ဒေါင်းမ,ကလေးဖြစ်နေ၍ ဒေါင်းမ,ကလေး အကကိုသာ မြင်ချင်ကြသည်။ ဒေါင်းမကလေး အိုးဝေတွန်သံကို ကြားချင်ကြသည်။ ဘုန်းရှိရောက်က ဘုန်းမဲ့ပျောက် ရတော့သည်။

ဒေါ်ငြိမ်းခင်မှာ မေ၏နေရောင်ဝယ်၊ သူ့သမီးချောနှစ်ယောက် ၏ ကြယ်ရောင်၊ လရောင်များ မလွှမ်းမိုးနိုင်သည်ကို ခံပြင်းနေလေ သည်။ မေကြောင့်ပင် ပရိသတ်အားလုံးက သူ့တို့ကို အရေးမစိုက် ကြ။ သို့ဖြစ်လေရာ ဒေါ်ငြိမ်းခင်သည် စန်းအပွင့်ကြီးပွင့် လျက်ရှိသော မေ့ကို မနာလိုကြီး မနာလိုလျက်ရှိလေသည်။ စန္ဒရားတီးပြီးကြပြီးလျှင် အပေါ်ထပ်မှကြေးစည်သံထွက်ပေါ်လာလေသည်။ တချို့လည်း အပေါ် တက် ဘုရားဖူးကြသည်။ တဖြည်းဖြည်း ညဉ့်နက်လာကာ ပရိသတ် လည်း စဲ၍သွားလေသည်။

မေသည် လှုတွေဇည့်ခံရလွန်း၍ ငြီးစီစီနေသည်ဟု အကြောင်း ပြကာ အိမ်အေားပန်းခြံထဲတွင်ထိုင်နေလေသည်။ လမှာလည်း ပပဝင်း လျက်ရှိ၏။ သစ်ရွက်အခက်အလက်များမှာ လရောင်တွင် ငွေရည် လူးထားသလို မှတ်ထင်ရလေသည်။ သူသည် ညနေက ဥယျာဉ်ပွဲကို သွားနေလေသည်။ ဒေါ်ငြိမ်းခင်က သူ့ကို မကျေနပ်ဖြစ်သည်ကို သူသိလေသည်။ သီချင်းဆိုရာတွင်လည်း မေ့ကို စိန်ကြောင်နီလာ တော်ပျိုးကို ဆိုရန်ပြော၏။ မေကမူ အဓိပ္ပာယ်ပါသော ချစ်သမျှကို သာ ဆိုလေသည်။ ဩဇာပေးတတ်သောသူမှာ မိမိဩဇာမတည်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်ပေ။ ညစာ ထမင်းစားရာတွင် ဒေါ်ငြိမ်းခင်၏ မျက်နှာမှာ သူ့ကို သဘောမကျသည့် ပုံစံမျိုးပေါ်နေလေသည်။ မေ သည် သူ့အား မနှာလိုကြပြီကို သူသိလေသည်။သူသည် ဟိုတွေး၊ ဒီတွေး တွေးနေရာမှ မခင်စီတို့ဆီ ရောက်သွားလေသည်။ မခင်စီမှ တစ်ဆင့် ကိုကျော်မြင့်...။

သူ့နောက်မှ ခြေသံကြားသဖြင့် မေသည် အတွေးကိုရပ်ကာ လှည့်ကြည့်လေသည်။ ဦးဘေမောင် ဖြစ်လေသည်။

"မေတစ်ယောက်တည်းပဲလား"

"ဟုတ်ကဲ့ လေညှင်းခံနေပါတယ်၊ နည်းနည်းလည်း ပန်းတာနဲ့"

မေသည် နောက်ထပ် စကားရှာမတွေ့သဖြင့် ဆက်မပြောဘဲနေလေသည်။ အမှန်မှာ သူကလည်း စကားရှည်ရှည် မပြောချင်ပေ။ သို့ရာတွင် ဦးဘေမောင်မှာ တော်တော်နှင့်ပြန်ဦးမည်မဟုတ်။

"ဟုတ်တယ် လကလေးက သာသာ၊ လေညှင်းကလေးက တဖြူးဖြူးနေရာကျတာပေါ့၊ အခုလို ညက သိပ်သာယာနေတော့ အေးအေးဆေးဆေး အရသာခံလို့ကောင်းတာပေါ့၊ ကြည့်ပါလား၊ ပန်းတွေတောင် ညအလှကို ကြည်နူးနေကြတယ်။

သူပြောသလိုပင် ပန်းရုံများမှ အပွင့်အရွက် အခက်များသည် လေညှင်းဝယ် ဆော့နေကြလေသည်။ ဦးဘေမောင်သည် သူ့အနားသို့ တိုးကပ်လာလေသည်။ မေသည် အိမ်ပေါ်သို့တက်ရန် အချိန်တော်ပြီဟု အောက်မေ့သဖြင့် နေရာမှထလိုက်လေသည်။

"မေ အိမ်ပေါ်တက်တော့မယ်"ဟု မေက ခြေလှမ်းပြင်ရင်း ပြော၏။



"ညနေက မေ ပီယာနိုတီးတာ သိပ်ကောင်းပါလား၊ ပဲခူးက လူတွေကတော့ မေ့ကို သိပ်သဘောကျတာပဲ။ သဘောပဲကျလောက်ပါတယ်၊ မေက သိပ်တော်တာကို"

မေ့မှာ မပြန်ရသေးဘဲ သူ့စကားကို နားထောင်နေရလေသည်။

"နောက်ပြီး မေက လှတော့ လူတွေကို ငေးနေကြတာပဲ"

စကားဆုံးလျှင် သူသည် မေ၏ပခုံးကိုကိုင်ကာ ကုန်း၍နမ်းလေသည်။ မေသည် မျက်နှာကို နိမ့်လိုက်၏။ ဦးဘေမောင်၏ နှာခေါင်းမှာ မေ၏နဖူးကို ခတ်၍ ဆံထုံးမှ ဘီးနှင့်ပွတ်ထွက်သွားလေသည်။ ဘုရားလူကြီး ဦးဘေမောင် နောက်ထပ်နမ်းရန် အချိန်မရမီ မေသည် အပြေးကလေး အိမ်ပေါ်သို့ တက်သွားလေသည်။

မေမှာ သူ့အိပ်ခန်းသို့ ရောက်လျှင် ဘာမျှ မဖြစ်သလို ပေါ့ပေါ့ပါးပါး ရွှင်ရွှင်လန်းလန်းပင် ရှိလေသည်။ ဆင်ဝင်ခန်းဆီးကြားမှ ချောင်းကြည့်နေသော ဒေါ်ငြိမ်းခင်မှာ သူ့တို့အဖြစ်အပျက်ကို အစကအဆုံးမြင်လေသည်။ မေ့ကို ဤအိမ်မှ အမြန်ဆုံးထွက်သွားရမည်ဟု သူသည်ဆုံးဖြတ်လိုက်လေသည်။ မေက သိသည်မှာ ဦးဘေမောင်က သူ့ကို ကြိုက်နေပြီဆိုတာသာ ဖြစ်လေသည်။ ဤကိစ္စမှာ ဦးဘေမောင်ကို ရှောင်လွှဲမျက်နှာမဆိုင်ဘဲနေလျှင်ပြီးမည်ဟု သူတွေးလေသည်။ မေသည် ဖွင့်ထားသော ပြတင်းပေါက်မှကောင်းကင်သို့ မော့ကြည့်လိုက်လေသည်။ ငွေနားကွပ်ထားသော တိမ်တိုက် အဖြူများသည် မိုးရိပ်မိုးသားကင်းစင်အောင် ကောင်းကင်ဝယ် လွင့်ပါးနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၄)

မေသည် လက်ထဲမှစာအုပ်ကို ဖြတ်ခနဲ စားပွဲပေါ်သို့ပစ်တင်လိုက်လေသည်။ တော်သလင်းနေမှာ အတော်ပူရာ စာဖတ်၍မရလောက်အောင်ပင်ရှိသဖြင့် စာအုပ်ကိုချထားလိုက်ရလေသည်။ စာအုပ်မှာ ဟာဒီရေးသော "စိမ်းသောသစ်ပင်အောက်မှာ" ဝတ္ထု ဖြစ်လေသည်။

နေ့ခင်းအားလျှင်စာဖတ်ခြင်းမှာ သူ့အကျင့်ဖြစ်၏။ နေ့မှာ လင်း၏။ ကောင်းကင်မှာ ကြေးမုံပြင်ကဲ့သို့ မြူတိမ်တို့မှ ကင်းရှင်း၏။ သစ်ပင်များမှာ သူတို့၏ အရွက်အလက် အကိုင်းအခက်များကို နေပူရှိန်မှ မခံနိုင်ကြသောကြောင့် အောက်သို့စိုက်၍ နေကြကုန်၏။ ပန်းပွင့်များမှာလည်း သူတို့၏ ရိုးတံပွင့်ချပ်တို့ကို ခေါင်းငိုက်၍ ထားကြ၏။ အဝေးလယ်တောကြီးမှာ စပါးပင်များဖြင့် စိမ်းစိမ်းစိုစို နေလျက် ကျောက်စိမ်းရောင် ပင်လယ်ပြင်ကြီးနှင့် တူနေလေ၏။ ငှက်တော်ကလေးများ အော်မြည်သံကို သဲ့သဲ့ကြားရ၏။

မနက်က မခင်စီထံမှ သူ့အစ်ကိုနှင့်ပဲခူးသို့လာမည့်အကြောင်း စာရလေသည်။ လာလည်မည်မှာ တနင်္ဂနွေနေ့ဖြစ်၍ နှစ်ရက်သာ လိုတော့၏။ မေသည် မခင်စီတို့ လာလည်မည့်ကိစ္စကို စဉ်းစားလေသည်။ ယခင်က မေမှာ ယခုမေနှင့် မတူတော့ပြီ။ ဒေါ်ငြိမ်းခင်က သူ့ကို "တယ်တော်တဲ့ ဆရာမ,ကလေး" ဟု မထင်မှတ်တော့ လင်ဖမ်းနေသော အပျိုဟူ၍သာ အထင်ရှိလေသည်။ ခါတိုင်း စာသင်ချိန်တွင်ဒေါ်ငြိမ်းခင်သည် အပါးသို့လာနေကာ နားထောင်တတ်လေသည်။ ယခုမူ အိမ်ကိစ္စတွင် အလုပ်များကာ အစေခံတွေကို ကြိမ်းမောင်းနေသေည်။ နှင်းနှင့်ဝင်းတို့မှာ သူ့အမေက အရင်လိုမဟုတ်ဟု



မှတ်ကာ ဝမ်းနည်းနေကြ၏။ မေ့အဖို့မှာ မည်သို့မျှ မပြောင်းလဲဘဲ ယခင်ကကဲ့သို့ပင် သူတို့ကို ယုယမြဲယုယကာ၊ ဆရာမပီပီ ကြင်နာစွာ သဘောထားသဖြင့် သမီးနှစ်ယောက်မှာ သူတို့ ဆရာမကို ချစ်ခင်လျက်ပင်ရှိလေသည်။

ဥယျာဉ်ပွဲပြီးကတည်းက မေ့ကို မိုးကျ နတ်သမီးကလေးဟု မထင်ကြတော့။ ဒေါ်ငြိမ်းခင် အစပြု၍ ဒေါ်မြင့်မြင့်၊ ဒေါ်အေးရှင်၊ အငြိမ်းစား စစ်ကဲကတော် ဒေါ်ချစ်တို့က မေ့ကို "ပျံလွှားမ" ဟု အောက်မေ့လျက်ရှိကြသည်။ ရွယ်တူအပျိုကလေးများကလည်း မေ့ကို "ပျံတဲ့ကောင်မ" ဟု သဘောထားကြသည်။ လူကုံထံပိုင်းမှာ ကိုယ့်ထက်သာလျှင် မနာလိုကြသည်။အကြောင်းမှာ သူတို့သည် မေ့လောက် စန္ဒရားအတီးမကောင်းကြ။ အင်္ဂလိပ်စကားကို ကျင်လည်စွာ မပြောတတ်ကြ။ အဝတ်အစား ခေတ်ဆန်အောင်မဝတ်တတ်ကြသောကြောင့် ဖြစ်လေသည်။

နောက်တစ်နေ့ ဈေးထဲတွင် မေနှင့်ဝန်ထောက် ဦးစိန်တင်တို့ တွေ့ကြသေးသည်။ ဦးစိန်တင်မှာ ကားနှင့်ဖြစ်၍ ကားထဲတွင် ဒေါ်မြင့်မြင့်တို့လည်းပါသည်။ မေနှင့် ဦးစိန်တင်မှာ ရေပက်မဝင်အောင် အင်္ဂလိပ်လိုစကားပြောလျက်ရှိကြရာ ဘေးက မေ့လို မပြောတတ်သော ဒေါ်မြင့်မြင့်တို့ လူကုံထံတစ်သိုက်မှာ ပါးစပ်အဟောင်းသားနှင့်သာ နေကြရသည်။ ထိုအခါ၌ နောက် မေနှင့်သူတို့တွေ့ကြလျှင် မေ့ကို အရင်ကလို ပျူငှာစွာနှုတ်မဆက်ကြတော့။ ဤသို့လျှင် အစက ယဉ်ကျေးသောမေမှာ ယောက်ျားတွေနှင့် ပရောပရီလုပ်သော ပျံသော မေအဖြစ်သို့ ပဲခူးလူကုံထံပိုင်းက ကဲ့ရဲ့သင်္ဂြိုဟ်လျက်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမျိုးတွင် မေမှာ မခင်စီတို့ကို အထူးသတိရလေသည်။ မခင်စီကလည်း မေ့ကို သူတို့ဆီလာနေရန် ခေါ်ဖူးသည်။ မေလို သွက်လက်ပုံမျိုးမှာ ပဲခူးလိုတောမျိုးနှင့်မတန်ပေ။ မြို့ကြီးပြကြီးနှင့်သာတော်သည်။ စနေနေ့တွင် မေသည် မခင်စီတို့လာလျှင် ကျွေးရန် ကိတ်မုန့်တစ်ပေါင် ဈေးထဲသို့သွားဝယ်လေသည်။ အပြန်တွင် လံချားနှင့်လာလေသည်။ မွန်းတည့်ကျော်ကျော်ဖြစ်၍ ခြောက်သွေ့သောလမ်းမှာ ဖုန်ထ၍နေ၏။ ဦးသောမောင်တို့အိမ်မှာ အဝေးကကြည့်လျှင်အတန်ငယ်လှ၏။ ချိုးများသည် လေးတွဲ့စွာကူကြ၏။ လယ်ကွင်းဘက်ဆီမှ ကျွဲများ၏အော်သံများကို တစ်ခါတစ်ရံကြားရ၏။ ဤနေရာမျိုးမှာ ယာခင်း၊ လယ်ခင်းများ အကြောင်းသာ အိပ်မက်မက်နေဖို့ ကောင်းသည်။

မနက်စာ ထမင်းစားပြီး ကတည်းက မေမှာ မခင်စီတို့ကို မျှော်နေလေသည်။မေသည်ဆင်ဝင်ဘက် ပြတင်းပေါက်ကို မေးထောက်ကာ ပဲခူး ရန်ကုန်လမ်းမကြီးဘက်ကို ကြည့်နေလေသည်။ အောက်ထပ်မှ သူတက်ပေးသော သီချင်းတစ်ပုဒ်ကို နှင်းသည် တကောင်ကောင်တီးနေလေသည်။ ဝင်းမှာ သီချင်းအဆိုကျင့်လျက်ရှိ၏။ မေသည် ကြာကြာပင်မစောင့်ရ။ခပ်ဝေးဝေးမှကားနက်ကလေး အိမ်ဆီကို လာနေသည်ကို မြင်ကတည်းက ဒီကားပဲဟု သူထင်လေသည်။ ကားထဲတွင် ယောက်ျားပျိုတစ်ဦးနှင့်အပျိုမတစ်ဦး ပါလေသည်။ကားသည် ဝင်းထဲသို့ ကွေ့ဝင်လာ၏။မေသည် အောက်ထပ်သို့ အပြေးဆင်းလာကာ ဆင်ဝင်အောက်ဆိုက် ထားသောကားထဲမှ မခင်စီတို့ ကို ပြာပြာသလဲ ကြိုဆိုလေသည်။ သူငယ်ချင်းနှစ်ယောက်သည် ဝမ်းသာလွန်းလို့ တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ထားကြ၏။



"မေ... မေ တွေ့ရတာ သိပ်ဝမ်းသာတာပဲ"

"စီ တွေ့ရတာလောက် ဝမ်းသာစရာမကောင်းသေးပါဘူး"

"မေက သိပ်ကြည့်ကောင်းနေတာပဲ၊ ကျောင်းမှာတုန်းကနဲ့ တောင်မတူဘူး ကိုကို"

သူ့အစ်ကို ကိုကျော်မြင့်မှာ စက်ကိုရပ်လျက်ရှိရာ ဘရိတ်တွေဘာတွေ အကုန်နင်းပြီးမှ သူတို့ဆီသို့လာနိုင်၏။

"ဒါက စီ့ကိုကိုလေ ကိုကျော်မြင့်တဲ့။ မေ့အကြောင်းကို တော့ ကိုကို့ကို ခဏ ခဏ ပြောလို့ သိနေပါပြီ"ဟု မခင်စီက သူ့အစ်ကိုနှင့် မေ့ကို မိတ်ဖွဲ့ပေးလေသည်။သူတို့သည် ခေါင်းညိတ်ကာ အသိအမှတ်ပြုကြလေသည်။ ကိုကျော်မြင့်မှာ သူ့နှမရှေ့တွင်ဖြစ်၍ ရှက်နေ၏။

ချက်ချင်းပင် မေ့တွင် ကိုကျော်မြင့် ဘယ်လိုလူစားဆိုတာကို နားလည်လေသည်။ သူ့ကို အထိုက်အလိုက်ပြော၊ မခင်စီကလည်း သဘောကျမည်။ နောက် သူ့ကို သနားလာအောင်လုပ်၊ နောက် သူ့ကို အားကိုးလိုသော အမူအရာကိုပြ၊ နောက် သူ့ကို စွဲလာအောင် မာယာဖြင့်နွဲ့။ မေသည် စိတ်တွက်ဖြင့် အစီအစဉ်ကို ဂဏန်းချပြီး ဖြစ်နေလေသည်။

မေသည် မခင်စီတို့ကို ဧည့်ခန်းထဲသို့ ခေါ်သွားလေသည်။ မေနှင့်မခင်စီမှာ နှစ်ယောက်ထိုင်ကုလားထိုင်တွင် ယှဉ်၍ထိုင်၏။ ကိုကျော်မြင့်မှာ သူတို့နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်၏။ ကိုကျော်မြင့်မှာ သူငယ်ချင်းနှစ်ဦးပြောချင်တာ ပြောပါစေတော့ဟု စားပွဲပေါ်မှ မဂ္ဂဇင်းတစ်စောင်ကိုဖတ်နေလေသည်။ သူ့နားထဲမှာမူ မေ၏ ငွေဆည်းလည်းသံ ကိုသာ ကြားနေရ၏။ ဝမ်းသာနေကြသော မေနှင့်မခင်စီ

www.burmeseclassic.com

www.burmeseclassic.com



တို့မှာ စကားပြော၍ အားမရအောင်လောက်ပင် ရှိကြ၏။ ထိုအချိန်တွင် ဦးဘောမောင်မှာ အိမ်ဦးခန်း သူ့စာဖတ်ခန်းကလေးတွင် သတင်းစာဖတ်ပြီးအိပ်လျှက်ရှိ၏။ ဒေါ်ငြိမ်းခင်မှာ ဈေးသွားနေခိုက်ဖြစ်၏။ နှင်းနှင့် ဝင်းတို့မှာ စန္ဒရားတီးနေတုန်းသီချင်းကျက်နေတုန်း။

"မေ့ အခန်းက ဘယ်မှာလဲ၊ မေ့စာထဲအတိုင်းဆို သိပ်ကောင်းမှာပဲ"

"အပေါ်မှာ စီရဲ့၊ လိုက်ကြည့်ပါလား"

သူတို့သည် ကုလားထိုင်မှ ထကြလေသည်။

"နေဦးနော် ကိုကို"

"ခည့်သည်ကို တစ်ယောက်တည်းထားခဲ့ရမှာ အားနာစရာကြီး" မေက အားနာကြောင်းပြော၏။

"ကိစ္စမရှိပါဘူး။ သွားမှာသာသွားကြပါ"ဟု ကိုကျော်မြင့်က ပြုံး၍ပြောလေသည်။

မေနှင့်မခင်စီ အပေါ်ထပ်သို့တက်သွားကြလေသည်။ သူတို့သည် မေ၏အိပ်ရာပေါ်တွင်ထိုင်ကြ၏။ မခင်စီသည် အခန်းအခြေအနေကို လှည့်ပတ်၍ကြည့်၏။ သူသည် ပြတင်းပေါက်သို့ သွား၍ ပြန်၏။

"ဒီကနေမြင်ရတဲ့ ရှုခင်းကတော့ သိပ်လှတာပဲ၊ လယ်ကွင်းကြီးကလည်း စပါးပင်တွေ စိမ်းလို့၊ အိမ်ဘေးမှာ ပန်းခြံနဲ့။ ဒါပေမယ့် မေ့ကို စီတစ်ခုမေးချင်တယ်"

"မေးပါ၊ နိဒါန်းဆင်နေလိုက်တာ"

"မေ ဒီမှာနေရတာပျော်ရဲ့လား"

မေသည် ချက်ချင်းမဖြေသေးဘဲ "မေ တကယ် ဝမ်းထဲရှိတာ



ကို ပြောရမလား" ဟု သူ့ကိုကြည့်၍ပြော၏။

"ဒါပေါ့" မခင်စီသည် မေ့အိပ်ရာပေါ်၌ပြန်ထိုင်ရင်း ဖြေ၏။

"မေ တကယ်ပြောရမယ်ဆိုရင်တော့ ဒီမှာ မိနစ်တိုင်းကို သိပ်မုန်းတာပဲ"

မေသည် ခေါင်းအုံးစွပ်များကို လက်နှင့် ပွတ်၍နေ၏။

မခင်စီမှာ သူ့ကို ယုယဖို့စကားများ စဉ်းစားနေ၏။

"ဒီနေရာမှာ မေမှားတယ်ဆိုတာ မေသိပါတယ်၊ တကယ်ဆိုတော့ မေဟာ ပျော်ဖို့ကောင်းတာပေါ့၊ ဘာမှပူစရာ၊ ပင်စရာမရှိဘူး။ စန္ဒရားကလေးတီး၊ စာဖတ်။ ဒါပေမယ့် မေ့ကိုက ဒီလိုအသိုင်းအဝိုင်းမျိုးနဲ့ မတော်တာတော့ မေလည်းမတတ်နိုင်ဘူး။ တောကျတယ်ဆိုပြီး မပျော်တာမဟုတ်ဘူး။ တောကျလို့ သာယာစရာ၊ စိတ်ကြည်လင်စရာပဲရှိတာ။ မေမုန်းတာက သဘာဝဝတ္ထုတွေကို မဟုတ်ဘူး၊ လူတွေကို"

မေသည် ဤနေရာရောက်လျှင် ရပ်လိုက်၏။ မခင်စီ၏ မျက်လုံးစိမ်းပြာပြာတွင် မင်းလွင်တို့ သန်းနေသည်ကို မေမြင်၏။

"မေ စီတော့ သိပ် စိတ်မကောင်းတာဘဲ။ မေတကယ်ပဲ မပျော်ဘူးလား၊ စီထင်တာက မေဒီမှာ ခင်ကြ၊ မင်ကြ သူတွေပေါ်ပြီး ဟန်ကျနေတယ်လို့ထင်တာ"

"ခင်ကြမင်ကြလွန်းလို့ ခက်တာပေါ့စီ၊ ဟန်လည်း ဟန်ကျပါတယ်စီ။ ဟန်ကျတာဟာ ဒီပတ်ဝန်းကျင်နဲ့ မကိုက်ဘူး။ တလောကလေးက ဒီအိမ်မှာ ဥယျာဉ်ပွဲတစ်ခုလုပ်တယ်"

"ပြောစမ်းပါဦး... မေ" မခင်စီမှာ မေပြောမှာကို ကြားချင်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ဥယျာဉ်ပွဲမှာ မေက စန္ဒရားဆိုပြီး တီးရတယ်။ ညနေချမ်းကလေးဆိုတော့ သိပ်တီးလို့ကောင်းတာပဲ။ မေလည်း သိပ်ကောင်းကောင်းရှိတာနဲ့ သိပ်ကိုတီးလိုက်၊ ဆိုလိုက်တာ"

မခင်စီသည် မေ၏လက်မောင်းကိုကိုင်ကာ "စီ ယုံပါတယ်၊ မေက အဆိုကောင်း၊ အတီးကောင်း။ သူတို့ မေ့ကို သိပ်သဘောကျကြမှာ"

"စီက အကုန်မှမသိဘဲ ဒီလိုပြောတာပေါ့။ စိမ်းနေတဲ့ လယ်ကွင်းကြီးတွေ၊ ကောက်ရိုးပုံတွေ၊ ပုလွေသံတွေ၊ ကျွဲသံတွေ၊ တောပန်းတွေ ဘာတွေနဲ့ တကယ့် တောရွာဆိုလျှင် စီ ထင်သလို ဟုတ်မှာပဲ။ ဒါပေမယ့် ပဲခူးဟာ တောရွာမဟုတ်ဘူး။ လယ်ယာ ကိုင်းကျွန်းလုပ်နေတဲ့ တောသား လယ်သမားတွေနေတာမဟုတ်ဘူး။ ပိုက်ဆံရှိတဲ့လူနဲ့ အစိုးရ အရာရှိကို ဆိုလိုတာ၊ ဂုဏ်နဲ့ ပကာသနကို ဖက်သေကြမယ့် လူကုံထံတွေ၊ အမတ်ကတော် ဒေါ်အေးရှင်တို့၊ မှူးဆိုးမ ဝန်ထောက်ကတော် ဒေါ်မြင့်မြင့်တို့၊ အငြိမ်းစား စစ်ကဲကတော် ဒေါ်ချစ်တို့၊ သမာဓိမြို့ဝန်နှင့် မြေပိုင်ရှင်ကတော် ဒေါ်ငြိမ်းခင်တို့ ဟား... ဟား"

မေသည် မဲ့ရယ်ကလေး ရယ်သည်။ သူသည် လူကုံထံပိုင်းကို ရယ်မောမိလေသည်။

"သူတို့ အစတုန်းကတော့ မေ့ကိုအင်မတန်သဘောကျကြတာပေါ့။ မေက ပီယာနိုလည်း အတီးကောင်းတာကိုး။ လူကုံထံ သားသမီးဆိုလျှင် စန္ဒရားတီးတတ်တာဟာ မတတ်မဖြစ်တဲ့ ပညာမျိုး ကို ခံရဲ့။ စန္ဒရားကို ဝါသနာပါလို့ စိတ်ထဲကကို ဂီတဘက်ကို လွှတ်နေလို့ မဟုတ်ဘူး။ ဘယ်မင်းပွဲစိုးပွဲမှာ ဘယ်လူ့သမီး စန္ဒရား



တီးတတ်တယ်ဆိုတာလိုချင်တာ၊ လူကုံထံအိမ်ရဲ့ ဧည့်ခန်းမှာ စန္ဒရားရှိမှ ဂုဏ်ရှိတယ်လို့ ယူဆကြတာလား-စီ။ ဥယျာဉ်ပွဲမှာ မေက သီချင်းကြီး ရော၊ ကာလပေါ်ရော၊ ဟန်ကျပန်ကျ၊ တီးပြဆိုပြလိုက်တော့ သူတို့အားလုံး မေ့ကို ဝိုင်းမနာလိုကြတာပေါ့။ နောက်ပြီး ဝန်ထောက်နဲ့ တရားသူကြီးသားက မေ့ကို ဂရုစိုက်ကြတာလည်း အပျိုပေါက်ကလေး တွေ အပျိုကြီးတွေက မကျေနပ်ကြဘူး။ သူတို့ဆီမှာ ပိုက်ဆံရှိတဲ့လူတို့ အစိုးရအရာရှိတို့ဆိုလျှင် သိပ် ပါးရက်နားရက် လုပ်ကြတာ။ မေ အင်္ဂလိပ်စကားပြောတာကိုလည်း သူတို့က သဘောမကျကြဘူး။ မေဟာ သူတို့ထက်သာတာလည်း တွေ့ရော၊ မေဟာ အရင်ကလို ရတနာကလေး မဟုတ်ဘူး။ ကွယ်ရာမှာ မေးငေါ့ကြတာပေါ့။ မေတို့ လို အညာကြဆရာမကလေးဟာ သူတို့ ကိုးကွယ်တဲ့ လူကုံထံပိုင်းမှာ ချွန်နေတာ မကြည့်ရက်နိုင်ဘူးပေါ့ ..."

"ဒီမိန်းမကြီးတွေ သိပ်မုန်းစရာကောင်းတာပဲ" ဟု မခင်စီက မှတ်ချက်ချ၏။ မခင်စီမှာ မေ့အပြောနှင့် လူကုံထံပိုင်း စိတ်ချဉ် လျက်ရှိ၏။

နောက်ပြီးတစ်ခုရှိသေးတယ်၊ စန္ဒရားတီးကြတုန်းက ဒေါ်ငြိမ်းခင်က မေ့ကို စိန်ကြောင်နီလာကို တီးဖို့ပြောတယ်။ စိန်ကြောင်နီလာ က ချစ်သမျှကိုလောက် စာသားမှာ အဓိပ္ပာယ်ပါတာ မဟုတ်ဘူး။ ချစ်သမျှကို ဆိုလျှင် စာသားကို လူတိုင်းလောက် နားလည်ကြတာ။ သီချင်းကြီးမှာ တီးကွက်ကို ဘယ်လူမှ နားလည်တာမဟုတ်ဘူး။ မေက သူ့ဩဇာကို လွန်ပြီး ချစ်သမျှကိုတီးတော့ သူက သူ့ဩဇာ ဆန့်ကျင်ဘက်လုပ်ရမလားဆိုပြီး မေ့ကို မျက်တာပေါ့။ ဩဇာပေး တတ်တဲ့ လူဟာ ဩဇာမတည်လျှင် ဘယ်ကျေနပ်မလဲ။ မေ သူ

www.burmeseclassic.com

www.burmeseclassic.com



အကြိုက်လိုက်လိုက်လျှင်ကောင်းမှာ”

မေသည် ပြတင်းပေါက်မှ တွယ်၍ ပေါက်နေသော ပန်းပွင့်ကလေးတစ်ပွင့်ကို ခူးလိုက်လေသည်။ မခင်စီမှာ မေပြောသမျှကို နားထောင်နေ၏။

“မေဟာ သီချင်းလည်းမဆို စန္ဒရားလည်းမတီးဘဲ သူ့သမီးနှစ်ယောက်ကို အမြဲချီးမွမ်းပြီး သူ့ဩဇာကို တစ်သွေမတိမ်း နာခံလျှင်တော့ မေ့ကို သိပ်ခင်မင်မှာ၊ သဘောကျမှာပဲ၊ ဒီတော့ မေ့အဖို့မှာ အောက်ကျခံပြီး သူ့အကြိုက်မြှောက်ပင့်နေမလား။ ဒါမှမဟုတ် အိမ်မှာ မနေတော့ဖို့ဘဲ”

သူသည် လယ်ကွင်းကြီးဘက်ကို ငေးမျှော်ကြည့်နေပြန်၏။

“မေ ဘယ်ထွက်သွားရမလဲမသိဘူး”

“မေ ဒီလောက်မမိုက်စမ်းပါနဲ့ကွယ်” ခင်စီသည် ရင်ကလေးကော့လာ၏။

“မိုက်တယ်”

“ဟုတ်တယ်... မိုက်တာပေါ့။ မေ ဒီစကားမျိုး မပြောသင့်ဘူး။ မေ အခုပြောနေတာက မေ့မှာ လောကမိတ်ဆွေတစ်ယောက်မှ မရှိသလိုဘဲ။ မေ့ကို စီခဏခဏ ပြောတယ်မဟုတ်လား။ စီနဲ့ အတူလာနေလှည့်ပါလို့၊ မေလာနေလျှင် စီသိပ်ပျော်မှာ”

မေသည် သူ့ သူငယ်ချင်း မခင်စီကို ချစ်လွန်းသဖြင့် ဖက်ထားလေသည်။

“တကယ်ဆိုတော့ ဘယ်ဖြစ်မလဲ စီရယ်”

“ဘာပြုလို့လဲ”

“စီ တစ်ယောက်တည်း စီတစ်ဦးသဘောတည်းနဲ့ ရတာ



မဟုတ်ဘူး။ စီ့အဖေတွေအမေတွေကရှိသေးတယ်။ သူတို့က မေ့ကို ဘယ်လိုထင်ကြမလဲ။ အိမ်ခြေ၊ ယာခြေ မတည် လေလွင့်နေတဲ့ မိန်းကလေးလို့ထင်ကြမှာပေါ့”

“ဖေဖေတို့မေမေတို့က သဘောကောင်းကြပါတယ်၊ စီ့ကို အင်မတန် အလိုလိုက်ကြတာ၊ စီချစ်လျှင် သူတို့လည်း ချစ်ကြမှာပါ”

မေသည် ပြုံး၏။

“နောက်ပြီး စီ့အစ်ကို ကိုကျော်မြင့်ကဲဆိုလျှင် မေ့ကို ဘယ်လိုထင်မလဲ”

မခင်စီသည် မေ့ကို ရှုတ်ခနဲ တစ်ချက်နမ်းကာ “ယောင်းမကလည်းကွယ်၊ ပူစရာမရှိ ပူနေလိုက်တာ၊ ကိုကိုကလည်း မေ့ကို ချစ်နေတာပါ”ဟု စလိုက်လေသည်။

မခင်စီက မေ့ကို သူ့အစ်ကိုနှင့် စလိုက်သည်မှာ မေတွေးသလောက်ထိ သူက ဆိုလိုရင်းမဟုတ်ပေ။ မေမှာ ဒီတစ်ခါတွင် ရှက်သွားကာ မျက်နှာကလေးပင် နီလာလေသည်။ သူတို့သည် အောက်ထပ်သို့ ဆင်းလာကြ၏။ မေသည် မခင်စီတို့ မောင်နှမနှစ်ယောက်နှင့် စကားစမြည်ပြောပြီးသည့်နောက် “မေ လက်ဖက်ရည်ပျော်လိုက်ဦးမယ်”ဟု အကြောင်းပြကာ ဧည့်သည်နှစ်ဦးကို ဧည့်ခန်းတွင် ထားပစ်ခဲ့၍ အတွင်းဘက်သို့ ဝင်သွားလေသည်။

သူနှင့်မခင်စီတို့ ပြောကြသည့်စကားကို မခင်စီသည် ကိုကျော်မြင့်အား ပြန်ပြောမည်ကို မေအတတ်သိလေသည်။ မေထင်သည့်အတိုင်းပင် မခင်စီသည် မေထသွားလျှင် သူ့အစ်ကိုအား တစ်လုံးမကျန် ပြန်ပြောလေသည်။ ကိုကျော်မြင့်မှာသူ့နှမကဲ့သို့ သနားကြင်နာတတ်သည်။ အမှန်မှာ သူသည် မခင်စီသဘော သကာယနှင့်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားကိုယ်သာဖြစ်လေသည်။ သူသည် မေ့ကိုတွေးကာ သနားလျက်ရှိလေသည်။ သူတို့အိမ်ကို မေလာမည်ကို သူဝမ်းသာမိသည်။ သူသည် ကုလားထိုင်နောက်မှီကိုခေါင်းတင်ကာ ပန်းခြံထဲမှ စပယ်ပန်းရနံ့မွှေးများကို ရှူလျက်ရှိ၏။ ထိုနေရာကလေးမှာ မေရွေးပေးသောနေရာဖြစ်၏။

အတန်ကြာလျှင် မေသည် စိန်ကတ္တီပါလိုအမွှေးနုကြောင်နက်ကလေးကို ရင်တွင်ပိုက်ကာ သူတို့ဆီသို့ ပြန်ရောက်လာလေသည်။

"ဒီ ပုစိကလေးကမှ မေ့ကို တကယ်ချစ်တာ"ဟု ကြောင်ကလေး၏ ဝမ်းဗိုက်နှင့်ပါးအပ်ကာ မေကပြောရာ အားလုံး ဝိုင်းရယ်လျက်ရှိလေသည်။ လက်ဖက်ရည်သောက်ပြီး စကားပြောနေဆဲတွင် ဒေါ်ငြိမ်းခင်၊ ဦးဘောမောင်နှင့် သမီးနှစ်ယောက်တို့ ဧည့်ခန်းသို့ဝင်လာကြ၏။ မေသည် အိမ်သူအိမ်သားအားလုံးကို မခင်စီ၊ ကိုကျော်မြင့်တို့နှင့် မိတ်ဆက်ပေး၏။ ဦးဘောမောင်မှတစ်ပါး အခြားသူများသည် ဧည့်ဝတ်ကျေရုံသာ စကားပြောကြ၏။

"နောက်လည်း လာလည်တာပေါ့၊ ဒီက ဆရာမကလေးမိတ်ဆွေဆိုလည်း ကျုပ်တို့မိတ်ဆွေနဲ့ အတူတူပါပဲ"ဟု ဦးဘောမောင်က လှလှပြောင်းပြောင်းပြော၏။ မခင်စီမှာ နှင်းတို့ဝင်းတို့နှင့် စကားပြောနေ၏။ ဦးဘောမောင်က ကိုကျော်မြင့်ကို သူ့မိဘများအကြောင်း မေးသဖြင့် ပြောပြနေလေသည်။ ဦးဘောမောင်တစ်ယောက်သာ သူတို့နှင့် ပေါ်ရယ်မောမော စကားပြောလေသည်။

"နောက်တဲ့အခါ မြို့ထဲလျှောက်ကြည့်ကြပါဦးလား။ ရွှေမော်ဓောတို့ ဘာတို့သွားနိုင်တာပဲ"ဟု ဦးဘောမောင်က ပဲခူးမြို့လည်စရာနေရာတို့ကို ပြောပြ၏။



"ဟုတ်သားပဲမေ၊ စီတို့ကို လိုက်ပြဦးမှပေါ့"

မေမှာ ဝမ်းသာနေသဖြင့် ရွှေမော်ဓောသို့ ပို့ရမှာကိုပင် မေ့လျက်ရှိလေသည်။

"ဒါဖြင့် အခုသွားကြတာပေါ့၊ မေ အပေါ်တက်ပြီး အဝတ်လဲလိုက်ဦးမယ်"

"စီလည်းလိုက်ခဲ့မယ်၊ ကိုကိုနေရစ်ဦးနော်"ဟု စီက မေ၏လက်မောင်းကိုကိုင်ကာ နှစ်ယောက်သား မေ့အခန်းသို့ သွားကြလေသည်။ မေသည် မခင်စီတို့ လက်ဆောင်ပေးသော ရွှေရောင်ချိတ်ကို ဝတ်၏။ မေအလှပြင်၍ ပြီးခါနီးတွင် မခင်စီအောက်သို့ ဆင်းသွားလေ၏။ မေသည် လွတ်လပ်စွာ ပေါင်ဒါတို့၍နေ၏။ တစ်ကိုယ်လုံးကြိုင်နေအောင် ရေမွှေးဆွတ်၏။ မေသည် သူ့ကိုယ်သူ လှသည်ထက် လှအောင်၊ မွှေးသည်ထက် မွှေးအောင်ပြုပြင်၏။ ပြီးလျှင် အောက်သို့ဆင်းလာ၏။

ရွှေရောင်ချိပ်နှင့် ရင်ဘတ်တွင်ထိုးထားသော ရွှေရောင်ဖဲပန်းပွင့်ကလေးမှာ အလွန်လိုက်လျောနေသဖြင့် မခင်စီသည် ဖေ့လက်ကိုဆုပ်ကာ "မေနဲ့လုံးချည်နဲ့ လွတ် လိုက်တာပဲ" ဟု ပြုံး၍ ချီးမွမ်းလေသည်။

"စီတို့ လက်ဆောင်ပေးတာကို ကျေးဇူးတင်စကား မပြောရသေးဘူး"ဟု မေက ကားပေါ်သို့တက်ရင်းပြော၏။

"မေ အခုလိုလှအောင်ဝတ်တာဟာ ကျေးဇူးတင်စကားပြောတာနဲ့ အတူတူပဲ" ဟု ကိုကျော်မြင့်က စက်နှိုးရင်းပြောလေသည်။ ကားလည်း ရွှေမော်ဓောဘက်သို့ မောင်းထွက်သွားလေသည်။ နောက်မေ၏ရေမွှေးနံ့ ပေါင်ဒါနံ့များသည် အရှေ့တွင် ကားတက်မကိုင်နေ

www.burmeseclassic.com



သော ကိုကျော်မြင့်၏နှာခေါင်းကို ချူကြကုန်၏။ သူတို့သည် ညနေစောင်းအထိ ရွှေမော်ဓောဘုရား စသည်တို့ကို လည်ပတ်ကြည့်ရှု ကြလေသည်။ သူတို့သည် အပြင်တွင် အိမ်ထဲမှာထက် လွတ်လပ်ချမ်းသာစွာစကားပြောနိုင်ကြလေသည်။ ကိုကျော်မြင့်နှင့် မေတို့မှာ အတော်ခင်မင်ရင်းနှီးလာကြ၏။ မခင်စီမှာ သူ့အစ်ကိုနှင့်မေတို့ ခင်မင်သည်ကို ဝမ်းသာလျက်ရှိ၏။ ရွှေမော်ဓောမှ ပြန်လာလျှင်သူတို့သည် ညနေစာစားကြ၏။ ထိုနေ့မှာ လပြည့်နေ့ဖြစ်ရာ ဧည့်သည်များသည် (၉) နာရီလောက်မှ လသာသာ၊ အေးအေးလူလူ ကားမောင်း၍ ပြန်ကြမည်ဖြစ်၏။ ဦးဘေမောင်တို့အိမ်မှာ ညနေအေးလာလျှင်လေပြေလေညှင်း တသင်းသင်းနှင့် နေခင်းထိုင်ခင်း အလွန်သာယာ၏။ နေဝင်လျှင် လထွက်လာလေသည်။

ဦးဘေမောင်နှင့် ကိုကျော်မြင့်တို့မှာ အိမ်ရှေ့ဧည့်ခန်းတွင် စကားပြောလျက်ရှိကြ၍ မခင်စီမှာ မေနှင့်အတူ အလယ်ခန်းဟွင် စကားကောင်းလျက်ရှိကြလေသည်။ လယ်ကွင်းဘက်ဆီမှ ငှက်တော်ဘို့ ပဇင်းတိုးတို့အော်မြည်ကြ၏။ ပန်းခြံထဲမှ ရွှေချိုးဖြူများ ကူနေကြ၏။ စာကလေးများလည်း၊ တကျီကျီ မာဂဓသံကျူးရင့်နေကြ၏။ ထိုအခိုက် အလယ်ခန်းဆီမှ ငှက်တကာတို့၏မာဂဓသံထက် သာယာချိုမြသော ကြိုးကြာမယ်ကလေး၏ တေးသံသည် တလွင်လွင်ပေါ်ထွက်လာလေသည်။ ကိုကျော်မြင့်သည် ခေါင်းထောင်၍ နားစွင့်၏။ သီချင်းသံမှာ မေ၏ အသံဖြစ်လေသည်။ စန္ဒရားသံမှာ အဆိုနှင့်အတူ ငြိမ့်ငြိမ့် ပြောင်းလှလေသည်။

*"ချစ်မေတ္တာသာ*
*နှင်းဆီပွင့်ကလေး ဖြစ်လျှင်*



*ပျိုမေခင်သာ*
*သစ်ရွက်ကလေးဖြစ်လျှင်*
*အစဉ်နွဲ့လို့ တွဲနေမှာပဲရှင်*
*အေးလျှင်အေး ပူလျှင်ပူ*
*ကွင်းပြင်မှာ ပန်းခြံမှာပင်*
*မေတ္တာပန်း ပွင့်လန်းမှာရှင်"*

ကိုကျော်မြင့်သည် သီချင်းဆုံးလျှင် မခင်စီတို့ဆီသို့သွားကာ၊ စန္ဒရားဘေးတွင်ရပ်လျက် "မေက အဆိုကော၊ အတီးကောကို သိပ်ကောင်းတာပဲ"ဟု ချီးမွမ်းလေသည်။

မေသည် ပြုံး၍သာနေလေသည်။ မည်သို့မျှမပြော။ သူသည် အချစ်တေးတွင် စိတ်ကူးယဉ်၍နေသည်။

"ကိုမောင်ကော"ဟု ဒေါ်ငြိမ်းခင်က ဧည့်သည်နှင့် စကားမပြောသောသူ့ယောက်ျားအတွက်မေး၏။

"လကသာသာ . . . . လေက အေးအေးဆိုတော့ ကြိမ်ကုလားထိုင်ကြီးပေါ်မှာ အိပ်ပျော်နေပြီထင်ပါရဲ့"ဟု ကိုကျော်မြင့်က ပြုံး၍ ပြော၏။

နောက် နှင်းနှင့်ဝင်းတို့ပါ ဝင်လာကြ၏။ ဒေါ်ငြိမ်းခင်မှာ သူ့ယောက်ျားရှိရာကို သွားလေသည်။ နှင်းနှင့်ဝင်းတို့မှာ မခင်စီကို ရန်ကုန်သူတွေအကြောင်း မေးနေလေသည်။

"စီတို့ကို မေက ပန်းတွေလက်ဆောင်ပေးလိုက်ရမယ်၊ ခြံထဲမှာ ပန်းတွေသိပ်ပေါတာ"

နှင်းနှင့်ဝင်းတို့ကလည်း မေ့အကြံကို သဘောတူလေသည်။ "ဟုတ်တယ်၊ ဆရာမ လ,က သိပ်သာတာ၊ လင်းလို့ဝင်းလို့၊ ပန်းခြံ

www.burmeseclassic.com



ထဲမှာ ပန်းခူးလို့သိပ်ကောင်းမှာပဲ"

မခင်စီမှာ သူတို့နှင့်စကားကောင်းနေခိုက် မေနှင့် ကိုကျော်မြင့်တို့မှာ ပန်းခြံထဲသို့သွားကြလေသည်။ မခင်စီကလည်း ကိုကို မေနဲ့ အဖော်လိုက်သွားပါလား"ဟု ပြော၍နေရစ်လေသည်။

"ဒေါ်ငြိမ်းခင်ကြီးတော့ မဲ့နေမှာပဲ"

"အို...သူတို့ကို ဂရုစိုက်စရာ မရှိပါဘူး"

ဦးဘေမောင်မှာ ပန်းစိုက်အထူး ဝါသနာပါရာ၊ သူတို့၏ ပန်းခြံမှာ အတော်ကျယ်ဝန်း၍ ပန်းမျိုးအလွန်စုံ၏။ သစ်သီးဝလံပင်များလည်း ဖွံ့ဖြိုးစွာ ပေါက်ကြ၏။ သူတို့သည် ပုဏ္ဏရိပ်တန်းများ အလယ်ကြား၊ လမ်းမှပြတ်သွားကြ၏။ လသည် တစ်ခြံလုံးလင်းနေအောင်တရွှန်းရွှန်းတောက်ပနေ၏။ ပန်းရွက်ပန်းခက်များတွင် ငွေရောင်လက်နေသလောက် မြေအပြင်မှာ အရိပ်များဖြင့် အကွက် အကွက်ဖြစ်နေလေသည်။ ဒေစီပန်း၊ အင်္ဂလိပ်ဂန္ဓမာပန်း၊ ဒေလီရာပန်း၊ ဇော်မွှားပန်းရုံများမှ အပွင့်ချပ်တို့မှာ လေနုအေး၏ ကကြိုးဆွဲတိုင်း ဘယ်ယိမ်းညာနွဲ့ကနေကြ၏။ ပန်းခြံမှာ သူတို့ရှေ့ဝယ် ငွေသွေးအဖူးကို အလှဂုဏ်ကျူးကာ သူတို့ကို "လာလှည့်စမ်းပါ" ဟု မာယာ နွဲ့၍ ဖိတ်ခေါ်ကြ၏။ လေအသွေးတွင် ပန်းအခိုင်ခိုင်တို့သည် ကိုင်းညွှတ်ကာ ခူးဆွတ်ရန် အသင့်စောင့်စားနေကြ၏။ သူတို့သည် ပန်းအလှ၏ ကျော့ကွင်းတွင်မိ၍ နေကြလေသည်။ အကြောင်းမှာ သူတို့သည် ပန်းခြံတွင်းသို့ ရောက်နေကြသောကြောင့် ဖြစ်လေသည်။

"လာ... လာ... ဒီဘက်လာ၊ ဒီရုံက ပန်းတွေပေါတယ်"

မေသည် ရှေ့သို့သွားလေသည်။

ကိုကျော်မြင့်၏ နားထဲတွင်ကား မေဆိုသော "ချစ်မေတ္တာ



သာ နှင်းဆီပွင့်ကလေးဖြစ်လျှင်..."ဟူသော သီချင်းသံသည် ပဲ့တင်နေလေသည်။ မေကလည်း ထိုသီချင်းကိုစိတ်ထဲကရွတ်ဆို၍ နေလေသည်။ ဒီညအဖို့မှာ မေ လှုပ်ရှားလိုက်သော အမူအရာတိုင်းသည် ကျက်သရေရှိရမည်။ မေပြောလိုက်သော အသံတိုင်းသည် ကဗျာဆန်ရမည်။

"ကိုကျော်မြင့်သည် တိတ်ဆိတ်ခြင်းကို ဖြိုဖျက်လေသည်။ မေသည် ပန်းခူးနေရာမှ သူ့ကိုကြင်နာသည့်ဟန်ဖြင့်ကြည့်၏။ သူ့စိတ်ထဲတွင်ကား ညနတ်သမီးမယ်ကလေးကို ပွေ့ချင်၊ ပိုက်ချင်၊ ယုယချင်နေလေသည်။

"မခင်စီတို့ ပြန်ကြလျှင် မေတော့ သိပ်အောက်မေ့ နေရစ်မှာပဲ"

မခင်စီတို့ဟု ဗဟုဝုစ်နှင့်သုံးသဖြင့် မေအောက်မေ့သည့်အထဲမှာ သူလည်းပါသည်ကို သူသိလေသည်။ မေသည် သက်ပြင်းချ၏။

"မေက ပန်းပင်တွေ၊ ငှက်ကလေးတွေနဲ့ တောသာယာခင်းကို အင်မတန် ချစ်တတ်တယ်ထင်ဟုတ်လား" ဟု ကိုကျော်မြင့်က မေးလေသည်။

"မေဟာ တောခလေ့ တောအလှကို အင်မတန်ချစ်တတ်ပါတယ်။ ဒါပေမယ့်ကိုကျော်မြင့်ရယ် ဘယ်လောက် တောဟာနေချင်စရာကောင်းပေမယ့် ချစ်တဲ့ ခင်တဲ့ လူတွေကြားမှာမှ စိတ်ချမ်းသာမှာ ပျော်မှာပေါ့"

မေပြောသည်မှာ ဟုတ်သည်ဟု သူတွေးလေသည်။ မေကလည်း သူ့ကို စဉ်းစားနေလေသည်။ သူ့ချစ်သူ သက်လှယ်ဖြစ်လျှင် မည်သို့ နေလိမ့်မည်နည်း။ သူ့ရင်အုပ်လက်မောင်းသားများသည်

www.burmeseclassic.com

www.burmeseclassic.com



မည်မျှ တင်းမာနေလိမ့်မည်နည်း။ သူ့နှုတ်ခမ်းမှာအချစ်ဇောရမ္မက်ကြောင့် မည်မျှပွန်းနေလိမ့်မည်နည်း။

သို့ရာတွင် မေသည် သူ့ကို လင်ယောကျ်ားအဖြစ် ရောက်အောင် မမှန်းပေ။ တကယ်လည်း မေသည် လင်မလိုချင်သေး။ တပ်မက်ခြင်းစိတ် ပြင်းထန်လာရုံနှင့် လင်ယူကာအိမ်ထောင်သည်အဖြစ် မနေချင်ပေ။သူသည် နှစ်ဆယ်ကျော်သာသာရှိသေးသည်။ အပျိုလုပ်၍ ကောင်းတုန်းအရွယ်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ တော်ကြာ ကိုကျော်မြင့်တို့ ရန်ကုန်ပြန်သွားကြလျှင် မေသည် အောက်မေ့လွမ်းဆွတ်နေမည်မှာ အမှန်ပင်ဖြစ်လေသည်။

"မေ ဘာစဉ်းစားနေတာလဲ"ကိုကျော်မြင့်သည် ညင်သာစွာမေးလေ့သည်။

မေသည် သက်ပြင်းချကာ လယ်ကွင်းဘက်သို့ မျှော်ကြည့်လေသည်။ သူတို့သည် လဲကျနေသော ရောက်ပင်ကိုင်းပေါ်တွင် ထိုင်လျက်ရှိကြ၏။ မေမှာ ခူးပြီးသော ပန်းအခိုင်များကို ရင်ခွင်တွင် ပိုက်ကာ ငေး၍နေ၏။ ဆောင်တော်ကူးပန်းရုံမှ ပန်းရနံ့များ မွှေးကြိုင်လှိုင်၍နေကြ၏။ သူတို့ရှေ့ရှိ မာလကာပင်အကိုင်း အခက်တို့သည် လရောင်အောက်မြေ အပြင်ဝယ်အရိပ်များထိုးကျသော ဝဂ်ပါကွက်၊ ရာဇမတ်ကွက်များသဏ္ဌာန်ဖြစ်ပေါ်နေလေသည်။

"မေ စဉ်းစားနေတာ၊ ဆောင်းတွင်းကျလျှင် ဘယ်ရောက်နေမလဲဆိုတာ"

မေ၏ စိတ်အာရုံတွင် အိပ်မက်မက်နေ၏။ သူ့အိပ်မက်ထဲတွင် သူသည်အစိမ်းရောင်အဝတ်တန်ဆာကို ဆင်ယင်ကာ ရွှေဖြင့်အတိပြီးသော အခန်းဆောင်တစ်ခုတွင် ရောက်နေ၏။သူ့လည်ပင်းတွင်



ပုလဲကုံးစွပ်ထား၏။ သူ့မှာ တစ်ယောက်တည်းဖြစ်၏။ အပြင်မှာ ဆူညံသော အသံတွေကြားရကာ နောက် တိတ်ဆိတ်သွားကြ၏။သူ့အိပ်မက်ကွယ်ပျောက်သွားလျှင် သူသည် နေရာမှထလိုက်လေသည်။

"ကဲ ပြန်ကြရအောင်လေ"

ကိုကျော်မြင့်လည်း ထလိုက်ရလေသည်။

"ခဏနေပါဦးလား မေရယ်"

"မေတို့ ဒီမှာ အတော်ကြာသွားပြီ ကိုကျော်မြင့်ရဲ့"

မေသည် ပန်းခိုင်ကိုပိုက်ကာ ပြန်ရန်ခြေလှမ်းပြင်လေသည်။ ကိုကျော်မြင့်သည် မေ့အနောက်မှ လိုက်ပါလေသည်။ လသည် တိမ်တိုက် တစ်တိုက်ကွယ်နေသဖြင့် မှောင်နေ၏။ အတန်ကြာလျှင် မခင်စီတို့မောင်နှမသည် ဦးဘေမောင်တို့အိမ်သားများနှင့် မေ့ကို နှုတ်ဆက်ကာ ပဲခူးမှထွက်ခွာသွားကြလေသည်။ သွားခါနီး ကားပေါ်မှ "သွားဦးမယ်နော် မေ"ဟု နှုတ်ဆက်သော ကိုကျော်မြင့်၏ အသံမှာ အနည်းငယ် တုန်နေသည်ကို မေကောင်းစွာသတိထားမိလေသည်။ ကိုကျော်မြင့်ဘေးတွင်ထိုင်နေသော မခင်စီမှာ မငိုအောင် မနည်းစိတ်ကိုတင်းထား၍ သူ့အစ်ကိုအသံတုန်သည်၊ မတုန်သည်ကို ဂရုမစိုက်အားပေ။ မေသည် သူတို့ကားကလေး လမ်းချိုးတွင် ကွယ်သွားသည့်တိုင်အောင် ဝင်းတံခါးဝတွင် ငေးကျန်ရစ်ခဲ့လေသည်။

ထိုညဌ်္ဘ မေသည် အပြာရောင်ပန်းပွင့်ကလေး သစ်ရွက်အကြားမှ ဖူးနေသည်ကိုမြင်ရသည်ဟုအိပ်မက်မက်လေသည်။ သစ်ရွက်ကလေးမှာ ပန်းပွင့်အပြာကလေးကို ပွေ့ဖက်၍ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၅)

ပန်းခြံထဲမှာတုန်းက မေသည် ကိုကျော်မြင့်နှင့် ခွဲခွာ၍ အိမ်ထဲသို့ဝင်ရန် အချိန်တွက်သည်မှာအတွက်ကောင်း ဖြစ်လေသည်။ အဘယ့်ကြောင့်ဆိုသော် ကိုကျော်မြင့်သည် ရန်ကုန်ပြန်ရောက်ကတည်းက မေ့ကို စွဲလမ်းလျက်ရှိလေသည်။ ကိုကျော်မြင့်က ချစ်စကားပြောရန် ကြံနေဆဲ မေက သူ့ကို ပြန်တော့မည်ဟုပြော၍ ပန်းခြံမှ အိမ်တွင်းသို့ဝင်သွားသဖြင့် သူ့မှာ ရန်ကုန်ရောက်သည့်တိုင်အောင် မဆုံတင့်ဖြစ်နေလေသည်။ မဆုံတင့်ဖြစ်ခြင်းမှာ မေကို ပို၍ စွဲလမ်းစေ၏။ သူသည် စိတ်တည်ငြိမ်အောင် စာကိုဖတ်လေသည်။ စာလုံးများမှာ မေ၏ မျက်လုံးပြာကလေးများသာ ဖြစ်နေလေသည်။ သူသည် မနေတတ်မထိုင်တတ်အောင်ပင် မေ့ကိုစွဲလျက်ရှိ၏။ သူတို့အိမ်မှာ ကန်တော်ကြီးအားပတ်လမ်းဖြစ်ရာ နေ့ခင်းဆိုလျှင် တိတ်ဆိတ်အေးချမ်းသဖြင့်ပို၍ စိတ်ပျံ့လွင့်၏။ သူသည် စိတ်ပြေလက်ပျောက် မြို့ထဲသို့ ထွက်သွားလေသည်။ မြို့ထဲတွင် ရုပ်ရှင်ကြည့်ရန်ဖြစ်၏။ အပြင်တွင်ကား ဓာတ်ရထားသံ၊ မော်တော် ကားသံ၊ လူသံ သူသံများဖြင့် ဆူညံနေ၏။ ယခုလက်ငင်းမူ သူသည်ဘာမျှ မလုပ်တတ် မကိုင်တတ်၊စာရေးရင်ကောင်း မလားဟုလည်း ကြံမိသည်။ အကယ်၍ စာရေးလျှင်“ကိုကိုမြင့်တော့ မေ့ကိုစွဲနေပြီ”ဟုရေးမည်ဖြစ်၏။ နောက် သူသည် မေ့ထံလက်ဆောင် တစ်ခုခုပို့ရန် ဆုံးဖြတ်၏။ လက်ဆောင်ပေးခြင်းမှာစာလုံးပေါင်း ရာထောင်ထက်မက အရာရောက်သည်ဟု သူထင်၏။ မေ့ထံသို့လက်ဆောင်များပို့လိုက်လျှင် မေသည် အထုပ်ကြိုးများကို ဖြေကာ အတွင်းရှိအရာကို မျက်လုံးပြာကလေးဖြင့် ကြည့်လိမ့်မည်။ မေသည် လက်ဆောင်ကို ရင်ခွင်တွင်ပိုက်ကာပြုံးနေ



လိမ့်မည်။ သို့ရာတွင် ဘယ်လိုလက်ဆောင်မျိုးကို ပေးရမည်နည်း။ သူသည်တွေး၏။

ဖဲပွင့်အခိုင်နှင့်ပန်း ကြာကြာခံမည်မဟုတ်။ ထို့ထက်မှာ မေသည် ပန်းတွေပေါသောအရပ်တွင်နေသူဖြစ်၏။ မေ ကိုယ်တိုင်မှာ ပန်းပွင့်ကလေးဖြစ်၍ သူတွေ့သမျှ ပန်းထဲတွင် အမွှေးဆုံး၊ အလှဆုံးဖြစ်လေသည်။ ချောကလက်ဆိုလျှင်ကော သူ့အသိဉာဏ်ထဲတွင် ရုတ်ခြည်းပေါ်လာ၏။ ချောကလက်မှာ ပျံ့တံတံမိန်းကလေးများကိုသာ ဆိုလို၍ မေလို တော်ဝင်သူနှင့် လားလားမျှမတော်ပေ။ ချောကလက်ပို့လိုက်လျှင် မေကလည်း စိတ်ဆိုးချင်ဆိုးလိမ့်မည်။ အဝတ်အစားဆိုလျှင်ကော ကောင်းသည်။ အဝတ်အစားကို သူသဘောကျသည်။ သို့ရာတွင် သူသည် မဝယ်တတ်၊ အတိုင်းအတွာကိုလည်း နားမလည်။ မခင်စီကို ဝယ်ခိုင်းရမှာကလည်း မခင်စီကို ဤကိစ္စတွင်လုံးလုံးအသိမပေးချင်။ အချစ်ကဗျာလက်ာစာအုပ်တစ်အုပ်ပေးရန် နောက်ဆုံးအကြံရ၏။ သို့ရာတွင် စာအုပ်မှာလည်း ချက်ချင်းလက်ငင်း ထိထိရောက်ရောက် အကျိုးဖြစ်မည်မဟုတ်ပေ။

သူသည် လမ်းလျှောက်ကာ လက်ဆောင်အကြောင်းကို စဉ်းစားရင်း ကံအားလျော်စွာ ပန်းဆိုးတန်းရှိ ပီအောတိုက်ရှေ့သို့ ရောက်သွားလေသည်။ သူသည် မှန်တံခါးအတွင်းသို့ ကြည့်မိလေသည်။ မှန်အဆင့်များပေါ်၌ကား လက်ပတ်နာရီကြိုး၊ ကြယ်သီး၊ လည်ဆွဲ၊ ပုလဲကုံး၊ ငွေစီးကရက်ဗူးစသော အသုံးအဆောင်များကို ဘန်းပြထား၏။ စိန်ရောင်၊ မြရောင်၊ နီလာရောင်များ ပြိုးပြက်၍နေ၏။ သူသည် ရပ်ကာ အတွင်းရှိပစ္စည်းအသုံးအဆောင်များကို ကြည့်နေဆဲ မျက်စိသည် အလှပြထားသော အရာကလေးတစ်ခုပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားလေသည်။

ထိုအရာမှာ ရွှေကြိုး ရွှေချိပ်ဖြင့် မွန်းမံထားသော နီလာရင်ထိုးကလေးဖြစ်လေသည်။ သူသည် ထိုနီလာရင်ထိုးကို တွေ့လျှင်တွေ့ချင်း သူလိုချင်သောအရာဟု ချက်ချင်းသိလေသည်။

သူသည်ဆိုင်တွင်းသို့အပြေးကလေးဝင်သွား၏။ တံခါးစောင့်ကုလားပင် သူ့တတောင်ကိုတိုက်သွားသဖြင့် ငေးကျန်ရစ်၏။ သပ်သပ်ရပ်ရပ်ဝတ်စားထားသော ယောက်ျားပျိုတစ်ဦးသည် သူ့အနားသို့ကပ်ကာ "ဘာအလိုရှိပါလဲခင်ဗျာ"ဟုယဉ်ကျေးစွာ ခေါင်းကို အနည်းငယ်ညွတ်၍ မေးလေသည်။

"ကျွန်တော် ဟိုမှန်သေတ္တာထဲက ရင်ထိုးကလေး နီလာနဲ့လုပ်ထားတဲ့ ရင်ထိုးကလေးလိုချင်တယ်။တဆိတ်ပြစမ်းပါ"ဟု ဝမ်းသာနေသော ကိုကျော်မြင့်ကပြောလေသည်။

"ဟုတ်ကဲ့"

ယောက်ျားပျိုသည် မှန်သေတ္တာကို သွား၍ဖွင့်ကာ အတွင်းမှဈေးဝယ်သူညွှန်ပြသောရင်ထိုးကို သူ့ဆီသို့ ယူလာလေသည်။ ရင်ထိုးကလေးကို ဖဲကြိုးဖြင့်ချီထားရာမှ ဖြုတ်ကာ၊ ကတ္တီပါအနက်ပေါ်တွင်တင်ပြလေသည်။ ကိုကျော်မြင့်သည် နီလာရင်ထိုးကလေးကို ကိုင်ကြည့်လေသည်။ သူ့မျက်စိထဲတွင် အပြာရောင်ရွှန်းနေသည့် နီလာလုံးကလေးများကိုမမြင်။ မေ၏ တဖိတ်ဖိတ်တောက်ပနေသော မျက်လုံးပြာများကိုသာမြင်လေသည်။

သူသည် သက်ပြင်းချ၏။ စားပွဲနောက်မှ ရပ်နေသောသူ သည် အဟွန်းဟု ချောင်းဆိုး၏။

"အထည်က အင်မတန် ဗိုလ်ဆန်ပါတယ်။ ယဉ်လည်းယဉ်ပါ



တယ်။ ရွှေပေါ်မှာ နီလာကိုသွင်းစီးတာ သိပ်သပ်ရပ်ပါတယ်"

ကိုကျော်မြင့်သည် ဈေးသည်က သူ့ပစ္စည်းကို ဂုဏ်တင်နေသည့် စကားများကို ခေါင်းညိတ်၍နေ၏။

"အမျိုးအစားလက်ရာကိုလည်း ကြည့်သေးတာပေါ့၊ နီလာရှည်ကလည်း အသွေးဟာ ဖြာထွက်ပြီး ရွှေအနားတွန့်ကလေးတွေနဲ့အလွန် ပန့်ရပါတယ်။လက်ဆောင်ပေးဖို့တော့ သိပ်ကောင်းပေါ့ဗျာ" ယောက်ျားပျိုသည် ဒုတိယမွှ သူ့ပစ္စည်းကို သိဒ္ဓိတင်ပြန်လေသည်။

ဈေးဝယ်သူသည် ငေးနေ၏။

"သေသေချာချာ အနားကပ်ကြည့်ပါ၊ မိတ်ဆွေ သိပ်ကြိုက်လိမ့်မယ်"ဟု ပြောကာ မှန်ဘီလူးဝိုင်းကလေးကို ယူလာလေသည်။

သူသည် ခေါင်းခါ၍ "နေပါစေ ဒီလောက်လည်း မြင်ရပါတယ်။ရင်ထိုးကလေးက အတော်တော့ယဉ်တာပဲ။ အဖိုး ဘယ်လောက်ဆိုတာသာပြောပါ"

"ငါးဆယ့်သုံးကျပ် ခင်ဗျာ"

သူသည် နှုတ်ခမ်းကိုကိုက်၍နေ၏။ အဖိုးတန်ပစ္စည်းကလေးဖြစ်၏။မေ့ဖို့ လက်ဆောင်ပေးဖို့ကား အလွန်သင့်လျော်၏။ သူသည် ဘာပဲဖြစ်ဖြစ်ဝယ်မည်ဟုသိန္နိဋ္ဌာန်ချလိုက်၏။ မသာကာ ဒီလ ချွေချွေတာတာ သုံးလိုက်လျှင်ဟန်ကျမည်။

ကိုကျော်မြင့်သည် မဆစ်တော့ဘဲ ကျသမျှငွေကို ထုတ်ပေးလိုက်လေသည်။

"ကျေးဇူးတင်ပါတယ်ခင်ဗျာ" ဈေးရောင်းသူသည် ခေါင်းကိုညွတ်ကာ ငွေကိုလှမ်းယူလေသည်။

"ကျွန်တော် ယူမသွားပါဘူး၊ ဟောဒီလိပ်စာအတိုင်းသာ

www.burmeseclassic.com

www.burmeseclassic.com



ပို့ပေးပါ”

သူသည် မေ့လိပ်စာကို စက္ကူပေါ်တွင် ရေးပေးလေသည်။

ဈေးရောင်းသူသည် နီလာရင်ထိုးလေးကို ဖဲကြိုးဖြင့် ရစ်ပတ်နေဆဲ “မိတ်ဆွေရဲ့နာမည်ကော ခင်ဗျာ၊ တွဲပြီးရေးပို့ရအောင်”

ကိုကျော်မြင့်သည် ရှက်ပြုံးကာ “ကိစ္စမရှိပါဘူး၊ မလိုပါဘူး။ ဟိုကပို့မှန်းသိပါတယ်” ဟု ပြောလိုက်လေသည်။

သူသည် ပြုံး၍လှမ်းပေးသော ဆော်ကျားပျို့ထံမှ သောက်ချာကိုယူကာ ဆိုင်ထဲမှထွက်လာလေသည်။သူသည် တစ်နေ့လုံး ပျော်နေ၏။ တစ်လမ်းလုံးလည်း တွေ့သမျှ မိတ်ဆွေတွေကို ပြုံး၍သာ နှုတ်ဆက်၏။ ညနေစောင်း သူအိမ်ပြန်ရောက်သောအခါ သူသည် “ချစ်မေတ္တာသာနှင်းဆီပွင့်ကလေးဖြစ်လျှင်”ဟူသော သီချင်းကို တိုးတိုးသီဆိုရင်း လှေခါးထစ်ကိုနင်းတက်လျက်ရှိလေသည်။

❑❑❑

မေ့မှာ သူတို့ပြန်သွားကတည်းက နာကျင်သောစိတ်ဝေဒနာ ခံစားရလေသည်။ မခင်စီတို့ ကိုကျော်မြင့်တို့အကြောင်းကို စဉ်းစားမှသာ စိတ်ပျော်မိလေသည်။ ဒေါ်ငြိမ်းခင်က သူ့ကို ဘယ်လောက်အထိ မသက်သာဖြစ်နေပြီကို သူအသေအချာမသိ။ သို့ရာတွင် ဒေါ်ငြိမ်းခင် အပြုအမူကိုထောက်၍ကား အတော်တော့သူ့ကို မသက်သာ ဖြစ်နေပြီဆိုတာ မလွဲအောင် သေချာလေသည်။ ခါတိုင်းလို ဒေါ်ငြိမ်းခင်နှင့် ရယ်စရာ မောစရာ ပြောသည့်အခါ မရှိ။ ခါတိုင်းလို စာသင်ချိန်တိုင်း အနားလာရပ်၍ နားမထောင် တော့။ မေ့အဖို့မှာ ဒီအိမ်မှ ထွက်သွားမည့် အကြံအစည်ကို သူ စဉ်းစား၍နေလေသည်။ သူ့အကြံမှာ ဦးဘောမောင်ထံမှ တစ်ခုခုရရန်ပင်ဖြစ်လေသည်။



ဗုဒ္ဓဟူးနေ့တွင် သူ့ထံသို့ ရေစွရိုပါဆယ်ထုပ်ရောက်လာ၏။ မေသည် ကိုကျော်မြင့်ဆီကပဲဟု အတတ်တွေး၏။ ပထမ သူ့ဆီ ကိုကျော်မြင့် စာရေးသည်ကိုအံ့ဩ၏။ သို့ရာတွင် သူသည် ဒီလောက် ရဲတင်းမည်မဟုတ်။ သို့ဖြစ်၍ လက်ဆောင်ဖြစ်ရမည်ဟုတွေး၏။ ယခု လက်ဆောင်ရလာပြီ။

မေသည် ရစ်ပတ်ထားသောကြိုးကိုဖြေ၏။ အိမ်သူ အိမ်သားအားလုံးကား အထုပ်ပေါ်တွင်သာ မျက်စိရောက်နေကြ၏။ စက္ကူများပြေသွားလျှင်ကတ္တီပါ သေတ္တာကလေးပေါ်လာ၏။ ဘာများထွက်လာမည်နည်း။ အိုလှလိုက်တာ ပန်းရောင်ဖဲပြားပေါ်တွင် အရောင်တလက်လက် ထွက်နေသော ရွှေချိပ်နှင့်နီလာရင်ထိုးလေး။

သူ့မျက်လုံးတွင် မျက်ရည်ဖြင့် ပြည့်လာကာ ချက်ချင်း ကိုကျော်မြင့်အပေါ်ကို ချစ်ခင်မြတ်နိုးသောစိတ် ပေါ်လာ၏။

“သိပ်လှတဲ့ပစ္စည်း ကလေးပါလားမေ” ဟု ဒေါ်ငြိမ်းခင် ပါးစပ်မှထွက်လာ၏။

“မေမေ့ဆီက” ဟူ၍သာ မေ ပြောနိုင်၏။

“မေမေ”

“ဟုတ်တယ်၊ မေမေ မသေခင်ကပေးထားခဲ့တာ” မေသည် လက်ကိုင်ပဝါနှင့် မျက်ရည်စများကိုသုတ်၏။

မေသည် ရင်ထိုးကိုကိုင်ကြည့်နေဆဲ တိတ်ဆိတ်၏။ နှင်းနှင့်ခင်းတို့မှာ စိတ်ထဲက ငြူစူနေကြ၏။ ဦးဘောမောင်မှာ ထုတိပသ်သဖြစ်နေသည့်အသွင်ဖြစ်ရှိနေ၏။ သို့ရာတွင် ဒေါ်ငြိမ်းခင်မှာ မေပြောသည်ကို ယုံကြည်။

“မေ့ အမေရဲ့ ရင်ထိုးက ဘယ့်နှယ်လုပ်ပြီး ပီအောတိုက်

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေပါလိမ့်"ပါဆယ်ထုပ်တွင် ပီအောတံဆိပ်ပါလေသည်။

"ပီအောမှာ ကျောက်တစ်လုံးပြုတ်နေလို့ ပြင်ဖို့ပေးထားတာ" ဟု မေက ဒေါသသံဖြင့်ပြောလေသည်။

"ပီအောမှာဆို သိပ်ဈေးကြီးမှာပေါ့မေ၊ ပဲခူးက ပန်းထိမ်တွေဆီမှာ ပြင်နိုင်တာပဲ၊ သူတို့လည်းတော်ကြသားပဲ"

မေသည် ပြုံးကာ "မေမေပေးခဲ့တဲ့ရင်ထိုးဆိုတော့ တရိုတသေထားရတာပေါ့ဒေါ်ဒေါ်။ ဈေးကြီးပေမယ့် ဘယ်တတ်နိုင်ပါ့မလဲ" ဟုပြောလေသည်။ မေသည် ကတ္တီပါသေတ္တာကိုယူကာ အပေါ်သို့တက်သွားလေသည်။

သူ့အခန်းသို့ ရောက်လျှင် မှန်ရှေ့တွင်ရပ်ကာ နီလာရောင်ရင်ထိုးကို ရင်ဘတ်တွင်ထိုးကြည့်၏။ သူနှင့်လိုက်သည်ဟု သူထင်၏။ ရင်ထိုးမှာ သူ့အဖို့အတော်အဖိုးတန်သည်။ အနည်းဆုံး ငွေအသုံးလိုလျှင် အသုံးချ၍ ဟန်ကျမည်။

နောက်တစ်နေ့တွင် သူ့တို့အိမ်သို့ ဒေါ်အေးရှင်တို့ လူသိုက်ဒွမ်းကြီးလောင်းပွဲတစ်ခုအတွက် အလှူလာခံကြ၏။ မေ့ကို မနာလိုကြသောမိန်းမတွေအကုန်ပါ၏။ မေမှာ သူတို့ဆီသို့လာကာ ချိုချိစကားပြောလေသည်။မေမှာ သူတို့နှင့် နောက်ဆုံးတွေ့ခြင်းဟု အောက်မေ့၏။ ရင်ဘတ်မှ နီလာရင်ထိုးလေးကို မည်သူမျှမရှိုးမှမ်းကြ။ ဝတ်လုံကတော် ဒေါ်သန်းရင်ကသာ "မေ့ရင်ထိုးကလေးက သိပ်လှတာပဲ"ဟု ပြောလေသည်။သူတို့တစ်တွေမှာ အပေါ်ရုံမည်မျှ ချိုသော်လည်း အတွင်း၌ကား မေ့ကို ပျံလွှားမဟု ကဲ့ရဲ့၍နေကြ၏။

□□□



တိုင်ကပ်နာရီကြီးမှ ဒင်ဒင်ဟု ကိုးချက်ထိုးလေသည်။

မေမှာ ညနေစားပွဲပြီးသွားသဖြင့် ကျေးဇူးတင်လျက်ရှိ၏။ ထမင်းသိပ်မဝင်သဖြင့် ဟန်လုပ်၍သာ စားနေရ၏။ ဒေါ်ငြိမ်းခင်တို့အိမ်သူအိမ်သားများနှင့် နောက်ဆုံးစားရခြင်းဟု သူ့စိတ်က အောက်မေ့၏။

မေသည် သူ့အကြံအတိုင်း လုပ်တော့မည်။

ဦးဘေမောင်သည် စာကြည့်ခန်းထဲ၌ ရွှေမှော်ဘောဂရားမှ စာရင်းအင်းများကို ကြည့်ရှု၍နေ၏။ ဒေါ်ငြိမ်းခင်သည် အပေါ်ထပ်၌ အနင်းခံ၍ နေလေသည်။ အနိုပ်သည်မှာ စကားပေါသူဖြစ်ရာအနည်းဆုံး တစ်နာရီခွဲလောက်ကြာဦးမည်။ သူ့သမီးနှစ်ယောက်မှာ စာဖတ်လျက်ရှိကြ၏။ တစ်အိမ်လုံးမှာ တိတ်ဆိတ်၍နေလေသည်။

မေသည် အစေခံများနေသော နောက်ဖေးဆောင်ကလေးသို့ သွားလေသည်။ နောက်ဖေးဆောင်မှာ ပန်းအိုးကွဲကုလားထိုင်ဟောင်းထင်းစသော အိမ်မှာရှုပ်ပွေစေသော အဟောင်းအမြင်းပစ္စည်းများထားရာဖြစ်၍ အစေခံများလည်း ဒီမှာအိပ်ကြသည်။ သူတို့သည် အိပ်တော့မည်ဖြစ်၍ တံခါးပိတ်ထားရာ မေ တံခါးခေါက်လိုက်မှ ဘယ်သူလဲ'ဆို၍ တံခါးဖွင့်ကြည့်လေသည်။ အတွင်းမှ အေးတင်အမည်ရှိသော ခိုင်းသည့် အသက် ၂၀ ခန့် အစေခံမလေးထွက်လာကာ တစ်ခါမျှမလာဖူးသော ဆရာမကလေးကို အံ့သြစွာကြည့်လေသည်။ မေနှင့် အေးတင်မှာခင်မင်သည်။ မေမှာ လိုလိုမယ်မယ်ဆို၍ အေးတင်နှင့်ခင်အောင် အသိဖွဲ့ထား၏။

"ဘာကိစ္စရှိလို့လဲ မမ"

"အေးတင်နှင်အခု ဘာမှ လုပ်မနေဘူးမဟုတ်လား" ဟု

www.burmeseclassic.com

www.burmeseclassic.com



မေသည် ပြုံး၍မေး၏။

"ဘာမှမလုပ်ပါဘူး၊ အားပါတယ်မမ၊ ဘာခိုင်းချင်လို့လဲ ခိုင်းပါ"

"လာ လာ ငါစကားပြောစရာရှိတယ်"

မေသည် အေးတင်ကို အိမ်နှင့်လှမ်းလှမ်း မာလကာသီးပင်အောက်မှောင်ရိပ်သို့ခေါ်သွား၏။ ရောက်သောအခါ "အေးတင်နင်ငွေသုံးဆယ်မလိုချင်ဘူးလား"ဟု မေက မေးလေသည်။အေးတင်ခေါင်းညိတ်၏။ သုံးဆယ်ဆိုသောငွေမှာမနည်း။

"သက်သက်သာသာနဲ့ရမှာ"

မေသည်သူ့အကြံကို အေးတင်အားပြောပြလေသည်။ ဘုရားလူကြီး ဦးဘေမောင်မှာ တဏှာရူးကြီးဖြစ်၏။ မေ့ကို သူကြံစည်လျှက်ရှိ၏။ မေ့ကို အလစ်စောင့်နေ၏။ အကယ်၍ ဒေါ်ငြိမ်းခင် သိသွားလျှင်လည်း အားလုံးမကောင်း။ သို့ဖြစ်၍ မေ့ရည်ရွယ်ချက်မှာ ဦးဘေမောင် နောက်မလုပ်ရဲအောင် ဒဏ်ပေးဖို့ဖြစ်၏။

အေးတင်မှာ ပထမတော့ကြောက်၍နေသည်။ မေက သဘောပေါက်လာအောင် ပြောပြ၏။ "ဒီလိုဆိုလျှင် ဘယ်ကောင်းမလဲ မမရယ်၊ ဘုရားလူကြီး သမာဓိမြို့ဝန်ဆိုပြီးတော့ ဒီလိုညစ်ညစ်ပတ်ပတ်လုပ်တာ။ ပါးစပ်က ဘုရား ဘုရား လက်က ကားယား ကားယား ဆိုတာ ဒါမျိုးပေါ့" အေးတင်သည် ဆရာမကလေးအတွက် မခံချင်ဖြစ်နေလေသည်။

"တိုး တိုး အေ့ တိုးတိုးပြောပါ၊ နောက်ပြီး နင်တို့တောင်စိတ်ချရမှာမဟုတ်ဘူး။ ဒီတော့ မှတ်လောက်သားလောက်မှ ဟန်ကျမယ်"



အေးတင်သည် မေပြောသမျှ အကုန်ယုံလေသည်။ ဦးဘေမောင်ကိုလည်း မုန်းလာကာ၊ သနားစရာကောင်းသော ဆရာမလေးကို မိန်းမအချင်းချင်းဖြစ်၍ ကူညီမည်ဟု ဆုံးဖြတ်လေသည်။

"အဲဒါ ကျွန်မ ဘယ်လိုလုပ်စေချင်သလဲ"

"ညည်း သတ္တိကောင်းတယ်မဟုတ်လား"

"ဦးဘေမောင်လို အပိန်လေးတော့ တစ်ချက်မွှေ့ရှိတယ်"

အေးတင်သည်လက်မောင်းကိုပင့်ကာ ထဘီကိုလည်း တိုတိုဝတ်လေသည်။ သူ့အထင်က ဦးဘေမောင်ကို ဖက်သတ်ရမည်ဟု အောက်မေ့သည်။ မေမှာ အေးတင်အမူအရာကို သဘောကျနေ၏။

"နင့်ကို ငါယုံလည်းယုံ၊ အားလည်းကိုးပါတယ်။ လုပ်ရမှာက ဒီလို့အေ ဒီလို"

မေသည် အေးတင်ကို သူ့အကြံပြောပြလေသည်။ ဒီကိစ္စမှာ ဒေါ်ငြိမ်းခင်သိ၍ဖြစ်သော ကိစ္စမဟုတ်။ အေးတင်မှာ သက်သေအဖြစ်ပါဝင်ရန်ဖြစ်၏။ မေသည် ဦးဘေမောင်စာကြည့်နေသော အခန်းထဲသို့ ကိစ္စတစ်ခုခုကို ရှမယ်ရှာ၍သွားရမည်ဖြစ်၏။ ဦးဘေမောင်မှာ အချက်ကောင်းရ၍ မေ့ကို အချစ်ခားပြတိုက်လိမ့်မည်။ ထိုအခါ အေးတင်မှာ ပြတင်းပေါက်ခန်းဆီးအကြားမှ ပုန်းကွယ်နေရမည်။ ပြတင်းပေါက်နားကို အပြင်ကကျွေ့၍လာနိုင်သည်။ မေသိအောင် ပြတင်းပေါက်နားကိုရောက်ပြီဆိုလျှင် ခန်းဆီးကိုလှုပ်ပြရမည်။ အေးတင်မှာသူတို့ အရိပ်အခြေကိုကြည့်နေ၍ အချက်ကျလျှင် ပြတင်းပေါက်တံခါးဝမှ ပေါ်လာရမည်ဖြစ်၏။ နောက်ခန်းများမှာ မေ့အတွက်ဖြစ်၏။ အေးတင်မှာ ဤအချက်ကိုရောက်လျှင် သူ့တာဝန်ကုန်ပြီဖြစ်လေသည်။

အေးတင်သည် မေ၏အကြံအစည်ကို သဘောကျလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မေက ပေးမည်ဖြစ်သော ငွေသုံးဆယ်ကိုလည်း သွားရည်ယိုလျက် ရှိလေသည်။

"ဘာသံမှမကြားစေနဲ့နော် အေးတင်၊ အသာကလေး ပြတင်းတံခါးနားလာကပ် သိလား၊ အချိန်မကျခင် ဦးဘမောင်သိသွားလျှင် အားလုံး ပွကျကုန်မှာ"ဟု မေက မှာကြား၏။

"ဟုတ်ကဲ့ နားလည်ပါတယ်"

"အေး အေး ငါ့အရင် နင်ကရောက်နေပစေ။ ငါ အခုပဲ လာခဲ့မယ်"

အေးတင်သည် မေအိမ်ပေါ်တက်သွားလျှင် ဖိနပ်ချွတ်ကာ ဦးဘမောင် စာကြည့်ခန်းပြတင်းပေါက်ခန်းဆီး အကွယ်သို့သွားကာ ပုန်းနေ၏။ မေပြောသည့်အတိုင်းပင် ဦးဘမောင်သည် သူ့အခန်းထဲ၌စာဖတ်လျက်ရှိ၏။ အေးတင်သည် နားရွက်မခတ်ဘဲ အသာစောင့်လေသည်။ ပြတင်းပေါက်မှာသံတိုင်စိုက်၍ မထားဘဲရှိလေရာ အတွင်းသို့ ဝင်ရန်လည်းလွယ်ကူ၏။

မေသည် နောက်ဖေးဆောင်မှအိမ်တွင်းသို့ဝင်ပြီးလျှင် ခြေဖျားထောက်ကာ အပေါ်ထပ်သူ့အခန်းသို့ တက်သွားလေသည်။ သူသည် မှန်ရှေ့တွင်ရပ်ကာ သူ့ကိုယ်သူကြည့်၏။သူ့အဖို့ မက်လုံးပြဖို့ အရေးကြီး၏။ ဦးဘမောင်ကို သူ့ရူပါရုံဖြင့် ဆွဲငင်နိုင်မှ သူ့အကြံအစည်အောင်မြင်မည်ဖြစ်၏။ ထို့ကြောင့် မေသည် မျက်နှာတွင် ပေါင်ဒါတို့ ပိုးတွန့်လုံချည်တစ်ထပ်တည်းဝတ်၏။ ဆိုးဆေးဖြင့် နှုတ်ခမ်းကိုဆိုး၏။ သူ့ကိုယ်သူယောက်ျား တို့မက်လောက်အောင် ပြုပြင်ပြီးမှ အောက်ထပ်သို့ဆင်းသွားလေသည်။

မေသည် စာကြည့်ခန်းတံခါးကိုတွန်းသဖြင့် ကျွီခနဲ အသံမြည်



သွား၏။ ဦးဘမောင်သည် စာကြည့်ရာမှ မေတံခါးဝတွင် ရပ်နေသည်ကို မြင်သဖြင့်၊ ကုလားထိုင်မှကြွလိုက်၏။

"ဝင်ခဲ့လေ ဆရာမ"

ဦးဘမောင်သည် မေရှိရာသို့လာလေသည်။

"အလုပ်များ များနေသလား။ မေ့ကို စိတ်မဆိုးပါနဲ့နော်" မေသည်မျက်နှာကို ချိုနိုင်သမျှချိုအောင် ထားကာပြောလေသည်။ မေ၏မျက်လုံးပြာကလေးများသည် တောက်ပ၍နေကြ၏။

"ကိစ္စမရှိပါဘူး၊ ကိစ္စမရှိပါဘူး"

"မေမအိပ်ခင်ဖတ်ဖို့ စာအုပ်တစ်အုပ်လောက် ငှားချင်လို့"

ဦးဘမောင်သည် တံခါးကို အသာပိတ်လိုက်၏။ မေမှာ တံခါးပိတ်လိုက်သည်ကို သိသော်လည်း အလျှင်းမသိသလို စာအုပ်ဗီရိုကိုသာကြည့်နေ၏။

"ရတာပေါ့ဗျာရတာပေါ့" စာအုပ်ဗီရိုထဲမှာ စာအုပ်တွေအပုံပါပဲ။ မေကြိုက်ရာရွေးယူတာပေါ့"

ဦးဘမောင်သည် စာအုပ်ဗီရိုရှိရာသို့သွားလေသည်။ မေလည်း သူ့အနောက်မှ လိုက်လာ၏။

"မေ ဘာစာအုပ်ဖတ်မလဲ" ပါးစပ်ကသာ မေ့ကို မေးနေသော်လည်း သူ၏မျက်စိမှာ မေ၏ရင်ဘတ်ကိုသာ ရောက်နေလေသည်။

"ဇိနတ္ထပကာသနီကို ဖတ်ချင်တာပဲ"

ပြတင်းပေါက်မှ ခန်းဆီးလှုပ်နေသည်ကို မေမြင်ရလေသည်။ ခန်းဆီးအထည်ကား ဖောင်းလိုက်၊ ပိန်လိုက်ဖြစ်နေလေ၏။

"ဒီနေ့ည လေအားကြီးတိုက်တယ်မေရဲ့ နည်းနည်းတော့

www.burmeseclassic.com



အေးတာပေါ့။ ပြတင်းပေါက်ပိတ်လိုက်မှပဲ”

“နေနေပါစေ၊ မေ မအေးပါဘူး”မေသည်ပြတင်း ပေါက်နား ဦးဘေမောင်သွားမှာ စိုးရိမ်၏။

“ထိုင်ပါဦးလား၊ ကျုပ် စာအုပ်ရှာလိုက်ဦးမယ်”

မေသည် ဦးဘေမောင်ညွှန်ပြသောကုလားထိုင်တွင် ဝင်ထိုင်လေသည်။ မေထိုင်နေသောနေရာမှာ စာအုပ်ဗီရိုနှင့်ဘေးတိုက်ကျ၏။ မေနှင့် ဦးဘေမောင်မှာလည်းတစ်ကိုက်ခွဲလောက်သာ ကွာလှမ်း၏။ သူသည် စာအုပ်ရှာရင်း မေ့ဆီသို့သာ မျက်လုံးကစားနေလေသည်။ သူသည် သက်ပြင်း ခဏ ခဏချ၏။

မေ၏ ရင်သည်တဒိတ်ဒိတ်ခုန်၏။သူတို့အကြံမှ အထမြောက်ပါ့မလား။ သို့ရာတွင် အောင်ရမည်။ သူသည် စိတ်တင်း၍ထား၏။ အားလုံး အေးတင်အပေါ်အမှီပြုနေသည်။ အချက်ကောင်း အကွက်ကောင်းမှ အေးတင် ပေါ်လာရမည်ဖြစ်၏။ ဦးဘေမောင်ကို မိပြီးလျှင် အေးတင် ထွက်သွားရမည်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် မေ၏ ရည်ရွယ်ချက်မှာ ဦးဘေမောင်ထံမှ ငွေညှစ်ရမည်ဖြစ်လေသည်။ သူသည် ငေးနေ၏။

“ရော့ … မေ”

မေသည် သူ့ကို မော့ကြည့်ကာ စာအုပ်ကိုလှမ်းယူလေသည်။

“ဒုက္ခပေးတယ်လို့လည်း မအောက်မေ့ပါနဲ့နော်၊ အားလည်း အားနာပါတယ်”

ဦးဘေမောင်သည် မေထိုင်နေသော ကုလားထိုင် လက်တန်းကို လက်ထောက်လိုက်၏။

“အားနာစရာ မရှိပါဘူးမေ၊ စာအုပ်ကို သေသေချာချာ



လှန်လှောကြည့်ပါဦး။ ဝယ်ထားတာက ကြာတော့၊ တချို့ စာရွက်တွေက ပြုတ်နေကြတယ်” သူသည် ပြောပြောဆိုဆို မေ့ဘေးသို့ ထိုင်လိုက်လေသည်။ နောက် သူသည် လက်တစ်ဖက်နှင့်စာရွက်များကို လှန်ပေးလေသည်။ လက်တစ်ဖက်ကား မေ၏ကျောအထက် ကုလားထိုင် လက်တန်းပေါ်တင်ထား၏။ မေသည် မမြင်ချင်ယောင်ဆောင်၍ စာရွက်များကိုသာ လှန်လေသည်။

“ဒီစာအုပ်ဟာ အင်မတန်ကောင်းတဲ့စာအုပ် မေ၊ စာသားဟာ သိပ်လှတယ်။ မြန်မာစာရေးကောင်းချင်လျှင် ဒါကိုဖတ်ပဲ”

ဦးဘေမောင်၏မျက်နှာနှင့် မေ၏မျက်နှာမှာ တစ်ပေကျော်ကျော်လောက်သာ ဝေး၏။ မေ၏ကိုယ်မှ ပေါင်ဒါအနံ့များသည် မွှေးကြိုင်နေကြ၏။ သူ၏မျက်လုံးများသည် မေ၏ တင်၊ ရင်၊ ပါးတို့ကိုသာ ရောက်နေကြ၏။ သူ၏မျက်နှာသည် ပြောင်း၍လာ၏။ သူသည် သက်ပြင်းချလိုက်၏။ သူသည် မောလာ၏။

သူသည် မေ၏ပခုံးနှစ်ဖက်ကို သူ၏လက်များဖြင့် ဖက်ကာ မေ့မျက်နှာပေါ်သို့ သူ့မျက်နှာအပ်လိုက်၏။ မေကား သူ့ရင်အုပ်အောက်တွင်ကော့နေ၏။ သူသည် မေ့ကိုနမ်း၏။ မေ ရုန်းသဖြင့် သူ့နှာခေါင်းသည် ပါးပေါ်ရော၊ နဖူးရောရောက်နေ၏။ သူသည်မေ့ကို မလွှတ်နိုင်အောင် ဖက်ကာ တရှုတ်ရှုတ်နမ်း၏။ အေးတင် အေးတင် ဘာလုပ်နေပါလိမ့်။ မေသည် ရုန်းပြန်၏။

“မေ… မေ.. မေဟာ၊ သိပ်ချစ်စရာကောင်းတာပဲ၊ ကိုကို့ကိုနမ်းပါဦး၊ မေ မေ၊ အို မေ ချစ်လွန်းလို့ပါ မေရယ်”

မေသည်အတင်းခေါင်းကိုငုံ့ထားသဖြင့် နဖူးကိုသာ နမ်းမိလေသည်။ သူသည် ကာမ, ရမ္မက်, ငန်းငန်း တက်လျက်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနောက်မှ အသံကြားရ၏။

သူသည် လန့်၍ မေ့ကိုလွှတ်လိုက်၏။ သို့ရာတွင် မေသည် သူ့အရင် ကုလားထိုင်မှထပြီးဖြစ်နေလေသည်။ မေသည် သူ့ပါးကို လက်ဝါးဖြင့်ပွတ်လေသည်။ နောက် မေသည် ပြေး၍ တံခါးကို မင်းတုန်းထိုး၏။

ပြတင်းပေါက်တွင်ကား အေးတင်ရပ်၍နေ၏။ အေးတင်၏ မျက်နှာမှာ ဒေါသကြောင့် နီမြန်းလျက်ရှိ၏။ သူမ၏ ရင်အုံသည် နိမ့်ချီမြင့်ချီဖြစ်နေ၏။ သူမသည် ပါးစပ်က ဘာမျှမပြောနိုင်အားဘဲ၊ လက်ညှိုးဖြင့်သာ ဦးဘေမောင်ကို တစ်ငေါက်ငေါက်ထိုးလျက်ရှိလေသည်။ ဦးဘေမောင်မှာ လူမိုသောကြက်ကဲ့သို့ မျက်နှာပျက်လျက်ရှိ၏။

"ရှင်... ရှင်ဟာ ဘာကောင်းသလဲဟင်။ လူကြီး လူကောင်းဆိုပြီး" အေးတင်သည် သူ့အနားသို့ တိုးလာ၏။

မေသည် ငြိမ်သက်စွာရပ်နေ၏။

ဦးဘေမောင်၏ မျက်လုံးများသည် မီးအလျှံကဲ့သို့ ရဲဝင်း၏။

"မေ အပေါ်တက်ချေတော့"

"စောစောက ဒီစကားမျိုးပြောဖို့ကောင်းတယ်"

သူသည် ပါးစပ်ဟကာ မေ့ကိုကြည့်လျက်ရှိလေသည်။ မေသည် လက်ပိုက်ကာ စစ်ပွဲနိုင်သော စစ်သူကြီးဟန်ဆောင်နေ၏။

ဦးဘေမောင်သည် ဒေါသကိုသိမ်းကာ၊ အေးတင်ဘက်သို့ လှည့်လိုက်၏။ ဘာမျှမပြောနိုင်မီ အေးတင်က သူ့ကိုလက်ညှိုးဖြင့် ထိုးပြန်၏။

"ရှင် လူယုတ်မာကြီး၊ ရှင့်သမီးအရွယ်ကို ဒီလို မတော် မဟားကြံရသလား၊ ရှင့်ကိုယ်ရှင် ဘုရားလူကြီးဆို... ဟင်"



မေသည် အေးတင်ထွက်သွားရန် အချိန်တော်ပြီဟု အောက်မေ့လေသည်။ မေသည် အေးတင်ထံသို့ ကပ်ကာ တိုးတိုးတစ်စုံတစ်ရာ ပြော၏။ အေးတင်သည် ပြတင်းပေါက်ဆီသို့ သွားလေသည်။

"အေးတင်" မေသည် သူ့ကို ခေါ်၏။

"ဟုတ်ကဲ့... မမ"

"အကုန်ကြားတယ်၊ မြင်တယ်နော် အေးတင်"

"မြင်ပါတယ်၊ ဒီ လူယုတ်မာကြီးလုပ်တာ" အေးတင်သည် အကုန်ဖော်တော့မည်ဟူသော အမူအရာကိုပြ၏။ နောက် မေသည် ထွက်သွားရန်လက်ပြလိုက်၏။ အေးတင်သည် ညအမှောင်ထုတွင် ကွယ်သွားလေသည်။

မေသည် အေးတင်၏ ခြေသံကွယ်ပျောက်သွားသည်နှင့် ဦးဘေမောင်ဘက်သို့ လှည့်လိုက်လေသည်။ သူသည် ဒေါသအဟုန်၊ ကာမအဟုန်ပြေသွားကာ သူ့စားပွဲတွင်ထိုင်လျက်ရှိ၏။

"ကဲ... ကဲ" သူသည် တိတ်ဆိတ်ခြင်းကို ဖျက်ဆီး၏။

မေသည် တံတွေးကို မျိုလျက်ရှိ၏။ အေးတင်မရှိတော့သဖြင့် သူသည် အနည်းငယ်ကြောက်၏။

"မင်း ဘယ်လောက်လိုချင်သလဲ"

ဦးဘေမောင်သည် မေတို့ကြံစည်ထားသော ငွေညှစ်သည့် သဘောကိုနားလည်လေပြီ။ အပိုင်ဖမ်းသဖြင့် ကျောကွင်းတွင်တင်းတင်း ကြီး မိနေလေပြီ။ မေသည် သူ့ကို ကျောပေးကာ စဉ်းစားနေ၏။

"ကျွန်မ ငွေသုံးရာလိုချင်တယ်"

ဦးမောင်သည် မျက်မှောင်ကုတ်လိုက်လေသည်။

"မင်း နမ်းရတာ တယ်ဈေးကြီးပါလားကွဲ့"

www.burmeseclassic.com

www.burmeseclassic.com



မေသည် တိတ်နေ၏။

"အင်း ငွေညှစ်တယ်ဆိုတာလဲ၊ ဈေးကြီးရမှာပေါ့လေ"

မေသည် တစ်ခွန်းတစ်ပါဒမှ စကားပြန်မပြော။ ဦးဘောမောင် နှုတ်ခမ်းကို ကိုက်ထား၏။ သူ့စိတ်ထဲက "ငါ့ကို တစ်ပတ်ရိုက်သွားတဲ့ ဖာမကလေး"ဟု အောက်မေ့လျက်ရှိလေသည်။

"ဒါပေမယ့်လို့လေ တန်ပါတယ်။ အများကြီးတန်ပါတယ်"

သူသည် ဘာမျှရှည်လျားမနေတော့ဘဲ၊ အံဆွဲထဲမှ ငွေသုံးရာ ထုတ်လေသည်။ သူသည် သူဌေးဖြစ်၍ ဒီမျှငွေကိုမမှု။

မေ၏နှလုံးသွေး ဒိတ်ဒိတ်နှင့် အတိုးမြန်၏။ ယခု သူ့အလို ပြည့်လေပြီ။ ငွေသုံးရာနှင့်လွတ်လပ်ရေး ဘယ်လောက်လွယ်ကူသလဲ။

ဦးဘောမောင်သည် စားပွဲမှထလာကာ မေ့ထံသို့ ထလာ၏။ မေသည် အနောက်သို့တွန့်သွား၏။သူသည် မေ့လက်ထဲသို့ ငွေသုံးရာ ထည့်လေသည်။ မေသည် တုန်ရီသောလက်ဖြင့် လှမ်းယူပြီး ပြန်တော့မည်ပြု၏။

"နေပါဦးကွဲ့၊ ငွေရကြောင်းအသိအမှတ် မပြုတော့ဘူးလား"

မေသည် သူဘာဆိုလိုသည်ကို နားမလည်သဖြင့် မျက်လုံး ကလေးလှန်ကာ သူ့ကို မော့ကြည့်၏။

"ကျွန်မ နားမလည်ဘူး"

သူသည်ရယ်ကာ မေ့ လက်မောင်းကို ဘယ်ဘက် လက်ဖြင့် ဆုပ်လိုက်၏။ မေသည်လန့်သွား၏။ မေ့အထင်မှာ သူ့ကို နမ်းလိမ့်ဦး မည်ဟုထင်၏။

မေသည် အနောက်သို့ရုန်း၏။

ဦးဘောမောင်သည် ပြုံးကာ ညာလက်ကို မြှောက်လိုက်၏။



မေက ဘာလုပ်ဦးမည်လဲ မစဉ်းစားနိုင်မီ သူသည်မေ့ပါးကို လက်ဝါး ဖြင့် ဖြန်းခနဲရိုက်လေသည်။ ထိုပါးမှာ သူ တဏှာဟုန်ကြီးစွာဖြင့် နမ်းခဲ့သော ပါးနုနုကလေးဖြစ်လေသည်။

ဟုတ်သည်။ သူပြောသည့်အတိုင်းပင် သူသည် မေ့ထံမှ ငွေရကြောင်း အသိအမှတ်ကိုလိုက်ရလေသည်။

(၆)

လမ်းမမှ မော်တော်ကား လော်ရီ,လန်ချားများသည် ဖြတ် သွားကြလေသည်။ မုန့်သည်များအော်သံ၊ ကလေးများ သီချင်းဆိုသံ တို့ကိုကြားရလေသည်။ အခြားဘက်ခန်းမမှလည်း ရယ်သံ, မောသံ စကားပြောသံတို့သည် လျှံထွက်လာလေသည်။ ဒါလဟိုဖိလမ်းမှ တဝူးဝူးနှင့် အာရုံအီးတီ လှေတံဆိပ်ကားသံကိုလည်း ကြားရလေ သည်။ ဤအသံများမှာ ရန်ကုန်မြို့လယ်ခေါင်အသံများ ဖြစ်လေ သည်။ မေမှာ ပြတင်းပေါက်မှ ကိုယ်တစ်ပိုင်းထွက်၍ အောက်လမ်း ပေါ်သို့ ငုံ့ကြည့်သော်လည်း ဘာသံမျှသူ့မကြား၊ သူသည် စဉ်းစား နေလေသည်။

ဦးဘောမောင်အခန်းမှ ငွေယူ၍ ထွက်လာကာ သူ့အခန်းသို့ ရောက်သောအခါ ခုတင်ပေါ်ထိုင်ရင်း ပါးစပ်မှကျလာသော သွေးများ ကို လက်ကိုင်ပဝါနှင့်သုတ်နေရသည်ကို မေသည် မှုန်မှိုင်းစွာစဉ်းစား မိလေ၏။ ပါးမှာ ယခုတိုင် အနည်းငယ်နာသေးသည်။ ဟိုတုန်းက သူ့ပါးကိုပွတ်ရင်း စိတ်နာလာကာ ငွေစက္ကူများကိုပင် ဆုတ်လွှင့် ပစ်ချင်သော စိတ်ပေါ်ပေါက်လာ၏။ ညက သူ့အစော်ကားခံရသည်ကို တွေးရင်း ရှိုက်ရင်း သူသည် အထုပ်အပိုးပြင်လျက်ရှိ၏။ နောက်တစ်နေ့

www.burmeseclassic.com

www.burmeseclassic.com



ပဲခူးမှထွက်လာခဲ့၏။ ခေါင်ငြိမ်းခင်မှာ မည်မျှဝမ်းသာမည်နည်း။ ဦးဘော မောင်မှာ ခေါင်းကိုက်သည်ဆို၍ အိပ်နေ၏။ နှင်းနှင့် ဝင်းတို့မှာ သူတို့ဆရာမကို တကယ်လွမ်းဆွတ်ကြ၍ ဝမ်းနည်းကြလေသည်။ သူတို့သည် မေ့ကို ဝင်းဝထိအောင်လိုက်ပို့၏။ အိမ်မှဘူတာရုံကို သွားသည့်လမ်းကိုလည်း သူ မမေ့။ လယ်ကွင်းထဲမှ စပါးနှံများ၏ အနံ့သည် သင်း၍နေကြ၏။ ပန်းများသည်လည်း မွှေးကြိုင်နေကြ၏။ သူသည် အတွေးကိုရပ်လိုက်လေသည်။

မနေ့ကပင် ပဲခူးမှာ၊ ယခုရန်ကုန်ရောက်နေလေပြီ။ ဘယ်ကို သွားရမည်လဲဟု မေသည် ပဲခူးမှရန်ကုန်တစ်လမ်းလုံး တရိပ်ရိပ်နောက် တွင်ကျန်ရစ်ခဲ့သော လယ်ကွင်းများကို ငေးရင်း စဉ်းစားကြည့်၏။ သူသည် ရန်ကုန်မှာ တစ်ရက်နှစ်ရက် လည်လိုက်ချင်သေးသည်။ လည်၍ အားရမှ မခင်စီတို့ထံသွားကာ ဟိုကမှတစ်ဆင့် ဆရာမ အလုပ်လျှောက်မည်ဟု သူစဉ်းစားရ၏။ သူသည် မနက်ကပင် မခင်စီ တို့ထံသို့ သူလာမည့်အကြောင်း စာထည့်လိုက်သည်။ သူသည် ဗိုင်ဒဗလျူစီအေဟိုတယ်တွင် တည်းခိုလျက်ရှိ၏။ သူ့အဖို့မှာ အုပ်ထိန်း သူမရှိ၊ တစ်ကိုယ်တည်း ဖြစ်လေရာ သူလုပ်ချင်ရာ လုပ်နိုင်လေသည်။ သူ့ကို ပိတ်ပင်မည့်သူမရှိ။ တားမည့်သူမရှိ၊ သူ ပဲခူးမှထွက်သွားလျှင် ပဲခူးကလူတွေ မည်သို့ဖြစ်ကျန်ခဲ့ကြမည်နည်း၊ ဒါကို သူမှန်းကြည့်၏။ ပဲခူး လူကုံထံမိန်းမပိုင်းကမူ အမှန်ဝမ်းသာကြမည်။

ယခုမူ မေသည် လွတ်လပ်ရေးကိုရလေပြီ။ နောက် သူလုပ်ရ မည့်ကိစ္စမှာ မခင်စီတို့ဆီသွား၍ သူ့အစ်ကို ကိုကျော်မြင့်ကို အရှာမ်း ရန်ဖြစ်၏။ ကိုကျော်မြင့်မှာ သူ့အဘွားထံမှ တစ်နှစ်ထောင့်ရှစ်ရာ ရသည်ကို သူသိသည်။



ထို တစ်ထောင့်ရှစ်ရာမှာ သူ့အဘွား မသေခင်ကတည်းက သူ့မြေးသုံးဖို့ဆိုပြီးပေးခဲ့သော လယ်မှစပါးခဖြစ်လေသည်။ ကိုကျော်မြင့် ကို သူရလျှင် ရန်ကုန်တွင် ဟန်ကျပန်ကျနေနိုင်မည်။

သို့ရာတွင် မေသည် ပန်းကိုတွန့်မိလေသည်။ နောက်တစ်ရက် နှစ်ရက်ကြာလျှင် မေသည် မခင်စီတို့အိမ်သူ အိမ်သားများအလယ်တွင် ရောက်နေမည်ဖြစ်၏။ မေသည် မခင်စီတို့ဆီမသွားခင် လည်လိုက်၊ ပတ်လိုက်ဦးမည်။ သူကြိုက်သောမြို့မှာ ရန်ကုန်ပင် ဖြစ်လေသည်။ ပြတင်းပေါက်မှ မျှော်ကြည့်လိုက်လျှင် ရန်ကုန်ကိုမြင်ရသည်။ တိုက်ကြီး တာကြီးတွေ မော်တော်ကား၊ ဓာတ်ရထား၊ ရုပ်ရှင်ရုံ၊ ပန်းခြံတို့ဖြင့် စည်ကားလှသော ရန်ကုန်။

သူချစ်သော အရောင်အသွေး၊ ဂီတ၊ ရမ္မက်၊ မေတ္တာတို့ ရန်ကုန်မှာ တွေ့နိုင်သည်။ မေ၏စိတ်သည် လေလျက်ရှိလေသည်။

မေသည် လက်ပတ်နာရီကိုကြည့်မိ၏။ ၆ နာရီထိုးရန် ငါးမိနစ်လိုတော့၏။ မေသည် အပြင်ထွက်လည်ရန် ဆုံးဖြတ်လိုက်၏။ မှန်ရှေ့တွင်ရပ်ကာအလှပြင်၏။ ပေါင်ဒါရေမွှေးကို ကြိုင်နေအောင် တို့၏။ နှုတ်ခမ်းကိုဆိုး၏။ ရှေ့က ဆံညွန့်တွန့်ရွန့်ကလေးကို ခေါင်းလိမ်းဆီမွှေးဖြင့်ပွတ်၏။ မေသည် မခင်စီတို့ လက်ဆောင် ပေးသော ကွတ်အင်္ကျီ မီးခိုးရောင်ကို အပေါ်မှာတင်၏။ ကြိုးပတ် ဖိနပ်စီး၏။ သူသည် အောက်သို့ဆင်းကာ လန်ချားတစ်စီးကို ခေါ် လိုက်လေသည်။ လမ်းမတွင် လူတွေကိုတွေ့ရသည်။ မေကား သွားကြ လာကြသော မိန်းမယောက်ျားတွေကို အားကျ၏။ လန်ချား မော်တော် ကား စီးလာကြသော လင်မယားစုံတွဲတွေကိုလည်း ဖြတ်လာရ၏။ မေစီးသော လန်ချားသည် စပတ်လမ်းဘက်သို့ချိုးကာ တစ်ဖန်

www.burmeseclassic.com

www.burmeseclassic.com



မောင်ဂိုမာရီမှ အနောက်ဘက်သို့ ကွေ့လိုက်လေသည်။ ရုပ်ရှင်ပြီးချိန်ဖြစ်သဖြင့် ယာဉ်ရထားလူသူတို့ဖြင့် ရှုပ်ရှက်ခတ်၏။ မာတ်မီးတွေမှာလည်းထိန့်ထိန့်လင်းလျက်ရှိ၏။ ဘူတာရုံနားသို့ရောက်လာ၏။ စတားရုံ အော်လင်ပီယာရုံတွင် လူတွေကြိတ်ကြိတ်တိုးလျက်ရှိကြ၏။ နောက်ဆူးလေဘုရားလမ်းနှင့် မောင်ဂိုမာရီလမ်းထောင့်သို့ရောက်၏။ မေသည်ကွန်တီနင်တယ်တိုက်ရှေ့တွင်လန်ချားကို ရပ်လေသည်။ တံတားခုံးကြီးပေါ်မှာကား၊ ကျားတဲဆိပ်ဘီလပ်ရည်၊ ပိုလိုစီးကရက်၊ ဘီယာ၊ အရက်ကြော်ငြာသော မီးနီမီးစိမ်းများသည် မှိတ်တုံ၊ လင်းတုံနှင့် အရောင်စုံလက်နေကြ၏။

မေသည်ပလက်ဖောင်းပေါ်တွင် လမ်းသွားလမ်းလာများကိုငေးကြည့်လေသည်။ ဂလုပ်၊ ပလာဒီရုံ၊ အိုဒီအုံး စသော အင်္ဂလိပ်ရုပ်ရှင်ရုံများရှေ့တွင် လူတွေရှုပ်ယှက်ခတ်နေကြ၏။ မော်တော်ကား၊ မြင်းရထားလန်ချားတွေမှာလည်း၊ များလွန်းသဖြင့် ဂေါ်ရာပုလိပ်များကစောင့်ကြပ်ရှင်းလင်းပေးနေရ၏။ သူသည် ဒိုင်အိုဆရာဖြစ်သင်ကောလိပ်မှာနေတုန်းက ဤနေရာတစ်ဝိုက်ကို ခဏ ခဏရောက်၏။ ရုပ်ရှင်ကြည့်လျှင်လည်း ဒီနေရာက ဖြတ်သွား၏။ ဈေးဝယ်ရန် စကော့သွားလည်း ဒီနေရာမှဖြတ်သွား၏။ ညဆိုလျှင် မီးရောင်စုံနှင့် အလွန်လှသောနေရာဖြစ်သည်။ ယောကျ်ားများသည် မေ့ကို ကြည့်ကြ၏။ တချို့လူနောက်များကား "တတ်နိုင်တဲ့ မြာကလေးပါလား"ဟု မကြားတကြားပြောသွားသံကို မေကြား၏။ မေသည် ပထမ ရုပ်ရှင်ဝင်ကြည့်ရကောင်းမလားဟု စဉ်းစား၏။ "ဟာ ပျင်းစရာကြီးပါ"ဟု တွေးကာမေသည် ဆဗ္ဗိုင်းမုန့်တိုက်ဘက်သို့ ဖြတ်၍ကူးလေသည်။ ဂျီအီးစီရေဒီယိုတိုက်မှ မီးနီရောင်သည် မေ၏အလှကိုတင့်စေ၏။ မေသည်



ဆူလေးဘုရားဘက်ဆီသို့လျှောက်သွား၏။ သူသည် ပီကယ်ဒစ်လီဘက်သို့ လှည့်ကြည့်လိုက်၏။ ခပ်ရွယ်ရွယ် လင်မယားနှစ်ယောက်သည် တစ်ယောက်လက် တစ်ယောက်ကိုင်ကာ ပြုံး၍ဆင်းလာကြ၏။ ညားခါစ မောင်နှံနှင့်တူ၏။ သူတို့သည် လန်ချားပေါ်သို့တက်၏။ လန်ချားပေါ် ယှဉ်ထိုင်မိကြလျှင် ယောကျ်ားပျိုသည် မိန်းမပျိုကလေးခါးကိုဖက်လိုက်၏။ "အို ကိုကိုကလည်း လူတွေနဲ့" မိန်းမပျို၏ညုသံကို မေ သဲ့သဲ့မျှကြားလိုက်ရ၏။

"ဒါရန်ကုန်ပဲ"ဟု မေတွေးလေသည်။ မေတွေးသည့် အတိုင်းပင် ဒါရန်ကုန်ဖြစ်လေသည်။ မေသည် ဖရေဇာလမ်းကို ဖြတ်လိုက်၏။ ညဈေးတန်းကားမီးတွေဖြင့် ထိန်လင်း၏။ ကျူလရာကုလားများ၏ ခေါ်သံအော်သံဖြင့် ဆူညံ၏။ ပလာတာဆိုင်များမှလည်း အညှော်နံ့မွှန်လှိုင့်လာ၏။ လူတွေ သူတွေ ရထားတွေဖြင့် ပွဲတော်တမျှ စည်ကား၏။ မေသည် လျှောက်လာရင်း ရှီဆီလင်နို့ဆိုင်ရှေ့သို့ ရောက်သွားလေသည်။ မေသည် နို့သောက်ချင်သဖြင့် နို့တစ်ခွက်ဝင်သောက်လေသည်။ ဆိုင်ထဲတွင် အင်္ဂလိပ်ကြီးနှစ်ယောက်နှင့် အင်္ဂလိပ်မတစ်ယောက်ကိုတွေ့ရ၏။ နောက်မေသည် မြူနီစပါယ် မြို့တော်ခန်းမကြီးရှေ့သို့ရောက်လာ၏။မျက်နှာချင်းဆိုင် ဖိုက်စကွဲယားတွင် အငြိမ့်ကြည့်ရတာ အတော်ကြာပြီ။ လူပျက်,ပျက်သဖြင့် ဝေါခနဲ ဝေါခနဲရယ်သံသည် မေ့ကို ပွဲကြည့်ချင်အောင် သွေးဆောင်လေသည်။

မေသည် ဘာမျှတွေးမနေတော့ဘဲ ဖိုက်စကွဲယား ဘက်သို့ကူးလိုက်လေသည်။ မေသည်ပျော်၏။ လူစုလူဝေးတွေကို သဘောကျ၏။ သူသည်နေရာကောင်းကို ကြည့်လေသည်။

"မေ . . . မေ"

www.burmeseclassic.com

www.burmeseclassic.com



အနောက်မှ ခေါ်သံကြောင့် လှည့်ကြည့်လိုက်ရ၏။ သူ့ဆီသို့ မိန်းမပျိုတစ်ယောက် အပြေးကလေး လာကာ သူ့လက်ကို ကိုင်လေသည်။ မိန်းမပျိုမှာ ဒိုင်အိုကျောင်းတုန်းက တစ်တန်းတည်းနေခဲ့သော သူငယ်ချင်းဟောင်း မသန်းကြည်ဖြစ်၏။

"ဟေး... မေဘယ်"

မေဘယ်မှာ မသန်းကြည်၏ ကျောင်းတုန်းက နာမည်ဖြစ်၏။ မသန်းကြည်မှာ သူ့နှင့်ရွယ်တူဖြစ်၏။ မသန်းကြည်သည် မေ့ကို အဆက်မပြတ် မေးခွန်းများကို မေးလေသည်။ မေကလည်း သူ့ကို မေးလေသည်။ မသန်းကြည်မှာ သူ့လင်နှင့်ကွဲနေကြောင်း သူသိရ၏။

"မေ တစ်ယောက်တည်းလား"

"ဟုတ်တယ်၊ ယူကော"

"ဟိုမှာ အဖော်တွေပါတယ်"

မေသည် မသန်းကြည် အဖော်တွေကို ကြည့်လိုက်၏။ သူ့အဖော်မှာ ယောက်ျားနှစ်ယောက်ဖြစ်၏။ အသက်နှစ်ဆယ်နှင့် နှစ်ဆယ့်သုံးကြားဖြစ်၍ သက္ကလပ်အပေါ်ဖုံးအညိုကို ဝတ်ထားကြ၏။ သူတို့သည် စီးကရက်ကိုမှုတ်ကာ တစ်ယောက်နှင့်တစ်ယောက် ပြုံးရယ်ကာစကားပြောနေကြလေသည်။ မေသည် မသန်းကြည်နှင့် သူ့အဖော်ယောက်ျားများကို ဆက်သွယ်၍တွေးကြည့်၏။ မသန်းကြည်မှာ နှုတ်ခမ်း၊ ပါး၊လက်သည်းများတွင် ဆေးနီတွေဆိုးထား၏။ ဆံပင်ကိုလည်း လိပ်နေအောင်ကောက်ထား၏။ ပြောပုံဆိုပုံမှာ ကျောင်းမှာနေစဉ်ကထက် သွက်လက်၏။ အမူအရာမှာ လည်သည့်အသွင်ပေါက်၏။

မေသည် တွေးနေဆဲ "မေအခုဘယ်ရောက်နေသလဲ"ဟု



သန်းကြည်က သူ့ကိုမေးလိုက်လေသည်။

"ရန်ကုန်မှာပဲဆိုပါတော့၊ ပဲခူးမှာအတော်ကြာနေသေးတယ်"

"ဪ... ဪ"

ဓာတ်ခုံပေါ်မှ အငြိမ့်မင်းသမီးသည် ရင်ကိုကော့ကာ ကလျက် ၏။ လူပြက်နှစ်ယောက်မှာ အကဆုံးလျှင် ပျက်လုံးကို စဉ်းစားနေ ကြ၏။ ပွဲကြည့်ပရိသတ်အတော်များ၏။ ကုလား၊ တရုတ်၊ ကလေး၊ န်းကြီး၊ မိန်းမ၊ ယောက်ျား၊ အပျိုအအို၊ ရန်သူမိတ်ဆွေ။ ညဦး ်သဖြင့် လေကလည်း အေးအေးကြူကြူတိုက်၍နေလေသည်။ ိက်ကုတ်ရုံးကြီး၊ ရီဇပ်ဘဏ်တိုက်၊ ဆူးလေရွှေစေတီ၊ မြို့တော်ခန်းမ ကြီးစသော အဆောက်အဦများသည် ပန်းခြံကိုဝိုင်းကာ စောင့်ရှောက် နေသည်ဟု မှတ်ထင်ရလေသည်။ ဥသြသံ၊ ချူးသံတို့ဖြင့် ဂီတဆေးကို သော တောမလေ့မဟုတ်။ ပန်းပင်,ပန်းပွင့်တို့၏ ရနံ့ဖြင့် မွှေးကြိုင် သော တောကျက်သရေမဟုတ်။ ရထားသံ၊ လူသံတွေဖြင့် ကြွက်ကြွက် ညံသော မြို့လူနံ့ သူနံ့ဖြင့်ပေါင်းစပ်သောမြို့။ ငယ်ငယ်တုန်းကလို သည် ဖိုက်စကွဲယားပန်းခြံသို့ ညနေအေးလေညှင်းခံရန် လာလေ့ သည်။ မေသည် မသန်းကြည်နှင့် စကားပြောရင်း ဆေးပတ်လည်ကို က်စိလေးစွေကြည့်၏။ မေ၏ မျက်လုံးပြာကို ချွဲကြသော ယောက်ျား ွ အနန္တ။ သို့ရာတွင် သူတစ်ယောက်ကိုမျှ သဘောမကျ။ မေက တို့ထက်သာတာမှ...

ထိုအခိုက် ယောက်ျားပျိုတစ်ယောက်ကို သွားမြင်လေသည်။ ယောက်ျားပျိုသည် တန်းလျားပေါ်၌ထိုင်ကာ မေ့ကို စိုက်ကြည့်နေ ။ အသက်အစိတ်ကျော်ကျော်မျှရှိပုံရ၏။ ရုပ်ချောသည် မဆိုသော် ည်းကြည့်ကောင်း၏။ အနည်းဆုံး မေ့ကိုဆွဲငင်စေ၏။ သူသည်

www.burmeseclassic.com

www.burmeseclassic.com



ရင်အုပ်ကျယ်ကျယ်၊ လက်မောင်းအိုးကြီးကြီး၊ စပို့ကုတ်၊ မန္တလေးအစိမ်းရင့်တစ်ပတ်နွမ်းပိုးလုံချည်ဝတ်ထား၏။

မေသည် မသန်းကြည်၏ ပခုံးကိုဖက်ထားရင်း ပြုံးလိုက်၏။ ထိုသူကလည်း ပြန်ပြုံး၏။

မေ၏ရင်သည် အခုန်မြန်လာ၏။ မေသည် မသန်းကြည်ကို တိုးတိုးကလေးမေး၏။

“ဒါဘယ်သူလဲဟေ့၊ ကိုယ့်ကိုချည်း စိုက်ကြည့်နေတယ်”

မေသည် ယောက်ျားပျို ကို မေးငေါ့၍ညွှန်ပြ၏။

“ဘယ်လူလဲ၊ အဲလ်ပတ်ကားအင်္ကျီနဲ့လူလား”

“မဟုတ်ဘူးလေ၊ စပို့ကုတ်အကွက်နဲ့ ငနဲဟာ”

“သြော်... သူလား” မသန်းကြည်သည် အဟီးဟု ရယ်လိုက်လေသည်။ မသန်းကြည်သည် ထိုယောက်ျားပျိုကို သိသည်။

“ဘသိန်းတဲ့ အရင်တုန်းက ရုပ်ရှင်ထဲလိုက်ဖူးတယ်”

“သြော်”မေက ဆို၏။

မသန်းကြည်သည် ပြုံးပြန်လေသည်။ နောက် ယောက်ျားပျိုကို ခေါင်းညိတ်ခေါ်လိုက်လေသည်။ မေက “အိုကွယ် ဘာလို့ခေါ်လိုက်ရတာလဲ”ဟု မသန်းကြည်၏ လက်ကို အသာဆိတ်လိုက်ဆဲပင် ယောက်ျားပျို သူ့အနားရောက်လာလေသည်။

“ဘယ့်နဲ့ ကိုဘသိန်း တစ်ယောက်တည်းပဲလားရှင့်” ဟု မသန်းကြည်က ရင်းနှီးသောလေသံဖြင့်မေး၏။

“ဟုတ်ကဲ့ဗျာ”

ဘသိန်းမှာ သူတို့နှင့် မျက်နှာချင်းဆိုင်ကျလေသည်။

“ဟောတာက မေတဲ့ရှင်၊ ဒါက ကိုဘသိန်း”



မသန်းကြည်သည် မေ့ကို ဘသိန်းနှင့် မိတ်ဖွဲ့ပေးလေသည်။ သူတို့သည်ပြုံးကြ၏။ မေသည် မသန်းကြည်ဘေးနားက ကပ်နေ၏။

“ပွဲရောက်နေတာအတော်ကြာပြီထင်တယ်။ ခုနထဲက မြင်တယ်”ဟု ဘသိန်းကစ၍ စကားပြောလေသည်။ သူသည် ရဲတင်း၏။

“ဟုတ်ကဲ့ သိပ်တော့မကြာသေးပါဘူး”

“မသန်းကြည်နဲ့ အတူတူပဲထင်ပါရဲ့”

“ရှင်၊ မေသည် သူပြောသည်ကို နားမလည်သဖြင့် သူ့ကို အံ့သြစွာကြည့်နေ၏။ သူသည်ရယ်၏။

“အေးလေ၊ မေက ဘယ်မှာနေသလဲလို့ မေးတာပါ”

“ရန်ကုန်မှာ နေတာပေါ့ရှင်”

သူတို့သည် ရယ်ကြလေသည်။

“ရှင်ကော”

“ကျွန်တော်လည်း ရန်ကုန်မှာနေတာပေါ့ဗျ”

သူတို့သည် ရယ်ကြပြန်လေသည်။ သူတို့သည် ရယ်ရွှန်းတတ်ရွှန်းစကားတွေကိုပြောကြ၏။ မေနှင့် ဘသိန်းမှာ စကားပြောရင်းရင်းနှီးသွားကြ၏။ဘသိန်းမှာ ပညာတတ်၊ ဂုဏ်ရည်တန်ထဲက မဟုတ်သည်ကို မေအကဲခတ်မိ၏။ သို့ရာတွင် စကားပြောလို့ကောင်း၏။ အနည်းဆုံး မေသည် သူ့ကိုယ်လုံးကိုယ်ထည်ကို သဘောကျ၏။ ထောင်ထောင်မောင်းမောင်း၊ ခေါင်ကောင်းကောင်း၊ လက်မောင်းတုတ်တုတ်။

မေသည် သူတို့နှင့် စကားပြက်သွားခိုက်တွင် သူ့အဖြစ်ကို သူစဉ်းစားကြည့်လေသည်။ အခုနေများ ကိုကျော်မြင့် သူ့ကိုမြင်သွားလျှင် ဘယ်လိုထင်မည်နည်း။ ပဲခူးလူကုံထံပိုင်းကတွေ့လျှင် မေးငေါ့

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြမည်ဖြစ်ခြင်း။ သူ၏စိတ်တန်ခိုးသည် ပတ်ဝန်းကျင်လွှမ်းမိုးမှုတွင် ပျော့ကျလေသည်။ သူ၏သမာဓိသည် မျက်ပြယ်၍နေလေသည်။

သူသည် သက်မချ၏။ သူသည် ဘသိန်းကို ကြည့်မိ၏။ မေသည် သူ့ကို ရွေးချယ်သည်မှာမှန်ကန်သည်ဟု သူထင်လေသည်။ ဘသိန်းမှာချစ်ဖွယ်ကောင်းသောယောက်ျားဖြစ်သည်။ အရှေ့မှ၊ အနောက်မှ လူတွေတိုးကြသဖြင့် တစ်ခါတစ်ခါ မေ၏အသားနှင့်သူ့အသားတို့ ထိသွားကြ၏။ မေ၏နှုတ်ခမ်းသည် ခြောက်သွေ့လာသဖြင့် ခဏခဏ လျှာကိုကောက်ကာတံတွေးဆွတ်ရ၏။ မေသည် အရင်ကထက် ကကားသွက်လာ၏။ ရယ်စရာတွေပြော၏။ လူပြက်ပျက်လိုက်သည့်အခါ မေသည် အရင်ကထက် အသံကျယ်စွာရယ်မော၏။

ရှစ်နာရီကျော်ကျော်လောက်တွင် အငြိမ့်ပြီးလေသည်။ လူတွေ ရှုပ်ရှုပ်ယှက်ယှက်ဖြစ်ကာ လူစုခွဲကြ၏။

မသန်းကြည်၏ အဖော်ယောက်ျားနှစ်ယောက်သည် သူတို့နားလာကာ "ကဲ မကြည် ပြန်ကြရအောင်" ဟု ခေါ်လေသည်။

"မေ ကိုယ်သွားတော့မယ်နော်"

မေက သူမြန်မြန်ပြန်စေချင်သည်။ မသန်းကြည်သည် သူ့ကိုနှုတ်ဆက်ကာ သူ့အဖော်နှစ်ယောက်နှင့် လူထဲတွင်ပျောက်သွားလေသည်။

မေသည် ဘသိန်းနှင့် ကျန်ရစ်ခဲ့လေသည်။ ရွေးချယ်ပြီးပြီ၊ မေသည်ပျော်၏။

"ကဲ မေကော ဘယ်သွားမလဲ၊ ပြန်မလား"

"မပြန်သေးပါဘူး"

"ဒါဖြင့် လမ်းလျှောက်ရအောင်ဗျာ၊ နည်းနည်း အိုက်တယ်"



မေသည် ခေါင်းညိတ်လေသည်။

ရန်ကုန်မြစ်ဘက်မှလာသော လေမှာ သင်းပျံ့ညှင်းညံ့သလောက် မေ၏စိတ်သည်သာယာ၍နေ၏။ ဆူးလေစေတီရင်ပြင်တွင်ပေါက်နေသော အုန်းပင်ထိပ်မှ စောင်းသဏ္ဍာန်လခြမ်းသည် သူ၏ ရောင်ခြည်မှုန်မှုန်လဲ့ဖြင့် မေတို့အတွဲကို ကောင်းချီးမင်္ဂလာပေးလေသည်။

သူတို့ကို ဖြတ်သွားသူများက တကယ်ဆန်းတဲ့ အတွဲဟု အောက်မေ့ကြ၏။ အဘယ်ကြောင့်ဆိုသော် မိန်းကလေးမှာ သွယ်သွယ်နုနု၊ ယဉ်နွဲ့နွဲ့၊ ယောက်ျားမှာ ထွားထွားကြီးကြီး၊ အသွင်ကြမ်းကြမ်း။

ဗိုက်စကွဲယားပန်းခြံ၊ သစ်ပင်များအကြားမှ မီးရောင်တွေ လမ်းမသို့ လျှံထွက်လာ၏။ မေသည် သူ့မျက်နှာကိုကြည့်လိုက်၏။ သူသည် မေ့ဘက်သို့ လှည့်ကာ ပြန်ပြုံး၏။ သို့ရာတွင် စကားတစ်ခွန်းမျှမပြော။

မှောင်ရိပ်များကိုဖြတ်၍ သူတို့သည် လမ်းလျှောက်လာကြလေသည်။ ရှေ့တွင် ကုလားလက်ဖက်ရည်ဆိုင်မှ မီးတွေ ထိန်ထိန်လင်းလျက်ရှိ၏။ သူသည် မေ၏လက်ကို ကိုင်ထားလေသည်။ သူတို့သည် လက်ဖက်ရည်ဆိုင်ကိုကျော်သွားကြလေသည်။ လမ်းကျဉ်းကလေးကို ကွေ့လိုက်ကြ၏။ လမ်းကျဉ်းသလောက် အိမ်ရာများမှာ ညစ်ပေကျံ၏။ အနံ့အသက်ကလည်းမကောင်း။ လမ်းမတွင် ကွမ်းတံတွေး၊ စက္ကူစုတ်၊ အမှိုက်သရိုက်များဖြင့် နီကျင်ကျင်ဖြစ်နေကြ၏။ ထိုလမ်းမှာ ၃၇ လမ်းဖြစ်လေသည်။ မေသည် သူ့လက်ဝါးကို ဆုပ်ကြည့်၏။ လက်ဝါးမှာ မီးကဲ့သို့ပူ၏။

"ဒါ ကိုယ်နေတဲ့အခန်းပဲ"

www.burmeseclassic.com



မေသည် မော့ကြည့်လိုက်၏။ ပြတင်းပေါက်များစွာ တံခါးများစွာဖြင့် တန်းလျားကြီးဖြစ်လေသည်။ သူသည် မေ၏ခါးကိုဖက်ကာ အပေါ်ထပ်သို့ လှေကားမှတက်သွားကြ၏။ လှေကားမှာ မှောင်နေသဖြင့် စမ်းတက်ကြရ၏။ အလယ်ထပ်ရောက်လျှင် သူသည် အိတ်ထဲမှသော့ကိုထုတ်ကာ တံခါးဖွင့်လိုက်လေသည်။ အတွင်းမှာ မှောင်နေ၏။

"ကိစ္စမရှိပါဘူး၊ လာပါ"

သူသည် မေ့လက်ကိုဆွဲကာခေါ်၏။ မေသည် သူ့နောက်မှ လိုက်လာလေသည်။ သူသည်အိမ်ရှေ့တံခါးကိုဖွင့်လိုက်သဖြင့် ခပ်လှမ်းလှမ်း ဓာတ်မီးတိုင်မှ မီးရောင်သည် အခန်းတွင်းသို့ဝင်လာလေသည်။ အခန်းမှာညစ်ပတ်၏။ မသပ်ရပ်။

မကြာမီ သူ၏လက်မောင်းများသည် မေ၏ပခုံးကို ရစ်ပတ်လျက်ရှိကာ သူ၏ပူနွေးသော နှုတ်ခမ်းသည် မေ၏ နှုတ်ခမ်းပါးကလေးကို ဆာလောင်မွတ်သိပ်စွာ နမ်းလေသည်။

မေသည်လက်တစ်ဖက်ဖြင့် သူ၏ခါးကိုဖက်ကာ၊ လက်တစ်ဖက်ဖြင့် သူ၏နဖူးမှ ဆံပင်များကို သပ်ပေးလျက်ရှိလေသည်။

ကိုသိန်း ကိုသိန်း မေ့ကို သနားပါဦးကွယ်...။

(၇)

"လာတုန်းကတော့ ဟန်ကျပန်ကျ" ဟု ဗိုင်ဒဗလူစီအေ တဲခန်းဆောင်မှူး ဒေါ်တင်မေက ပြောလေသည်။

"ဟန်ကောင်းတာကတော့ မခက်ပါဘူးအန်တီ၊ အခုခေတ်မှာ ရန်ကုန်ကဆို ဟန်ကောင်းကြတာချည်းပါပဲ"ဟု စာရေးမ ရီရီက



ဝင်ထောက်၏။

"သိပ်အံ့ဩစရာကောင်းနေတယ်၊ အကြောင်းတော့ ရှိမှာပဲကွဲ့"

အချိန်မှာနောက်တစ်နေ့ညနေခင်းဖြစ်၍ တည်းခန်းဆောင်မှာ နေသော မိန်းမတစ်သိုက်၊ မေ ညကပြန်မလာသည့်ကိစ္စကို ဆွေးနွေးလျက်ရှိကြ၏။ မေမှာ လူသစ်ဖြစ်၍ သူ့အကဲကိုခတ်နေကြဆဲ ဖြစ်လေသည်။

"နာမည်က မေတဲ့၊ ချစ်စရာလေးပဲ" ဟု ကုန်တိုက်ကြီး တစ်တိုက်တွင် လက်နှိပ်စက်စာရေးမလုပ်သော မခင်ဝင်းက ပြော၏။

"နာမည်က ချစ်စရာကောင်းသလို လူကလည်း ချစ်စရာပါပဲ၊ ဂိုက်အင်မှတန် ဖြောင့်တယ်။

အင်္ဂလိပ်စကားပြောလည်း သိပ်ကို သွက်တာပဲ၊ သူ့အပြောတော့ ထရိန်နင်ကောလိပ်က တီတီစီအောင်ပြီးဆိုပဲ။ အမှုအရာဟန်ကတော့ ဂုဏ်သရေရှိတဲ့ဟန်ပဲ၊ ဒါပေမယ့်တစ်ညလုံး ပြန်မလာတာက အစဉ်းစားရခက်နေတယ်"

"သူ့လူများရှိနေလားမှမသိဘဲ" ဟု အင်္ဂလိပ်ကပြား မလီလီက ဝင်ပြော၏။

"သူ့လူဆိုတာ ဘာကိုဆိုလိုတာလဲ"ဟု ရီရီက မေး၏။

"သူ့ရည်းစားတို့ ဘာတို့ကိုပြောတာ၊ ရုပ်ချောချောဆိုတော့ ကြိုက်တဲ့လူတွေ ပေါမှာပဲ၊ လင်နောက်များ လိုက်ပြေးပြီးလားမှ မပြောတတ်ဘဲ"

"လင်နောက်လိုက်ပြေးလျှင် သူ့ဝန်စည်စလယ်တွေ လာယူဦးမှာပေါ့ကွဲ့၊ ခုတော့ အခန်းထဲမှာ ပစ္စည်းတွေအကုန်ရှိတာပဲ"ဒေါ်တင်မေ

www.burmeseclassic.com

www.burmeseclassic.com



က စဉ်းစားသည့်ဟန်ဖြင့် အကြောင်းပြလေသည်။

"ကျွန်မတစ်ခု စဉ်းစားမိတယ်"ဟု သူတို့ဆွေးနွေးပွဲတွင် တစ်ခါမှ စကားမပြောသေးသော အမြကဆို၏။

အားလုံး အမြစကားကိုနားစွင့်နေကြ၏။

"ဆေးရုံများ သွားမေးကြည့်ကြပါဦးလား၊ ကားတိုက်ခံချင် ခံရမှာ"အားလုံး ရယ်မောကြလေသည်။ ရယ်စရာကောင်း၍ ရယ်နေကြသော်လည်း အမြစကားမှာ ယုတ္တိရှိသည်။ ဖြစ်မယ်ဆိုရင်ဖြစ်နိုင်သည်။

"ဒီ အသက်အရွယ်ကြီးမှာကွယ် ကားတိုက်ခံနေရဦးမှာလား မေ့မျက်စေ့ မမှုန်ပါဘူး။ မနေ့ညနေက မေ့,မြို့ထဲသွားတော့ လီလီ တွေ့ပါတယ်။ မေ့မှာ မျက်မှန်မပါဘူး"

"ဒါပေမယ့် မေ ကားတိုက်ခံရတာက မျက်စေ့မှုန်နဲ့ တယ် မဆိုင်ဘူး၊ မျက်စေ့မမှုန်ပေမယ့် သတိလစ်တဲ့အခိုက်နဲ့ကြုံရင် ကား တိုက်ခံရနိုင်တာပဲ။

သူတို့သည် မေတစ်ညပျောက်သွားသည့်ကိစ္စကို အငြင်းပွား နေကြဆဲ၊ လှေကားမှခြေသံကိုကြားရလေသည်။ သူတို့သည် စကား ကို ရပ်လိုက်ကြလေသည်။ ခြေသံမှာ လှေကားမှ ကော်ရစ်ဒါသို့ လျှောက်သွားလေသည်။ နောက်ခြေသံရပ်ကာ တံခါးဖွင့်သံ ပိတ်သံ ကိုကြားရ၏။

"ဒါ မေ့အခန်းကပဲ" ဟု ဒေါ်တင်မေက ဆို၏။ သူတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြလေသည်။

"ခြေသံက တစ်မျိုးပဲနော်၊ နေးနေးကြီး၊ အလေးတစ်ခုကို မလာသလိုဘဲ"ဟု ရီရီက မှတ်ချက်ချ၏။



"လူမမာ လမ်းလျှောက်တာနဲ့ သိပ်တူတာပဲ"ဟု မခင်ဝင်း က သူ့ထင်မြင်ချက်ကိုပေးပြန်လေသည်။

အပေါ်ထပ်တွင်ကား မေသည် မှန်ရှေ့တွင် ရပ်နေလေသည်။

သူသည် ဘယ်တုန်းကမှ ဒီလောက်မမောပန်းခဲ့။ ဘယ်တုန်းမှ ဒီလောက်မပျော်ခဲ့။နွမ်းလျှလျှက်ရှိသော အကြောအခြင်များမှာ ကုန်လွန် ခဲ့သောညကို သတိရစေ၏။ ဖန်စပ်နေသော မျက်လုံးများမှာ ခွဲခွာ ရစ်ခဲ့သော ချစ်သူကိုသွားမြင်စေ၏။

အချစ်ဆိုတာဒါပဲ၊ နေမင်းကြီးအောက်မှာနေကြတဲ့ မိန်းမ ယောက်ျားတွေ၏စိတ်ကိုပြောင်းလဲစေသောအရာဖြစ်သည်။

သို့ရာတွင် ထိုအရာသည် မေ့ကို မပြောင်းလဲစေခဲ့။ သူသည် ထူးကဲသော ကာမရမ္မက်ကို အဖော်တစ်ယောက်ထံတွင် မြှုပ်နှံခဲ့လေပြီ။ သို့ ရာတွင် မေသည် မပြောင်းလဲ၊ သူ့ကိုယ်ကို အပ်ခဲ့၏။ သို့ရာ တွင် သူ့စိတ်ကို သူသာပိုင်သည်။ ညအတွေ့ကြောင့် အရောင်ပိုတောက် လာ၏။

ပေါင်းစပ်၍မရသော ကာမရမ္မက်သဘောနှင့် ပညာဉာဏ်ကို ယှဉ်တွဲလိုသော ရည်ရွယ်ချက် မေ့တွင် ဘယ်တော့မှမရှိပေ။ သူသည် ကာမရမ္မက်ကြီးနေသောအခါ၌ အခြားလူသတ္တဝါတွေ ကာမရမ္မက်ကြီး ကြသလို ကာမရမ္မက်ကြီးမည်ဖြစ်လေသည်။ ပညာနှင့် ကာမရမ္မက်မှာ တခြားစီဖြစ်သည်။ ကာမရမ္မက်တွင် အဆင့်အတန်း ခွဲခြားခြင်းမရှိ၊ ငယ်ငယ်နှင့်ကြီးကြီးဟူ၍သာခွဲခြားနိုင်သည်။ ပြီးတော့လည်း ပြီးသွား သောအရာမျိုးဖြစ်လေသည်။ဘသိန်းကို နောက်ဘယ်တော့မှတွေ့ရလိမ့် မည်မဟုတ်ဟု သူထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် (၃၇)လမ်းမှ ထွက်လာခဲ့သောအခါ၌ ရန်ကုန်မြို့ကြီးမှာ အရင်ကလိုပဲ ခမ်းနားသိုက်မြိုက်ပေသည်။ သူသည် ပဲခူးမှ ထွက်လာသောအခါ သူ့စိတ်သည်လေလျက်ရှိ၏။ ယခုမူ ဘာကြောင့် စိတ်လေသည်ကို သူ နားလည်လေပြီ။ သူသည် တပ်မက်ခြင်းကား သွေးဆောင်သည်ကို သူ အရှုံးပေးခဲ့သည်။ နောက်ဆုံးမှာ သူသင်ခန်းစာ ရလေပြီ။

တံခါးခေါက်သံသည် သူ့အတွေးကို နှောင့်ယှက်၏။

"ဘွန်းဝင်ခဲ့ပါလေ"

တံခါးသည် နောက်တစ်ခါ တစ်လက်မလောက် ဟလာပြန်၏။

မေသည် တံခါးဆီသို့သွားကာ ဖွင့်လိုက်လေသည်။

တည်းခန်းဆောင်မှူး ဒေါ်တင်မေကို တွေ့ရ၏။ မေသည် ပြုံးလေသည်။

"ဩော်... မေ"

"ဟုတ်ကဲ့"

"ကျန်းမာပါရဲ့နော်"

မေသည် ရယ်မောကာ ကျန်းမာကြောင်း အဖြေပေးလေသည်။ သူသည် ဒေါ်တင်မေ၏အပြုအမူကို အံ့သြနေ၏။ ဒေါ်တင်မေသည် တံတွေးကိုတစ်ချက်မြိုကာ မေညွှန်ပြသော ကုလားထိုင်တွင် ဝင်ထိုင်လေသည်။

"ဩော်ဒါနဲ့ ပြောဖို့တစ်ခုမေ့နေတယ်။ ညက မေ ဒီမှာ မအိပ်ဘူး။ သူငယ်ချင်းတစ်ယောက်က အတင်းခေါ်တာနဲ့ သူ့ဆီမှာပဲ အိပ်နေရတယ်"



ဒေါ်တင်မေသည် ရင်ကော့လိုက်၏။

"ဒီကပြောဖို့ရာတစ်ခု မေ့နေတယ်။ ဒီတည်းခန်းဆောင်ဟာ ဂုဏ်သရေရှိ အမျိုးသမီးများနေကြတဲ့ တည်းခန်းဆောင်ဆိုတာ ပြောမလို့ပါဘဲ"

မေသည် သူ့ကိုငေး၍ကြည့်နေ၏။

"မိန်းမကလေးအပျိုအရွယ် တစ်ညလုံးပြန်မအိပ်ဘဲ၊ နောက်တစ်နေ့ ညနေ(၆)နာရီမှ ပြန်လာတာမျိုးဟာ"

"အခုမှ ငါးနာရီခွဲပါသေးတယ်" ဟု မေသည်ပြုံးကာ လက်ပတ်နာရီကို မြှောက်၍ပြ၏။

"အချိန် ဒီလောက် သေချာတာက အရေးမကြီးပါဘူး"

"ဒါပေမယ့် မေ မနက်ဖြန် ဒီကပြောင်းမယ်စိတ်ကူးပါတယ်။ မြို့ထဲကသူငယ်ချင်းကလည်း သူ့ဆီလာနေပါလို့အတင်းခေါ်နေတယ်"

ဒေါ်တင်မေ မေ့အခန်းမှ ပြန်လာသောအခါ၌ ရီရီ၊ အမြ၊ မခင်ဝင်း၊လီလီတို့သည် မေ့အကြောင်းကို ဝိုင်း၍မေးကြ၏။ သူတို့သည် ထင်မြင်ချက်များပေးကြ၏။

ဘယ်သူဘာပြောပြော ထိုည၌တည်းခန်းဆောင်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်၍ အပျော်ဆုံးမှာ မေပင်ဖြစ်လေသည်။

(၈)

နောက်တစ်နေ့ နံနက် အိပ်ရာနိုးလာသောအခါ၌ မေသည် ခေါင်းနည်းနည်းအုံ၍နေလေသည်။

မှန်တွေပေနေသော ခန်းဆီးကြားမှ နေရောင်သည် အိပ်ရာပေါ်သို့ထိုးလျက်ရှိ၏။ လမ်းမပေါ်မှ မြင်းနှင့်ကုလား အော်သံများကြား ရ

www.burmeseclassic.com

www.burmeseclassic.com



၏။ ဘသိန်းကား ဝေးသောအတိတ်တွင် မှေးမှေးသာ ထင်ကျန်ရစ်ခဲ့လေပြီ။ ဘသိန်းကို နောက်ထပ်တွေ့ချင်သောစိတ် အလျှင်းမရှိတော့။ သူသည် တပ်မက်ခြင်း၏ဆွေးဆောင်မှုကို လှပစွာ အရှုံးပေးခဲ့သဖြင့် ဝမ်းသာ၏။

သို့ရာတွင် ယခုကရမည့်ဇာတ်မှာ သာ၍ ခက်ခဲသေး၏။ မခင်စီတို့ အိမ်သူအိမ်သားများနှင့်ဘယ်လို စခန်းသွားမည်။ ကိုကျော်မြင့်က သူ့ကိုဘယ်လိုနှုတ်ဆက်မည်၊ စသည်တို့ကား လာမည့် အချိန်က ဖော်ပြလိမ့်မည်။ သူ့အကြံအစည်များသည် အောင်မြင်ရမည်ဟု သူယုံကြည်သည်။

နံနက်စာ ထမင်းစားပြီးသောအခါတွင် မေသည် ပျော်နေလေသည်။ ပျော်လွန်း၍ ထမင်းစားခန်းမှ သူ့အခန်းသို့အသွား ပမ်းလှေကားတွင် ရီရီနှင့်တွေ့ရာ ပြုံး၍ပင် နှုတ်ဆက်မိလေသည်။ ရီရီသည် သူ့ကို ပြန်၍ပြုံးကာ နှုတ်ဆက်၏။

"ဒီနေ့ပဲ ဒီကပြောင်းတော့မယ်ကြားပါတယ်"

"ဟုတ်ကဲ့ ဒီနေ့ညပဲ"ဟု မေကဖြေ၏။

"ခဏလေးပဲနေပါလား"

"ဟုတ်ကဲ့ သုံးရက်ဆိုပါတော့"

"ရန်ကုန်မှာ မပျော်လှဘူးထင်တယ်"

"မဟုတ်ပါဘူး၊ မေ ရန်ကုန်မသွားပါဘူး၊မေ့ သူငယ်ချင်းက ပတ်လမ်းမှာနေတယ်။ အဲဒီကိုသွားမှာပါ"

ရီရီ၏မျက်လုံးသည် ဝင်း၍သွားလေသည်။ ပတ်လမ်းတန်ဖိုးကြီးဈေးမှာဖြစ်၍ အထက်တန်းစားများသာ နေထိုင်သောရပ်ကွက်ဖြစ်လေသည်။ ရီရီသည် မေ့ကိုအထင်ကြီး၍ သွားလေသည်။



မေသည် ဂုဏ်သရေရှိထဲကဟု အသိအမှတ်ပြုလိုက်လေသည်။

□□□

မေသည် မြင်းရထားတစ်စီးနှင့် ပတ်အဗင်းနယူးဘက်သို့ သွားသောအချိန်မှာညနေအေးကလေးဖြစ်လေသည်။ မေသည် မြင်းရထားပေါ်မှ အိမ်နံပါတ်များကိုကြည့်သွားလေသည်။ ၁၂ ပတ်လမ်းတွေ့ပြီ။ "ဘယ်လောက်ခွဲ့ညားဂုဏ်ရှိသလဲ" မေသည် ပထမတော့ လန့်သွားလေသည်။ မသွားဝံ့ဝံ့၊ သွားဝံ့ဝံ့ဖြစ်နေ၏။ ကိုကျော်မြင့်တို့ မခင်စီတို့ ရှေ့မှာ ယဉ်ကျေး၍ အပြစ်ကင်းသည့်ဟန် ပြရမည်ကို လန့်နေ၏။

နောက်ဆုံး၌ သူသည် စိတ်ကိုဆုံးဖြတ်ကာ ခေါင်းလောင်းကို ဒင်...ဒင်...ဒင်မြည်အောင် နှိပ်လိုက်လေသည်။ လှေကားမှ ခြေသံကို ကြား၍၏။ ဟုတ်သည် မခင်စီအိမ်မှာပဲရှိသည်။ အစေခံသည် သူ့ကို ကျယ်ဝန်းသော ဧည့်ခန်းဆီသို့ ခေါ်သွားလေသည်။ အခန်းမှာ ဆိုဖာ၊ ကော်ဇော, စားပွဲကုလားထိုင်, မီးပွင့်များ စသော အိမ်ထောင်ပရိဘောဂ အရောင်တို့ဖြင့် ဖိတ်ဖိတ်တောက်နေကြ၏။

ခမ်းနားတင့်တယ်သော ပတ်ဝန်းကျင်ကို မြင်သောအခါ၌ ဝီစိကီဇ္ဈာများသည် ပျက်ကွယ်၍သွားကြလေသည်။ ကာမရမ္မက်အတွေ့ သူကြုံခဲ့ရပြီ။ လောကတွင် ထိုထက်နေပျော်ဖွယ်ကောင်းသောအရာများ အလယ်တွင် ထိုကာမရမ္မက်သည် ဘာမျှအသုံးမကျတော့ပြီ။ ထိုညက သူပီတိကြည်လျှမ်းခြင်းမှာ စင်စစ် ဘသိန်းထက် မြင့်မြတ်သည့် အထင်ရှိခြင်းကြောင့် တစ်ကြောင်းဖြစ်၏။ သူ့ထက်ယုတ်ညံ့သေးသိမ်သော သတို့သားကို လှည့်ဖြားသော မင်းသမီးလေးလို သူ သဘောထားသည်။ အကယ်၍သာ မသန်းကြည်နောက်လိုက်လျှင် သူကလည်း

www.burmeseclassic.com

www.burmeseclassic.com



မသန်းကြည်လိုပင် ပေါ့ပေါ့လေလေအပျက်ဘဝသို့ ရောက်သွားမည်ဖြစ်လေသည်။ ယခုကား ကာမရမ္မက်တို့မှ ကင်းလွတ်လျက်။ နောင်အဖို့ ကောင်းဖို့သာရှိတော့သည်။

"မေ"

မခင်စီသည် သူ့ကိုလာဖက်လေသည်။သူငယ်ချင်းနှစ်ယောက်သည် ဝမ်းသာလျက်ရှိကြ၏။

"မေ အခုဘာလုပ်နေသလဲ"

မေသည် သက်မချ၏။

"အခုတော့ ရေစီးရာမျောနေတာပဲ"ဟု မေက ဖြေလေသည်။ သူပြောသည်မှာ အလွန်မှန်ကန်သည်။

"မေ မကြည့်ရတာ မမှာသလိုဘဲ။ နောက်ကို မေ အိမ်ထဲမှာ ကျကျနန နေရတော့မှာပဲ၊ အို မေကတော့ စိမ့်အတွက် ဘယ်လောက်ပူရသလဲဆိုတာ သိမှာမဟုတ်ဘူး။ ဒီက သိပ်စိုးရိမ်ကြတာ။ ကိုလူကြီးဟာကော"

မခင်စီမှာ မျက်ရည်ကလေးပင် လည်လာ၏။ မေသည် ရင်ကိုဆုလိုက်၏။

"အခုနေ ဒါတွေမပြောကြနဲ့ပေါ့ဟုတ်လား၊ ဒို့ပြင် အကြောင်းတွေပြောကြမယ်။ အိမ်မှာဘယ်သူမှ မရှိကြဘူး မေရဲ့။ ကိုကိုလည်းတောသွားနေတယ်။ မနက်ဖြန်မှ ပြန်ရောက်မှာ။ ကိုကိုပြန်လာလို့မေ့တွေ့ရင် သိပ်ဝမ်းသာမှာပဲနော်၊ လာ လာမေ၊ ကော်ဖီသောက်ရအောင်" လက်ဖက်ရည်ပွဲရောက်လာ၍ သူတို့သည် အိစက်သောဆိုဖာပေါ်တွင်ထိုင်ကြလေသည်။ သူတို့သည် တွေ့ရာတွေကို ပြောကြ



၏။ မခင်စီက သူ့ကိုကိုအကြောင်းရော၊ သူ့အကြောင်းရော အဆက်မပြတ်ပြောလေသည်။ "ကဲ... မေစီတော့ပြီးပြီ။ မေ့အကြောင်းများလည်းပြောစမ်းပါဦး။ ကြားချင်လှပါပြီ"

မေသည် သူ၏ ပြီးမြောက်သော တတ်ပွန်လိမ္မာမှုဖြင့် သူ့ရာဇဝင်ကို အလင်္ကာဂုဏ်မြောက်စွာ ပြောပြလေသည်။ စင်စစ်သူပြောပြသော ရာဇဝင်မှာ နားထောင်ကောင်းအောင် တန်ဆာဆင်ထားသောထိုးဇာတ်ဖြစ်လေသည်။ ပဲခူးလူကုံထံပိုင်းက သူ့ကို မနာလိုပုံ။ နင်းနှင့်ဝင်းတို့က ငြူစူပုံ၊ ဒေါ်ငြိမ်းခင်က တင်းမာပုံ၊ နောက်ဆုံးညတစ်ညတွင် ဦးဘေမောင်က သူ့ကိုနမ်းရန်အားထုတ်ပုံတို့ပါ ပါလေသည်။

ဤနေရာသို့ ရောက်သောအခါ မေသည် သူ့မျက်နှာကို ငုံ့ကာ လက်နှင့်ကွယ်အုပ်ထားလေသည်။ ဝမ်းနည်းကြေကွဲလှသောကြောင့်မဟုတ်။မခင်စီက တစ်ခွန်းတစ်ပါဒမျှ ပြန်မမေးဘဲ သူပြောသမျှကို အကြွင်းမဲ့ယုံကြည်သည်ကို မခံနိုင်သောကြောင့်ဖြစ်လေသည်။

"မေ...မေ ဒီအကောင်ကြီးဟာ သိပ်ယုတ်မာတာပဲ၊ တရားစွဲဖို့ကောင်းတယ်။ မေရယ် ဝမ်းမနည်းပါနဲ့" မခင်စီသည် လက်ကိုင်ပဝါ အဝါနုကလေးနှင့်မျက်လုံးကိုပွတ်၏။

"ကဲ... အခု မေဒီရောက်နေပြီ မဟုတ်လား"ဟု မေက ပြောကာ မခင်စီကို ဖက်လိုက်လေသည်။

"နောက်ကို ကိုယ်တို့တစ်တွေပျော်ကြဖို့ပဲ ရှိတော့တယ်။ မေလည်း ဒီမှာ မပျင်းမချင်းနေပေတော့"

"စိမ့်အပေါ်ကို ဒီလောက်ကောင်းမနေပါနဲ့ကွယ်"မေသည် သက်ပြင်းချ၏။

www.burmeseclassic.com

www.burmeseclassic.com



"စိကသာ မေ့ကို ဒီလိုဆိုးတဲ့အရပ်မျိုးလွှတ်တာ စိတ်မကောင်းဖြစ်နေတာ၊ မေ့ကို သိပ်တားဖို့ကောင်းတယ်"

မေက ပြုံးလေသည်။

"အခု မေသိပ်ပျော်တယ်"ဟုဆိုကာ မေသည် ပန်းဝတ်ရည်ကို စားသုံးရသော လိပ်ပြာကလေး၏ အမူအရာဖြင့် စားပွဲပေါ်မှ ပလိန်းကိတ်တစ်တုံးကို ယူစားလိုက်လေသည်။

မခင်စီမှာ မေရောက်နေသည့်အတွက် ဝမ်းသာ၏။ မေနှင့်အတူ ပွဲတွေလမ်းတွေသွားလိုက်မည်၊ ဘယ်သွားမည် စသည်ဖြင့် စိတ်ကူးယဉ်၍နေ၏။ သူ၏ ဂုဏ်သရေရှိ မိတ်ဆွေများနှင့် အသိဖွဲ့ပေးလိုက်မည်။ မေ့အတွက်လည်း အဝတ်အစားကောင်းကောင်းတွေ ဝယ်ပေးမည်။

"မေအခု အရင်လိုပဲ လက်ကောင်းသေးတယ်မဟုတ်လား။ မေကတော့ အမြဲလက်သံကောင်းမှာပါပဲ"

အမှန်မှာ မေသည်မည်မျှ အကျိုးကျေးဇူးရလိုက်မည်ကို တွေးနေဆဲဖြစ်၏။ မေသည် ဂီတစိတ်ညွတ်လာသဖြင့် သူ၏မျက်လုံးပြာများသည် ကြည်လင်၍လာ၏။ စကားပြောရတာ ပျင်းသဖြင့် စန္ဒရားတီးချင်လေသည်။

"သူများ အတီးသင်နေတာနဲ့၊ ကိုယ်တီးဖို့တောင် မေ့နေပါပြီ၊ တီးလို့မှရပါ့မလား မပြောတတ်ဘူး"ဟု မေက ပြောလေသည်။

"ရမှာပေါ့မေရဲ့၊ စို့ ပီယာနိုကို စမ်းကြည့်စမ်းပါဦးလား။ ဒါပေမယ့် မေ ခရီးပန်းနေလျှင်တော့ မပြောချင်ပါဘူး။ အခုနေအခါမှာ မေ လုပ်ချင်တာကိုလုပ်၊ မလုပ်ချင်တာ မလုပ်နဲ့"



"အို... မေကတော့၊ ပီယာနိုတီးရမှာကို အမြဲစိတ်ပါတယ်"

သူတို့သည် စန္ဒရားထားသောအခန်းကြီးထဲသို့ သွားကြလေသည်။အခန်းမှာ ချောကလက်ရောင် ခန်းဆီးများဖြင့်လှပ၏။ ကုလားထိုင်စားပွဲများမှာ သားနားရ၏။ စန္ဒရားမှာ ဆောဘီဂရင်း ဖြစ်လေသည်။

"ကဲ... ဘာသီချင်း တီးရမှာလဲ"ဟု မေက စန္ဒရားခုံပေါ်တွင် ထိုင်ရင်းမေး၏။

"မေ့ သဘောပေါ့"

မခင်စီသည် အိညံ့သောကူရှင်ကြားတွင်မြုပ်ကာ နားထောင်နေလေသည်။ မေသည် ဘာသီချင်းကိုတီးရမှန်းမသိ။ လွန်ခဲ့သော တစ်ရက်နှစ်ရက်အတွင်းက သူ့အရောင်ကို ဆန်းကြယ်စွာ ဆေးခြယ်ပေးထားသဖြင့် ဘယ်ဘက်သို့ စိတ်ညွတ်သည်ကို မတွေးတတ်အောင်ဖြစ်လေသည်။ သို့ဖြစ်လေရာ မေသည် တွေ့ကရာ လျှောက်စမ်းလေသည်။ နောက်ဆုံး၌ သီချင်းတစ်ပုဒ်ကို စတီးလေသည်။ နောက်တီးသံပြောင်းသွား၏။ အလိမ့်အတွန့် အကွေ့အကောက်တွေပေါ်လာ၏။ နီရဲသော ချည်မျှင်တို့သည် အရောင်မျိုးစုံမွန်းထားသော ပန်းပွင့်အခက်အလက်သဏ္ဌာန်များထဲတွင် ရက်ဖောက်၍သွားကြ၏။ သူ၏ ကျဉ်းမြောင်းသော ဘဝတွင် နှောင်ဖွဲ့ထားသော စိတ်အသွင်များကို တေးဂီတဝယ် ဖော်ကျူးနေလေသည်။ သူ၏အတွင်းသဏ္ဌာန်မှ ဝေဒနာအမှတ်များသည် ဖြူနုသော လက်ချောင်းများမှတစ်ဆင့် စန္ဒရားခလုတ်များပေါ်သို့ ကူးရောက်သွားလေသည်။ သူသည်ရပ်ကာ မော့ကြည့်လိုက်၏။

တံခါးဝတွင် ကိုကျော်မြင့်နှင့် သူမသိသော ယောကျ်ားကြီးတို့ ရပ်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မခင်စီသည် ကုရှင်ပေါ်မှ ထလိုက်လေသည်။

"ကိုကိုက ဖြုန်းဆိုရောက်လာတာကို၊ စီက ကိုကို တောမှာပဲ ရှိဦးမယ်ထင်နေတာ"

သူ၏မျက်လုံးများသည် မေ့အပေါ်ကိုသာ ရောက်နေလေသည်။

မခင်စီသည် မေ့ဘက်ကို လှည့်ကာ "မေမေ ဒါက မေဆိုတာ၊ မေ ဒါ စီတို့မေမေ" ဟု မိတ်ဖွဲ့ပေးလေသည်။

"မိတ်ဖွဲ့ပေးဖို့မလိုပါဘူး" ဟုပြောရာမှ ရယ်မော၍ "စီက ခဏ ခဏ ပြောနေတော့ လူမမြင်ဖူးပေမယ့် မေဆိုတဲ့ နာမည်ကတော့ ကြားနေတာကြာလှပါပြီ"

မေသည် ပြုံးကာ ယဉ်ကျေးသော ဣန္ဒြေဖြင့် ကောဖော်ကို စိုက်ကြည့်နေလေသည်။ အမှန်မှာ မေသည် အနေရခက်နေသည်။ သူ ယူမည်ဟုမှန်းထားသောသူနှင့် အဖေနမအလယ်တွင် ရင်ဆိုင်တွေ့နေပြီ။

"စီကတော့ သူ့သူငယ်ချင်း သူ့ဆီလာနေမယ်လို့ ပြောနေတာ၊ အခု မေရောက်လာတော့ သိပ်ပျော်မှာ၊ မေလည်း ပျော်သလောက်နေပေတော့"

မခင်စီတို့ အဖေ ဦးဘဟန်မှာအလွန်သဘောကောင်း၏။ မေသည် သူ့ကိုကျေးဇူးတင်စွာဖြင့် ကြည့်လေသည်။ ကြင်နာစိတ် ကြွယ်ဝပုံမှာကိုကျော်မြင့်နှင့်တူသည်။ သူ့မျက်လုံးများမှာ ထက်မြက်သည်။

"မေ ...ဒီလာတာသိပ်ဝမ်းသာတာပဲ။ ဒီကတော့ မေ ဘယ်လိုများနေမယ်ဆိုတာ တွေးနေကြတာ" ဟု ကိုကျော်မြင့်ကပြော၏။



သူတို့များ သိသွားလျှင် ...။

"မေတော့ အလုပ်ကလည်းထွက်လိုက်ပြီ၊သူတို့ဆီမှာ နေရတာ သည်းမခံနိုင်တော့ဘူး"

"ဟုတ်တယ်၊ကျွန်တော်လည်းသူတို့ကြည့်ရတာ ဘယ်လိုဟာတွေမှန်းမသိဘူး"

မေသည် လက်အချင်းချင်းပွတ်နေ၏။

"အေးနေကြဦး၊ မနက်ဖြန် ဆီနိတ်တာ အစည်းအဝေးက ကိစ္စတွေရှိသေးတယ်" ဟု အကြောင်းပြကာ ဦးဘဟန်သည် နေရာမှ ထ၏။

"ကဲ ... မေခဏနေဦးနော်၊ စီ အောက်သွားဦးမလို့၊ ကိုကို ညီ့သည်ကို စကားပြောနေရစ်ဦးနော်" ဟု ပြောကာ မခင်စီသည် သူ့အဖေနှင့် လိုက်သွားလေသည်။

မခင်စီ၏အပြုအမူမှာချီလွန်းလှသည်။ မေသည် ကိုကျော်မြင့်အတွက် သူ့ကိုယ်ကိုပြင်ဆင်လေသည်။ မျက်နှာမှာ ပေါင်ဒါနည်းနည်းပျက်နေ၍ ဆံပင်တွေမှာလည်း ဖွာ၍ ရှေ့သို့ကျနေ၏။

"ဝင်လာခါစတုန်းက မေ ဘာသီချင်းတီးနေတာလဲ" ဟု ကိုကျော်မြင့်က မေးလေသည်။

"အလကားပါ သီချင်းရယ်လို့ မဟုတ်ပါဘူး။ ထင်ရာလျှောက်စမ်းနေတာပါ"

ကိုကျော်မြင့်မှာ မေ့ကို နတ်သမီးကလေးဟု အောက်မေ့နေလေသည်။ "လျှောက်စမ်းတာ ဟုတ်လား၊ သိပ်နားထောင်လို့ကောင်းပါလား" သူသည် အတိအလင်းပင်ပြော၏။

"နောက်ပြီး လက်သံက စိတ်ညစ်နေတုန်း တီးသလိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



မေသည် ရှေ့သို့ကျလာသော ဆံနွယ်ဆံညွှန့်များကို လက်ဖြင့် အသာပယ်ပစ်၏။

"ဟုတ်တယ် တီးရတာ တစ်မျိုး၊ အရင် ကိုကျော်မြင့်တို့ ပဲခူးလာလည်တုန်းက တီးရတာလိုဟန်မကျဘူး။ ဒါ ထားလိုက်ပါဦး။ ကိုကျော်မြင့်တို့အကြောင်းများ ပြောစမ်းပါဦး။ ကိုကျော်မြင့်တို့တော့ အစစအရာရာ ပြည့်စုံတဲ့လူဆိုတော့ စိတ်ချမ်းသာမှာပဲ"

ကိုကျော်မြင့်မှာ ကျေးဇူးတင်စွာနှင့် ရန်ကုန်မှာ သူဘယ်လိုနေသည်ကို မေ့အားပြောပြလေသည်။ မေသည် နားထောင်ရင်း ကိုကျော်မြင့်ကို ဘသိန်းနှင့် နှိုင်းယှဉ်ကြည့်မိလေသည်။ ယောကျ်ားအဖြစ်နှင့်ဆိုလျှင် ဘသိန်းက အပုံညံ့သည်။ မေက ယောကျ်ားများကို နှစ်မျိုးနှစ်စားခွဲသည်။ ပထမအမျိုးမှာ ချစ်ရည်တွနှင့် ကြင်မည့်ချစ်သူဖြစ်၍၊ ဒုတိယအမျိုးမှာ နေရေးထိုင်ရေးကို ထောက်ပံ့မည့်သူဖြစ်၏။ ယောကျ်ားမှာပိုက်ဆံရှိလျှင်ရှိ မရှိလျှင် အဆင်းလှရမည်ဖြစ်လေသည်။ ကိုကျော်မြင့်မှာ ဘသိန်းထက် လှ၏။ ကြည့်ကောင်း၏။ သို့ရာတွင် ဘာခုလိုနေသည်။

ကိုကျော်မြင့်သည် တဖြည်းဖြည်း မေ့အပါးသို့ ကပ်ကပ်လာ၏။ သူ့ကို ချစ်စကားပြောမလား မပြောတတ်။ တံခါးမှ ခြေသံကြားသဖြင့် ကိုယ်ကိုမတ်လိုက်၏။

မခင်စီ ရောက်လာလေသည်။

"ကိုကို နေဦးနော်။ မေ့ကို သူ့အခန်းလိုက်ပြရဦးမယ်။ သူခမျာ ရောက်ကတည်းက မနားရသေးဘူး။ ခရီးလည်းပန်းနေမှာပဲ"

မေသည် ကိုကျော်မြင့်ကိုပြုံး၍ လှမ်းကြည့်ကာ၊ မခင်စီနှင့် အတူ အပေါ်ထပ်တက်လိုက်သွားလေသည်။



တစ်ယောက်တည်းကျန်ရစ်ခဲ့သောအခါ ကိုကျော်မြင့်သည် မေသူ့ကို ဘယ်လိုအောက်မေ့မလဲဟု တွေးလေသည်။ အကယ်၍သာ မခင်စီဝင်မလာလျှင် သူသည် ချစ်စကားပြောမိမည်ဖြစ်၏။ ပြောလျှင် မေက ဘယ်လိုပြေမည်နည်း။

သူသည် စိတ်ကောင်းရှိ၍ ရိုးသားသူဖြစ်လေရာ မေက သူ့ကို လက်မလက်ခံပါမလားဟု သံသယဖြစ်လေသည်။ သူသည် ပိုက်ဆံလည်းရှိ၏။ သို့ရာတွင် မေလို မိန်းကလေးများက ငွေကို ဂရုစိုက်မည်မဟုတ်ဟု သူထင်၏။ သူ့ကို မကြိုက်စရာတော့မရှိဟု သူ အောက်မေ့၏။

သူသည် အပေါ်ထပ် သူ့အခန်းသို့ အဝတ်လဲရန် တက်သွားလေသည်။ မေမှာ သူနှင့် တစ်အိမ်တည်းနေလေပြီ။ သူသည် မေ့ကိုသာ တွေး၏။ မေ... မေ...မေ့ ကိုသာ သူစဉ်းစား၏။

(၉)

ကန်တော်ကြီး သစ်ပင်ကြီးသစ်ပင်ကြား၊ ပန်းပင်ကြို ပန်းပင်ကြားမှ နံနက်လေသည် အခန်းဆီးစာပန်းပေါက်ကို ဖြတ်သန်းကာ မေ၏ဆံပင်အတွန့်ကလေးများကို ဆော့ကစားနေကြ၏။ မေ သည် မခင်စီနှင့်မြို့ထဲ ဈေးဝယ်သွားရန် အလှပြင်လျက် ရှိ၏။ မခင်စီတို့ အိမ်သူအိမ်သားများက မေ့ကို ချစ်ခင်သော မေတ္တာမြတ်ရေစင်ကြောင့် မေ၏မျက်နှာလန်းဆန်း၍နေလေသည်။ မနက်ဖြန်သူတို့ အဖေဦးဘဟန်က ဆီနီတ်တာများကို လက်ဖက်ရည်ပွဲ တည်ခင်းကျွေးမွေးမည်ဖြစ်၍၊ မေ့အတွက် အဝတ်အစားများကို မခင်စီက ဝယ်ပေးရန်ဖြစ်၏။

"ဟေး မေ ပြီးပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ရက်စ်"

မခင်စီသည် တံခါးဝမှစောင့်နေ၏။ မခင်စီသည် မနက်ခင်းနှင့် လိုက်လျောအောင် နှင်းပွင့်ရောင်ကွတ်အင်္ကျီကို ခြုံထား၏။ သူငယ်ချင်းနှစ်ယောက်သည် အောက်ထပ်သို့ဆင်းသွား၏။ သူတို့သည် ကားပေါ်သို့တက်ကြ၏။

"ကဲ... ဘယ်သွားမှာလဲဆရာ"ဟု မေက မေး၏။

"ပိုးထည်ဆိုင်ကိုပေါ့"

"စီ သိပ်ဖြုန်းနေပါလား"

"မဖြုန်းဘူးရှင်၊ မေဖို့ အဝတ်အစားဝယ်ရမှာ"

"မေ စိုကို သိပ်အားမနာရစေနဲ့ကွယ်" ဟု ပြုံးရင်း မေက ပြောလေသည်။ ကားသည် စကော့ဈေးဘက်သို့ မောင်းသွားလေသည်။

သူတို့သည် အဝတ်အထည်ရောင်းသော ဆိုင်အတွင်းခန်းကလေး၌ အင်္ကျီလုံချည်များကို ကြည့်ရှုလျက်ရှိကြလေသည်။ ဈေးရောင်းသူသည် အဆင်အသွေး အစားစားကို ပြသလေသည်။ မခင်စီက ဘယ်အရောင်က ဘယ်လို၊ ဘယ်အကွက်က ဘယ်လိုဟု အကြံပေး၏။

"မေလိုချင်တာက အဆင်နုနုရိုးရိုးအပြာနဲ့ အစိမ်းတွဲစပ်ထားတဲ့ အသွေး"

"ခဏနေဦးနော်"

သူသည် ဘေးတွင်တစ်ဝက်မြင်ရသော အခန်းငယ်ကလေးသို့ဝင်သွားပြီး အတန်ကြာလျှင် အထည်တစ်ပွေ့တစ်ပိုက်ကြီး ယူလာကာ ပြလေသည်။ မခင်စီသည် အထည်များကို တစ်ခုပြီးတစ်ခု ယူကြည့်၏။



"ဒီအဆင်က အတွန့်ကလေးတွေ များလွန်းတယ်။ နောက်ပြီး အပြာက နည်းနည်းရင့်တယ်"

"မေကြည့်စမ်း၊ ဒါလေးက လှချင်သားနော်၊ အခက်တွေက ကြီးနေလို့"

မေသည် အဝတ်အထည်များကို အကဲဖြတ်သော မျက်လုံးဖြင့်ဆင်ခြင်ကြည့်၏။သူတို့သည် တော်တော်နှင့်စိတ်တိုင်းကျမတွေ့ကြ။ နောက်ဆုံးအစွန်မှ တစ်ထည်ကိုတွေ့လေသည်။ ပိတ်ထားသော ပြတင်းပေါက်တရုတ်ကပ်အကြားမှ နေရောင်သည် အထည်ပေါ်သို့ ကျရောက်နေရာ အဆင်အသွေးသည် သူ့အလှဂုဏ်ကိုဖော်ကြွားနေ၏။ထိုအဆင်မှာ ပြာသောတိမ်တိုက်ကို နောက်ကျောခံသော ပန်းခက်အစိမ်းများသဏ္ဌာန်ဖြစ်လေသည်။

"ဟော"

မေသည် ရှေ့သို့တိုးကာ အထည်ကို ကိုင်ကြည့်၏။

"စီရေ ကြည့်စမ်းဟော့"

"ဟာ သိပ်လှတာပဲ"

မေသည် သူ့အထည်ကို အတော်သဘောကျနေလေသည်။ သို့နှင့်ပင် နောက်တစ်ရက်သို့ကူးကာ လက်ဖက်ရည်ပွဲ ကျင်းပမည့်ညသို့ ရောက်လာလေသည်။ ထိုညနေ၌ မေသည် သူ့အခန်းတွင် ရှေ့မှန်နောက်မှန်နှင့် အလှပြင်၍နေ၏။ ဒီည လောကကြီးနှင့် တွေ့ရတော့မည်။ မနေ့ကဝယ်လာခဲ့သော လုံချည်မှာ ကျက်သရေရှိလှသည်။

မခင်စီမှာ ကျေနပ်၏။ "မေ ဒီတစ်ခါလောက် ကျက်သရေရှိတာ တစ်ခါမှမတွေ့သေးဘူး"ဟုပြောကာသူ့အခန်းသို့ အလှပြင်ရန်

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားလေသည်။

ထိုညတွင် မေ အတော်ပျော်လေသည်။ သူ မခင်စီတို့အိမ်ရောက်သည်မှာ တစ်လလောက်ရှိသွားပြီ။ ကိုကျော်မြင့်က သူ့ကိုချစ်သည်။ ဦးဘဟန်က သူ့ကိုကြည်ဖြူသည်။ မခင်စီကသူ့ကို သဒ္ဓါသည်။ ရုပ်ရှင်သို့ သူ့ငွေတစ်ပြားမှ မကုန်ရဘဲသွားရသည်။ ဦးဘေမောင်ထံမှ တစ်ပတ်ရိုက်၍ရထားသော ငွေသုံးရာမှာ သူ့သေတ္တာထောင့်တွင် နေရာမပျက်ရှိသည်။ နီလာရင်ထိုးမှာလည်း တရိုတသေ သိမ်းထားသော့နေရာတွင်ရှိသည်။

ဒီည ရင်ထိုးလေးကို ရင်ဘတ်တွင် တင်ရမည် လော။ ကိုကျော်မြင့် သူ့ရင်ဘတ်ကို မသိမသာလှမ်းကြည့်၍ မမြင်သောအခါ သူစိတ်ပျက်သွားသည်ကို သူတွေ့သည်။ အခုနေ ရင်ထိုးကလေး ထိုးလိုက်လျှင် သူဘယ်လောက်ဝမ်းသာမလဲ။ အပြာနှင့်အစိမ်း၊ အစိမ်းနှင့်အပြာ တင့်တယ်သောအတွဲ။ တစ်ခုခက်သည်မှာ မခင်စီအတွက်ဖြစ်လေသည်။ မခင်စီက ဘယ်လိုပြောမလဲ။ သူ့ပစ္စည်းများကို မခင်စီ အကုန်သိသည်။ သို့ရာတွင် ရိုးသားသော မခင်စီကို ညာဖို့ရာ မခက်။ သူ့အမေကို သတိရသောအထိမ်းအမှတ် ရင်ထိုးကလေးဖြစ်၍ တရိုတသေသိမ်းထားသည်ပြောလျှင် ပြီးမည်ဖြစ်၏။

မခင်စီမှာ ယုံကြည်ရုံတွင်မက သူ့အမေလက်ဆောင်ပစ္စည်းကို အမြတ်တနိုးထားသည်ဟု အောက်မေ့လေသည်။ ယခုကဲ့သို့ပွဲတွင်မှ ထုတ်၍ဝတ်ဆင်သည်မှာ သူ့အမေအားဂုဏ်ပြုသည် မည်လေသည်။ ကိုကျော်မြင့်မှာ မေ့ ရင်ဘတ်တွင် နီလာရင်ထိုးလေးကိုမြင်သောအခါ ရှက်၍နေလေသည်။ သို့ရာတွင် အတွင်းကမူ ပီတိလျှမ်းလျက်ရှိလေသည်။



အချိန်ကျလျှင် ဧည့်သည်များ ရောက်လာကြလေသည်။ ပထမရောက်သူမှာ ဒုတိယအဓိပတိ ဦးဇော်ဝင်းနှင့် ဇနီးတို့ဖြစ်လေသည်။ နောက်ဆက်၍ ဆိုနိုက်တာ မင်းသားများ၊ အတွင်းဝန်ကလေးများ ရောက်လာကြလေသည်။ မေမှာ မခင်စီနှင့်အတူ ဧည့်သည်များကို ဖိတ်ခေါ်စကားပြောနေလေသည်။ နောက်မြန်မာအမျိုးသမီး အသင်းချုပ် ဥက္ကဋ္ဌဒေါ်သန်းအေး(ဘီအေ)ရောက်လာလေသည်။ ဒေါ်သန်းအေးမှာ မကြာသေးမီကပင် စာအုပ်တစ်အုပ်ရေးသဖြင့် နာမည်မွေးခါစဖြစ်လေသည်။ နောက်ဆုံးရောက်သူမှာ အေဂျင်လွှတ်တော်အမတ်ဦးဘညွန့်ဖြစ်လေသည်။ သူသည် နယ်မှဖြစ်၍ လယ်မြေအမြောက်အများ၊ ဆန်စက်များကိုပိုင်ဆိုင်၍ ကျိုကျိုတက်ချမ်းသာသော သူဌေးတစ်ဦးဖြစ်လေသည်။ သူသည် သတင်းစာတိုက်ကြီးတစ်တိုက်၌လည်း အစုရှယ်ယာတွေ အများဆုံးဝယ်ထားလေသည်။ သူသည် လူကုံထံပိုင်းဩဇာရှိသူတစ်ယောက်ဖြစ်လေသည်။ ကိုကျော်မြင့်သည် သူ့ကိုသဘောမကျပေ။ သို့ရာတွင်အလုပ်အကိုင်ပေးရာဘက်၌ အရေးပါအရာရောက်သဖြင့် အလိုက်သင့်နေရလေသည်။ မေသည် သူရောက်လာကတည်းက မျက်လွှာကိုအသာလှန်၍ကြည့်မိလေသည်။

"လက်ဖက်ရည်ပွဲစပြီ" ကြွေးကြော်လိုက်သဖြင့် ကိုယ်နေရာနှင့်ကိုယ် ထိုင်ကြလေသည်။ မေသည် သူ့အလိုကျအတိုင်း ဒေါ်သန်းအေး နှင့်ဦးဘညွန့်ကြားတွင်ရောက်နေလေသည်။ အားလုံးက မေ့ ကိုတစ်စေ့တစ်စောင်းကြည့်ကြ၏။ မေ၏ပုန္နေးသောရင်အုံမှာ ကခုန်၍နေလေသည်။ ဒီအတိုင်းသာသွားလျှင် ရှေ့ကို ဟန်ကျဖို့သာရှိတော့သည်။ မေသည် ဒေါ်သန်းအေးအား စာအုပ်အကြောင်း မေးလေသည်။ နောက်သူတို့သည် စာပေအကြောင်းကို ဆွေးနွေးကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သန်းအေးမှာ စာပေပြိုင်ပွဲများ၌ အကဲဖြတ် သမာဓိလူကြီး လုပ်ရသူဖြစ်၏။ သူသည် မေ စကားပြောပုံကို သဘောကျလာကာ နောက်ရေးမည့်စာအုပ်တွင် မေ့နာမည်ကို ထည့်ရကောင်းမလားဟု စဉ်းစားလေသည်။ မေနှင့်သူတို့ လေပေးဖြောင့်နေကြ၏။

"အိမ်ကို ထမင်းစားလာလည်ကြပါဦး"ဟု ဒေါ်သန်းအေးက ဖိတ်၏။ "မခင်စီလည်း သောကြာနေ့ လာမယ်တဲ့၊ ဦးဘဟန်ကြီး ခေါ်လို့တော့ အလကားပါပဲ။ သူက ဘယ်တော့မှ အိမ်မလည်ဘူး။ ဒါပေမယ့် မေ လာနော်"

"အိမ်မှာ စာအုပ်ကွေလည်း ဗီရိုကြီးတစ်ခုနဲ့ အပြည့်ပဲ"

နောက် သူသည် ဦးဘညွန့်ဘက်သို့လှည့်ကာ "ဒါထက် ဦးဘညွန့် စာပုံနှိပ်စက် ဥပဒေကြမ်းဟာ ဘယ်လိုလဲပြောစမ်းပါ"

ဦးဘညွန့်သည် သူသိသမျှ ရှင်း၍ပြလေသည်။ နောက် မေသည် သူ့ဖက်ကိုလှည့်ကာ အခြားစကားများကို ပြောလေသည်။ သူတို့သည် စစ်မက်ရေးရာအကြောင်းသို့ ရောက်သွားပြန်၏။ တစ်ဖက်တွင်ကား ဦးအဟန်နှင့် ဒုတိယ အဓိပတိတို့ စကားပြောနေကြ၏။

အပေါ်ထပ်သို့ ရောက်သောအခါ မခင်စီသည် မေ့ကို သီချင်းဆိုရန်ပြောလေသည်။ မေသည် မငြင်းသာဘဲ ဆိုလေသည်။ မခင်စီ သီချင်းဆိုသည့်အလှည့်တွင် မေက စန္ဒရားတီးလေသည်။ ယောက်ျားများဝင်လာကြ၏။ ဒုတိယ အဓိပတိ ဦးဇော်ဝင်းက မေ့ကို "အဆိုတော်တော်ကောင်းတယ်"ဟု ချီးမွမ်းလေသည်။ ကိုကျော်မြင့်မှာ ဘာမျှမပြော၊ ဦးဘညွန့်မှာ မေ့ကို အချီးမွမ်းဆုံးဖြစ်လေသည်။

"ဟို... မမလေးကို ကုန်ကုန်ချစ်လိုက်ပါတဲ့ ဆိုတဲ့ အပိုဒ်ကို



ပြန်ကျော့တာ သိပ်လှတာပဲ" ဟု ဦးဘညွန့်က စန္ဒရားကို မှီရင်း ပြောလေသည်။

"ဦးဘညွန့်က သေသေချာချာ မှတ်မိတယ်ဟင်" မေသည် အသံကိုခေါက်ရင်း မေး၏။

"မှတ်မိတာပေါ့၊ ကျွန်တော်က ငယ်ငယ်တုန်းက၊ ဂီတ အတော်ဝါသနာပါတော့ အမှတ်တမဲ့နားထောင်တာမဟုတ်ဘူး"

"ဟုတ်မှာပဲ"

"ကဲ နောက်တစ်ပုဒ်ဆိုကြီးလုပ်ပါဦး" ဟု မခင်စီက ပြောလေသည်။

"ဟုတ်တယ်၊ တစ်ပုဒ်လောက်လုပ်စမ်းပါဦး"ဟု ဦးဘညွန့်က တောင်းပန်၏။

မေသည် သူ့ကိုမကြည့်၊ သူသည် ဆန်းသောဝေဒနာ အတွေ့ကို ခံစားနေ၏။ သူ၏စိတ်အာရုံထဲတွင်ကား ညအခါမဲမှောင်သော မြစ်အပြင်ဝယ် သင်္ဘောများသည် ဒဏ်ရာရသော ပင်လယ်ငှက်များပမာ၊ ဆိပ်ကမ်းတွင်ကပ်နေကြ၏။ သူတီးသော ဂီတသံ၌ လေတိုက်သည့်အခါတိုက်၍၊ မိုးရွာသည့်အခါရွာလေသည်။ သူသည် စိတ်ပျက်လက်ပျက်နှင့် တစ်ညလုံးလျှောက်သွားနေသည်ဟု မှတ်ထင်ရလေသည်။

မေသည် တေးဆုံး၍ မျက်နှာကို မော့လိုက်သောအခါ ကိုကျော်မြင့်သည် သူ့ကိုအချစ်ရည်ဝင်းသော မျက်လုံးများဖြင့် ကြည့်နေသည်ကို တွေ့ရလေသည်။ သူသည် စန္ဒရားခုံမှထကာ ကိုကျော်မြင့်ဘေးတွင် ဝင်ထိုင်လျက် ရယ်ကာမောကာ စကားပြောနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘညွန့်၏ မျက်နှာကား အနည်းငယ်မဲ့နေသော်လည်း "သူလည်း ဆောက်ိသားပါပဲ"ဟူသောအသွင်ကို ဆောင်လျက်ရှိလေသည်။

၁၀ နာရီကျော်ဖြစ်၍ ဧည့်သည်များ ပြန်သွားကြလေပြီ။ မခင်စီမှာ သူ့အစ်ကိုအလိုနှင့် ဆန့်ကျင်၍ ဦးဘညွန့်က လက်ဖက်ရည်သောက်ဖိတ်သည်ကို လက်ခံလိုက်လေသည်။

"ကိုကိုတော့ ဒီလူကို သိပ်သဘောမကျဘူး"

"ဘယ့်နှယ်လုပ်မလဲ ကိုကို၊ သူက ဖိတ်တာမသွားလို့ ဘယ်ကောင်းမလဲ။ အဲဒီတုန်းက မေမေလည်းအနားမှာရှိတယ်"

"ဒါပေမယ့်"

"ဒါထက် ကိုကို မေကောဟင်..."

"အောက်ထပ် ထမင်းစားခန်းထဲမှာ ဗိုက်နည်းနည်းနာလို့တဲ့၊ ဆိုဒါသောက်နေတယ်"

ကိုကျော်မြင့်ပြောသည့်အကိုင်းပင် မေသည် အောက်ထပ်တွင် ဆိုဒါသောက်လျက်ရှိ၏။ မခင်စီဝင်သွားသောအခါ၌ မေသည် သောက်နေတုန်းဖြစ်လေသည်။

"မေ ဗိုက်နာလို့ဆို"

"နည်းနည်းနာတာပါ။ အခုပျောက်သွားပါပြီ"ဟု ဖန်ခွက်ကို ချလေသည်။

"ဒါဖြင့် ပြီးတာပဲ၊ စီတော့ အိပ်ချင်တယ်ကွယ်။ တစ်ခါတည်း အိပ်ခန်းသွားတော့မယ်။ ဂွတ်နိုက်ပေါ့"

"ဂွတ်နိုက်..." မခင်စီ အပေါ်တက်သွား၏။



အတော်ကြာလျှင် မေလည်း အပေါ်တက်လေသည်။ ဆင်ဝင်တွင် မီးဖွင့်ထားသဖြင့် မီးရောင်လင်းနေ၏။ မေသည် ဘယ်သူများလဲဟု တံခါးဝမှလှမ်းကြည့်၏။

"အို..."

ကိုကျော်မြင့် ဆင်ဝင်ဘက် ဝရန်တာတွင် သူ့ဘက်ကို ကျောပေးကာ ထိုင်လျက်ရှိလေသည်။ သူသည် ကျောက်ပွတ်လုံးပေါ်တွင် လက်တင်ကာ ကန်တော်ကြီးဘက်သို့ ငေးနေလေသည်။

မေသည် ကိုယ်ကိုတုံ့ကာလှည့်ပြန်၏။

"ဩော်... မေပါလား၊ ကိုကျော်မြင့်က မေအိပ်ပြီ မှတ်နေတာ" ကိုကျော်မြင့်သည် သူ့ဆီသို့လာ၏။

မေသည် သူ့ကို မျက်လွှာလှန်ကြည့်၏။သူ့အဖို့ အခွင့်ကောင်းရပြီ။ သူ့ကို ချစ်စကားပြောတော့မည်။

"မေ မအိပ်သေးခင် ဒီမှာထိုင်ပါဦးလား။ စကားစမြည်ပြောရအောင်"ဟု ကိုကျော်မြင့်က ခေါ်လေသည်။

"အို... ညဉ့်လဲနက်ပါပြီ"

မခင်စီမှာ ရုတ်တရက်ဝင်လာမည်လားဟု စိုးရိမ်ကာ တံခါးဝသို့ လှမ်းကြည့်၏။

"လာပါ နည်းနည်းလည်းအေးတာပေါ့"

သူ မယိမ်းခင် တိမ်းနေသော မေသည် ကိုကျော်မြင့်နောက်မှ လိုက်လာကာ ဝရန်တာတွင်ခင်းထားသောကုလားထိုင်တွင် ဝင်ထိုင်၏။

ကန်တော်ကြီး၏တောရိပ်မှလာသောလေပြေသည် သင်း၏။

"တောနံ့လေသင်းလာတော့ မေဘယ်များအမှတ်ရသလဲ"

www.burmeseclassic.com

www.burmeseclassic.com



မေသည် ဝရန်တာ ကျောက်ပွတ်လုံး လက်ရမ်းပေါ်တွင် အလှတင်ထားသော သုံးပန်လှပင်ကို စိုက်ကြည့်နေလေသည်။

"ပဲခူးကိုသွားအမှတ်ရတာပေါ့"

"ဟိုညကော အမှတ်မရဘူးလား"

ကိုကျော်မြင့်သည် ကုလားထိုင်ကို သူ့နားသို့တိုး၏။

"မေ့ကို ကိုကျော်မြင့် တစ်ခုပြောစရာရှိတယ်။ စိတ်မဆိုးနဲ့နော်"

"မေ စိတ်မဆိုးတတ်ပါဘူး"

မေသည် ရှက်သဖြင့် ခေါင်းငုံ့နေ၏။

"ကိုကျော်မြင့်ကို မေအထင်မသေးနဲ့နော်၊ စိတ်လည်းမဆိုးပါနဲ့။ မေအခုဝတ်ထားတဲ့ ရင်ထိုးကလေးဟာ ကိုကျော်မြင့် ပို့လိုက်တာ"

ကိုကျော်မြင့်က သူ့ကို ရင်ထိုးပေးသည်။ ရင်ထိုးပေးတာ စိတ်ဆိုးစရာလား။ ကျေးဇူးတင်စရာပဲ ပြောရမလား၊ မေသည် တွေးနေဆဲ...။

"ကိုကျော်မြင့် မေ့ကိုချစ်တယ်၊ ဒါကြောင့် ပေးတာပဲ"

သူသည် စကားဆုံးလျှင် မေ့ကို စိုက်ကြည့်နေလေသည်။ မေကမူ သူသည် သူ့အသည်းနှလုံးကို ဖွင့်ပြနေသည်ဟု မှတ်ထင်လေသည်။

"မတတ်နိုင်ဘူး မေ၊ ချစ်လာတာကို ဘယ်လိုလုပ်ပြီးတားလို့ရမလဲ။ အသည်းနှလုံးကြားထဲကပွင့်လာတဲ့ မေတ္တာပန်းကို မပွင့်နဲ့ မမွှေးနဲ့လို့ ပြောလို့ရမလားမေရယ်။ မေ့ကိုတွေ့ပြီးကတည်းက နေလို့မရဘူး။ မေ့ကို ကိုကျော်မြင့် ဝမ်းထဲမှာထားလို့ကိုမရလို့ပါ မေ ..."

သူသည် အချစ်ဇောမွှန်နေသဖြင့် အသံတုန်နေလေသည်။



ကိုကျော်မြင့်၏ မေတ္တာစကားလုံးသည် မေ၏ စိတ်တွင်းသို့ဝင်ကာ၊ ပဲ့တင်ရိုက်လေသည်။

"ကိုကျော်မြင့်"

သူသည် မေ့ကိုမော့ကြည့်၏။ အချစ်သက်သေသည် မျက်လုံးတို့၌တည်ကုန်၏။ သူသည် မေ့မျက်လုံးပြာ ကလေးများ၏ အရောင်ကို ချက်ချင်းမြင်လိုက်သည်။

အချစ်စေတသိက်က စေခိုင်းလိုက်သော သူ၏ လက်နှစ်ဖက်သည် မေ့ကို ပွေ့ဖက်လိုက်လေသည်။ မေသည် "အို..."ဟု ဆိုကာ ခေါင်းကိုငုံ့လိုက်ရမည့်အစား ရင်ကိုကော့ကာ ပါးကိုမော့လိုက်လေသည်။ ကိုကျော်မြင့်သည် ဝမ်းသာလွန်းသဖြင့် မေ၏နှုတ်ခမ်းရော၊ ပါးရော၊ နဖူးရော၊ လည်းပင်ရော နမ်းလေသည်။ မေသည်သူ့အိပ်မက်ထဲကအတိုင်း သစ်ရွက်အကြားရောက်နေသော ပန်းပွင့်ကလေးပမာ ဖြစ်နေလေသည်။ မေသည် သူ၏ကျယ်ပြန့်သောရင်ခွင်ကြား၌ ကော့နေလေသည်။

"လောကကြီးသာ ဒီလိုနေရင် သိပ်ကောင်းမှာပဲနော်"

ကိုကျော်မြင့်သည် မေ့ကိုဖက်ကာ နမ်းပြန်လေသည်။

(၁၀)

မေသည် ကိုကျော်မြင့်နှင့် ချစ်သည့်အကြောင်းကို မည်သူမျှ အသိမပေးဘဲထားလေသည်။ မည်သူမျှလည်း မသိကြ။ မခင်စီကိုပင် အသိမပေး။ အကယ်၍ ထိုထက်သာသော အခွင့်အရေးအကြောင်းတို့ပေါ်လာက ကိုကျော်မြင့်ကို ငြင်းတန်ငြင်းရအောင် စဉ်းစားဖို့အချိန်ရရန်ဖြစ်လေသည်။ ဤသတင်းကို ကြားက ဦးဘဟန်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ပြောမည်မပြောတတ်ပေ။ သို့ဖြစ်လေရာ ကိုကျော်မြင့်ကို ထားကာ ဖွင့်မပြောသေးဘဲဆိုင်းထားလေသည်။ ကိုကျော်မြင့်ကလည်း မေ့သဘောအတိုင်းပင်။ မေမှာ မောင်နှမနှစ်ယောက်ရှုစိမ့်သည့်ကြား တွင်ပျော်နေလေသည်။ မည်သူမျှ မမြင်လျှင် မေသည် ကိုကျော်မြင့် အနမ်းအပွေ့ကို ခံနေလျက် အားလုံးရှေ့တွင် မခင်စီနှင့်လက်တွဲကာ ကစားနေလေသည်။

တနင်္ဂနွေနေ့၌ သူတို့သည် ရွှေတိဂုံဘုရားသို့ ဘုရားဖူးသွား ကြလေသည်။ ဘုရားမှအပြန် ဦးဘညွန့်တို့အိမ်ဝင်ရန် မခင်စီက အကြံပေးလေသည်။ ဦးဘညွန့်တို့အိမ်မသွားခင် အင်းလျားကန် ကေဘင်ကျွန်းသို့ သွားလည်ကြ၏။ ကေဘင်ကျွန်းတွင် ပျော်ပွဲစား ထွက်ကြသူများကို တွေ့ရလေသည်။

"ဲကဲ ကိုကို ဦးဘညွန့်တို့အိမ်သွားကြမယ်။ တစ်နာရီကျော် ပြီ"ဟု မခင်စီက လက်ပတ်နာရီကိုကြည့်ရင်းပြော၏။

"အေး သွားတာပေါ့"

သူတို့စီးသော ကားသည် ပြည်လမ်းသို့မောင်းလေသည်။ ကားသည်ပြည်လမ်း ခြံနံပါတ် ၃၈ သို့ ဝင်သွားသောအခါ မေ၏ ရင်သည် ခုန်နေလေသည်။ ဦးဘညွန့်အိမ်မှာ ဗိုလ်ဆန်ဆန် ဆောက် ထား၏။ ပန်းပင်များကို လှပစွာ အကန့်အကန့် တစ်သန့်စီစိုက် ထား၏။ ခန်းဆီးများမှာအနီရောင်ဖြစ်လေသည်။ ဧည့်ခန်းမှာ ဂျပန် လုပ် ပန်းပွားကလေးတွေဖြင့် ပိုးမီးအုပ်ဆောင်းများဖြင့် လွှင်၏။ ကြက်သွေး ပန်းခက်၊ ပန်းနွယ်များ အကွက်ဖော်ထားသော ပါရားဖြစ် မှိုင်လုံးကော်ဇောပေါ်တွင် ဆိုဖာများသည် ခံ့ညားစွာရှိနေကြလေသည်။

"စီဖြင့် တစ်မျိုးပဲ၊ ဒီထဲရောက်တာ ဖျားချင်သလိုလိုကြီးပဲ"



ဟု မခင်စီက တိုးတိုးလေးပြော၏။

"ဟုတ်တယ် မလာရင်ကောင်းမှာဘဲ" ကိုကျော်မြင့်မှာ အစ ကတည်းက သဘောမကျ။

မေသည် ဘယ်လိုမှမပြော။ သူ့အဖို့မှာ အတော်ခက်သည်။ သူ့ကိုချစ်သော ကိုကျော်မြင့်ကိုဝမ်းမနည်းစေချင်။ သို့ရာတွင် ယခု ကဲ့သို့သော အခွင့်ကိုလည်း လက်မလွှတ်လို။ ဦးဘညွန့်က သူ့အပေါ် ကို ညွှတ်နေသည်မှာ အသေအချာပင်။ မေ့အဖို့ အချစ်အတွက်နှင့် ပတ်သက်၍ သူနှင့်တွေးစရာမလို။ အချစ်မှာ သူ၏ တစ်စိမ်းတစ်ရံသာ ဖြစ်နေလေသည်။

ဦးဘညွန့် ဧည့်ခန်းထဲသို့ဝင်လာလေသည်။

"အပေါ်မှာရောက်နေတာကို သည်းခံပါနော်။ အသိ တစ် ယောက်နဲ့ တယ်လီဖုန်းစကားပြောနေတာနဲ့"

မခင်စီသည်ပြုံး၏။

"ထိုင်ကြပါ ထိုင်ကြပါ"

အားလုံး ဆိုဖာပေါ်တွင်ထိုင်ကြ၏။ မခင်စီသည်အနည်း ငယ်မျှ ရှက်အမ်းအမ်းမဖြစ်ဘဲ အိစက်သောကူရှင်ကြားတွင် မြုပ်နေ လသည်။

"မခင်စီက မေ့ကိုပါ အပါခေါ်လာတယ်ထင်တယ်" ဟု ဦးဘညွန့်ကပြုံး၍ ပြောလေသည်။

"ဟုတ်တယ် သိပ်မခဲယဉ်းလှပါဘူး" ကိုကျော်မြင့်က မခင်စီ အစား ဖြေလေသည်။

မခင်စီသည် မျက်မှောင်ကုတ်လိုက်၏။ ကိုကျော်မြင့်မှာ ဦးဘညွန့်ကို မည်မျှပင်သဘောမကျသော်လည်း အထိုက်အလိုက်တော့

www.burmeseclassic.com

www.burmeseclassic.com



နေရမည်ဟု သူသဘောရသည်။

"ကျွန်မတို့လည်း ဦးဘညွန့်ဆီ လာလည်ဖို့ရာ စိတ်ကူးနေကြတာပါပဲ။ ကဲ ဘာကျွေးမှာလဲ"ဟု မခင်စီက ပြောလေသည်။

"ညေ့သည်တွေက အကုန်အစားကြီးတွေ ထင်ပါရဲ့၊ ဟဲ... ဟဲ"

"မေ ဒီအထဲ မပါဘူးနော်" မေသည် ကိုယ်ကိုတုံ့၏။

"မေကိုလည်း ကျုပ်က အစားကြီးတယ်လို့ မပြောရသေးပါလား့ဗျာ၊ အိုးမလုံ အုံပွင့်တာနဲ့တူတယ်"ဟု ဦးဘညွန့်က နောက်လိုက်၏။

အားလုံး ဝိုင်းရယ်ကြလေသည်။

ရေခဲမုန့် ချယ်ရီသီးကိတ်မုန့်၊ လိမ္မော်ရည်တို့ကို ငွေလင်ပန်းတွင်ထည့်၍ အစေခံယူလာကာ သူတို့ရှေ့တွင်ချလေသည်။

"ကဲ...ကဲ သုံးဆောင်ကြပါ။ ချယ်ရီသီးကို မေက ထည့်ပေးပါလိမ့်မယ်"ဟု ဦးဘညွန့်က ဆို၏။

မေသည် ရေခဲမုန့်ပန်းကန်ထဲသို့ ချယ်ရီသီးနှစ်လုံးစီ ထည့်ပေး၏။

"ကိုကျော်မြင့်စားပါ"ဦးဘညွန့်သည် သူ့ပန်းကန်ကို တွန်းပေး၏။

"ကိုကျော်မြင့် မစားလျှင် မေလဲ မစားဘူး"

မေသည် ကိုကျော်မြင့်ဘက်သို့လှည့်၏။မခင်စီသည် မေ့ကိုကျေးဇူးတင်လေသည်။

"ဟုတ်သားပဲ ကိုကိုမြင့်က"

သူသည် ငွေဇွန်းကလေးနှင့် ရေခဲမုန့်ကို ကော်လိုက်လေ



သည်။ သူတို့သည် နေ့လယ်စာစားနေကြစဉ် တွေ့ရာလေးပါး ပြောကြလေသည်။ ဦးဘညွန့်မှာ ရယ်စရာ၊ မောစရာပြောတတ်သူဖြစ်ရာ အရယ်သန်သော မခင်စီနှင့် မေတို့မှာ ရယ်၍သာနေကြလေသည်။ ကိုကျော်မြင့်မှာ ပြုံးရုံသာပြုံးလေသည်။ သူတို့သည် ကျောက်သံပတ္တမြားများအကြောင်း ရောက်သွားကြ၏။ ဦးဘညွန့်က သူ့တွင်ရှိသော ရတနာများအကြောင်းကိုပြောလေသည်။ မခင်စီက ကြည့်ချင်သည်ဆိုသဖြင့် ဦးဘညွန့်သည် သူတို့ကိုအပေါ်ထပ်သို့ ခေါ်သွားလေသည်။

"မေက အလှအပကိုကြိုက်ပုံရတယ်"ဟု သူက လှေကားပေါ်တက်ရင်း ပြောလေသည်။

သူတို့သည် လသာခန်းနှင့် ကပ်လျက်ရှိသော အခန်းထဲတွင် ရောက်နေကြလေသည်။ ကြမ်းပြင်မှာ အရောင်တင်ဆီသုတ်ထားသဖြင့် ပြောင်လက်ချောမွတ်၏။ သူသည် အခန်းဆီးကို ဘေးသို့ဆွဲလိုက်သဖြင့် မှန်တံခါးမှ အလင်းရောင်ဝင်လာလေသည်။ သူတို့သည် ဦးဘညွန့် ညွှန်ပြသောကုလားထိုင်တွင် ဝင်ထိုင်ကြသည်။ ဦးဘညွန့်သည် ကပ်လျက်ရှိသော အခန်းငယ်ကလေးထဲမှ ငွေသေတ္တာကိုပိုက်ကာ ယူလာ၍ စားပွဲပေါ်တွင်တင်၏။

"ကျွန်တော်က ကျောက်တွေ ဘာတွေ အင်မတန် ဝါသနာပါတယ်။ ကြိုက်တာတွေ့လျှင် ဝယ်ပြီးထားတာပဲ"

သူသည် သေတ္တာအဖုံးကိုဖွင့်လိုက်လေသည်။ ရတနာများမှာ ကတ္တီပါအနက်ပေါ်တွင်တင်ထားသည်။ တိမ်တိုက်များ ကင်းစင်သွားသဖြင့် ကြယ်ကလေးတွေ ထွက်ပြူလာသည်ဟု မှတ်ထင်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အို..."

သူတို့သည် ကိုယ်ကို ရှေ့သို့ညွတ်လိုက်ကြ၏။ အရောင်တွေ လက်သန်းနေကြ၏။ ကိုကျော်မြင့်ပင် သူ့ကို သဘောမကျ စိတ်မေ့ကာ ရတနာများကို ငေးကြည့်မိလေသည်။

"မနေ့ကတောင်တစ်ခါထုတ်ကြည့်မိသေးတယ်။ ဒီ စိန်လည်ဆွဲကလည်း တောက်လွန်းအားကြီးတယ်။ ပုလဲကုံးက နုတော့နုပါရဲ့၊ ဒါပေမယ့် ဟောဒီ မြဘယက်ကိုတော့ ကျွန်တော် သိပ်ချစ်တာပဲ" သူသည် မြဘယက်ကို သေတ္တာထဲမှယူပြလေသည်။

"အနားကပ်ကြည့်စမ်းပါရစေ။ အရည်က အတော်ရွှမ်းတယ်" မေသည်လက်လှမ်းလိုက်၏။

သူသည် မြဘယက်ကို မေ့လက်ထဲသို့ ထည့်လေသည်။

"လာ လာ ပြတင်းပေါက်နား လာကြည့် လှည့်ပါ၊ မခင်စီပါလာ"

သူသည် အပျိုနှစ်ယောက်ကို ပြတင်းဝနားသို့ ခေါ်သွားလေသည်။ အပြင်တွင်ကား ပြည်လမ်းမကြီးသည် နေပူရောင်အောက်အလျားကြီးအိပ်နေ၏။ မြဘယက်သည် အလင်းရောင်ဝယ် စိမ်းစိမ်းလဲ့နေကြ၏။ မေသည် လက်ခုပ်ထဲတွင် ထည့်ကြည့်ပြန်လေသည်။ မြရောင်သည် အစိမ်းရင့်အဖြစ်သို့ပြောင်းသွား၏။

"နေ့ခင်းဆိုလျှင်အစိမ်းနု၊ ညဆိုလျှင် အစိမ်းရင့်ပေါ့။ မြဟာ စိတ်ကိုအလွန်ကြည်လင်စေတယ်။သူ့ကိုမြင်လိုက်ရလျှင် အသည်းကို အေးသွားတာပဲ"

မေ၏ မျက်လုံးပြာမှ အရောင်နှင့်မြအစိမ်းရောင်တို့သည် ပြိုင်နေကြ၏။



"နေ့ခင်းဆို အစိမ်းနု။ ညဆိုအစိမ်းရင့်"ဟုကိုကျော်မြင့်သည် တိုးတိုးကလေး ရွတ်နေ၏။

ဦးဘညွန့်သည် မြဘယက်ကို သေတ္တာထဲသို့ ပြန်ထည့်ကာ ပတ္တမြားလက်စွပ်တစ်ကွင်းကို ထုတ်လေသည်။

"ဒီလက်စွပ်က ပခန်းမင်းသားကြီး ဝတ်ဆင်တော်မူတဲ့လက်စွပ်ပဲ။ ညီလာခံဝင်တဲ့အခါမှာ ဝတ်တော်မူသတဲ့..."

သူသည် လက်စွပ်ရာဇဝင်ကို ပြောပြလေသည်။ မခင်စီသည် လက်စွပ်ကိုဝတ်ကြည့်၏။

"မိန်းကလေးတွေနဲ့ မတော်ဘူး။ ယောက်ျား ထောင်ထောင်မောင်းမောင်းနဲ့မှ လိုက်မယ်။ သူက အခန့်ကို..."

သူတို့သည် ရွှေပန်းခိုင်၊ စိန်ကြိုး၊ စိန့်ဘီး၊ နီလာ လည်ကုံး၊ မြရင်ထိုး၊ ပုလဲဒါယု များကိုကြည့်ကြလေသည်။

ဦးဘညွန့်သည် စကားပြောရင်း မေ့ကိုသာ ခိုး၍ကြည့်နေလေသည်။

"မြဟာ လူကို အင်မတန် ကောင်းကျိုးပေးတယ်။ မြဆောင်ထားရင် အကြံအစည်အောင်မြင်တတ်တာပဲ"

သူသည် ရတနာများကို အဘယ်ပုံရသည်ကို စိတ်ရှည်လက်ရှည် ပြောပြလေသည်။ သူတို့၏ရာဇဝင်မှာ နားထောင်၍ကောင်းသည်။ ဦးဘညွန့်မှာ ကျောက်မျက်ရတနာများကို အတော်ဝါသနာပါသည်။ လေးနာရီထိုး၍ မခင်စီက ပြန်ရန်တော်ပြီဖြစ်ကြောင်းပြောလေသည်။ သူတို့သည် အခန်းထဲမှ ထွက်သောအခါ ဦးဘညွန့်သည် နောက်ကျန်သောမေကို အနားကပ်၍ "မေလိုချင်လို့ရှိလျှင်လာပါ"ဟု တိုးတိုးပြောလေသည်။ မင်္ဂလာပွဲထိုင်များသွားလျှင် ဝတ်ချင်ကငှားရမ်း

www.burmeseclassic.com

www.burmeseclassic.com



ပါမည်ဟူသော အစီအစဉ်မှာယ်ပေါက်သလားဟု မေ စဉ်းစား၏။

မေသည် မခင်စီများ ကြားသွားမည်လားဟု လန့်သွား၏။ သို့ရာတွင် မခင်စီမှာ လှေကားတစ်ဝက်တွင် ရောက်နေလေသည်။ မေသည် အသာခေါင်းညိတ်လိုက်လေသည်။

ဦးဘညွန့်အိမ်မှ အလည်ပြန်လာကတည်းက မေသည် စိတ်ဝင်စားနေသည်။ သူ၏ ပြုံးပြုံးပြက်သော ကျောက်မျက်ရတနာများကို မျက်စိကျိန်းသည်ထက် ရွှေကိုအများကြီး အမြတ်အစွန်းရတော့မည်ကို တွေးနေသည်။ ဦးဘညွန့်က သူ့ကိုကြိုက်သည်မှာအမှန်။ ဘယ်လောက်ကြိုက်သည်ကိုမူ လောလောဆယ်မပြောတတ်။ အချိန်ကပြလိမ့်မည်။ သူသည်အခန်းထဲတွင်ဝင်ကာ တွေးနေလေသည်။ သို့ဖြင့် အချိန်တွေကုန်လာလေသည်။

"မေ... နေများကောင်းရဲ့လား" ဟု မခင်စီက စိုးရိမ်သဖြင့် မေး၏။

"ဟင့်အင်း နေကောင်းပါတယ်။ မေ အခုတလော သိပ်ပျင်းတာပဲ၊ အပြင်သွားရရင်ကောင်းမှာ"

တစ်ပက်ကန်တော်ကြီးလမ်းတွင် ဘုရင်ခံနှုတ်ဆက်ပွဲ ကျင်းပသောအခါ ဖြစ်လေသည်။

ညနေစာထမင်းစားပြီးလျှင် သူတို့သည် အပေါ်ထပ် လသာဆောင်မှ ကန်တော်ကြီးပွဲတော်ဘက်သို့ မျှော်ကြည့်ကြလေသည်။ မီးရောင်စုံများသည် ရေပြင်ဝယ် အလှရှုနေကြ၏။ ဈေးဆိုင်ကန့်လန့်များမှ ထိန်လင်းသော မီးတန်းကြီးသည် အလံတိုင်ဘုရားလမ်းမှ သိမ်ဖြူကွင်းဘက်အထိ ရှည်လျား၏။ လူသံ၊ သူသံ၊ ကားသံ၊ တူရိယာသံများသည် သူတို့ဆီသို့ ပျံ့လွင့်လာ၏။ မီးရှူး၊ မီးပန်းပစ်ဖောက်သည့် အသံများ



ကိုကြားရ၏။ ပတ်လမ်းဘက်ဆီမှ အိမ်များမှာ ရေဒီယိုသံမှတစ်ပါး တိတ်ဆိတ်နေ၏။ ရန်ကုန်မြို့ကြီးကား ပင်လယ်လှိုင်းသံတွေဟု မှတ်ထင်ရ၏။ မေမှာ သူ့နဂိုသဘောအတိုင်း ယောက်ျားတွေကြားတွင် တိုးဝေ့၍သွားချင်သောစိတ်ပေါ်လာ၏။

မခင်စီသည် ကိုကျော်မြင့်ကို ကြည့်လိုက်၏။

"မီးပန်းတွေလည်း ဖောက်နေတယ်နော် ကိုကို"

"အေး ဟေ့"

မေသည် သူတို့ဘက်သို့လှည့်ကာ "မေတော့ ကန်တော်ကြီးပွဲသွားမယ်"

"တစ်ယောက်တည်းဘယ်ဖြစ်မလဲ" သူ့အသံမှာ ပိုင်ဆိုင်သောအသံပါ၏။

ကိုကျော်မြင့်တို့ အိမ်သူအိမ်သားများမှာ လူသူ သောင်းပြောင်းနှင့် ပွဲတော်လူထုများကို သွားလေ့မရှိကြ။ သွားလျှင်လည်း ကားနှင့်သွားကြ၏။ ကန်တော်ကြီးပွဲမှာ လူတွေကြိတ်ကြိတ်တိုးလျက်ရှိသည်။ မိန်းကလေးများနှင့် မတော်။ ဂျပိုးတွေ လူနောက်တွေက ရှုပ်လှသည်။ သို့ရာတွင် မေကသွားချင်သည်တဲ့။

"လာကိုကို သွားကြရအောင် ဒီလိုပွဲမျိုးမသွားရဘဲရှိမယ်" မခင်စီသည် မေ့အတွက်ဆိုလျှင် အလိုက်သိသည်။

ကိုကျော်မြင့်သည် သက်ပြင်းချကာ မေ့ကို ကြည့်လိုက်၏။ မေမှာ နေရာမှထပြီးဖြစ်နေလေပြီ။

"လူတွေကသိပ်များတာ၊ ကိုယ့်ခါးကိုဆွဲလိုက်ခဲ့ကြ။ လူစုမကွဲစေနဲ့"

မေသည် ကွတ်အင်္ကျီကိုအပေါ်ကထပ်ဝတ်သည်။ သူ့စိတ်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ မခင်စီနှင့် ကိုကျော်မြင့်တို့ကို အဘယ်ပုံခွဲထုတ်ရမည်ကိုသာ တွေးနေသည်။ သူသည် တစ်ယောက်တည်း လွတ်လပ်စွာပျော်ချင်သည်။ မေ၏ နဂိုသဘောမှာဒီအတိုင်းပင်ဖြစ်သည်။

သူတို့သည်အရှေ့ဘက် ပတ်လမ်းမှကွေ့၍သွားကြသည်။ လူတွေမှာ ဒင်းကြမ်းပြည့်နေသည်။ ကန်တော်ကြီးလမ်းမတစ်လျှောက် ပွဲဈေးတန်းကြီးမှာ စည်းကားလှသည်။

"ခါးကို မြဲမြဲကိုင်ထားနော်"

မခင်စီနှင့်မေတို့သည် ကိုကျော်မြင့်၏ခါးကိုဆွဲကာ ကြည့်ရှုကြသော လူထုအလယ်တွင် ရောက်နေကြလေသည်။ သိမ်ဖြူကွင်းတွင် ကစားဝိုင်းများရှိသည်။ သူတို့သည် လေကလပ်ကို ကျော်လာကြ၏။ လူတွေမှာ ပို၍ကျပ်လာ၏။ မေသည် မော့ကာ ကောင်းကင်မှ ငွေကြယ်ကလေးများကိုကြည့်၏။ မေသည် ကိုကျော်မြင့်၏ ခါးကို ကိုင်ထားရင်းက အနောက်မှလူစုက တိုးလိုက်သဖြင့် ဘေးသို့စင်သွားလေသည်။ တစ်စက္ကန့်အတွင်းမှာပင် မေသည် ဘေးသို့ရောက်သွား၏။ မေသည် လူကြားထဲမှ ကိုကျော်မြင့်နာမည်ကို အော်ခေါ်ရင်းက သူနှင့်ဝေးသွားလေသည်။ အမှန်အတိုင်း အရှေ့သို့တိုးလိုက်လျှင် သူ့ကိုမှီမည်ဖြစ်၏။ နာမည်ကို အော်ခေါ်ခြင်းမှာ ဟန်ဆောင်မှုသာ ဖြစ်လေသည်။ ကိုကျော်မြင့်တို့မှာလည်း မေ့ကို ရှာမတွေ့တော့။ ယောကျ်ားများမှာ တစ်ယောက်တည်းလာသောမေ့ကို ပုတ်လေသည့် ငါးပိရှိလေသည်ဟုမထင်ကြ။ တချို့က မေ့ခါးကိုဖက်ကြ၏။ ရင်ကို ထိကြ၏။ မေ၏ ခပ်ပေါ့ပေါ့စိတ်နှင့် ပရိသတ် ခပ်ကြော့ကြော့စိတ်မှာ ညီညွတ်စွာ တွေ့ကြလေသည်။ သို့နှင့် မေသည် တိရစ္ဆာန်ရုံနားသို့ ရောက်လာ၏။



နောက်ပြီး . . .

နောက်ပြီး . . . မေသည် ဘသိန်းကို သွားတွေ့လေသည်။ ဘသိန်းမှ ဟုတ်ကဲ့လား။ မေ့ မျက်လုံးမှာ မီးရောင်ထိန်ထိန်တွေကို ကြည့်ရလွန်းသဖြင့်မှုန်ပြာနေ၏။ မေသည်လူတွေကြားမှ အတင်းတိုးကာ သူ့ဆီသို့သွားလေသည်။ တိုးရသည်မှာ မလွယ်လှ။

"ကိုသိန်း ကိုသိန်း"

ဘသိန်းမှာ မေ့ကိုမြင်သဖြင့် မေ့ဆီသို့တိုးလာလေသည်။

"ဟေး... ကောင်မကလေး"

ဒါပဲ ဘသိန်းကပြော၏။ သူသည် မေ့လက်ကို ကိုင်လိုက်လေသည်။ သူတို့သည် လက်တွဲကာ လျှောက်သွားကြလေသည်။ မေသည် ပျော်၏။ သူတို့သည် လူပြတ်သော ကန်တော်ကြီးဘေး အမှောင်ရိပ်များအောက်သို့ ရောက်သွားကြ၏။ သူသည် မေ့ကို နမ်းလေသည်။

တစ်သက်လုံး ဤမျှလောက် အရသာမရှိခဲ့။ လမ်းမဘက်မှ ရယ်သံ, မောသံ, ကားသံတွေကို ကြားနေရ၏။ ကောင်းကင်မှာ အစိမ်း, အနီ, အပြာ, အဝါ, မီးပန်းရောင်တို့ဖြင့်ယှက်သန်းနေ၏။ သို့ရာတွင် သူသိသည်မှာ ဘသိန်း၏ လက်မောင်းကြားတွင် ရောက်နေသည်ဆိုတာသာ ဖြစ်လေသည်။ သူ့တစ်ကိုယ်လုံးမှာ အရည်ပျော်ကျသွားပြီလားဟု မှတ်ထင်ရလေသည်။ မေသည် မျက်လုံးမှိတ်ထား၏။ တည်ရှိသော အရာဟူသမျှတို့မှာ တစ်ခုတည်းသော ပီတိဟုန်၌ ရောက်နေကြ၏။

ဘသိန်းမျက်နှာသည် မေ့မျက်နှာပေါ်သို့ ရောက်နေလေသည်။ သူ၏ပူနွေးသောလက်များဖြင့် မေ့ကိုဖက်ထား၏။ သူသည်

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူမြန်လာ၏။ သူ၏နှုတ်ခမ်းသည် မေ့နှုတ်ခမ်းမှ မခွာ၊ တင်းကျပ်စွာဖက်ထားသော လက်ကိုလည်းမလွှတ်။ လေတိုက်သော ညတွင် မီးလျှံတက်သလို သူ၏ရာဂမီးသည် ပြင်းထန်စွာ တောက်လောင်၏။ မေသည်မျက်စိကိုသာ အတင်းမှိတ်ထား၏။ မေသည် သူ၏စိတ်အာရုံကို တစ်ဒင်္ဂတွင်တည်ငြိမ်၍ထား၏။

"အွန်း"

မေ့အားတွင် ကိုယ်လုံးကိုယ်ထည် ထွားထွားသဏ္ဍာန်။ မေသည် ပါးစပ်က စကားတွေပြော၏။ သို့ရာတွင် သူဘာပြောလိုက်သည်ကို သူကိုယ်တိုင်မသိ။

နောက် အနည်းငယ်အေးလာ၏။ တိတ်ဆိတ်နေ၏။ ဘယ်လောက်များ ကြာသွားပါလိမ့်။ တစ်ဒင်္ဂအဖိုးမဖြတ်နိုင်သော၊ အဆုံးအစ မရှိသော တစ်ဒင်္ဂ။ မေသည် သတိရ၍ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ သူ့ဘာသိန်းကို မတွေ့ရတော့။ သူတစ်ယောက်တည်းကျန်ခဲ့လေသည်ကိုသိရလေသည်။

သူ့အဖို့မှာ ယခုလို ချက်ချင်းစွန့်ခွာခြင်းခံရသည်မှာ မထူးဆန်း။ သူလာပြီးပြန်သွားသည်။ ဒါပဲဖြစ်၏။ တစ်စက္ကန့်လောက် သူကောင်းကင်ရောက်သွား၏။ ယခုမြေပေါ်ပြန်ရောက်လာလေပြီ။ မေသည် တွန့်နေသောလုံချည်ကိုဆွဲဆန့်ကာ နေရာမှ ထလိုက်လေသည်။ မလှမ်းမကမ်းမှ လေတိုက်သဖြင့် လှိုင်းလုံးကလေးများနှင့် ကမ်းစပ်ရိုက်သံသည် ငွေစည်းကို ပိုးစအုပ်၍ တီးသံလို နူးညံ့၏။ မေသည် လက်နှစ်ဖက်ကို ပတ္တာဆက်သလိုဆက်ကာ ကောင်းကင်ကို မော့ကြည့်လိုက်၏။ သစ်ကိုင်း၊ သစ်ရွက်များအကြားမှ လသည် မှုန်မှုန်မှိုင်းနေလေသည်။ မေသည် မျက်နှာကို အိတ်ထဲကတို့ပတ်နှင့်



တို့သည်။ မေသည် ကိုယ်ကိုတုံ့လိုက်၏။ မေသည် စိတ်ကူးယဉ်လျက်ရှိလေသည်။ မေသည်သူ့နောက်လိုက်ရမလား။ သို့ရာတွင်ပြီးပြီ၊ သူသည် စိတ်လိုက်မာန်ပါမဖြစ်တော့။ သူသည် စိတ်ပြေခဲ့လေပြီ။ သူသည်အလိုပြည့်ခဲ့လေပြီ။

မေသည် ဖြည်းညှင်းစွာ အမှောင်ကြားမှ အလင်းရောင်ဘက်သို့ သွားလေသည်။ သူသည် ဓာတ်မီးတိုင်များ၊ ဆိုင်မီးများအနီးသို့ ရောက်သွားလေသည်။ ပထမ လူပရိသတ်ထဲသို့ ရောက်လာစဉ်အခါက သူသည် စိတ်ကိုလွင့်စေ, လေစေ လွှတ်ထား၏။ သံပြိုင်လိုက်သော တူရိယာအဖွဲ့ဝင် ကချေသည်လို သူသည် အများအသံအတိုင်း လိုက်ဆို၏။ ပရိသတ် ရူးသလိုရူး၏။ ပရိသတ်ပျော်သလို သူပျော်၏။

ယခုမူ အရင်ကနှင့်ကွာခြားခဲ့လေပြီ။ သူသည် အရင်ကလို ပွဲကြည့်သမားမဟုတ်တော့။ ပွဲက သမားမဟုတ်တော့။ ပရိသတ်၏ တစ်စိတ်တစ်ဒေသ မဟုတ်တော့။ သူသည် အကဲဖြတ်သမားကြီး ဖြစ်လာလေပြီ။ ပညာရပ်တစ်ခုကို ဝေဖန်ပိုင်းခြားသလို၊ ပရိသတ်ကိုလည်း သူသည် ကဲ့ရဲ့ချင်ကဲ့ရဲ့မည်။ ချီးမွမ်းချင် ချီးမွမ်းမည်။ သူသည် အပြစ်အနာအဆာများကို အသေးစိတ်၍ မြင်ယောင်လာ၏။ ဒီယောက်ျားတွေ ဘယ်လောက်များသရမ်းကြသလဲ။ အမေချင်းမစာ၊ နှမချင်းမစာ။ မိန်းမများကို တိုးကြ, ဝေ့ကြ၏။ မိန်းမတွေမှာလည်း အတိုးအကြိတ်ခံကြ၏။ အပျော်ကျူးကြ၏။ ဒီလောက်လူကျပ်ရသည့် အထဲ လာကြ၏။ ပွဲလမ်းသဘင်ဆိုလျှင် ကြော့ကြော့မော့မော့ သွားချင်ကြ၏။ ကြည့်ကြပါလား။ ဘယ်လောက်ဂုဏ်ပကာသနများသလဲ။ အလဟဿစိတ်များသလဲ။ လူလုသွားလျှင် ဘယ့်နှယ်လုပ်မလဲ။

မေသည် သူ့နောက်မှပါသွားလေသည်။ စိန်ဆွဲကြိုးဆွဲသော

www.burmeseclassic.com

www.burmeseclassic.com



မိန်းမမှာ အဖော်ကွဲလာ၍ အဖော်ကိုရှာနေဟန်တူ၏။

သူ့နောက်မှ ပရိသတ်ကြီး၏အသံသည် ဩဘာသံဟု မှတ်ထင်ရ၏။ မေသည် အနောက်မှ လူအရှိန်ကြောင့် အရှေ့သို့ ရောက်သွား၏။ လျှပ်တစ်ပြက်အတွင်း မေ၏လက်သည် စိန်ဆွဲကုံးကို ဆုပ်ကိုင်မိရက်သားဖြစ်နေ၏။ "ဟေး" ဟု ဆို၍ နောက်တစ်ချက် အတိုးလိုက်တွင် မေ့လက်ထဲ၌ စိန်ဆွဲကြိုးပါလာသည်။ သူသည် အော်သံကြားရကာ ယောက်ျားကြီးတစ်ယောက်က သူ့အင်္ကျီစကို ဆွဲလိုက်၏။ သို့ရာတွင် လူတွေများသဖြင့် တစ်ချက်ဆောင့်၍ ရုန်းထွက်လိုက်ရာ လွတ်ထွက်သွားလေသည်။ "လူလုတယ်ဗျို့၊ လူလု တယ်ဗျို့" အသံတွေဖြင့် ရုန်းရုန်းရုန်းရုန်းဖြစ်သွား၏။ မေကား ပရိသတ်အစွန်းသို့ ရောက်သွားလေသည်။ မေသည် လူတွေကို တိုးဝှေ့၍သွားလေသည်။ မေသည် ဗဟန်းဘက်သို့ရောက်သွားလေ သည်။ သူသည် စိတ်မလုံသဖြင့် နောက်သို့လှည့်၏။ မည်သူမျှ သူ့နောက်ကို မလိုက်ကြ။ မေသည် ဓာတ်မီးတိုင်အောက်တွင် ခဏ ရပ်လေသည်။လက်ထဲတွင် ဆုပ်ထားသော စိန်ကြိုးကို အင်္ကျီအိတ် ထဲသို့ထည့်လေသည်။ မေသည်ပြုံး၏။ အနည်းဆုံး တစ်ထောင် လောက်တော့တန်မည်။

မေသည် လက်ပတ်နာရီကိုမြှောက်၍ ကြည့်လိုက်၏။ ကိုးနာရီ ဆယ်မိနစ်။ ကိုကျော်မြင့်မှာ သူ့ကို ရှာရ၍ မောလှတော့မည်။ မခင်စီမှာ မျက်ရည်ကလေးလည်နေလိမ့်မည်။ သူသည် ပတ်လမ်းမှ ထွက်ခဲ့သည်မှာ နှစ်နာရီမျှကြာပြီ။ ထိုနှစ်နာရီမျှ အချိန်အတွင်း သူ သည် ရာဂအစာဖြစ်ခဲ့ရ၏။သူခိုးဖြစ်ခဲ့ရ၏။ နောက်ဘာများ လုပ်ရ ဦးမလဲ။



"ဦးဘညွန့်"မေသည် တိုးတိုးရွတ်ဆိုမိ၏။ သူသည် အကြံရ ရခြင်း တရှူးရှူးလိမ့်လာသော နဂါးဘတ်စကားပေါ်သို့ တက်လိုက် ၏။သူသည် ရုပ်ရှင်ရုံရှေ့တွင်ဆင်း၏။ မေသည် အနည်းဆုံး တယ်လီဖုန်းစကားပြောနိုင်မည့် နေရာကိုရှာ၏။ မေသည် မုန့်တိုက် တစ်တိုက်မှ ဧကိတ်မုန့်ပေါင်ဝက်ဝယ်ရင်း စကားပြောနိုင်မည်ကို သတိရလေသည်။ မေသည် မုန့်တိုက်ထဲသို့ဝင်ကာ နံပါတ်ကို ရှာ၍ စကားပြောလေသည်။

"ဒါ ဗီးလ်တူးအိုဖိုက်"

တယ်လီဖုန်းဆက်သူမှာ အလုပ်နားမလည်သူဟု ထင် ရလေသည်။ နားထဲတွင် တဝေါဝေါ အသံတွေသာ ၃ မိနစ်ခန့် ကြားရ၏။ နောက်မှ ယောက်ျားအသံတစ်သံ ကြားရ၏။

"ဟုတ်ကဲ့"

"ဦးဘညွန့်နဲ့ တွေ့ချင်ပါတယ်" :

ခဏမျှ ရပ်သွား၏။

"ဦးဘညွန့် မန္တလေးကို ညနေရထားနဲ့ လိုက်သွားပါပြီ။

မေသည် တယ်လီဖုန်းကို အသာချလိုက်၏။ သူသည် မုန့်ထုပ်ကို ကိုင်ကာ ထွက်လာလေသည်။ လမ်းမသို့ရောက်လျှင် မုန့်ထုပ်ကို လွှင့်ပစ်လိုက်၏။ သူ့ဝမ်းထဲ ပူဖောင်းကလေး ပေါက်ကွဲ သွားသည်။ မေသည် ပလက်ဖောင်းပေါ်ရပ်၏။ ကန်တော်ကြီးသို့ သွားကြသော ဘတ်စကားတွေ သူ့အနားမှဖြတ်မောင်းသွားကြ၏။ မေသည် အခုမှ စိတ်ရောလူရော ပန်းကျသွားသည်ဟုထင်လေသည်။ ကိုကျော်မြင့်၊ကိုကျော်မြင့် မေ့ကို မျှော်နေမှာပဲ။ မေသည် ကိုကျော်မြင့် တို့ဆီ အမြန်ဆုံးပြန်ရန်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နာရီကြာသောအခါ မေသည် ကိုကျော်မြင့်၏ ရင်ခွင်တွင်မှီကာ တဟင့်ဟင့်ရှိုက်လျက်ရှိသေးသည်။

"ကိုကိုမြင့် မေဖြင့်လေ သိပ်ကြောက်တာပဲ။ နောက်ကို မေ့နားက ကိုကိုမြင့်ဘယ်တော့မှ မခွာပါနဲ့နော်"

ကိုကျော်မြင့်သည် မေ့ကိုဖက်ပွေ့၍ နမ်းနေစဉ်၊ မေသည် စိန်ဆွဲကြိုးကို တင်းကျပ်စွာဆုပ်ထားလေသည်။

## (၁၁)

"မြင့်နှင့်မေတို့<br>
ပွင့်ရွှေလျှံမှာ<br>
တင့်ဂဟေရန်<br>
မြပန်းခိုင်သို့"

မေနှင့် ကိုကျော်မြင့်တို့သည် သူ့မိတ်ဆွေ လင်္ကာဆရာ တစ်ယောက်ထံမှ စာကို ခေါင်းချင်းဆိုင်ကာ ဖတ်နေကြလေသည်။ မေသည် အပျိုမဟုတ်တော့။ ကိုကျော်မြင့်၏ ဇနီးဖြစ်နေလေပြီ။ သူတို့သည် တစ်လောက လက်ထပ်လိုက်ကြ၏။ မခင်စီမှာ ယောင်းမ ချစ်ကို ရသည့်အတွက် ဝမ်းသာ၏။ ဦးဘဟန်သည် သူတို့ကို ငွေတစ်သောင်းတန် ချက်လက်မှတ်တစ်စောင်လက်ဖွဲ့၏။ ကိုကျော်မြင့်မှာ ညားခါစ ချစ်မယားကိုမြတ်နိုးနေ၏။

သူတို့သည် မန္တလေးသို့ မင်္ဂလာခရီးထွက်ကြ၏။ မန္တလေးတွင် တနင်္ဂနွေနစ်ပတ်ခန့်ကြာ၏။ မေမှာ လိမ္မာယဉ်ကျေးသူတစ်ဦး ဖြစ်လေရာ သူတို့ခဏနေသည့်အချိန်တွင် လူကုံထံများနှင့် အသိအကျွမ်းဖြစ်လေသည်။ လူကုံထံများမှာ သူဌေးများ၊ မဟာသွေး



ဆွေတော်မျိုးတော်များနှင့် အစိုးရအရာရှိများဖြစ်လေသည်။

"ကိုကိုမြင့်ရေ မေတို့ ရန်ကုန်ရောက်လျှင် ဟန်ကျ ပန်ကျ နေရအောင်နော်။ ရန်ကုန်မှာ တကဲ့ ထိပ်ထိပ်ကြဲဆိုတဲ့ လူကုံထံပိုင်းနဲ့ အပေါင်းအသင်းတွေဖြစ်ပြီး သိပ်ကောင်းမှာ။ ဒါမှ ကိုကိုမြင့်လည်း အလုပ်အကိုင်ရ။ ဒါမှ လောကမှာ တကယ်တင့်တယ်မှာနော်"

ကိုကျော်မြင့်သည် မေ၏ပြုံးနေသော နှုတ်ခမ်းမှ စမ်းရေ ယာဉ်လို တသွင်သွင်စီးကျလာသော စကားလုံးများကို သဘောကျလေသည်။ "ဟုတ်တယ်ဖေဖေ၊ မေက သိပ်လိမ္မာတာ၊ မေလို လိမ္မာ ပုံမျိုးနဲ့ဆို ဖေဖေ့သားကို နန်းရင်းဝန်ဖြစ်အောင် လုပ်ပေးနိုင်မှာ" ဟု သူ့အဖေကိုပါ ဖောက်သည်ချလေသည်။ သူတို့ မန္တလေးမှ ပြန်လာ သောအခါ ရန်ကုန်ပတ်လမ်းတွင်ပင် နေကြလေသည်။ ညားခါစ မောင်မယ်မှာ ပျော်မဆုံးကြ။ ရုပ်ရှင်တွဲ၍ကြည့်ကြ၏။ ပွဲလမ်း သဘင်တွေ တွဲတက်ကြ၏။ ညနေခင်းလမ်းလျှောက်ကြ၏။ ဘုရားတွဲ သွားကြ၏။

မေမှာ ရန်ကုန် လူကုံထံပိုင်းတွင် အထက်တန်းက လူလုကြီး နေရန်ကိုသာ စိတ်စော၍နေလေသည်။ အတည်တကျနေဖို့ ဦးစွာ အရေးကြီး၏။ အတည်ကျဖို့မှာ အိမ်တစ်ဆောင်မီးတစ်ပြောင်နေမှ ဖြစ်လေသည်။

"ကိုကိုရယ် ဒီမှာနေတာ မေပျော်ပါတယ်။ ဖေဖေကြီးတို့၊ စီတို့နဲ့ စည်စည်ကားကား။ ဒါပေမယ့် မေတို့လည်း တစ်အိမ်နေရရင် ဘယ့်နှယ်လဲ"

"ဘာဖြစ်လို့လဲ မေရဲ့"

"ဘာဖြစ်လို့တော့ ဘယ်ဟုတ်မလဲ ကိုကိုမြင့်ရယ်၊ မေက

www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုကိုမြင့်နဲ့နေရလျှင် ဘယ်မှာမဆို ပျော်တာပါပဲ” မေသည် ကိုကျော်မြင့်ကို လည်းပင်းမှသိုင်း၍ ဖက်ထားလေသည်။

“ကိုကိုမြင့်တို့ချည်း သပ်သပ်အောက်ထပ်မှာ နေနိုင်တာပဲ မဟုတ်လားမေ”

“ဧည့်သည်လာတော့ ဘာဖြစ်လဲ၊ လာနိုင်တာပဲ မေရဲ့”

မေ့သဘောမှာ လွတ်လွတ်လပ်လပ်နေချင်သည်။ ပတ်လမ်းမှာနေလျှင် သူနေချင်သလို နေ၍မဖြစ်။ ဦးဘဟန်ကို ရိုသေရမည်။ မခင့်ဓိရှေ့တွင် သိက္ခာရှိရမည်။ သူလို ပေါ့ပေါ့ကြော့ကြော့နေချင်သောသဘောမှာ ဂုဏ်ရှိကြွားနေသောဦးဘဟန်တို့မျက်စိတွင် ကလက်နေလိမ့်မည်။ ဂုဏ်သရေအတုနှင့် ဂုဏ်သရေအစစ်မှာ ရေရှည်ဆိုလျှင် ခံနိုင်မည်မဟုတ်။ တကယ်ဆိုတော့ မေ့မှာ ဂုဏ်သရေအတုသာ ရှိလေ သည်။

“ရန်ကုန်အရှေ့ပိုင်းမှာ အိမ်ကောင်းကောင်းတွေရှိတာပဲ။ ဒီမှာလို အကျယ်ကြီး ဝင်းနဲ့ခြံနဲ့တော့ ဘယ်ဟုတ်မလဲ။ ဒါပေမယ့် မေတို့လင်မယားနှစ်ယောက်အတွက်တော့ အတော်ကလေးသပ်သပ်ရပ်ရပ်ဆိုရင်ရတာပေါ့ ကိုကိုမြင့်ရဲ့။ ဖေဖေကြီးတို့လည်း အားနာစရာ ေ ကာင်းတယ်၊ အိမ်ရှာရအောင်နော် ကိုကိုမြင့်နော်”

ကိုကျော်မြင့်မှာ သူ့မယားတစ်ချက်အချော့တွင် ပျော့ကျလေသည်။ မေ့ ရည်ရွယ်ချက်မှာ တစ်လတစ်ရာ အိမ်ကောင်းကောင်းတွေ ငှားနေမည်။ သူ့ ယောက္ခမလက်ဖွဲ့သောငွေထဲမှ သုံးထောင်တန်ကားတစ်စီးဝယ်ထားမည်ဖြစ်လေသည်။

သူတို့သည် ရန်ကုန်အရှေ့ပိုင်းတွင် အိမ်ရှာကြလေသည်။ နောက်ဆုံးတွင် သော်မဆင်ရိပ်သာတွင် မေကြိုက်သောအိမ်ကို တွေ့



လေသည်။ ကိုကျော်မြင့်သဘောမှာ သူ့အလုပ်မရသေးခင် ဒီလောက်ခမ်းခမ်းနားနား မနေစေချင်။ သို့ရာတွင် သူ့မယားကလေး အကြိုက်ကိုတော့ လိုက်ရမည်ဖြစ်လေသည်။ သူသည် ဝင်ငွေနှင့်မမျှသည်ကို သိသော်လည်း မျက်စေ့မှိတ်၍ မေ့ကိုသဘောတူလိုက်လေသည်။ မေရွေးချယ်သောအိမ်မှာ ဆင်ဝင်နှင့်၊ ဧည့်ခန်းကျယ်ကျယ်နှင့် သပ်ရပ်ပါ၏။ လခမှာ တစ်ရာဖြစ်၏။

“အလုပ်ရှိလျှင်တော့ ကောင်းတယ်မေရဲ့။ အခုတော့ လယ်ခရတဲ့ တစ်ရာငါးဆယ်ပဲ ဝင်ငွေဆိုလို့ရှိတာ”

“ဒီအတောအတွင်းလည်း အလုပ်ရဦးမှာပေါ့ ကိုကိုမြင့်ရဲ့။ နောက်ပြီး ဖေဖေကြီး လက်ဖွဲ့တဲ့ငွေထဲကလဲ ကားဝယ်တာ ငွေခြောက်ထောင် ခုနစ်ထောင်တော့ ပိုဦးမှာပါ”

မေမှာ “ထဘီဖိုး၊ ဘော်လီဖိုးနဲ့ မွဲမှာ” ဟူသော အစားထဲကဖြစ်လေသည်။ မေသည် လှလှကြော့ကြော့နေဖို့သာသိသည်။ ကိုကျော်မြင့်တို့သာသိသည်။ ကိုကျော်မြင့်မှာ သဘောကောင်း၊ မယားကိုချစ်တတ်သူဖြစ်ရာ “သူလည်း ဂုဏ်ရှိရှိနေချင်ရှာမှာပေါ့။ ငါကသာ အလုပ်အကိုင်ရအောင် ကြိုးစားပြီး သူပျော်အောင်ထားဖို့လိုတာ” ဟုတွေးလေသည်။ ပတ်လမ်းမှ သူတို့ပြောင်းလာကြသောအခါ မခင်စီမှာမျက်ရည်ကလေး ကလယ်ကလယ်နှင့် ကျန်ရစ်ရှာသည်။ ဦးဘဟန်မှာ နှုတ်ခမ်းကို ကိုက်ထား.လေသည်။

“အရေးကြီးတာက ခေတ်ဆန်ဖို့ပဲ၊ သိပ်ပြီး အခန့်ကြီးတွေ သုံးနိုင်ဖို့မလိုပါဘူး။ မန္တလေးနန်းတော်မှ မဟုတ်ဘဲ၊ ခေတ်ဆန်လျှင် လှတာပဲ”

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်မြင့်သည် အိမ်ကိုဆင်ပြင်နေသော မေ့ကို သဘောကျလေသည်။ မေက ဘာများသဘောကျအောင်လုပ်နေလို့လဲ။ မေသည် စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ်ညှိသောက်ကာ ကုလီများအား အိမ်ထောင်ပရိဘောဂများ အနေအထားကို အမိန့်ပေးနေလေသည်။ ဆိုဖာဆက်တီရှေ့တွင် အပြာကွက်ကော်ဇောကိုခင်း၏။ အပေါ်မှ အပြာရောင် အုပ်ဆောင်းနှင့် မီးပွင့်ကိုတပ်၏။ ခန်းဆီးများမှာ အပြာဖြစ်၏။ မေသည် ဧည့်ခန်းကို အလှဆုံးပြင်ဆင်လေသည်။ ပတ်လှမ်းမှာ နေ့စဉ်ကတည်းက အိပ်ခန်းတွင်ထားသော ကိုကျော်မြင့် ရေဒီယိုကိုယူထား၏။ စန္ဒရားကိုကား ကိုကျော်မြင့်အလုပ်ရမှဝယ်မည်ဟုမှန်းထားလေသည်။ စန္ဒရားကြီးသာ ထားလိုက်လျှင် ဒင်ပြည့်လှကုံထဲ အိမ်ဧည့်ခန်းဆောင်ဖြစ်နေပေမည်။ စန္ဒရား, ရေဒီယိုမှာ လှကုံထဲအိမ်များအတွက်မရှိမဖြစ်သော ပစ္စည်းများဖြစ်ကြလေသည်။ ဂီတ၏ အနုပညာကို ခံစားလို၍မဟုတ်၊ ကမ္ဘာ့သတင်းကို ကြားနာလို၍မဟုတ်ရာပေ။ ဒါရှိမှ လူနှင့်တူသည်ဆိုသော ကိစ္စတွေ အများကြီးရှိသည်။ ထမင်းစားခန်းမှာ ပန်ကာနှင့် ပဒေသာမီးပွင့်နှင့် ဂုဏ်သရေရှိ ဧည့်သည်များကို ဖိတ်ခေါ်တည်ခင်းကျွေးမွေးဖို့ ကောင်းလှသည်။ ကိုကျော်မြင့်မှာ မေ့ကို သူ့စိတ်တိုင်းကျဖြစ်စေလေသည်။

မီးကုတ်စက်ဝိုင်းတွင် အုံ့မှိုင်းသော တိမ်တိုက်တစ်တိုက်မှာ ငွေပြဿနာဖြစ်လေသည်။ ကိုကျော်မြင့်၏ ဝင်ငွေ မှာ အိမ်တာဝန်ကို အနိုင်နိုင် ထမ်းနိုင်သည်။ လယ်ခငွေနှင့် မလောက်၍ လက်ဖွဲ့ငွေထဲမှ တတိတိယူသုံးရလေသည်။ ကားကိုမူ ကိုကျော်မြင့်မောင်းရာ ဒရိုင်ဘာလခ မပေးရ၍တော်သေး၏။ မေ့အဝတ်အစားဖိုးမှာ အရေးကြီး၏။ လုံချည်အဆင်ဆန်းပေါ်တိုင်း ဦးစွာဝတ်ချင်သော မေမှာ အခက်ကျ၏။



သို့ဖြစ်လေရာ မေသည် သူ့စိန်ဆွဲကြိုးမှ တချို့တစ်ဝက်ကို မဂိုလမ်းတွင် ထုခွဲရာ ငွေလေးရာလောက်ရ၏။ ထိုငွေနှင့်အဝတ်အစား ဝယ်လေသည်။ ကိုကျော်မြင့်မှာ ဖာသိဖာသာနေသူဖြစ်ရာ မေ့ အဝတ်အစားကို သုမသိပေ။ မေကလည်း အစကတည်းက ရှိသည့်ဟန်မျိုးလုပ်ထားလေသည်။နောက်ကို ပွဲတိုင်တွေသွားရဦးမည်။ ငွေကလည်း လိုလာဦးမည်။ ဖြုန်းစရာတွေ တစ်ပြုံကြီးရှိသေးသည်။ ဦးဘညွန့်ကို ဘယ်သွားထားမလဲ။ မေသည် ငွေရေးကိုတွေးတိုင်း၊ သူ့မျက်နှာကို မြင်လေသည်။ သူ့မျက်နှာတွင် စိန်ကျောက် ရတနာတွေဖြင့် ဖုံးကွယ်လုမတတ်ရှိနေလေသည်။

လှကုံထဲပိုင်း အထက်တန်းက နေနိုင်ဖို့ငွေလိုသည်။ ငွေ… ငွေ… ငွေ ဘယ်ကရမလဲ၊ မေသည် ငွေပြဿနာကို ပြေလည်အောင် ဖြေရှင်းရမည် ဖြစ်လေသည်။

## (၁၂)

ကိုကျော်မြင့်မှာ အလုပ်မရသေး။

တကယ့်အချက်မှာ အလုပ်အမြန်ဆုံးရဖို့ဖြစ်လေသည်။ ဝင်ငွေဘယ်ကမှမရသည်ထက် မေ,လှလှပပ နေဖို့က ခက်သေးသည်။ မေမှာ ဦးဘညွန့်ဆီသွားဖို့လည်း ဘယ်တော့မှအခွင့်မပေါ်။ ၃၇ လမ်းဘက်သို့လည်းဘယ်တော့မှ ခြေဦးမတည့်မိ။ ရေဒီယိုကလာသော သီချင်းအသစ်တွေကိုတောင် အရင်ကလိုမကျက်မိ၊ စိတ်ရသည့်အခါမှာသာ သီချင်းစာအုပ်ကို ကိုင်လေသည်။

"ကိုကိုမြင့် ပေမေ့လို ဝတ်လုံဘက်လိုက်ပါလား ကိုကိုမြင့်ရဲ့."ဟု မေက အကြံပေး၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘီအဲလ်တက်ရမှာ နှစ်နှစ်ဆရာမရဲ့"

ဝတ်လုံစာမေးပွဲဝင်မည့်ကိစ္စမှာ ဤတွင်ပြီးလေပြီ။ မေမှာ ယောကျာ်းအတွက်အလုပ်ကိုသာ ကြည့်နေလေသည်။ဘီအိုစီကုမ္ပဏီမှ အလုပ်တစ်နေရာလစ်ဟင်းကြောင်းကြားရ၏။မန်နေဂျာမှာကိုကျော်မြင့် တို့ အပေနှင့်သိသည်။ သူတို့နှင့် အဆက်ရှိ၍ ရကောင်းရမည်ဟု မေကတွက်၏။ မေသည် သူ့ကို မန်နေဂျာနှင့် ကိုယ်တိုင်သွားတွေ့ဖို့ တိုက်တွန်းလေသည်။

သူသည် ညနေ၌ စိတ်ပျက်၍ပြန်လာ၏။

"ဒီငနဲက တောင်ကြီးရောက်နေတယ်" သူက ပြောလေသည်။

မေသည် သီချင်းစာအုပ်ကို လှန်နေရာမှ လှမ်းကြည့်၏။

"မနက်ဖြန် တောင်ကြီးသွားပါလား ကိုကိုမြင့်ရဲ့"

သူသည် မေ့ကို အံ့ဩနေသည်။

"ဘာလုပ်မလို့လဲ"

"အလုပ်ရအောင်ပေါ့၊ ဒါပါပဲ"

မေသည် ဆိုဖာပေါ်တွင်ထိုင်ကာ နက်ပြာရောင် ကူရှင်မှီအုံးကို မှီနေလေသည်။ သူ၏သွယ်တွန့်သော ဆံပင်မှာ ကူရှင်ရောင်နှင့် ရောနေလေသည်။

ကိုကျော်မြင့်သည် သူ့အနားသို့ထလာကာ သူ့လက်များကို ဆုပ်ကိုင်လိုက်၏။

"မေ့အတွက်ဆိုရင် ဘယ်ဖြစ်ဖြစ်သွားမှာပဲ"

"ကိုကိုမြင့်ကို ဘယ်ဖြစ်ဖြစ်သွားဖို့ မဟုတ်ဘူး။ တောင်ကြီးကို သွားဖို့သာပြောတာ"



သူသည် သက်မချ၍ "မေ ကိုကိုမြင့်သွားလို့ သိပ်မထူးဘူး ထင်တယ်။ သူတို့က လုပ်သက်ရှိတဲ့လူမှလိုချင်မှာ မေရဲ့၊ နောက်ပြီး တော့လည်း"

"ဘာမှနောက်ပြီးတော့တွေဘာတွေ လုပ်မနေနဲ့ ကိုကိုမြင့် သွားရမှာပဲ" မေသည် တစ်ဖက်သို့လှည့်၏။ "မေတော့ စိတ်ဆိုးမှာ ဒါပဲ၊ ဒီလိုသာ ဂျိုးများနေရင် ကိုကိုမြင့် တစ်သက်လုံး အလုပ်ရမှာ မဟုတ်ပါဘူး"

သူသည် ကူရှင်ကိုပွတ်နေလေသည်။ "ကိုကိုမြင့် နဲ့ အတူတူ မနေချင်တော့ဘူးလား"

မေသည် ဆိုဖာပေါ်မှထကာ ပြတင်းပေါက်နားသို့ သွား၍ တံခါးဘောင်ကို လက်ထောက်လျက်အပြင်ဘက်ကို ကြည့်နေလေသည်။ မေမှာ ကိုကျော်မြင့်ကို ဒေါသထွက်နေသည်။ ကြာရှည်ပြောနေရလျှင် ဒေါ်ထက်စိတ်တိုလာမည်ကို သူသိသည်။

အတော်ကြာ ငြိမ်သက်နေ၏။ နောက် ခြေသံကြားရကာ ကိုကျော်မြင့်သည် သူ့လည်ပင်းကို ဖက်လိုက်၏။

"သွားပါမယ်ကွယ် မေကလည်း"

မေသည် ပြုံးလာလေ သည်။

"မေက ကိုကိုမြင့်ကောင်းဖို့ပြောတာ"

ခါတိုင်းကဲ့သို့ပင် လင်မယားနှစ်ယောက် ကတောက်ကဆတ် စကားများကြပြီး နောက်ဆုံး နမ်းရှုတ်ခြင်းဖြင့် အပြီးသတ်လေသည်။

နောက်တစ်နေ့တွင် ကိုကျော်မြင့် တောင်ကြီးသွား၍ မေ တစ်ယောက်တည်း အိမ်တွင်ကျန်ရစ်ခဲ့လေသည်။ လင်မယား ညား ကတည်းက ဤအကြိမ်သည် ပထမအကြိမ် သူတစ်ယောက်တည်း

www.burmeseclassic.com

www.burmeseclassic.com



နေသောအခါဖြစ်လေသည်။ ကိုကျော်မြင့်မှာ သန်ဘက်ခါ ပြန်လာမည်ဖြစ်လေသည်။ ကိုကျော်မြင့်အိမ်မှာ မရှိသည်ကို မည်သူ့မျှမပြော။ မခင်စီကိုပင်မပြောပေ။ အကယ်၍ မခင်စီသိလျှင် ညလာ၍ အိပ်လိမ့်မည်ဖြစ်၏။

သို့ရာတွင် မေ့အဖို့မှာ အဖော်မလို၊ သူသည် ပြတင်းပေါက်ကို ဖွင့်လိုက်၍ ရန်ကုန်မြစ်ဘက်မှလာသော လေကို ရှူနေလေသည်။ ရန်ကုန်မှာ နွေဦးပေါက်လာသော်လည်း တောမှာလို ပန်းရနံ့တွေမကြိုင်လှိုင်။ မမွှေးပျံ့၊ မေသည် မွေ့ရာပေါ်သို့ပစ်လဲကာ သူ့ယောက်ျားခေါင်းအုံးကိုရင်တွင်ပိုက်၍သီချင်းဆိုနေလေသည်။အပေါ်ကခြင်ထောင်လေတိုက်သဖြင့် ဖောင်းလိုက်, ပိန်လိုက်နှင့် လှိုင်းအိနေသည်။ ဘ,ဆက်ရက်တွေမှာလည်း ခါတိုင်းလို တေးမသီကြ။မေသည် အခုမှ လင်နှင့်ခွဲရသည်မှာ ပျင်းစရာကောင်းမှန်းသိလေသည်။ သူသည် ထမင်းစားခန်းသို့သွားကာ နှင်းသီးနှင့်နို့ဖျော်သောက်ပြန်သည်။ နောက်အကြိုရ၍ တယ်လီဖုန်းရှိသော မျက်နှာချင်းဆိုင် ကုလားဝတ်လုံတစ်ဦးအိမ်သို့တက်သွားလေသည်။

မေသည် မျက်လုံးကို မျက်နှာကြက်ဆီသို့ လှန်၍ ကြည့်ကာ ဦးဘညွန့် တယ်လီဖုန်းနံပါတ် "ဒါဇလ်တူးအိုဖိုက်"ကို ဆက်လေသည်။ သူ့အသံမှာ အနည်းငယ်တုန်နေသဖြင့် တယ်လီဖုန်းဆက်သူက နှစ်ခါထပ်၍ မေးရလေသည်။ ဦးဘညွန့်၏အသံကြီးကို ကြားမှ သူသည်နကိုသံရလာ၏။

"အခု စကားပြောနေတာ မေ ဟုတ်လား၊ ကျန်းမာရဲ့နော်"

မေသည် သူ့သဏ္ဌာန်ကို မြင်လာလေသည်။ မှုန်မှေးသောအခန်းထဲတွင် ပင့်ကူကြီးထိုင်နေသော သူ့ပုံပေါ်လာ၏။ မေသည်



ကိုကျော်မြင့် တောင်ကြီးသွားသည့်အကြောင်းကို ပြောပြလေသည်။ မေသည် တစ်ယောက်တည်းဖြစ်လေသည်။

"တစ်ယောက်တည်းဟုတ်လား"

"ဟုတ်ပါတယ်ရှင်..."သူပြုံးနေသော အသွင်ကိုမြင်လာ၏။ သူ့အသံမှာ ဘယ်လောက်ချွဲပျစ်ပျစ်နိုင်သလဲ။ အစက စကားမပြောလိုက်လျှင်ကောင်းမှာ။ ကိုကျော်မြင့်များသိသွားလျှင် သို့ရာတွင် နောက်ကျခဲ့လေပြီ။

"အခု အားတယ်မဟုတ်လား"

မေသည် ဂရုစိုက်၍ နားထောင်၏။

"ဟုတ်ကဲ့"

"လာမယ် မဟုတ်လား"

"ဘာပြောတယ် ထပ်ပြောပါဦး၊ ကောင်းကောင်း မကြားရဘူး"

သူသည် မေပြောသောစကားကို ထပ်၍ပြောပြလေသည်။

"ညနေစာစားလာပါလားလို့ပြောတာပါ။ မေ လာမှ လာပါ့မလား"။

မေသည်ရယ်၏။ "ကျေးဇူးတင်ပါတယ်ရှင်၊ ဒီလိုဖိတ်တာဝမ်းသာပါတယ်။ ဒါပေမယ့် တဆိတ်တော့"

သို့ရာတွင် သူသည် စကားကို ဖြတ်လိုက်လေပြီ။

ဘယ်လောက် ပါးနပ်သလဲ၊ လည်သလဲ၊ ကိုယ်တို့ ဘိုးကျော်မြင့်တို့နဲ့တော့ကွာလိုက်တာ။ ဘယ်လောက် ဝိနည်းအရှောင်ကောင်းသလဲ။ ဘာပြုလို့များ ကိုကျော်မြင့်ကို လက်ထပ်လိုက်ပါလိမ့်။ နည်းနည်းလောက်တော့ စောင့်နေလိုက်ရောပေါ့။ ဦးဘညွန့်ကို

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ မစောင့်မိပါလိမ့်။ မေသည် မျက်မှောင်ကုတ်လိုက်လေသည်။

သူသည် အိမ်ပြန်ရောက်သောအခါ အိပ်ခန်းထဲ ခုတင်တိုင်ကို မှီကာ တွေးနေလေသည်။ ကြာရှည်စွာလေးနက်စွာတွေးသည်။ တစ်နာရီထိုးလျှင် သူသည်မှန်တင်ခုံရှေ့တွင်ရပ်ကာ အလှပြင်လျက် ရှိလေသည်။

□□□

"ဦးဘညွန့်မှာ မေ တယ်လီဖုန်းမှနေ၍ စကားပြောသည်ကို အနည်းငယ်မျှ မအံ့သြမိချေ။ ကိုကျော်မြင့်၊ မခင်စီတို့နှင့်အတူ နေ့လယ်စာစားပြီးနောက် အနေးနှင့်အမြန်ဆိုသလို မေ သူ့ဆီလာရမည်ဟု တွက်ထားလေသည်။ သူသည်အတွက်အချက်နှင့် သူ့အချိန်ကို စောင့်နေလေသည်။

မေ့ကို သူတကယ်စွဲသည်။ သူဝန်ခံ၏။ တကယ်ဆိုတော့ သူသည် ကာမကျူး၍ ကာမကျူးသည့်ဘဝကိုသူပျော်သည်။ သူသည် မေ့ကို စိတ်ကူးယဉ်နေသည့်မဟုတ်။ လရောင်ကိုကြည့်၍ မေ့အကြောင်းတွေးကာ လွမ်းနေသူမဟုတ်။ ပန်းကိုတွေ့လျှင် ဆွတ်၍ မွှေးလိုက်ချင်သလိုသာ သူမေ့ကို စွဲလမ်းသည်။ သူသည် မေ၏အလှ ရူပါရုံ ညှို့ဓာတ်တွင် ငြိမ့်ခနဲမိနေသည်။

သူသည် မေနှင့် နှစ်ကိုယ်ကြားစကားတအေးအေးနှင့် စားသောက်မည့် နေ့လယ်စာပွဲကို သူကိုယ်တိုင်စီမံ၍ နေလေသည်။ သူသည် မှန်ပြတင်းမှာ ခန်းဆီထူထူကိုကာ၍ ပန်းနရောင် မီးအုပ်ဆောင်းနှင့် မီးပွင့်ကိုဖွင့်ထား၏။ သူသည် လိမ္မော်ရည်ထဲတွင် ဝိစကီ နည်းနည်းရောထားသည်။ အနားမှ သူ့ဆရာခိုင်းမည်ကို ရပ်စောင့်နေသောအစေခံကို အော်ငေါက်၍ အဝေးသို့နှင်လိုက်၏။



သူသည် လေကလေးချွန်၍သူကိုယ်တိုင်စီမံနေလေသည်။

အပြင်မှ ခြေသံများကြားရ၏။ အား မေ၊လာပြီ လေ....

တံခါးဝတွင် မေ့ကို မြင်သောအခါ သူသည် ခဏရပ်မိလေသည်။ သူသည် မေ့ကို သုခုမပညာ အကဲခတ်သူလို ကြည့်လေသည်။ မေမှာ တော်တော်ချောနေသည်။ မေ့အမူအရာမှာ ကျက်သရေရှိသည်။ မေ့အသွင်မှာ အလှဂုဏ်လျှမ်းသည်။ မေမှာ အပျိုနုနု ဖတ်ဖတ်ကလေး ထက် စိုလွင်သည်။

သူသည် သက်ပြင်းချ၏။

"ခွင့်လွှတ်ပါနော်။ အခုလို သိပ်ပြီးချစ်စရာကောင်းတဲ့ ပသာဒ အာရုံကိုမြင်ရတော့ ကျုပ်ကိုယ်တောင် ကျုပ်မေ့နေမိတယ်"

မေသည် ဒီလောက်တောင်ပဲလားဟူသောဟန်ဖြင့် ပြုံးလေသည်။

"ဦးဘညွန့်ဆီ တယ်လီဖုန်းနဲ့ စကားပြောပြီး နှောင့်ယှက်လို့သာ မေ့ကိုခွင့်လွှတ်ရမှာပါ။ ကိုကိုမြင့်သိမှာ လန့်နေတာ၊ ဒါပေမယ့် လေ"

"အို ကိစ္စမရှိပါဘူး၊ ခွင့်လွှတ်တာ မလွှတ်တာ ပြောမနေပါနဲ့။ လာလည်တာကိုပဲ သိပ်ကောင်းနေပါပြီ"

မေသည် ဆိုဖာပေါ်တွင် ဝင်ထိုင်လေသည်။

"အခုလို မေက လွတ်လွတ်လပ်လပ် မဟုတ်တော့ဘူး ဆိုတော့ ကျုပ်တို့လည်း နောက်တွေ့ရမှာ မဟုတ်ဘူးဆိုပြီးနေတာပဲ"

"မိတ်ဆွေဟောင်းတွေကို မေဘယ်တော့မှ မမေ့တတ်ပါဘူး"မေသည် ရယ်လေသည်။

"ကျုပ်တို့ဟာ မိတ်ဆွေဟောင်းတွေမှ မဟုတ်ဘဲနော် မေ"

www.burmeseclassic.com

www.burmeseclassic.com



မေသည် ဘာမှပြန်မဖြေဘဲ ကော်ဇောကိုသာ ငေး၍ကြည့်နေလေသည်။

"ဦးဘညွန့်အကြောင်းလည်း ပြောစမ်းပါဦး"

"ဘာမှပြောစရာမရှိပါဘူး။ဒီအိမ်ကြီးနဲ့ စာအုပ်နဲ့ စိန်ကျောက်ရတနာတွေနဲ့၊ ဒါပဲပေါ့။

"ဟုတ်ကဲ့လားရှင်"

သူသည် မေ့ကိုကြည့်၍။ "ဒါပေါ့ဗျ မေတို့လို ပျော်စရာတွေနဲ့မှ မတွေ့ရဘဲ"

"ပျော်စရာ၊ ရွှင်စရာဆိုတာဘာလဲ၊ မေ နားမလည်ပေါင်"

မေသည် သူ့ကိုယ်သူအပျိုကလေး မှတ်နေလေသည်။

"မေတို့ လက်ထပ်ခါစကို ပြောပါမေရဲ့"

မေသည် ခေါင်းကိုခါလေသည်။ လက်သည်းများကို အချင်းချင်း ပွတ်နေလေသည်။ မေ့အပြုအမူတို့မှာ တကဲ့စိတ်အခံကလာသော အပြုအမူမဟုတ်။ ယဉ်ကျေးသိမ်မွေ့ခြင်း မျက်နှာဖုံးကိုတပ်ဆင်ထားလေသည်။ ချွတ်လိုက်ရင်ဘာများဖြစ်သွားမလဲ။ ယခု သူလုပ်သည့်အတတ်ပညာမှာ ဘသိန်း၊ ကိုကျော်မြင့်တို့နှင့်ကဲ့သို့မဟုတ်။ ဘသိန်းနှင့်ဆိုလျှင်တစ်မျိုး။ ကိုကျော်မြင့်နှင့်ဆိုလျှင် ပြုံးပြုံးကလေးနှဲ့မှုကာသူ့အမွှေးကို ပြန်၍ မွှေးရမည်ဖြစ်၏။ သို့ရာတွင် ဦးဘညွန့်ဆိုလျှင် အသာပါးနပ်စွာကိုင်ရမည်။ သူက မေ့ကို မက်လာရမည်။

"လက်ထပ်တယ်ဆိုပေမယ့် ဒီလောက်တောင် ပျော်စရာ၊ ရွှင်စရာကြီး မဟုတ်ပါဘူးရှင်"

အတန်ကြာ တိတ်ဆိတ်နေကြ၏။



"ဘာပြုလို့ မေတို့ဆီ လာမလည်သလဲ"

"မန္တလေး ရောက်နေတာ မနေ့တစ်နေ့ကမှ ဒီပြန်ရောက်တာ"

"သြော်.... ဟုတ်လား။ မေတို့လည်းမန္တလေးသွားကြသေးတယ်။ ဟွန်းနီးမွန်းတုန်းကဆိုပါတော့"

"ကြားပါတယ်ဗျာ ကြားပါတယ်"

သူသည် မေ့ကိုအစားအသောက်များ ကျွေးမွေးရင်း မန္တလေးတွင် အဘယ်ပုံ လည်သည်ကိုပြောပြလေသည်။ ဦးဘညွန့်သည် ဧည့်ဝတ်ကျေပွန်သော အိမ်ရှင်ကောင်းဖြစ်သည်။ အစားအသောက်များမှာ အရသာရှိပါသည်။ မွှေးပါသည်။

"မေ ဟောဒီ လိမ္မော်ရည်လေးသောက်လိုက်ပါဦး။ ရင်ချောင်ပါတယ်"

မေသည် သောက်လေသည်။ သူ့ရှေ့တွင် ထိုင်နေသော ဦးဘညွန့်ရုပ်သည် ပြောင်းလာ၏။ သူသည် ခံ့လာ၏။ သူ့ဆံပင်မှာ ရွှေရောင်တောက်လာ၏။ အခန်းကြီးသည် ပန်းရောင်မြူမင်းလွင်တို့ဖြင့် ရစ်သန်း၏။ ပန်းရောင်ကြယ်တွေလက်နေကြ၏။

လိမ္မော်ရည်နှင့် ရောစပ်ထားသောအရက်သည် မေ၏အသိဝေဒနာတွင်းသို့ ဝင်ရောက်လေပြီ။သူသည် စကားပြောသွက်လာ၏။ သူသည် သော်မဆင်ရိပ်သာ သူတို့အိမ်အကြောင်းကို ပြောပြလေသည်။

"အိမ်က သိပ်နေလို့ကောင်းမှာပဲနော်"

"ဟုတ်တယ် သိပ်နေလို့ကောင်းတာပဲ"

မေသည် ပျော်လာသည်။ ပတ်ဝန်းကျင် အရာအားလုံးမှာ

www.burmeseclassic.com

www.burmeseclassic.com



ချစ်စဖွယ်ကောင်းနေသည်။

နောက်တစ်နာရီမှာ အိပ်မက်ထဲမှာကဲ့သို့ ကုန်သွားသည်။ ရေခဲစိမ်စပျစ်သီး၊ သစ်တော်သီးများစားသည်ကို ရေးရေးသာ အမှတ်ရ၏။ နောက်အပေါ်သို့တက်ကာ ကျောက်မျက်ရတနာများကို ကြည့်ချင်သည်ဟု ဦးဘညွန့်ကို ပူဆာ၏။ သူကိုယ်တိုင် မြဘယက်ကို မေ့ရင်ဘတ်တွင် ဆွဲပေးသည်ကို မှုန်မှိုင်းစွာသိလိုက်၏။ မေသည် သူ့ သမာဓိပျက်ပြယ်သည်ကို သိပါသည်။ သို့ရာတွင် မပျက်ပြယ်အောင်ဘယ်လိုမှလုပ်၍မရ။ အာရုံကိုက ပျက်ပြယ်ချင်စရာ။ သူသည် အေးအေးဆေးဆေးပင် ငွေကိုတောင်းသည်။ အေးအေးဆေးဆေးပင် ခွန့်စားမှုကိုရင်မဆိုင်ဝံ့။

မေ ဘယ်ရောက်နေသလဲ၊ ရတနာခန်းထဲမှာ၊ သူ့ကိုဘာပြောနေသလဲ။

"မေ ငွေလိုချင်သလား" ဟု ဦးဘညွန့်က ပြောလေသည်။ "မေ့ကို ငွေပေးမှာပေါ့"

သူ၏စူးရှသော မျက်လုံးအောက်တွင် မေ၏ပါးသည်နီမြန်း၍သွား၏။ မေသည် အဖြေကိုမပေး။

"လာ လာ ဒီလိုက်ခဲ့ပါဦး"

မေသည် သူ့နောက်ကို လိုက်သွားလေသည်။ သူသည် အခန်းမှတံခါးကို တွန်းဖွင့်လိုက်၏။ မေသည်အတွင်းသို့ ကြည့်၏။ သူနေသော အခန်းဖြစ်လေသည်။ တရုတ်ကပ်အကြားမှ နေရောင်ခြည်သည် ရွှေရည်လဲ့လဲ့ဝင်းကို ပက်ဖျန်း၏။ ရက်စက်သော အရောင်၊ သူ့အရောင်အောက်တွင် အားလုံးသောအရာတို့သည် အရှက် မရှိကြ၊ ကြာခြေမရှိကြ။



မေသည် အနောက်သို့ဆုတ်၏။ "ဟင့် အင်း.... ဟင့် အင်း မေ မလိုက်ချင်ဘူး"

"လာပါ မေရဲ့၊ ကိစ္စမရှိပါဘူး"

သူသည် မေအထဲရောက်လျှင် တံခါးကို ပိတ်လိုက်လေသည်။ အနည်းငယ်မှောင်၏။ သူသည် မီးခလုတ်ကိုဖွင့်၏။ မျက်နှာကြက်မှ မီးပွင့်မှပြာလဲ့လဲ့အရောင်လင်းလာ၏။ မေသည် အခန်းပတ်လည်ကိုကြည့်၏။ ထောင့်တစ်ထောင့်တွင် စန္ဒရားတစ်လုံးရှိသည်။ တစ်ဖက်တွင် ခုတင်တစ်လုံး မွေ့ရာအိစက်စက်နှင့်။

"ပျင်းရင်ဒီမှာလာပြီး သီချင်းကလေးဘာကလေးတီးတာပဲ။ ကဲမေ သီချင်းတစ်ပုဒ်လောက်ဆိုစမ်းပါ"ဟု ဦးဘညွန့်သည် သိမ်မွေ့စွာ ပြောလေသည်။

မေသည် ကိုယ်ကိုတုံ့လိုက်၏။

ဗီရိုတစ်ခုပေါ်တွင်ကား နာရီတစ်လုံးတင်ထား၏။ အချိန်မှာ သုံးနာရီကိုပြ၏။ အပြင်တွင်ကားပြည်လမ်းမကြီးမှ ဝေါခနဲ ဝေါခနဲ ဖြတ်သွားကြကာ ကားသံ လော်ရီသံများကို သဲ့သဲ့မျှကြားရ၏။

"ကြင်နာပါကွယ် မောင်ရယ်
ပျိုအားကိုးတော့မယ်
စိမ်းကားနဲ့ကွယ်
ချစ်မှာလား
ခင့်အပေါ်ဝယ်"

ဂီတသံငြိမ့်ရွှန်းစွာ ပျံ့လွင့်လာလေသည်။ နောက်ငြိမ်သက်သွားသည်။ နာရီမှ ချက်ချက်ဟူသော စက်သံမှတစ်ပါး တိတ်ဆိတ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မေလှေကားတွင်ရပ်၍ သူ့ကိုနှုတ်ဆက်သောအခါ ငါးနာရီထိုးပြီဖြစ်သည်။ ယခုလောက် စိတ်လိုက်မာန်ပါပြုရာ၌ စိတ်အားမကုန်ခဲ့။ သူသည် ဦးဘညွန့်အပါးမှ ခွာသောအခါရွှင်လန်းစွာပြုံးလေသည်။ သူငှားပေးသော အငှားမော်တော်ကားဆီသို့ လျှောက်သွားရာ၌ မေ့ခြေလှမ်းသည်ပေါ့၏။ ရွှင်ပျ၏။ သို့ရာတွင် ကားပေါ်တက်၍ ဒရိုင်ဘာအား သော်မဆင်ရိပ်သာသို့မောင်းရန် အမိန့်ပေးပြီးသောအခါ မေ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ စက်ဆုပ်ရွံရှာခြင်းဖြင့် တုန်လှုပ်လျက်ရှိလေသည်။ သူသည် ကူရှင်ကိုမှီကာ စက်ပျက်သွားသည့် ကလေးကစားစရာ အရုပ်ကဲ့သို့ အားကုန်၍နေလေသည်။

ယခုလက်ငင်းမှ ဘာကိုမျှမတွေးရဲ။ မစဉ်းစားရဲ။ မေသည် ကားနောက်တွင် ရိပ်ခနဲ ရိပ်ခနဲ ကျန်ရစ်ခဲ့ကြသော အိမ်ရာ,တိုက်တာများကို မှေးသောမျက်လုံးဖြင့်ကြည့်၏။ လဟာမှ လာသော လေကိုရှူ၏။ သို့ရာတွင် သူ၏စိတ်ကြီးယာကား အလုပ်မလုပ်။ ကြောက်စိတ်အပွင့်တွေ များများပါသော ပန်းစကြာမှန်ပြောင်းကို ကြည့်ရသကဲ့သို့ ရှိလေသည်။

အဘယ်ကြောင့်ဆိုသော် မေသည် ရက်တရက်ချက်ချင်းမှ သူကျူးလွန်ခဲ့သောအပြစ်ကို အကြောက်ကြီး ကြောက်လျက်ရှိသောကြောင့် ဖြစ်လေသည်။ တစ်လောကလုံး သူ့အကြောင်းကို သိကုန်ပြီဟုမှတ်ထင်ရ၏။ မိန်းမများရွှင်လန်းပျော်မြူးနေကြသည်ကို စိတ်မလုံသော မေက သူ့ကို ရယ်ကြသည်၊ ကဲ့ရဲ့ကြသည်ဟု ထင်လေသည်။ လမ်းဘေးတွင်ကစားနေကြသောကလေး သူငယ်များသည် ကားလာသောအခါ ရှောင်လိုက်ကြ၏။ မသန့်ရှင်းသောမေမှာ သူ့ကို ရှောင်ကွင်းကြသည်ဟု တွေးလေသည်။



ဟော သော်မဆင်ရိပ်သာကိုရောက်ပြီ။ ဘုရားမပေလို့။ သူ့စိတ်ထဲတွင် တစ်သက်မကကြာသည်ဟု အောက်မေ့၏။ အမှန်မှာ ငါးနာရီလောက်သာကြာသည်။

မေသည် ကားပေါ်မှဆင်းကာ အိမ်တွင်းသို့ဝင်လေသည်။ သူသည် အစေခံတံခါးလာဖွင့်သည်ကို စောင့်ရင်း ပြန်မောင်းထွက်သွားသော ကားသံကို ကြားရလေသည်။ အိမ်ကလေးမှာ တိတ်ဆိတ်၍နေသည်။ လူသူလေးပါးနှင့် ကွာဝေးနေသလားဟု မှတ်ထင်ရ၏။ အိမ်ပြန်ရောက်သည်မှာ အလွန်ကောင်းသည်။ အိမ်ဆိုသည်မှာ ဘယ်လိုနေသည်ဆိုတာ သူ့တစ်သက်နှင့်တစ်ကိုယ် ပထမအကြိမ် တွေးမိခြင်းဖြစ်လေသည်။

သူသည် ထမင်းစားခန်းသို့သွားကာ ရေတစ်ခွက်ကို သောက်လေသည်။ ရေမှာ အေး၍ချိုနေကာ သောက်၍အရသာရှိလှသည်။ သူသည် နည်းနည်းနေသာထိုင်သာရှိသွား၏။ သူသည် သူ့မျက်နှာကို ရေဖန်ခွက်တွင် သွားမြင်လေသည်။ သူသည် လန့်အော်မိ၏။ ယခုလောက်တစ်ခါမှ မနွမ်းလျခဲ့။ သူ့ပါးမှာ ဖြူနေ၏။ ဆံပင်တွေမှာ ပွနေ၏။ သူသည် သူကိုယ်သူရယ်၏။ သူဘာစဉ်းနေသလဲ၊ သူသည် လူသတ်မှုကျူးလွန်သူသကဲ့သို့ ဖြစ်နေ၏။ သူ၏အာရုံကြောများသည် အားနည်းလျက်ရှိလေသည်။ သူ့အမေကိုသူတွေး၏။ မိန်းမတွေ ထောင်သောင်းကို သူစဉ်းစား၏။ သူတစ်ယောက်တည်းသာ ဥမ္မတ္တကောလား။

မေ့ ည် ကြိုးစား၍ပြုံးကာ သူ့အိပ်ခန်းသို့တက်သွားလေသည်။ နောက်ဆုံးမှာ ဘာပဲလုပ်လုပ်နေ၊ အမြတ်အစွန်းရှိလျှင်၊ အကျိုးရှိလျှင်ပြီးတာပဲဟု သူ့စိတ်ကိုဖြေလေသည်။ သူသည် တံခါးကိုလုံအောင်

www.burmeseclassic.com

www.burmeseclassic.com



ပိတ်ကာ လက်ဖွေ့အိတ်ထဲမှ ငွေရှိမှရှိသေးရဲ့လားဟု ဖွင့်ကြည့်၏။ ငွေတစ်ထောင်တန် ချက်လက်မှတ်မှာ ခေါက်ရာမပျက် ရှိနေသည်။ သူသည် မှန်တင်ခုံစားပွဲမှ အံဆွဲကိုဖွင့်ကာ အတွင်းရှိသေတ္တာကလေးထဲသို့ထည့်ကာသော့ခတ်လေသည်။ စိတ်ဝင်စားစရာကောင်းလှသောသေတ္တာဖြစ်ပါသည်။ ကိုကိုမြင့်များ တွေ့သွားလိုက်လျှင် ဘယ်လောက်များ အံ့သြလိုက်မလဲ။ အတွင်းတွင် စိန်ကြိုးမှာ အရောင်တဖိတ်ဖိတ်တောက်နေသည်။ ဦးဘမောင်ထံမှ ငွေသုံးရာမှာလည်း ဒီအတိုင်း။ နောက်ဘသိန်း၏ဓာတ်ပုံဖြစ်လေသည်။ ဓာတ်ပုံကျောဘက်တွင်“ဘသိန်းထံမှအချစ်မေသို့” ဟု ရေးထား၏။ နောက် အားလုံးနှင့်မဆီလျော်သောအရာမှာ သူ့အမေ၏ရုပ်ပုံလွှာဖြစ်လေသည်။ သူ့အမေပုံကို မည်သူ့မျှမပြ။ ကိုကျော်မြင့်ကိုပင် မပြ။

မေသည်သူ့ပစ္စည်းများကိုကြည့်ကာပြုံးလေသည်။ အကုန်လုံးခြုံကြည့်လိုက်လျှင် သိပ်မဆိုးလှဟု သူအောက်မေ့၏။ ငွေတစ်ထောင်မှာ အပိုငွေဖြစ်၍ ဒီအထဲမှ အဝတ်အစားတွေများများဝယ်နိုင်မည်။ ယခုအခါမှ ဦးဘညွန့်အကြောင်းကို သိပ်မတွေးချင်။ ယခုနေသာ သူသည် အခန်းထဲသို့ဝင်လာက ရွှံရှာမုန်းတီးသောစိတ်ဖြင့် အော်မိမည်မှာအမှန်ပင်။

မေသည် အံဆွဲ ကိုသော့ခတ်ပိတ်ကာ သော့ကို အိတ်ထဲသို့ထည့်၏။

သူသည် အိပ်ရာဆီသို့ လမ်းလျှောက်သွားစဉ် ထူးဆန်းသောဝေဒနာအတွေ့ကို ခံစားရလေသည်။ မိုက်ခနဲ မိုက်ခနဲဖြစ်သွားသဖြင့် ခုတင်ကို ကိုင်ဆွဲလိုက်၏။

အရင်က ခုလိုတစ်ခါမျှမဖြစ်ဘူး။ မေသည် လေကောင်း



လေသန့်ရအောင် ပြတင်းပေါက်နားသို့သွား၏။ ပင်လယ်လေသည် အေးအေးကလေး တိုက်ခတ်နေ၏။ ကုန့်သည်လမ်းတစ်လျှောက်မှ ထရော်လီကားသံကို သဲ့သဲ့မျှကြားကြ၏။ ကိုကိုမြင့်... ကိုကိုမြင့် ဘာများလုပ်နေပါလိမ့်။ မေသည် သူ့လင်ကို တွေ့ချင်သော စိတ်ပေါ်လာ၏။

အန်ချင်သလိုလို ဖြစ်လာကာ ဝေ့ခနဲ ဝေ့ခနဲ ပျို့တက်၏။ မေသည် အိပ်ရာဆီသို့ပြန်လာကာ ခုတင်တိုင်ကိုမှီနေပြန်၏။ သူ့သည် ဖျားလာ၏။ တစ်ချက်ပျို့ပြန်၏။ သူ့ရှေ့ရှိ အခန်းနံရံများသည် ယိမ်းထိုးနေကြ၏။

ချက်ချင်း မေသည် သူဘာဖြစ်သည်ဆိုတာကို ရိပ်မိလေပြီ။ ပင်္ဂိုသန္တေတည်သည့် အရိပ်လက္ခဏာဖြစ်သည်ကို မေသိလေပြီ။ ကလေးအမေဖြစ်ရတော့မည်။ ညနေက သူကျူးလွန်ခဲ့သော အပြစ်ကို မြင်လာ၏။ မေ မှားပါပြီ ကိုကိုမြင့်ရယ်၊ မေမှားပါပြီ။

မေသည် အိပ်ရာပေါ်သို့ လဲကျသွားလေသည်။

(၁၃)

မီးရထားနောက်တွင် လယ်ကွင်းများ ရိပ်ခနဲ ရိပ်ခနဲနှင့် ကျန်ခဲ့ကြသည်။ တန်ခူးဆန်းစဖြစ်လေရာ ပိတောက်ပင်မှာ ရွှေပန်းများဖြင့် ဝါဝါဝင်းလျက်ရှိ၏။ လေမှာ ရိုးပြတ်များ, တလင်းများပေါ်၌ ဆော့ကစားနေကြ၏။ တိမ်တိုက်အဖြူတို့သည် မီးရထားနှင့်အတူ လိုက်ပြေးနေလေသည်။ သံကြိုးတိုင်များသည် သူတို့ရှေ့ရှိ ရေမြောင်းတွင် မှန်ကြည့်နေကြ၏။ မေသည် မျက်စိကို တစ်ဖက်ဖွင့်ကာ

www.burmeseclassic.com

www.burmeseclassic.com



တံခါးဘောင်တွင်လက်တင်ရင်း လယ်ကွင်းထဲမှ ဆေးခြယ်ထားသော ပန်းချီကားကိုကြည့်နေလေသည်။ စိမ်းစိမ်း အစက်တွေ၊ နီနီအခက်တွေ၊ ဝါဝါအနွယ်တွေ၊ ရွှေရွှေဘိန်းတွေဖြင့် သုတ်လိမ်းထားသော တောကျက်သရေကားကြီးဖြစ်လေသည်။

မေသည် ရန်ကုန်ကိုရွံလာသည်။ အရောင်လက်လက်တွေကို မျက်စိကျိန်းလာသည်။ ရထားသံ,ကားသံတွေကို နားညည်းလာသည်။ သူသည် တောကိုသာသွားချင်လာသည်။ အဘယ်ကြောင့် တောကို သွားချင်လာသည်ကို သူကိုယ်တိုင်မသိ။ စိတ်ကိုကတောကို တောင့်တလာသည်။ တောဆိုသည်မှာပဲခူးဖြစ်သည်။ ရာဇဝတ်ကျူးလွန်သူများ သူလုပ်ခဲ့သောနေရာကိုပြန်၍ကြည့်ချင်သောစိတ်ကဲ့သို့ ဖြစ်လေသည်။ ပကတိစိတ်ကကို ပဲခူးသွားချင်နေလေသည်။ အမှန်မှာ မေ၏ ချဉ်ချင်းဖြစ်လေသည်။ သူဘွက်ခဲ့ကတည်းက ပဲခူးမှာဘာဖြစ်ကျန်ရစ်ခဲ့သလဲ ဆိုတာသူသိချင်သည်။ ကိုကျော်မြင့်ကိုမှ "ကိုကိုမြင့်ရယ် ကိုကိုမြင့်နဲ့ မေ တွေ့တဲ့နေရာသွားလည်ရအောင်" ဟုပြောလေသည်။ ကိုကျော်မြင့်မှာ မေ၏အကြံကို သဘောတူလေသည်။

ရှုသမျှအရာတို့သည် ပြာနေကြ၏။ ကောင်းကင်သာမဟုတ်၊ သစ်ပင် ပန်းပင်အားလုံးပင် တောအလှကို တွေ့ရဦးတော့မည်။ သန့်ရှင်းစင်ကြယ်သောလေကို ရှူရဦးတော့မည်။

"မေ နေလို့ကောင်းတယ်နော်"

မေသည် ခေါင်းကိုအသာငြိတ်လေသည်။

"နောက်ဆယ့်ငါးမိနစ်ဆိုရောက်မှာ"

ကိုကျော်မြင့်သည် နေရာမှထကာ ကိုယ်ကိုအညောင်းဆန့်၏။ အိပ်ရာလိပ်ကို သေတ္တာပေါ်တွင်တင်၏။



ငါးနာရီလေးဆယ့်ငါးမိနစ်တွင် ပဲခူးဘူတာရုံသို့ ဆိုက်ကပ်လေသည်။

မေသည် ပလက်ဖောင်းကိုမြင်သောအခါ ကိုယ့်အရပ်ကို ကိုယ်လွမ်းမိလေသည်။ သူသည် အသိမိတ်ဆွေများ တွေ့မည်လားဟု စိုးရိမ်စွာ ဟိုဟိုဒီဒီကြည့်၏။ သို့ရာတွင် သူ့အသိတစ်ယောက်မျှမတွေ့။

"လာမေ တက္ကစီတစ်စင်းရှိတယ်"

မေသည် ကိုကျော်မြင့်နောက်မှလိုက်သွား၏။ သူတို့သည် အငှားမော်တော်ကားတစ်စီးပေါ်သို့ တက်လိုက်ကြလေသည်။

"ဗိုလ်တဲနဲ့ ဘယ်လောက်ပေးသလဲဟင်"

"သိပ် မပေးလှပါဘူး"

"လိပ်ပြာကန်နဲ့ ဗိုလ်တဲနဲ့တော့ အတော်ဝေးတယ် မဟုတ်လား"

ကိုကျော်မြင့်သည် ရယ်ကာ မေ့လက်ကို ဆုပ်ကိုင်လိုက်လေသည်။

အားလုံး အရင်ကကဲ့သို့ပင် ရိုးပြတ်နံ့တွေသင်းနေသည်။ တောပန်းတွေ မွှေးကြိုင်နေသည်။ လမ်းဘေးမှ စကားဝါပွင့်တွေ လဲ့လဲ့ဝင်းနေကြသည်။ လမ်းမှာပြန့်ကျဲ့နေသည်။ နှင်းနှင့်ဝင်းတို့နှင့် အတူလမ်းလျှောက်ကြသည်ကို အမှတ်ရ၏။ ဦးဘေမောင်တို့အိမ်မှာ ဟိုဘက်တွင် ကျန်ရစ်ခဲ့လေပြီ။ ကားသည် ကွေ့ကာပတ်ကာသွား၏။ နောက်ဆုံးတွင် သစ်ပင်များအကြားရှိ ဗိုလ်တဲကို ရောက်လေသည်။

သူတို့သည် ကားပေါ်မှဆင်းကြလေသည်။ ဝန်စည်စလယ်များကို အခန်းထဲတွင်ချထား၏။ အိမ်ရှေ့တွင် အလေ့ကျပန်းပင်များ

www.burmeseclassic.com



လွှတ်လပ်စွာပေါက်နေကြ၏။

"သိပ် သာယာတာပဲနော် ကိုကို"

သူသည် ခေါင်းကိုညိတ်လေသည်။

မေသည် အိမ်ကို ကြည့်မိလေသည်။ သူထင်သည်ထက် ကျယ်ဝန်း၏။ စိမ်းညိုနေသော နွယ်ပင်များနံရံတွင် ရှက်လိမ်နေကြ၏။ ရေညှိများမှာ အုတ်ပေါ်တွင် ကတ္တီပါအုပ်ထားသလိုနေ၏။ အဆောက်အဦမှာ အိုမင်းပြီဖြစ်၍ ရင့်ကျက်သော ဂုဏ်ရွေကို ဆောင်လေသည်။ ယခု ဗိုလ်တဲပိုင်ရှင်မှာ သင်ခါစပန်းချီဆရာတစ်ယောက် ဖြစ်လေသည်။ အတွင်းမှာ အပြင်ပန်းထက်သပ်ရပ်ပါ၏။ ထမင်းစားခန်းမှာ ဧည့်ခန်းထက်ဖြူစင်၏။ အိမ်ဆောင်တွင် ဝရန်တာဆောင် နှစ်ဆောင်ရှိလေသည်။ ပြတင်းပေါက်များကိုဖွင့်လိုက်လျှင် နွယ်ပန်းခရမ်းရောင်များကို တွေ့ရ၏။ အိပ်ခန်းမှာ ဝါးရုံတောဘက်သို့ မျက်နှာပြုထားသဖြင့် အေး၏။

ကြောင်နက်ကလေးတစ်ကောင်သည် စားပွဲခုံတစ်ခုပေါ်တွင် ခေါင်းတွက်လျက်ရှိလေသည်။ မေသည် ကြောင်ကလေးကိုမြင်လျှင် စိတ်ကြည်လင်သွား၏။

"အိမ်ကလေးက နေချင့်စဖွယ်နော် ကိုကိုမြင့်၊ သိပ်ကောင်းတာပဲ"

"ဒါပေါ့မေရဲ့ တစ်ပတ်ကို ဆယ့်ငါးကျပ်ပေးရတာကို"

မေသည် ကြောင်ကလေးကို ပွေ့လိုက်ကာ ရင်ခွင်တွင်ပိုက်၍ ပုခက်လိုလှုပ်သိပ်နေစဉ် ကြောင်ကလေးမှာ အိပ်ပျော်သွားလေသည်။

ပပပ

မေသည် အိမ်ကလေးအတွင်းသို့လှည့်လည်ခြင်း၊ စိတ်ကူး



ယဉ်ခြင်းဖြင့် ပျော်နေလေသည်။ ဘယ်ကိုမှလည်း သွားချင်၊လာချင်သောစိတ်မရှိ။ သူ့ဆီကိုလည်း မည်သူမျှမလာစေချင်။ နေရာကလေးမှာ စိတ်ကြည်နူးစရာ ကောင်းသောနေရာကလေးဖြစ်သည်။

ဧည့်ခန်းတွင် အံဆွဲတွေအများကြီးနှင့် စားပွဲတစ်ခုရှိ၏။ မေသည် ပျင်းပျင်းရှိသည်နှင့် အံဆွဲကိုဖွင့်ကာ ဟိုလှန်ကြည့်၊ ဒီလှန်ကြည့် ကြည့်လေသည်။ အတွင်း၌ ဖုန်တွေပေနေသော စာရွက်တွေကို တွေ့ရလေသည်။ စာများမှာ ရည်းစားစာဖြစ်လေသည်။ မေသည် စိတ်ဝင်စားလာ၏။ သူသည် စာတွေကိုဖတ်၏။ ဝမ်းနည်းစရာ၊ ကြေကွဲစရာဖြင့်အဆုံးသတ်သော အချစ်ဇာတ်လမ်းဖြစ်သည်။ စာရှင်၏ချစ်သူမှာ ယခုအိမ်ပိုင်ရှင်ပန်းချီဆရာဖြစ်ဟန်တူသည်။ မိန်းမဆံစု တစ်ခုပေါင်းနေသော အစိမ်းရောင်ဖဲပြားကလေး တစ်ပွင့်နှင့် ရှယ်လီ၏လက်ရာစာစုတွေ့ရ၏။ စာအုပ်တွင် "ကြည်"ဟု နာမည်ထိုးထား၏။ နောက် သူဆွဲသောရုပ်ပုံကားများကိုတွေ့ရ၏။ ပထမ တောတောင်ရေမြေရှုမျှော်ခင်းများ။ ကန်တော်ကြီးမှ ရွှေတိဂုံဘုရားကိုမြင်ရပုံ၊ ရန်ကုန်မြစ်နေဝင်ချိန်တို့ဖြစ်၏။ ပန်းချီများသည် တိုးတက်၍လာ၏။ မိန်းမ ဝတ်လစ်စလစ်ပုံများပါလာ၏။ ကလေးပွဲဖောင်းမှုတ်နေပုံ၊ အပျိုတစ်သိုက် ရေချိုးနေပုံ၊ အဘိုးအိုဆောင်းကြိုးညှိပုံ၊ မေသည် ပုံကားတစ်ချပ်ကိုလွှတ်ချလိုက်၏။ ထိုပုံမှာ ဘသိန်း၏ပုံဖြစ်လေသည်။

မေသည် ပထမတော့ အားပျော့သွားလေသည်။ ဒီ လောက် စိတ်ငယ်ရမလားဟု သူ့ကိုယ်သူကျိန်ဆဲ၏။ မေ သည် အားကိုတင်း၏။ သူသည် ကြမ်းပြင်ပေါ်မှ ပုံကားကို ကုန်းကောက်ကာကြည့်ပြန်လေသည်။ အဟုတ်ပါပဲ။ ကိုသိန်းပုံပါပဲ။ လွန်ခဲ့သော နှစ်နှစ် သုံးနှစ်ခန့်က ဘသိန်းပုံဖြစ်၏။သူ့အရင် ရုပ်ရှင်ထဲလိုက်တုန်းက ဆွဲခဲ့သောပုံဖြစ်ဟန်

www.burmeseclassic.com

www.burmeseclassic.com



တ၍။ ဘသိန်းသည် ဟောင်းညစ်သောစက္ကူမှပြုံး၍ မေ့ကို ကြည့်နေသည်ဟု မှတ်ထင်ရ၏။

မေသည် လျှင်မြန်စွာပုံကားကို မှောက်လိုက်လေသည်။ ဘသိန်း ဘသိန်းကို သူ မေ့လိုက်ချင်ပြီ။ သူလုပ်ခဲ့သမျှကို သူ့အကုန်မေ့ပစ်လိုက်ချင်ပြီ။ နောက်ကိုလည်း သူ့ကို မတွေ့ချင်တော့။ မေသည် ကလေးအမေဖြစ်တော့မည်။ ကိုကျော်မြင့်ကလေး၏ မိခင်ဖြစ်တော့မည်။

သူသည် ပုံကားကို အံဆွဲထဲသို့ အတင်းထိုးလိုက်လေသည်။ မေသည် ပြတင်းပေါက်အနားသို့ရပ်ကာ အပြင်ကို ကြည့်နေလေသည်။ ကောင်းကင်မှာ မိုးသားကျူးသဖြင့်အုံ့မှိုင်း၏။ တိမ်တိုက်များသည် နေကိုကွယ်ထား၏။ သူသည်တုန်လှုပ်လျက်ရှိ၏။ သူသည် အကုန်လုံးကို မေ့တော့မည်။ဘယ်တော့မှ မစဉ်းစားတော့။ မတွေးတော့တော့။ သူသည်စိတ်ကိုတုံးတုံးချပြီးလျှင် ဘဝသစ်ပြောင်းတော့မည်ဟု ဆုံးဖြတ်၏။

မေသည် ရင်ကိုကော့ကာ အခန်းထဲမှ ထွက်သွားလေသည်။

## (၁၄)

ပဲခူးလူကုံထံပိုင်းက မေရောက်လာသည်ကို သိကြလေပြီ။

သူ ဦးဘောမောင်တို့အိမ်က ထွက်သွားကတည်းကသူ့အတင်းကို အာပေါက်လုခမန်း ပြောကျန်ရစ်ခဲ့လေသည်။ ဘယ်က ဘယ်ကို ဟု၍ကား အတိအကျမပြောနိုင်ကြ။ သူယောက်ျားသနှာရ၍ ရန်ကုန်တွင် နေသည်ကိုတော့သူတို့သိကြ၏။

သူနာမည်မှာ လိပ်ပြာကန်တွင် မပြောစကောင်းသောစကား



ဖြစ်လေသည်။ ဦးဘောမောင်က သူ့ခါးပိုက်ထဲက ထွက်သွားသော မြွေပွေးဟု သဘောထား၏။ ဒေါ်ငြိမ်းခင်က "ပျံလွှားမ"ဟု ခေါ်၏။ နှင်းနှင့်ဝင်းတို့မှာ သူ့အမေ၏ အသံအတိုင်း ပဲ့တင်လိုက်၍ စိတ်ထဲကမူ မေ့ကို ချီးမွမ်းသည်။ ချစ်ခင်သည်။ သူတို့သည် မေ့အကြောင်းကို ဘာမျှမသိကြသဖြင့် တွေးဆခြင်းကို မဟန့်တားနိုင်ပေ။ မသိခြင်းမှာ စိတ်ဝင်စားဖွယ်ကို ဖြစ်စေလေသည်။

မေ ပဲခူးရောက်သည့်သတင်းကို ပထမဆုံးပို့ပေးသူမှာ အထည်သည် မကာန်သာဖြစ်လေသည်။ မကာန်သာတို့အစက မေ့ကို သိလည်းမသိ။ မြင်လည်းမမြင်ဘူး။ မေမှာရောက်သည့်ညနေ၌ ရန်ကုန်က သူ့ဖို့တင်ပို့လိုက်သော ကုန်ပစ္စည်းများကို ဘူတာရုံသို့ ဆင်းယူရင်း တွေ့မြင်လေသည်။ သူသည်ရုံပိုင်နှင့် တာန်ဆာခမေးစဉ် မေတို့ဘက်သို့ မေးငေါ့၍ "ဘယ်ကပါလိမ့်" ဒီမြို့ကတော့ မဟုတ်ဘူး"ဟုမေး၏။ "ဟာ မေဆိုတာပေါ့၊ အရင်လိပ်ပြာကန်က ဦးဘောမောင် အိမ်မှာ သမီးနှစ်ယောက်ကို စာသင်ပေးနေတဲ့ ဆရာမပေါ့။ ဟိုဟာကသူ့ယောက်ျားနဲ့တူတယ်" ဟူသော ရုံပိုင်စကားကို မကာန်သာသည် အရကျက်မှတ်လျက် နောက်ဆုံးစက်ရပ်၍ ထည့်ရသော သတင်းကိုလွှင့်ရန် လိပ်ပြာကန်သို့ရင်ကော့၍သွားလေသည်။

"မကာန်သာတော့တစ်ခုခုပြောချင်လို့ လာတာနဲ့တူတယ်"ဟု ဝတ်လုံကတော် ဒေါ်သန်းရင်က မကာန်သာ၏ အမူအရာကို ကြည့်၍ ပြောလေသည်။

"လာ လာ မကာန်သာ" ဟု အငြိမ်းစား စစ်ကဲကတော် ဒေါ်ချစ်က ဖိတ်ခေါ်၏။

သူတို့သည် အားလပ်သောအချိန် အတင်းပြောခြင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြုန်းကြလေရာ အတင်းလာပြောမည့်သူကိုမြွေမြွေချင်း ခြေမြင်လေသည်။ ဝန်ထောက်ကတော် မုဆိုးမဒေါ်မြင့်မြင့်မှာ ပြုံး၍နေသည်။

မကန်သာသည် သူတို့တိုက်သော လက်ဖက်ရည်ကို သောက်ရင်း သူကြားရသည့်သတင်းကို ဖောက်သည်ချလေသည်။ သူ့ကိုကဲ့ရဲ့သင်္ဂြိုဟ်ကြတဲ့အရပ်ကို ပြန်လာပါမလား။ မကန်သာပြောတာ ဟုတ်ချင်မှဟုတ်မည်။ ရုံပိုင်များမှာလည်း မျက်စိရှုန်းတတ်သည်။

"ကျွန်မတော့တော်၊ သူတို့လင်မယားနှစ်ယောက်လို့ပဲ ထင့်တာ ပဲ"ဟု မကန်သာက အဆုံးသတ်လိုက်၏။

"မေ ယောက်ျားရတာတော့အမှန်ပဲ။ တစ်လောလေးက ရန်ကုန်ဂေဇက်ထဲမှာ လက်ထပ်သတင်းပါလာတာ ဖတ်လိုက်ရတယ်" ဒေါ်မြင့်မြင့်က သူ အင်္ဂလိပ်သတင်းစာဖတ်ကြောင်းကြွား၏။အားလုံး သူ့မျက်နှာကိုကြည့်ကြသည်။ သူတို့သည် ထင်မြင်ချက်ပေးကြ၏။

"သူ ဘယ်လိုနေသလဲ"

"ကျွန်မ ပြောခဲ့တဲ့အတိုင်းပေါ့"ဟု မကန်သာက ဖြန်း၏။

"အဝတ်အစား ဘယ်လိုဝတ်ထားသလဲလို့ မေးတာ"

မကန်သာသည် ခဏမျှနားလေသည်။ အမှန်မှာ သူသည် အသေးစိတ်၍ မသိပေ။ မေ့ကို မြင်သည်ဆိုရာမှာလည်း ခပ်လှမ်းလှမ်းမှ မြင်ခြင်းဖြစ်လေသည်။ သူသည် မေ၏ပုံပန်းကို မှန်းဆကြည့်၏။

"အင်္ကျီပါးပါး တိုတိုကလေးပေါ်မှာ မီးခိုးရောင် ကွတ်အင်္ကျီ ခြုံထားတယ်။ လုံချည်က ကြည်ပြာရောင်အကွက်နဲ့"

"ဆံပင်ကကော"

"နောက်ပတ်ပေါ့၊ ဘီးဖြူနောက်က စိုက်လို့"

"လက်ဝတ်လက်စားကကော" ဒေါ်ချစ်မေသည် မျက်လုံးကျယ်လာ၏။



"ဒါကိုပြောမလို့ဘဲ၊ စိန်တွေကို ညွတ်နေတာပဲ၊ စိန်ကြယ်သီး၊ စိန်လက်ပတ်နာရီကြိုး၊ စိန်လက်စွပ်၊ အို စိန်တွေမိုးမွှန်နေတာပေါ့"

ဤအချက်ကို အားလုံးကကန့်ကွက်ကြလေသည်။

"ဒါတော့ ကျုပ်မပြောတတ်ဘူး။ ဓာတုဗေဒစိန်တွေလဲ ဖြစ်ချင်ဖြစ်မှာပေါ့"ဟု နောက်ဆုံး မကန်သာက လျှောချလိုက်လေသည်။

ဘာပဲ ဘယ်လိုက ပြောကြပြောကြ၊ နောက်နှစ်ရက်ခန့်ကြာလျှင် မင်းတိုင်ပင်အမတ်ကတော် ဒေါ်အေးရှင်သည် ကိုကျော်မြင့်ဇနီး မေက သူခေတ္တနေသောဗိုလ်တဲသို့ လက်ဖက်ရည်သောက်ကြွပါရန်ဖိတ်စာကို ဖတ်ရလေသည်။ ပထမတော့ သူ့မျက်လုံးကိုပင် သူမယုံ၊ မေ့လက်ရေးကို သေချာစွာကြည့်ခါမှ ခေါင်းကို ညိတ်မိလေသည်။

သူသည် လူကုံထံပိုင်းက ပွဲထိုင်များသတင်းကို သတင်းစာတွင် အမြဲဂရုစိုက်၍ဖတ်လေ့ရှိရာ မေ့နာမည်ကို နှစ်ခါသုံးခါတွေ့မိသည်။ တစ်ခါက ပြပွဲကော်မတီများထဲတွင် မေ ပါ၏။ မန္တလေးမှ သတ္တမသမီးတော် စုဘုရားလေးနှင့်အတူ ရေဒီယိုမှာ အသံလွှင့်ရင်းတွဲရိုက်ထားသောဓာတ်ပုံကို သူတွေ့မိလိုက်၏။ မြို့တော်ဝန် လက်ဖက်ရည်ပွဲကို မေတက်ရောက်သည်ကို ဖတ်လိုက်ရ၏။ သတင်းစာထဲပါလျှင် နာမည်ကြီးဟု အထင်ကြီးတတ်သော ဒေါ်အေးရှင်သည် "ကျေးဇူးတင်စွာနှင့် ငြင်းပယ်သည်ကို ဝမ်းနည်းရမည့်အစား မေ့ဖိတ်ကြားစာကို "ဝမ်းမြောက်စွာ"လက်ခံလိုက်လေသည်။

သူ့ သဘောထားကို လူကုံထံပိုင်းအားသိစေရန်မှာ လွယ်ကူ

www.burmeseclassic.com

www.burmeseclassic.com



လှသောအရာမဟုတ်၊ သူသည် ပထမဦးဘမောင်တို့အိမ်သို့ သွားလေသည်။ ဒေါ်ငြိမ်းခင်မှာ မျက်နှာကိုမဲ့လိုက်သည်။ ဦးဘမောင်မှာ သူနှင့် ဝင်းတံခါးဝထိအောင်လိုက်လာ၍ မေ့ကို မြွေပွေးနှင့်ရော မြွေခွေးနှင့်ရော နှိုင်းယှဉ်၍ ကဲ့ရဲ့စကားပြောလေသည်။ သို့ရာတွင် သူသည် ဗိုလ်တဲဘက်ဆီသို့မျှော်ကြည့်ရင်း ပြုံးနေသည်ကို ဒေါ်အေးရှင်က မြင်းရထားထွက်ဆဲတွင်မြင်လေသည်။

သူသည် ဒေါ်သန်းရင်အိမ်သို့တန်းသွားလေသည်။ ဒေါ်သန်းရင် အိမ်တွင် လူစုံတွေ့ရသည်။အားလုံး ဒေါ်အေးရှင်ကို ဖော်ရွေစွာ နှုတ်ဆက်ကြလေသည်။ ဒေါ်အေးရှင်သည် အတိအလင်းပင် သူ့ကိစ္စကို ဖွင့်လိုက်သည်။

"မေ့ဆီက ဖိတ်စာရတယ်။ ဗိုလ်တဲကို လက်ဖက်ရည်လာသောက်ဖို့ ..."

သူတို့သည် သူ့စကားကို နားစွင့်ကြ၏။

"ဖိတ်စာကို လက်မခံရင်" ဟုဆိုနေရာတွင် ဒေါ်အေးရှင်သည် ခဏရပ်လိုက်လေသည်။ အားလုံးအံ့ဩသွားကြ၏။ ဘယ်နည်းနဲ့မဆို သူတော့ ငြင်းပယ်မည်ဟု သူတို့ထင်ကြ၏။ သူတို့ မေ့ဖိတ်စာကိုရကြ၏။ သို့ရာတွင် မေ့ဆီသို့မသွားရန်သဘောတူ ညှိပြီးသားဖြစ်ကြ၏။ အမှန်မှာ သူတို့သွားချင်ကြသည်မှာ ငန်းငန်းတက်။ တစ်ယောက်အကဲတစ်ယောက်ကြည့်နေကြ၏။

"ဖိတ်စာကို လက်မခံခင်မှာ ကိုယ်တစ်ယောက်တည်းတော့ မသွားဘူးဆိုတာ အသေအချာပဲ၊ ရှင်တို့လည်း ဖိတ်စာရကြမှာပေါ့" သူသည် ဒေါ်သန်းရင်ဘက်သို့ လှည့်၏။



"ဟုတ်ကဲ့ ရပါတယ်"

"ကောင်းတယ် မမြင့်မြင့် ကော"

သူလည်း ခေါင်းညိတ်၏။

"အကုန်လုံး ဖိတ်စာရကြပါတယ်။ ဟောဒီက မကန်သာတစ်ယောက်သာ သူက လူသစ်ဖြစ်နေတာကို" ဟု ဒေါ်ချစ်က ပြောလေသည်။

"မကန်သာအတွက် ကိစ္စမရှိပါဘူး။ ကျုပ်တို့နဲ့ အတူတူ လိုက်နိုင်တာပဲ"

"ကဲ ဒါဖြင့်ပြီးတာပဲ၊ အတူတူ သွားကြတာပေါ့၊ ကျုပ်သွားဦးမယ်"

ဒေါ်အေးရှင် မြင်းရထား ခပ်ဝေးဝေးသို့ရောက်သွားသောအခါ သူတို့သည် ကျုပ်တို့တော့ ဒီလောက်မသွားချင်လှပါဘူး။ မအေးရှင်ခေါ်လို့သာပါ။ တကယ်ဆိုတော့လည်း ငြင်းဖို့မကောင်းဘူးပေါ့လေ" ဟု ပြော၍ ကျန်ရစ်ခဲ့ကြလေသည်။

မေမှာ ပဲခူးလူကုံထံပိုင်းက မိန်းမတွေ အလည်လာမည်ကို မျှော်လျက်ရှိလေသည်။ ပထမတော့ လာမှလာပါ့မလားဟု စိုးရိမ်မိ၏။ သို့ရာတွင် လာမှာပါပဲလေဟု တွက်လေသည်။

"ကိုကိုမြင့် အသာကြည့်နေနော်"

"အန်းဟန် ...."

"မေကတော့ ဟို ဦးဘမောင်ကြီး မလာတာ သိပ်ဝမ်းသာတာ"

မေသည် တကယ်လည်း ဦးဘမောင်တို့ အိမ်က မလာသဖြင့် ဝမ်းသာနေလေသည်။ သူသည် လက်ဖက်ရည်ပွဲကို လှအောင်

www.burmeseclassic.com



ပြင်ဆင်ထားသည်။ ရန်ကုန်မှ မုန့်များကိုမှာဝယ်ထားသည်။

အချိန်မှန်ကန်စွာ ညနေလေးနာရီလောက်တွင် ဖိုလ်တဲရှေ့သို့ မြင်းရထားတစ်စီးဆိုက်လေသည်။ မေသည် သူ့အဝတ်အစားကို နောက်ဆုံးကြည့်လိုက်၏။ သူသည် နံ့သာရောင်ဗန်ကောက်လုံချည်ကို ဝတ်ထား၏။ မန်းဆန်ဆန် ချောကလက်သွေး ပုံတော်ကိုစီး၏။ သူသည် တံခါးဝသို့ထသွား၏။

"သြော် ဒေါ်မြင့်မြင့်၊ ဒေါ်သန်းရင်"

မေသည် သူတို့ကို ကြိုဆို၏။

"တွေ့ရတာ မေ သိပ်ဝမ်းသာတာပဲ၊ မေက အားမှအားကြပါ့မလားလို့၊ တွေ့ရတာ သိပ် ဝမ်းသာတာပဲ"

"အားပါတယ်" ဟု ဒေါ်သန်းရင်က ဖြေ၏။

"ကဲ.. ထိုင်ကြပါ.. ထိုင်ကြပါ၊ ဟောဒါက မေ့ဟိုဒင်းလေ၊ ကိုကျော်မြင့်တဲ့ လာလေ ကိုကိုမြင့် ဒီလာပါ"

မေသည် သူ့ယောက်ျားနှင့်မိတ်ဖွဲ့ပေးလေသည်။ မေသည် စကားပြောနေရင်း မျက်စိစွေ၍ နောက်ထပ် မြင်းရထားတစ်စီး ဆိုက်သည်ကိုကြည့်နေ၏။

တံခါးပွင့်လာ၏။

"ဟော မချစ်နဲ့ မကန်သာ"

မေသည် နေရာမှထကာ နှုတ်ဆက်လေသည်။

"လာပါ၊ မေဖြင့် မျှော်နေလိုက်ရတာ"

"ဧည့်သည့်လည်းပါလာတယ်၊ မကန်သာ ဆိုတာ"

သူတို့သည် ဝိုင်း၍ထိုင်ကြလေသည်။ သူထင်သည်ထက်ပင် ပွယ်သည်ကို မေ သိရလေသည်။ မေသည် ရန်ကုန်အကြောင်းကို



သူတို့အားပြောပြလေသည်။ သူတို့ကလည်း မေ့ကို မေ ပဲခူးက ပြန်သွားကတည်းက ဘယ်လိုဆိုသည်ကို ပြောပြကြလေသည်။ ဒေါ်သန်းရင် တစ်ယောက်သာ ကိတ်မုန့်ကို စားနေရ၍ စကားဖောင်လောက်အောင် မပြောအား....

"ဦးဘမောင်တို့အိမ် ရောက်သေးလား" ဟု ဒေါ်မြင့်မြင့်က မေး၏။

"ဟင့်အင်း မရောက်ဘူး၊ သူတို့က မေ့ကို သဘောမှမကျကြဘဲ"

"ဒီလိုရယ်လို့လည်း မဟုတ်ပါဘူး မေရယ်" ဟု ဒေါ်ချစ်က ပြော၏။

"သမီးနှစ်ယောက်ကတော့ မေထွက်သွားတာ အောက်မေ့ကျန်ရစ်ကြပါတယ်" ဟု ဒေါ်သန်းရင်က ပြောလေသည်။

"ဟုတ်လားသူတို့ကို မေ ချစ်ပါတယ်။ မေ့ကိုလည်း သူတို့က ခင်ကြပါတယ်"

"မေ ဒီမှာ ဘယ်လောက်ကြာကြာနေဦးမလဲ" ဒေါ်မြင့်မြင့်က မေး၏။

မေမှာ ဒီလို မေးခွန်းများကိုဖြေရတာ မောလှလေပြီ။

"မပြောနိုင်သေးဘူး" သူသည် ပြုံး၏။ "ဒါထက် မေ့မှာလေ လေးလရှိပြီ၊ မေတော့ ယောက်ျားလေးရပါစေလို့ အောက်မေ့နေရတာပဲ၊ ကိုကိုမြင့်ကလည်း ယောက်ျားလေးပဲလိုချင်တယ်။ မိန်းမလေးတော့ မကြိုက်ပေါင်ရှင် မနော်၊ မေတော့ မချစ်ပါဘူး။ မိန်းကလေးရမှာထက်တော့ ကြောင်ကလေးတွေ ချစ်သေးတယ်။ မီ..မီ..မီ.. မိနဲ့

www.burmeseclassic.com



ချဲတာ မေ့ကလေးလည်း ချဲတတ်ရင် ကောင်းမှာနော်။ ဟော့.. ကိုကိုမြင့်ရေ၊ ဒေါ်မြင့်မြင့် ပန်းကန်ထဲ လက်ဖက်ရည်ထပ်ထည့်ပါဦး"

ဒေါ်သန်းရင်မှာ ပြန်ချင်နေပြီ။ သို့ရာတွင် ဒေါ်မြင့်မြင့် အထကိုစောင့်နေ၏။ ဒေါ်မြင့်မြင့်မှာ ကိုကျော်မြင့် ကိုယ်တိုင်ငှဲ့ပေးသော လက်ဖက်ရည်ကိုထပ်သောက်နေရသဖြင့် အထရ ခက်နေသည်။

ဒေါ်သန်းရင်သည်လက်တို့၍ သတိပေးလိုက်မည်ဟု တွေးနေစဉ် ဒေါ်အေးရှင် ရောက်လာလေသည်။ သူသည် မေ့ဘေးတွင် ဝင်ထိုင်လေသည်။ သူသည် မေတို့ လက်ထပ်သည့်အကြောင်းကို မေးလေသည်။ နောက်ကလေး အကြောင်းရောက်သွားလေသည်။

"သိပ်အရေးကြီးတယ်မေရဲ့၊ အိမ်ထောင်မှုမှာ ဒါဟာ အတော်အရေးကြီးတာပဲ"ဟု အစချီ၍ ဒေါ်အေးရှင်သည် မိခင်လောင်းတို့ နားလည်အပ်သော တာဝန်ဝတ္တရားကို ရှည်လျားစွာ ပြောပြလေသည်။ မေသည် စီးကရက်ဖွာ နားထောင်နေ၏။

စကားဆုံးလျှင် အားလုံးတိတ်ဆိတ်နေကြ၏။ နောက် ဒေါ်အေးရှင်နေရာမှ ထလိုက်လေသည်။

"ကဲ ပြန်ကြမှတော်မယ်"

သူတို့လည်း ထကြလေသည်။ မေသည် သူတို့ကို တံခါးဝထိအောင် လိုက်ပို့လေသည်။ ဒေါ်သန်းရင်သည် နောက်ချန်ကာ မေ့နားကပ်၍ "မေယောက်ျားရတာ သိပ်ကံကောင်းတာပဲ၊ မေ့လူကချောတယ်၊ သူတို့ရှေ့မှာတော့ မပြောရဲဘူး၊ ကလေးဆေးကျလည်း လှမှာပဲ" တိုးတိုး ပြောလေသည်။

သူတို့ ပြန်သွားကြသောအခါ၌ မေသည် အနည်းငယ်ပင်ပန်းနေလေသည်။ တစ်နာရီခွဲကျော်ကျော်ထိုင်၍ စကားပြောနေရသည်။



အရင်ကလို မာမာချာချာမဟုတ်၊မောလည်း အင်မတန်မောတတ်သည်။

ကိုကိုမြင့်ဘယ်သွားနေပါလိမ့်၊ မေသည် သူ့ကိုရှာရန် ခန်းမကြီးထဲသို့သွားလေသည်။ သူတို့ မိန်းမအချင်းချင်း ပြောချင်တာပြောပါစေဟု ရှောင်ထွက်သွားဟန်တူ၏။ သိပ်သဘောကောင်းတဲ့ ကိုကိုမြင့်၊ ခန်းမကြီးထဲမှာ သူ့ကိုမတွေ့။

မေသည် ပန်းခြံထဲသို့ ဆင်းလေသည်။ လှေကား အဆင်းတပို့ကုလား စာတစ်စောင်ပေးသွားသည်။ မေသည် စာကိုကိုင်၍ ပန်းခြံလမ်း ငယ်ကလေးဘက်သို့ကွေ့သွား၏။

အပြင်မှာ လွင်လွင်သစ်လျက်ရှိ၏။ ဝါးပင်ကြားမှ ရွှေရောင်ခြည်မြားသည် မြေပေါ်သို့ပစ်လိုက်လေသည်။ ရေမွှေးပင်မှ သစ်ရွက်များ၏အရိပ်သည် အခြားအရိပ်ရှည်များနှင့်ရောကာ အိုမင်းလာသည့် အသွင်ကိုဆောင်နေကြ၏။ သစ်ရွက်ခြောက်များသည် အကိုင်းတို့မှ ကြွေကာ မေ၏ခြေရင်းသို့ ကျလာကြလေသည်။ လေနုတ်သား၏ ကျီစားခြင်းကြောင့်မဟုတ်၊ သူ့အလိုအလျောက် ကြွေချင်၍ ကြွေလာဟန်တူ၏။ မိုးဦးသို့ကူးမည့်အလွှာများဖြစ်ကြသည်။ မေကလေးအမေဖြစ်တော့မည် ကြောင့်လားမပြောတတ်။ ဟုတ်ချင် လည်းဟုတ်မည်။ မေ၏သဘောတွင်ကား အသစ်သို့ပြောင်းလဲမည့် နိမိတ်ဟုတွက်၏။ ကလေးရလျှင် သူ့ဘဝ အရောင်တစ်မျိုး ဆိုးယ်ချင်မည်မှာအမှန်။ လောကအမြင်ကို ပြောင်းလဲစေမည်မှာအမှန်။ မေသည် ပြောင်းလဲရမည့်အရေးကို တိုက်ခိုက်လေသည်။ သို့ရာတွင် ထိုအထဲတွင် ကြည်အေးစရာ ခဖိုးတန်ပါလေသည်။

မေသည်သက်မချကာ လက်ထဲမှစာကိုဖွင့်ဖောက်၏။ သူ၏ လက်သည်တုန်၍ သူ့ မျက်နှာသည် ဖြူဖတ်ဖြူရော်ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘညွန့် ဦးဘညွန့် သူပျော်နေသည့်အခါ၊ လူကောင်းဖြစ်နေသော အခါစာရေးလိုက်၏။ ကောင်းကင်တွင်နေသည့် တိမ်တိုက်ကွယ်ထား သဖြင့် အုံ့မှိုင်း၏။ မေသည်စာကို တစ်ခေါက်ဖတ်ပြန်၏။ သူက မေ့ကိုတွေ့ချင်သည်။ တွေ့ဖို့ရာ သူ့အခွင့်အရေးဟုဆို၏။ ကိုကျော်မြင့် ကို ထိခိုက်သောအကြောင်းတွေလည်းပါ၏။

ဒေါသထွက်ထွက်နှင့် မေသည်စာကို အစိပ်စိပ် အမွှာမွှာ ဖြစ်အောင်ဆုပ်ပစ်လိုက်လေသည်။ မေနဲ့တွေ့ဖို့ သူ့မှာဘာများအခွင့် အရေးရှိလို့လဲ။ နောက်ကို ဘယ်တော့မှ သူ့အိမ်ရိပ် မနင်းနဲ့တော့ သူ့ကိုကြည့်လည်းမကြည့်ချင်။ စကားလည်းမပြောချင်။ အို သူပြော တာကိုလည်း နားမထောင်ချင်။ နောက်ပြီးကိုကိုမြင့်ကို ရေးသေးတယ်။

မေသည် စက္ကူစုတ်အစအနများကို အဝေးသို့လွှင့် ပစ်လိုက် လေသည်။ လေသည်ဖွေ၍ တိုက်ခတ်လိုက်လေရာ စက္ကူအပိုင်း အစများသည် မြေပေါ်တွင်လွှင့်သွားကြလေသည်။

မေသည် အိမ်ထဲသို့ဝင်ရန် ခြေလှမ်းပြင်လေသည်။ မေသည် အဝင်ဝဘက်သို့ သွားစဉ် ခြေသံလိုလို ကြားသဖြင့် ရပ်နားထောင်၏။ သို့ရာတွင် ဘာသံမှမဟုတ်၊ လေတိုက်သည့်အသံ ဖြစ်လေသည်။ သူသည် ခန်းမကြီးထဲသို့ဝင်သွား၏။ ကိုကိုမြင့် ဘယ်ရောက်သွား ပါလိမ့်၊ ဧည့်ခန်းထဲများဝင်သွားသလားမပြောတတ်။ မေသည် တံခါး ကို တွန်းလိုက်၏။

"ကိုကိုမြင့် မေရှာလိုက်ရတာကွယ်"

မေသည် လန့်၍အော်မိလေသည်။ အဘယ်ကြောင့်ဆိုသော် အခန်းဝတွင် ဦးဘေမောင် ရပ်လျက်ရှိလေသည်။

သူသည်ပြုံးကာ မေ့ကိုကြည့်၏။



"မာရဲ့နော်.... မေ"

မေသည်တုံ့၏ "ရှင် ရှင် ဘာလို့ဒီလာတာလဲ"

"ဆရာမရယ်"

"ကျွန်မ ဆရာမ မဟုတ်ဘူးရှင့်"

သူသည် ခေါင်းကို ညွှတ်၏။ "သိပါတယ် ကိုကျော်မြင့် မယားဆိုတာ၊ မေအခု ဘာဖြစ်နေရတာလဲကွဲ့"

"ဘာဖြစ်ဖြစ် ရှင့်အပူမဟုတ်ဘူး။ ဘာပြုလို့ ရှင်ဒီလာရ တာလဲ၊ ရှင်ပြန်သွားပါရှင်"

"နေစမ်းပါရစေဦးကွဲ့၊ မင်းနဲ့မတွေ့ရတာ အတော်ကြာ ပါပကော"

"ဘုရားရေ"

မေသည် နံရံကို မှီထားရလေသည်။ မမှီလျှင်လဲသွားမှာ စိုးရသည်။ ဘာပြုလို့များ ပဲခူးကိုလာမိပါလိမ့်၊ သက်သက်ရှုးတာ အရှုးထတာ။ သူသည် မေ့အနားသို့တိုးလာ၏။

"မေ့မှာ ပြောစရာတွေအများကြီးရှိမှာပဲ၊ မေတို့လက်ထပ် တဲ့အကြောင်း ပြောစမ်းပါဦး"

"ဘာမှ ပြောစရာမရှိဘူး"

သူ၏ မျက်လုံးသည်ကျယ်လာ၏။ "မေဟာ အရင်တုန်းက တော့ တယ်ဖော်ရွေပါကလား"

"သွားပါတော့ရှင်"

"မင်း လင်ရသွားတာ ဝမ်းသာစကားလေး ဘာလေးပြော ပါရစေဦး" သူသည် မေ့ကိုပြုံး၍ကြည့်၏။

မေသည် လန့်သွား၏။ ဘာလုပ်ရမှန်း ဘာပြောရမှန်းမသိ-

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်သည် သူ့ခြေအောက်တွင် ယိမ်းထိုးနေ၏။

"မင်းအခု ကလေးအမေဖြစ်တော့မယ်ဆို" သူသည် မေ၏ အကျီစကို ကိုင်လိုက်လေသည်။

မေ၏ တစ်ကိုယ်လုံးမှာ ရှန်းကန်သောစိတ်ဖြင့် အဖျားတက်၏။ မေသည် ကြောက်ကြောက်လန့်လန့်နှင့် အော်လိုက်၏။

သူသည် မေ့ပါးစပ်ကို လက်နှင့်အတင်းပိတ်လေသည်။

"ဘာလို့အော်ရတာလဲကွဲ့၊ မင်းကိုဘာမှမလုပ်ပါဘူး။ မင်းကို တွေ့ချင်လို့ ဒီကိုလာလည်တာ ဒါပါပဲ"

သူ၏ ပူနွေးသော အသက်ရှူငွေ့သည် မေ့မျက်နှာပေါ်ကို ရောက်နေလေသည်။ သူသည် အရက်သောက်ထားဟန်တူ၏။ မေသည်ရုန်းကန်၏။ နောက်တစ်ခါ ထပ်အော်နိုင်လျှင်....

ထိုအခိုက် ဦးဘောမောင်သည် လူတစ်ယောက်၏ လက်သီးချက်ဖြင့် ဘေးသို့စင်သွားလေသည်။

"ဟော့လူထွက်သွား"

မေသည် ရှိုက်လိုက်၏။ ကိုကျော်မြင့်သည် မေ့ကို ဖက်ထား၏။ သူသည် ဒေါသထွက်သဖြင့် ရှူးရှူးရှားရှား ဖြစ်နေ၏။

"မေ ဘာမှမဖြစ်ဘူးနော်"

မေသည် ခေါင်းညိတ်၏။

"မေ ဒီမှာ အသာထိုင်နေ"

သူသည် မေ့ကို ကုလားထိုင်တွင် အသာမှီနေစေလေသည်။ မေသည် မှဲ့နေ၏။

ကိုကျော်မြင့်သည် ဦးဘောမောင်ဘက်သို့ လှည့်၏။

"ခင်ဗျားပါးမကျိုးချင်လျှင် မြန်မြန်ဒီကထွက်သွား..."



ဦးဘောမောင်သည်နေရာမှထ၏။ သူ၏ မျက်နှာသည်သုန်မှုန်၏။

"မင်းကိုတော့ ကျုပ်အပြစ်လွှတ်ပါတယ်။ ဒါပေမယ့် ကျုပ်ပြောတာ ပြောပြီးမှသွားရမယ်"

"ခင်ဗျား အခုသွားဗျာ၊ တော်ကြာကျုပ်သတ်မိလိမ့်မယ်" ကိုကျော်မြင့်သည် သူ့အနားသို့ကပ်သွား၏။

"မင်းမယားလိမ္မာကလေးကို လူသတ်မှုထဲ မပါပါစေနဲ့"

ဦးဘောမောင်သည် ရှေ့တိုးလာကာ မေ့ဘက်သို့ လက်ညွှန်ပြလေသည်။

"ကျုပ် မင့်မိန်းမကို မေးချင်တယ်။ ကျုပ်ဆီက တစ်ပတ်ရိုက်ယူသွားတဲ့ ငွေသုံးရာဘယ်ရောက်သွားလဲလို့။ နောက်ပြီး မင့်ဆီမလာခင် သူ ဘယ်သွားသလဲလို့ မေးကြည့်စမ်းပါ"

သူ့အသံသည် အော်ပြောသဖြင့် ကျယ်လောင်လာ၏။ "နောက်ပြီး သူ့ရည်းစား ဘသိန်းဆိုတဲ့အကောင်အကြောင်း မေးကြည့်စမ်း... နောက်"

ကိုကျော်မြင့်သည် သူ့အကျီစကိုဆွဲ၍ အပြင်သို့တွန်းလိုက်လေသည်။ သူသည် တံခါးကို ဝုန်းခနဲ ဆွဲပိတ်ကာ မောပန်းသဖြင့် တံခါးရွက်ကို ခဏမှီနေ၏။ ဘာပြုလို့ ဒီလူ ဒီရောက်လာသလဲ။ သူပြောတာတွေ အကုန်ညာတာလား။ ငွေတစ်ပတ်ရိုက်ယူတာဘာလဲ။ ဘသိန်းဆိုတဲ့ အကောင်ကကော သူသည် နောက်ဆုံးသံသယစိတ်ကို ပယ်ဖျောက်ကာ မေရှိရာသို့သွားလေသည်။

မေသည် သူ့ကိုကျောပေးကာရပ်လျက်ရှိ၏။ မေ့ မျက်နှာမှာ မျက်ရည်တွေဖြင့် ရွှဲရွှဲစိုနေ၏။

ကိုကိုမြင့်....ကိုကိုမြင့် မေ့အလှည့်ရောက်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



(၁၅)

သန်းခေါင်ကျော်သည်မှာ ကြာပြီဖြစ်သည့်ပြင် အပြင်တွင် လေမုန်တိုင်းသည်အေးအေးထ၏။ မိုးနှင့်လေမှာ ရောနေ၏။ မိုးရေတို့သည် ပြတင်းပေါက်မှန်တံခါးကို တဖြန်းဖြန်းရိုက်၏။ အခန်းဆီးအကြားမှ မှုန်ဝါးဝါးမြင်ရသော သစ်ပင်အကိုင်းအလက်များသည် မိုးသက်လေတွင် ယိမ်းထိုးကာ အတွင်းသို့ဝင်ရန်ကြိုးစားရာမှ မရသဖြင့် ဝမ်းနည်းစွာအပြင်သို့ ယိုင်သွားကြပြန်၏။

ကိုကျော်မြင့်အဖို့မှာ ဤမျှလောက်လေတိုက်သည်ကို ယခင်မတွေ့ရခဲ့။ သူသည် တရုတ်ကပ်အကြားမှာ ချောင်းကြည့်၏။ နံရံကို လိမ်တက်နေကြသော နွယ်ရွက်နွယ်ခက်များမှာ နံရံမှပြုတ်ထွက်ကုန်ပြီ။ လေအတိုက်တွင် ဒန်းစီးနေကြသည်ကို သူမြင်လေသည်။ သူသည်အပြင်ခန်းတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်ရှိ၏။ လေတိုက်သဖြင့် အိမ်သည် သိမ့်ခနဲတုန်လေရာ နံရံတွင်ချိတ်ထားသောပုံကားများ။ တစ်တပ်တပ်အသံများမြည်၏။ ဆရာဝန်နှင့် ဆရာမများက သူ့ကို မေ့အခန်းထဲတွင် မနေရန်ပြောသဖြင့် အပြင်ခန်းတွင် နေရလေသည်။ သူသည် သူ့စာကြည့်ခန်းထဲသို့သွားကာ ထိုင်နေပြန်လေသည်။

မေ ... မေ ... သနားစရာ။ ဘယ်လောက်ကြာအောင်များ ဒုက္ခခံရမလဲမသိ။ သူကလည်း ဘယ်လိုမှမကူညီတတ်။ ဝေဒနာကို အစုခွဲခံလို့ရလျှင်လည်း အကောင်းသား။ ဆရာဝန်ကမူ နောက်တစ်နေ့မနက်မကူးခင် ကိစ္စပြီးငြိမ်းမည်ဟုပြော၏။ ကိုကျော်မြင့်မှာ ကျောင်းသားကလေးလိုသာ မေ့ဒုက္ခကိုမှန်း၍မှန်းနေလေသည်။ ဘုရားကိုလည်း ဆုမတောင်းမိ။ နတ်တွေကိုလည်း တိုင်မတည်မိ။



သူသည် ထိုင်ရာမှထကာ အခန်းကိုပတ်၍ လမ်းလျှောက်နေပြန်လေသည်။ သူ၏ရင်တွင်း၌ကား ဗလောင်ဆူနေ၏။ သူသည် ဟိုတွေးဒီတွေး တွေး၏။ သူ့စိတ်တွင် လိပ်ပြာကန်ကစုန်းမတွေ သီချင်းသံပြိုင်လိုက်နေသည်ဟုမှတ်ထင်၏။ သူ့မျက်စိထဲတွင် ဦးဘောမောင်၏ တွန့်တက်ပြောင်လက်နေသောမျက်နှာကိုမြင်၏။ ပါးစပ်မှ မေ့အကြောင်းကဲ့ရဲ့စကားတွေကို လွှပ်လွှပ်လွှပ်လွှပ်နှင့်ပြောနေ၏။ အလကားလိမ်နေတာတစ်ခုမှမဟုတ်ဘူး။ အားလုံးလိမ်တာ။

အပြင်ဘက်မှ မိုးကလည်း ပြတင်းပေါက်တံခါးရွက်ရိုက်ကာ မေ့အကြောင်းမကောင်းစကားများမှာ လိမ်တာမဟုတ်ဘူးဟု သူ့အတွေးကို ကန့်ကွက်နေလေသည်။ သူသည် တံခါးဝသို့သွား၏။ သူသည် သူ့ထက်တန်ခိုးကြီးသော ဓာတ်ကြီးလေးပါးကို ကျိန်ဆဲ၍နေလေသည်။

မေ၏ရင်တွင်းမှာလည်း လေမုန်တိုင်းကြီးဆင်နေလေသည်။ သူသည် ခုတင်ပေါ်တွင်လျောင်းရင်း တစ်ချက်တစ်ချက် ညည်းတွားကာ အသက်ကိုလုနေလေသည်။ သူ့ဝိညာဉ်ကို တိုက်ခိုက်နေသည်ဟု မှတ်ထင်ရလေသည်။ ခုတင်ပေါ်တွင် တင်ထားကတည်းက သူ့စိတ်သဏ္ဍာန်တွင် ဆေးရောင်စုံပန်းချီကားများသည် တစ်ချပ်ပြီးတစ်ချပ် ပေါ်လာကာအချင်းချင်း ရန်းရင်းဆန်ခတ်ဖြစ်ကုန်လျက်။ သစ်ရွက်ကြွေ လွင့်သွားသလို ပျောက်ကွယ်သွားကြလေသည်။

သူ့ကိုယ်တိုင်မှာ အရပ်အမျိုးမျိုးတွင်ရောက်နေကာ အဝတ်အစားအမျိုးမျိုးကို ဝတ်ထားလေသည်။ တဖန် သူငယ်ငယ် ကလေးတုန်းက သူ့အဖေစိတ်ဆိုး၍ရိုက်ထားသော ကြောင်ကလေးကို ပါးတွင် အပ်ကာချော့သည်ကို ရေးရေးမျှမြင်ရ၏။ ရန်ကုန်မြို့ ရုပ်ရှင်ရုံ၊ ကျောင်း

www.burmeseclassic.com



ကပွဲများတွင် သူသည်လှည့်လည်နေပြန်လေသည်။ မေမှာ အစိမ်းလိမ္မော်ရောင်၊ အပြာတို့ကို ဆင်ရင်လျက် ပြုံးနေလေသည်။ အမြဲတမ်းပြုံးပြုံး၊ မခင်စိ၏ မျက်နှာမျက်လုံးကော့ကော့၊ ပါးအို့နီနီ၊ မခင်စိ၏ မျက်နှာသာ သူ့နှလုံးကို ကြည်ပြုံးစေသည်။

အတ္တ အမြဲပင်၊ သူ့ အတ္တဘာပြုလို့များ သူ့စိတ်ထဲတွင် အတ္တရုပ်ပုံကား ဖျောက်၍မရပါလိမ့်။ မေသည် မျက်စိကိုမှိတ်ကာ လက်ကိုတင်းကျပ်စွာဆုပ်ထားလေသည်။ သို့ရာတွင် သူ့မျက်နှာကိုသာ သူပြန်မြင်နေ၏။ သူ့မျက်နှာ မှုန်ဝါးဝါးထင်နေသော ကြေးမုံပြင်ကို ကြည့်နေသည်။ သို့ရာတွင် မှန်ထဲမှပုံမှာ သူ့ပုံမဟုတ်။ ပုံထဲက ပြုံးနေသည်။ သူသည် မပြုံးပေ။ ထိုပုံသည် သူ့ကို လက်ယပ်ခေါ်၏။ မေသည် ချွေးပြန်လာကာ "ကိုသိန်း ကိုသိန်း"ဟု အော်လိုက်လေသည်။ ထိုပုံမှာ ဘသိန်း၏ပုံဖြစ်လေသည်။ ဘသိန်းသည် မှုန်မှိုင်းသော ထိုမှန်ထဲမှ ရယ်မောနေလေသည်။

မေသည် အားကိုတင်းကာ မျက်လုံးကိုဖွင့်လိုက်၏။ သဏ္ဌာန်များလည်း ကွယ်၍သွားလေသည်။ သူ၏ အေးသောလက်များမှာ သူ့ခေါင်းပေါ်တွင် ရောက်နေလျက်။ သူသည် ခုတင်ဘေးတွင် ရပ်နေသော သူနာပြုဆရာမကို မော့ကြည့်လေသည်။

"ဒါလေး သောက်လိုက်နော်၊ သက်သာသွားလိမ့်မယ်"

ကျေးဇူးတင်စွာဖြင့် မေသည် ဆေးကိုသောက်ကာ ပန်းလျစွာ ခေါင်းအုံးပေါ် ခေါင်းချလေသည်။ မေသည် မြေပြင်ပေါ်သို့ ပြန်ရောက်လာလေပြီ။

"ဘယ်အချိန်ရှိပြီလဲ.... ဟင်"

"လေးနာရီထိုးပြီ"



"ဒါဖြင့် မိုးလင်းတော့မှာပေါ့နော်"

ဆရာမသည် ခေါင်းညိတ်လေသည်။

"မိုးလင်းတော့မယ် မိုးလင်းတော့မယ်" မေသည် ကလေးချော့တေးချင်းကို ညည်းသလို တိုးတိုးကလေး ညည်းနေလေသည်။ မှန်သည်။ မိုးးလင်းတော့မည်။ မကြာခင် တရုတ်ကပ် သစ်သားရွက်များအကြားမှ နေရောင်ထိုးလာတော့မည်။ အမှောင်ရိပ်များဖြင့် ပြောက်ကျားကွက်နေသော နံရံမျက်နှာကြက်များမှာ လင်းလာတော့မည်။ မေသည် မျက်စိကိုမှေးကာ အမှောင်ရိပ်များကို ကြည့်လေသည်။ ထောင့်တစ်ထောင့်တွင်ကြောင်နက်တစ်ကောင်သည် အမြီးကို အပေါ်ကောက်ကာ ကနေသည်။ မျက်နှာကြက်တွင် လေ့တစ်စင်းရွက်တိုက်ပြီး လွင့်သွား၏။ အမှောင်ရိပ်များသည်ပြောင်းနေကြ၏။ အခန်းတစ်ခုလုံးမှောင်လာ၏။ မေသည် မှောင်၍ မှုန်မှုန်မှိုင်း၍နေသော မှန်ကိုကြည့်နေသကဲ့သို့ မျက်နှာပုံပန်းများကို မြင်လေသည်။ သူသည် မျက်လုံးကို ကြိုးစား၍ ဖွင့်ကြည့်၏။ သို့ရာတွင် ဖွင့်၍မရ။

သူမြင်နေရသော မျက်နှာကို သူ သိလာလေသည်။ ဦးဘညွန့်၏ မျက်နှာဖြစ်၏။ ဦးဘညွန့်၏ နှုတ်ခမ်းထူထူ မျက်လုံးဝင်းဝင်းသည် တဖြည်းဖြည်းအနားရောက်လာ၏။ ဦးဘညွန့်ပြုံး၍ အနားကပ်လာ၏။ အနားကပ်လာ၏။

"ဟင့်အင့်"

သူ့နှုတ်ခမ်းမှ နာကျင်သောအသံပေါ်လာ၏။ ထို့နောက် မှန်သည် အစိတ်စိတ် အမွှာမွှာဖြစ်သွားအောင်ကွဲကာ မှောင်အတိကျသွားလေသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com



ကြည်လင်ဝင်းပစွာ နံနက်ရောက်လာလေပြီ။ နံရံတွင် အမှောင်ရိပ်များ ကွယ်သွားလေပြီ။ အပြင်မှ လေမုန်တိုင်းမှာလည်း ငြိမ်သက်သွားလေပြီ။

ထိုအတွင်း အိမ်အတွင်းမှ အုဝဲ....အုဝဲ ဟူသော ကလေးငိုသံသည် ပဲ့တင်လာလေသည်။

ပန်းလျပျောင်းရဲ့စွာ မေသည်ခေါင်းအုံးကို မှီလျက်ရှိ၏။ သူသည် တိုက်ပွဲကို အောင်မြင်ပြီးလေပြီ။ ချောက်အိပ်မက်လည်း ကွယ်လေပြီ။ သူသိသည်မှာ သစ်ပင်လှုပ်ဆော့နေသောလေနှင့် သူ့မျက်နှာပေါ်တွင် မိုးနေသော ကိုကျော်မြင့်၏မျက်နှာဖြစ်လေသည်။

## (၁၆)

စိတ်ပညာဆရာကြီးများသည် နောင်တရနေသော အပြစ်ကျူးလွန်သူတို့ အခြားစိတ်ဝင်စားစရာကို တွေ့မည်မဟုတ်ပေ။ သူတော်စင်နှင့် အပြစ်ရှိသူကို ခြားနားချက်မှာ အပြစ်ကျူးလွန်သူမှာ အနာဂတ်ရှိ၍ သူတော်စင်မှာ အတိတ်ရှိလေသည်။ သူတော်စင်များမှာ စင်စစ်အကုသိုလ်နည်းပါးလာ၍ သူစရိုက်သို့ရောက်လာခြင်း ဖြစ်လေသည်။ ငတ်ပြတ်လာလျှင် ဘုန်းကြီးကျောင်းသွား၍ အအေးရိပ်ခို၏။ ထိုသူများကိုသာ တကယ်ချီးမွမ်းသင့်သည်။ လောကတွင် ဒုစရိုက်နှင့်သုစရိုက် ၂ လမ်းရှိသည့်အနက် ဘာမျှသတ္တိမရှိ၊ ရည်ရွယ်ချက်မရှိ၊ ရောက်ရာပေါက်ရာလမ်းတစ်လမ်းကို ရောက်နေခြင်းမှာ ချီးမွမ်းဖွယ်မဟုတ်ပေ။

မေက ဤသို့ထင်လေသည်။ မေသည် အရင်က မေမျိုးမဟုတ်တော့။ ပြောင်းလဲခဲ့လေပြီ။ အရင်ကအတိုင်းသွားရန် စိတ်မ



ူးတော့။ လွန်ခဲ့သော တစ်နှစ်လောက်ကသာ လင်ကိုမြတ်နိုး၍ သားကို ယုယပါဟု ပြောမည်သူရှိလျှင် ဟက်ဟက်ပက်ပက် ရယ်မောမည်ဖြစ်လေသည်။ သူသည် နာလန်ထ ကတည်းက ဘဝသစ်၊ မေတ္တာသစ်၊ ပညာသစ်ကိုရနေသည်။ ဦးဘသွန့်ကိုလည်း မုန်းတီးလာ၏။ သူနှင့် အဆက်အသွယ်ကို တစ်ခါတည်းဖြတ်တောက်ပစ်လိုက်မည်။ တံမြက်စည်းလှည်းပစ်လိုက်မည်။ ဘသိန်းကိုတွေးမိပြန်၏။ ဘသိန်းကို သူ့မမုန်း။ ပန်းနုရောင်တိမ်တိုက်များ လွင့်ပါးနေသည့်အခါ သဉ္ဇူဦးကြယ်များ လက်ခနဲ, လက်ခနဲ မျက်တောင်ခတ်နေသည့်အခါ ဘသိန်းကို ချစ်စိတ်ပေါ်လာတတ်လေသည်။

နောက်တစ်ခုမှာ သူ့ သားဦးလေးကိုချစ်ခြင်းမေတ္တာဖြစ်လေသည်။ မေသည် သူ့သားကို အလွန်ချစ်၏။ ကလေးကို ဘယ်ပုံပြုစုရမည်ကို သူ့မသိ။ ဘယ်အစာမျိုးကျွေးရမည်။ ဘယ်နှစ်နာရီကြာအောင်အိပ်ရမည်စသည်တို့ကို သူနားမလည်။ သို့ဖြစ်လေရာ အာယာမကို ငှားထားလေသည်။

သူ့မှာမူ သူ့ကလေးကိုရင်ခွင်တွင်ပိုက်ကာ လမ်းလျှောက်ရင်း ကိုကျော်မြင့်နှင့်စကားပြောလျက်ရှိလေသည်။

"ကိုကိုမြင့် မေ့သားလေးက မလှဖူးလားဟင်။ မျက်လုံးပြာပုံက မေနဲ့တူတာယ်၊ နှာတံလေးသွယ်ဆင်းပုံက ကိုကိုမြင့်နဲ့တူတာနော်။ မဟာနဖူးကျလာပုံများလေ ကိုကိုမြင့်နဲ့သိပ်တူတာပဲ။ ကြည့်စမ်းဦး၊ ရေလေးများစိမ်းနေတာပဲ။ ကြီးလာရင်လေ၊ လှလည်းလှမယ်၊ ဉာဏ်လည်း ကောင်းမှာပဲနော်"

ကိုကျော်မြင့်မှာ ပြုံး၍သာနားထောင်လေသည်။

"သူ့ကို ဘယ်ကျောင်းမှာထားမလဲဟင်၊ ပထမတော့ အင်္ဂလိပ်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာထားမယ်။ နောက် ယူနီဘာစီတီပို့မယ်နော် ကိုကိုမြင့်၊ ကြီးလာရင် မေတို့ သူ့ကိုတကယ်အားကိုးရမှာ။ သူနည်းနည်းထွား လာရင် သိုးမွေးအင်္ကျီလေးထိုးပေးရမယ်။ ဘယ်အရောင် များများ ထည့်ရမလဲ မသိဘူး။ အပြာခံမှာ အစိမ်းအနွယ်လေးတွေဆို ကောင်း မှာနော် ကိုကိုမြင့်ရယ်"

မေသည် ကလေးကို ရင်ခွင်ကမချရက်အောင်ချစ်လေသည်။ သူသည် ကိုကျော်မြင့်အတွက်လည်း စဉ်းစားလေသည်။ သူ့လင်ကို အမြဲသစ္စာစောင့်တော့မည်။ အရင်ကလို သူ့ကို ပိုချစ်လာအောင် မသက်သာစိတ်နည်းနည်းမျှမရှိအောင် မတာတော့။ မခရာတော့။ မနွဲ့ တော့။ မချော့တော့။ သူ့စိတ်မှာ ပွင့်ခါစ စံပယ်ပန်းဖြူဖြူနုနုလို သန့်ရှင်းဖြူစင်လျက်ရှိလေသည်။

သူတို့သည် ရန်ကုန်ပြန်ရောက်လာကတည်းက ကလေးကို ဂရုစိုက်နေခြင်းဖြင့်သာ အချိန်ကုန်နေလေသည်။ အိပ်ခန်းမှာကလေး ပုခက်လွဲသံဖြင့် ဆူညံနေတတ်၏။ပုခက်ဘေးတွင်ကစားစရာများဖြင့် ပြည့်နေ၏။ မေသည် ရုပ်ပုံကားတွေ၊ ကစားစရာတွေကို ဈေးဘက် ရောက်တိုင်းလိုလိုဝယ်၏။ ဖဲကြိုးအဝါစီးထားသော ကြောင်နက် ကတ္တီပါရုပ်ကလေးများကို ပုခက်တွင်ဆွဲထား၏။ သူသည် ကလေး ပတ်ဝန်းကျင်ကို လှပအောင်ပြင်ဆင်လေသည်။ ကလေး ပတ်ဝန်းကျင် မှာ အရောင်အသွေးတို့ဖြင့် တလွှင်လွှင်မွှမ်းနေသည်။

"ဟုတ်တယ် ကိုကိုမြင့်၊ မေ့သားလေးကိုလေ ငယ်ငယ် ကတည်းက အရောင်အသွေးကို ကြည့်တတ်မှ၊ အလှအပကို ချစ်တတ် မှ၊ ဒါမှ အနုပညာဉာဏ်ရင့်သန်မှာနော်။ သူကြီးလာရင် ပိတ်ပေါ်စုတ်တံ နဲ့ရေးတဲ့ ပန်းချီဆရာပဲဖြစ်ဖြစ်၊ ပရိယတ္တိကို အရောင်ခြယ်မယ့်



စာပေပန်းချီဆရာပဲဖြစ်ဖြစ်ပေါ့နော် ကိုကိုမြင့်ရာ"

မေသည် ပျော်နေလေသည်။

(၁၇)

ရန်ကုန်ပြန်ရောက်ကတည်းက မေသည် ဦးဘညွန့်နှင့် ကင်းကင်းရှင်းရှင်း အဆက်အသွယ်ဖြတ်ရန် အခွင့်ကို စောင့်နေလေ သည်။ လင်မယား နှစ်ယောက်မှာ ကလေးကို မြူနေရ၍ ဘယ် တော့မှ မအား။ ကိုကျော်မြင့် မှာလည်း အမြဲ သူ့အနား ရှိနေလေသည်။ စာပေးရန်ကိုမူ လုံးလုံး စိတ်ကူးထဲမထည့်။

တစ်ည ကိုကျော်မြင့်က သူ့ကိုအလုပ်တစ်ခုအတွက် မန္တလေး သွားမည်ဟုပြောဖူးသည်။ မေမှာ အလုပ်အကိုင် မျှော်လင့်နေဆဲဖြစ် ၍ အေးအေးနားထောင်နေလေသည်။ကိုကျော်မြင့်မှာ အရင်ကနှင့်မတူ၊ အမူအရာနည်းနည်းဆန်းလာ၏။အရင်ကလို သူ့ကို ခဏခဏ မမွေး တော့။

မေသည် ည ကလေးငိုသည်ကို ချော့သိပ်ရသဖြင့် မနက် ကိုးနာရီလောက်မှ ထလေသည်။ သူထသောအခါ ကိုကျော်မြင့်ကို မတွေ့။ ခါတိုင်းသူထလျှင် သူ့ကိုပါ နှိုးတတ်သည်။ ခါတိုင်းများဆို လျှင် ခဏလေးအပြင်ထွက်တာတောင် မွှေးပြီး ထွက်သွားတတ်သည်။ ယခု ခရီးသွားတာတောင် သူ့ကိုဘာမျှမပြောမသွား။ မေသည် အေးစက် နေသော ကော်ဖီကိုသောက်ပြီးလျှင် ကိုကျော်မြင့် စာကြည့်ခန်းထဲသို့ သွား၏။

သူ စားပွဲမှာလည်း ဘာစာမှ ထားမပစ်ခဲ့။ မေသည် ဧည့်ခန်း ကိုဖြတ်ကာမီးဖိုချောင်ဘက်သို့ သွားလေသည်။ ညက မိုးရွာထားသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အေးနေရာ မီးအရှိန်ကြောင့် နွေးလာ၏။ အစေခံမှာ ထမင်းချက်၍နေသည်။

"ကိုကိုမြင့် ဘယ်တုန်းကထွက်သွားသလဲ"ဟု မေသည် အစေခံအား မေး၏။

"ခြောက်နာရီလောက်ကပဲ မမရဲ့"

"သူဘာမှပြောမသွားဘူးလား"

"ပြောမသွားဘူး မမ"

မေသည် အံ့သြနေလေသည်။

"အေးဒါပဲ၊ သူ့ သုံး,လေးရက်လောက်တော့ ကြာဦးမယ်၊ မန္တလေးသွားတာ"

မေသည် အိပ်ခန်းသို့ပြန်သွားကာ ရေချိုးရန် အဝတ်အစားလဲလေသည်။ ဘာများအရေးကြီးလို့ သူ့ကိုမပြောဘဲထွက်သွားပါလိမ့်ဟု တွေး၏။ သူ့ကိုတော့ ဘယ်တော့မှ သက်သာမကင်းမဟုတ်။ကိုကျော်မြင့်မှာ ဒီလိုယောက်ျားမျိုးထဲက,မဟုတ်။ သူသည် ရယ်ကာ သူ့အံဆွဲကို ဖွင့်ကြည့်မိပြန်သည်။

"ငါတော်တော် အသုံးကြီးပါကလား"ဟု၍ပင် ရွတ်ဆိုမိ၏။ သူ၏ပလွှားမှုမှာ ငွေအတော်ကုန်စေခဲ့ပြီ။ ဦးသောမောင်ထံမှ ညှစ်၍ရသော ငွေမှာ ကုန်သည်မှာကြာပြီ။ ဦးဘညွန့်ဆီက ငွေ၊ စိန်တချို့ရောင်းရငွေများပင်အတော်သုံးပြီးပြီ။

ရှေ့လျှောက် ဘယ်လိုလုပ်မလဲ။ နောက် ငွေရေးကြေးရေး ကျပ်တည်းလာမှာကိုမြင်ယောင်သေး၏။ ကလေးတွေ ရလာဦးမည်။ ကလေးတွေပညာသင်ဖို့ ငွေဘယ်ကရမလဲ၊ လူကုံထံပိုင်းတွင် ကြွားနိုင် ဝါနိုင်ရန် အဝတ်အစားတွေဘယ်ကရမလဲ။ ကိုကိုမြင့်မှာလည်း



ယခုထက်တိုင်အလုပ်က မရသေး။ ဒါမှမဟုတ် ဦးဘဟန် သေမှ အမွေများရလျှင်တော့။

ထိုအတွေးများသည် မေ့စိတ်ထဲတွင် တစ်ခုပြီးတစ်ခု ပေါ်လာလေသည်။ သူသည် အရင်လိုတော့ မလုပ်ချင်တော့။

မေသည် နေရာမှထကာ ရေချိုးခန်းသို့သွား၏။ ရေချိုးလိုက်ရသဖြင့် သူ့စိတ်သည်တည်ငြိမ်၍လာပြန်ကာ လောကကြီးနှင့် သင့်မြတ်သွားပြန်လေသည်။

□□□

မေသည် မနက်စာထမင်းကို တစ်ယောက်တည်းစားရလေသည်။ ထမင်းစားပြီးလျှင် ဦးဘညွန့်ထံတယ်လီဖုန်းဆက်စကားပြောရန်သတိရ၏။ သို့ရာတွင် မရဲမဝံ့။ သူသည် ဧည့်ခန်းထဲသို့သွားကာ သူ့သားကလေးနှင့် မြူဆော့ကစားနေပြန်လေသည်။ ဒီကနေ့ မနက် သူ့သားကလေးနှင့် ကစားရသည်မှာ မပျော်လှ။ ခါတိုင်း အင်မတန်ပျော်သည်။

နှစ်နာရီခွဲ မေသည် ဆိုဖာပေါ်တွင်မှီကာ မှန်ဗီရိုပေါ်တွင် တင်ထားသော နာရီမှမိနစ်လက်တံကို စိုက်ကြည့်နေ၏။ တစ်ဆယ်၊ နှစ်ဆယ်၊ သုံးဆယ်၊လေးဆယ်၊ငါးဆယ်၊ ခြောက်ဆယ်... တစ်ဆယ် နှစ်ဆယ်....

ဒီကနေ့အေးမြ၏။ မိုးတစ်စက်မှမရွာ။ ဒီလို အေးပုံမျိုးနဲ့ဆိုလျှင် အိမ်တွင်းမှာသာနေချင်သည်။ လေတဝူးဝူးတိုက်နေသော လမ်းမကိုမှထွက်ချင်။

မေသည် တုန်လှုပ်၏။ မေ၏စိတ်သည် လှိုင်းကြက်ခွပ်က လေးတွေလို နိမ့်ချည်မြင့်ချည်ဖြစ်နေ၏။ မေသည် ရုတ်တရက်နေရာမှ

www.burmeseclassic.com

www.burmeseclassic.com



ထကာ အိမ်ရှေ့ကုလားဝတ်လုံအိမ်သို့သွားကာ "ဒါဘဲလ်တူးအိုဖိုက်" ကို တယ်လီဖုန်းဆက်နေ၏။ နောက် မေသည် အဝတ်လဲလျက်ရှိ၏။

□□□

နောက် တစ်နာရီခန့်ကြာသောအခါ မေသည် ပြည်လမ်းမကြီး အောက်လွှတ်တော်အမတ် သူဌေးဦးဘညွန့်အိမ် ဧည့်ခန်းတွင် ရောက်၍နေလေသည်။

သူ့ကို ဘယ်လိုပြန်ပြောရမည်ကို အသေအချာမသိသေး။

အခန်းထဲသို့ရောက်လျှင် ဦးဘညွန့်၏ ပတ်ဝန်းကျင်မှာ ပေါ်လွင်၍လာလေသည်။ ပန်းနုရောင်ဓာတ်မီးပွင့်များသည် အထက်မျက်နှာကြက်မှတောက်ပသောအရောင်ကိုပေးကာ မေ့မျက်နှာကို ဟပ်လေသည်။ ပန်းစိုက်အိုးမှပန်းရနံ့မှာ ခါတိုင်းလို မမွှေးကြူဘဲ ဆေးနံ့လို ခေါင်းကိုရီဝေစေလေသည်။

"ဪ ရောက်နေပလား"

မေသည် မော့ကြည့်လိုက်၏။

သူကလေးမွေးတုန်းက အိပ်မက်ထဲတွင်မြင်ရသောပုံအတိုင်း။ ဦးဘညွန့်သည် ရပ်နေ၏။ မုန်းတီးခြင်း လှိုင်းလုံးသည် မေ့အပေါ်သို့ ရိုက်၏။ သူသည်စိတ်ကိုပြောင်းကာ အတင်းပြုံးလေသည်။

"လာရတာ ဘာမှနှောင့်နှေးစရာမရှိပါဘူး"

သူသည်ပြုံး၏။ "ဒါပေါ့ နှောင့်နှေးစရာ မရှိဘူးပေါ့။ အပေါ်ထပ် တက်ပါလား။ စကားလေး ဘာလေးပြောရတာပေါ့"

မေသည်ခဏရပ်ကာ နောက် သူ့နောက်သို့ လိုက်လေသည်။ လှေကားထိပ်တွင် ဦးဘညွန့်သည် နောက်သို့လှည့်၏။

"ကျုပ်အခန်းမှာ ကောင်းပါတယ်နော်"



ထိုအထဲတွင် မေ့ကို တစ်မျိုးဖြစ်စေသောအသံပါ၏။ သူသည် ချိုသာပြေပြစ်ပါ၏။ သို့ရာတွင် ညစ်ညမ်း၏။ သူသည် သိမ်မွေ့ပါ၏။ သို့ရာတွင် ပေါ၏။

သူ့အခန်းကိုရောက်သဖြင့် သူတို့သည် အတွင်းသို့ဝင်ကြလေသည်။ မေသည် အစိမ်းရောင်အဝတ်အုပ်ထားသော ဆိုဖာပေါ်တွင် ထိုင်၏။

"စီးကရက်သောက်ပါဦးလား"

မေသည် ခေါင်းခါကာ သူဆေးလိပ်မီးညှိသည်ကို ကြည့်နေ၏။ သူ့ချစ်သူမဟုတ်။ သူနှင့်ဘာမှုမပတ်သက်။ မီးခြစ်မှ မီးရောင်သည် သူ့မျက်နှာကိုဟပ်လေသည်။ ပါးစပ်မှာထူထူ နှာခေါင်းမှာ ပွယောင်းယောင်းမှာ မျက်လုံးမှ မီးအလျှံသည် မီးခြစ်ရောင်ဝယ် အထင်သားပေါ်လာ၏။

တိတ်ဆိတ်ခြင်းကို စ၍ဖျက်သူမှာ ဦးဘညွန့်ဖြစ်လေသည်။

"ဘယ့်နှယ့်မေ ဘာပြုလို့မလာရတာလဲ"

မေသည် လက်အချင်းချင်းပွတ်၍နေလေသည်။ သူ့အသံမှာ ပိုင်ဆိုင်သောအနက်ပါလေသည်။ တစ်ခါကသူသည် မေ့ကိုလွှမ်းမိုးခဲ့ဖူးပြီ။

မေသည် အဖြေအတွက်ခေါင်းကိုခါလေသည်။

"ဘာပြုလို့လဲ"

မေသည် တံခါးဝသို့သာ ငေးကြည့်နေ၏။

"မေ ဒီလိုမနေတော့ဘူး ရှင့်ဆီ လာလည်းမလာတော့ဘူး"

"ဘာဖြစ်လို့"

မေသည် သူ့ကို သနားကြင်နာစွာကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



"အို ရှင်...ဘာဖြစ်လို့လဲဆိုတာမမေးပါနဲ့၊ ကျွန်မ မပြောနိုင်ဘူး၊ မမေးပါနဲ့ရှင်"

သူမှာ အေးစက်စက်ကြီးဖြစ်နေသဖြင့် မေသည် ပို၍ကြောက်လေသည်။ အတော့်ကြာတိတ်ဆိတ်နေ၏။ မေသည် တစ်ဖက်သို့လှည့်ရင်း သူ့အပြောကိုစောင့်နေ၏။

"ဒီလိုရှိတယ်မေ၊ ကျုပ်ဆီကို မလာတော့ဘူး လာတော့မယ်ဆိုတာတွေဟာ ပြောလို့မဖြစ်ဘူးထင်တယ်မေ" ဟု ညင်သာစွာပြောလေသည်။

မေသည် သူ့ကို အံ့ဩစွာမော့ကြည့်၏။

"ရှင်ပြောတာ ကျွန်မနားမလည်ဘူး"

"ကျုပ်ပြောတာ အရှင်းကြီးပဲမေ့ရဲ့၊ မေတ္တာနှောင်ကြိုးဆိုတာမျိုးဟာ ရစ်ပတ်မိရင် အင်မတန်ဖြတ်ဖို့ခဲယဉ်းတယ်မေ။ ကျုပ်နဲ့မေနဲ့ ခင်မင်ကြတဲ့ မိတ်ဆွေချင်းဆိုပါတော့၊ ခင်မင်ဖို့ရာကတော့ သိပ်ခက်လှတာမဟုတ်ဘူး။ အငိုလွယ်လို့ အရိုက်ခက်ဆိုတာမျိုးပေါ့ မေရဲ့"

သူသည် မေ၏လက်ကိုကိုင်လေသည်။ မေသည် ရုန်း၏။ သို့ရာတွင် တင်းကျပ်စွာဆုပ်ထားသဖြင့်မလွတ်။ မေသည် စကားပြောရန် ပါးစပ်ကိုပြင်၏။ သူ၏ ကြမ်းသောလက်ဖြင့် မေ့ပါးစပ်ကိုပိတ်ထား၏။

"ခဏနေဦး တော်ကြာမေပြောရမှာပါ။ အခုတော့ ကျုပ်ပြောပါရစေဦး"

သူသည် မေ့ကို စိုက်ကြည့်နေလေသည်။

"မေ ကျုပ်ဆီလာတုန်းက မေဟာကျုပ်ကိုဘာမှ မစွဲလမ်းဘူး



ဆိုတာသိပါတယ်။ ကျုပ်ကလည်း မေဟာ ကျုပ်ကိုကြိုက်ပါတယ်ဗျာ လို့လဲ ဘယ်တော့မှမကြွားပါဘူး။ မေကြိုက်တာက လူကိုမှ မဟုတ်ဘဲ၊ ငွေကိုကြိုက်တာပဲ၊ မေကငွေယူပြီးလျှင်ပြီးတာပဲလို့ထင်တာ။ နောက်တစ်ခါ ငွေမလိုချင်သေးခင်အတွင်းပေါ့လေ။ အဲဒီမှာ မေမှားတာပဲ။ ဒါမှ မေ့အမှားတော်ပုံ။ မေဟာ အခုမှကိုကျော်မြင့်မယား၊ ကလေးတစ်ယောက်အမေ၊ အခုနေ ကျုပ်ကမေ့ကို တစ်ထောင်တန်ချက်လက်မှတ်ပေးတယ်ဆိုရင် မေ့ယောကျ်ားက ဘာပြောမလဲသိလား"

မေသည် လက်ကို ရုန်း၏။ မလွတ်။

"ရှင် မပြောရဲပါဘူး"

"ဘာဖြစ်လို့ မပြောရဲရမှာလဲ။ ကျုပ်နဲ့ အဆက်အသွယ်ကို မေဘယ်တော့မှ ငြင်းချက်မထုတ်နိုင်ဘူး။ မေက သူ့ယောကျ်ားဟာ သူ့ကို မယုယဘူး၊ မကြင်နာဘူး၊ ဂရုမစိုက်ဘူးလို့ပြောလို့ ကျုပ်က သနားရတာ၊ ကျုပ်ကိုပါ ချစ်ပါဆိုလို့ချစ်ရတာ၊ ငွေပေးရတာလို့ပြောလျှင် သူ့မယားကို ယုံတော့မတဲ့လား"

"ရှင်လိမ်တာ ရှင်လိမ်တာ" မေသည် ဒေါသသံ ပါလာ၏။

"ဟုတ်တယ်၊ လိမ်တာမေ ဘာမှမပြောနိုင်ဘူး။ ကျုပ်ကသာ လိမ်တာမဟုတ်ဘူးလို့ပြောနိုင်တယ်၊ ဒီအိမ်က အစေခံတွေအားလုံးက မေ့အကြောင်းအကုန်သိတယ်။ ကျုပ်နဲ့အဆက်အသွယ်ကို အကုန်မြင်တယ်။ သူတို့က မေနဲ့ကျုပ်နဲ့ ညားနေတာပါလို့ ကျိန်တွယ်ပြောကြမှာ။ မေ ဘယ့်နှယ်ငြင်းမလဲ၊ ငြင်းစမ်းပါဦး"

သူ ပြောလျက်ရှိစဉ် မေ၏ရင်သည် အခုန်ရပ်သွားမလားဟု မှတ်ထင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ရှင်ဘာလိုချင်သလဲ"

သူသည် ဆုပ်ထားသောလက်ကိုလျှော့လိုက်၏။

"ဗျာ အစကဘာပြုလို့ ဒီစကားမပြောသလဲ၊အခုမှတယ်လိမ္မာနေပါကလားဟင်"

"ရှင် ဘာလိုချင်သလဲ" မေသည် ဒုတိယမ္ပိ မေးပြန်၏။

"မေ့ကို လိုချင်တာပေါ့"

သူသည် ရှေ့သို့ကုန်းကာ မေ့ကို ဖက်လိုက်လေသည်။ မေသည် မွန်ထူနေသဖြင့် ဘာပြောလိုက်မိသည်ကိုမမှတ်မိ။ သူသည် ဦးဘညွန့်မျက်နှာကိုကျော်၍ လိုက်ကာမှ ရွှေရောင်အနွယ်နှင့် ပန်းရောင်အပွင့်ကို မြင်လေသည်။ သူသည် စိတ်ထဲအပွင့်ကိုရေတွက်၏။ တစ်၊ နှစ်၊ သုံး၊ လေး အခက်တစ်ခက် ခံနေသဖြင့်ရပ်သွား၏။

"ဟင့်အင်း... ဟင့်အင်း လွှတ်ဆို လွှတ်နော် လွှတ်"

မေသည် ရုန်းပြန်သည်။ သူ့မျက်စိထဲတွင် အိမ်၌ကျန်ရစ်ခဲ့သော သူ့သားမျက်နှာကိုမြင်နေ၏။

"လွှတ် လွှတ်"

မေသည် အော်၏။

"ရှင် လူယုတ်မာ၊ ကျွန်မကို မထိနဲ့။ ကျွန်မ အရင်လိုမဟုတ်ဘူး။ ကျွန်မဟာ မကောင်းခဲ့ဘူး။ မသန့်ရှင်းခဲ့ဘူး။ အခု ကျွန်မ အကုန် အသစ်ပြင်လိုက်ပြီ။ အကုန်ပြောင်းလဲပစ်လိုက်ပြီ"

သူသည် တံတွေးကိုမျို၏။

"ရှင် ကျွန်မကို မသနားတော့ဘူးလား၊ ကျွန်မ လူကောင်းဖြစ်လာပြီ။ ကျွန်မ အရင်လိုမမိုက်တော့ဘူး။ မလော်လီတော့ဘူး။ ကျွန်မ အခုကလေးအမေဖြစ်လာပြီ။ ကျွန်မသား အဖိုးတန်အောင်





ကျွန်မ လုပ်ရမယ်။ ကျွန်မသား ဂုဏ်ရှိအောင် ကျွန်မနေရမယ်။ ဒါလိမ်တာမဟုတ်ဘူး။ ဒါဟာ မေတ္တာ၊ မေတ္တာဟာ ဘယ်လိုအရာမျိုးမဆို ပြောင်းလဲပစ်တယ်။ ရှင့်ဆီ ကျွန်မလာတုန်းက ကျွန်မမှာ မေတ္တာမရှိဘူး။ ကျွန်မ ရှင့်ကိုမချစ်ပါဘူး။ ဟိုတုန်းက ကျွန်မမှာ ကာမရမ္မက်သာရှိတာ။ အခု ဒါတွေအကုန်ပျောက်ပြီ။ ကျွန်မ ရွှံ့ထဲကို ပြန်မသွားတော့ဘူး။ ကျွန်မ အလင်းရောင်ကိုမြင်လာပြီ။ ကျွန်မကို ဘာမှမမေးနဲ့၊ မမေးနဲ့"

မေသည် မျက်နှာကို လက်နှင့်အုပ်ကာရှိုက်၏။ ဦးဘညွန့်သည် သူ့ကိုအေးအေးပင်ကြည့်နေ၏။

"မေ့ကို အစက ကျုပ်ပြောဖူးတယ်မဟုတ်လား။ မေဟာ ဇာတ်လိုက်မင်းသမီးလုပ်ရင်ကောင်းမယ်လို့"

မေသည် အရှုးလိုရယ်၏။

"ကျွန်မ အခု အမူအရာလုပ်နေတာ မဟုတ်ဘူးသိရဲ့လား။ အမူအရာလုပ်တာမဟုတ်ဘူး။ ကျွန်မဟာ ရှင့်ကို ဖျော်ဖြေဖို့ မင်းသမီးမဟုတ်ဘူး။ ရှင် လမ်းမက မိန်းမတွေသွားပြီး ဖျော်ဖြေခိုင်းပါလား။ ကျွန်မဟာအပေါစားမဟုတ်ဘူး။ ကျွန်မသွားမယ်။ ကျွန်မကို လွှတ်ပါ လွှတ်ပါ"

မေသည် အော်ကာ တအားရုန်းကန်လေသည်။ သို့ရာတွင် အကြောင်းမထူး။ သူ၏လက်များသည် မေ၏ကိုယ်ကိုရစ်ပတ်ကာ သူ၏ နှုတ်ခမ်းသည် မေ့နှုတ်ခမ်းပေါ်သို့ရောက်သွား၏။ သူ့ရှေ့ရှိ ကြမ်းပြင်သည် ခွက်ဝင်သွား၏၊ နောက်...။

□□□

နှစ်နာရီခန့် ကြာသွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မေသည် အောက်ထပ်ဆိုဖာပေါ်၌လှဲ၍နေ၏။ ဦးဘညွန့်၏ ကုလားအစေခံသည် သူ့ဘေးတွင်ရပ်ကာ သူ့ကိုပြုံးစိစိလုပ်၍ ကြည့်နေ၏။

"ဆပ်က မှာထားပါတယ်၊ဒီဟာလေးသောက်လိုက်ပါလို့"

မေသည် ဖန်ခွက်ကိုယူကာသောက်လေသည်။

"ဘယ်အချိန်ရှိပြီလဲ"

"ခြောက်နာရီထိုးပါပြီ"

မေသည် ဆိုဖာမှထလိုက်၏။ သူသည်ခေါင်းမူး၏။ ၁၁ကြော အခြင်များမှာ လေးနေ၏။ ဘာပဲဖြစ်ဖြစ် သူသွားရတော့မည်။

"ဦးဘညွန့်ကော"

အစေခံက ဦးဘညွန့်အပြင်ထွက်သွားကြောင်း ပြောပြလေသည်။ မေသည်မှန်ရှေ့သို့လေးကန်စွာသွား၏။ ဆံပင်များမှာ ဖွာရရာကြဲနေ၏၊ သူသည် တုန်ရီသောလက်ဖြင့်ဆံပင်ကိုထုံး၏။ တွန့်သောအင်္ကျီကိုဆွဲဆန့်၏။ မှန်ရှေ့မှ တစ်ဖက်သို့လှည့်လိုက်လျှင် အစေခံသည်ဦးညွတ်ကာ သူ့ကိုကြည့်နေ၏။

"တက္ကစီတစ်စီး ခေါ်ပေးစမ်းပါ"

"ဆပ်က သူ့ကားထားပစ်ခဲ့ပါတယ်"

"တက္ကစီကိုသာ လိုချင်တယ်"

"ဆပ်က သူ့ကားနဲ့ပို့ဖို့မှာခဲ့ပါတယ်"

မေသည် ပန်းလျစွာသက်မချ၏။ ထပ်ပြောနေ၍ အလကား။ သူသည် ဒရိုင်ဘာနောက်သို့ ဝင်လိုက်လေသည်။ သူသည် အိပ်မက်ထဲမှာကဲ့သို့ လမ်းလျှောက်၏။

ကားပေါ်တွင် မေသည် မျက်စိကိုမှိတ်ထား၏။ ညနေက



အခင်းကို ပြန်၍စဉ်းစား၏။ မေသည် ထောင်ချောက်တွင် အမိခံခဲ့ရလေပြီ။

သို့ရာတွင်တိုက်ပွဲမှမကျရှုံးခဲ့သေး။ ကားမှန်ပေါက်မှ လေအေးသည် ညှင်းညှင်းညံ့ညံ့ တိုက်ခတ်၏။

သော်မဆင်ရိပ်သာအိမ်ပြန်ရောက်ပြီ။ ဘယ်လောက် ကြည်နူးစရာကောင်းသလဲ။ သူချစ်သော အိမ်၊ သူနေသောအိမ်၊ ကိုကျော်မြင့်အိမ်၊ သူ့သားကလေးအိမ်။ ဒီနေရာမှာသာ ရင်ခွင်တွင် ပိုက်ထွေး၍တွေ့ရန်ဖြစ်လေသည်။

## (၁၈)

မေသည် ဧည့်ခန်း၌ ခဏရပ်လေသည်။

ယခု လောလောဆယ်ကိုမူ ဘာကိုလုပ်ရမှန်း မသိသေး။ အစေခံနှင့်အာယားမမှာ အတွင်းခန်းတွင်ရောက်နေဟန်တူ၏။ သူ့ကိုမည်သူမျှမမြင်ကြသေး။ ဒီအထိတော့ ဟန်ကျပြီ။ သပ်သပ်ရပ်ရပ်ပြင်ဆင်ပြီးမှ အပေါ်တက်သွားမည်။

သူသည် ထမင်းစားခန်းသို့သွားလေသည်။ ကုလားထိုင်တွင်ထိုင်ရင်း ဆံပင်ကိုပြန်ထုံး၏။ ရေဝတ်သဖြင့် တစ်ခုခုသောက်ရန်ကြောင်အိမ်ပေါ်သို့ လှမ်းကြည့်၏။ တောနစ်ပုလင်းကိုတွေ့ရသည်။ မေသည် တောနစ်ကိုဖောက်ကာ ဖန်ခွက်ထဲသို့ ငှဲ့လောင်းလေသည်။ လုံချည်ပေါ်သို့ကျလေသည်။ မေသည် လုံချည်ကိုလက်နှင့်တောက်၏။ အဝတ်အစား ချက်ချင်းသွားလဲလိုက်ဦးမည်။

အခန်းထဲမှထွက်လာကာ လှေကားရင်းတွင် ခဏရပ်မိပြန်သည်။ အပေါ်ထပ်မှ ခြေသံကြားရ၏။ မီးရောင်ကိုလည်းမြင်၏။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အစေခံကောင်မလေးနှင့်တူသည်။ မေ၏ ကျေတွန့်နေသော အဝတ်အစားကိုမြင်လျှင် ဘယ်လိုထင်မလဲ။

မေသည် ပခုံးကို တုံ့လိုက်၏။ သူတို့ ဘာထင်ထင်လေ မတတ်နိုင်ဘူး။ အဝတ်အစားလဲကာ အိပ်ရာပေါ်လှဲနေလိုက်မည်။ သူသည် အပေါ်သို့တက်သွား၏။ သူ့အခန်းတံခါးမှာ အနည်းငယ်ဟနေ၏။ မေသည် တွန်းဖွင့်လိုက်လေသည်။

"ကိုကိုမြင့်"

ဟုတ်သည်။ ကိုကျော်မြင့်သည် သူ့မှန်တင်ခုံရှေ့တွင် လက်ပိုက်ကာရပ်နေသည်။ သူ့မျက်နှာညှိုးကျနေသည်။

စိတ်တအားတင်းကာ သူများသိသွားပြီလား။ သူ ဘယ်လိုသိပါလိမ့်ဟုတွေးရန် အချိန်မအား။

"ကိုကိုမြင့် မေက နှစ်ရက်၊ သုံးရက်လောက် ကြာလိမ့်မယ်လို့ထင်တာ"

သူသည်အဖြေမပေး။ မေ့ကိုသာစိုက်ကြည့်၏။ သူ့မျက်လုံးသည် ဆံပင်ပေါ်သို့ရောက်သွား၏။ နွမ်းလျသော မျက်နှာပေါ်သို့ရောက်သွား၏။ လုံချည်က အကွက်အစွန်းပေါ်သို့ရောက်၏။ နောက်ဆုံး သူ့မျက်လုံးသည် တောက်ပြောင်ကာ မေ့ဝမ်းတွင်းစိတ်ကို စာဖတ်နေလေသည်။

မေသည် ကြိုးစား၍ပြုံး၏။ သို့ရာတွင်နှုတ်ခမ်းကို လှုပ်၍မရ။ သူ့နှုတ်ခမ်းများသည်ခြောက်သွေ့ကာ အေးစက်၏။ သူသည် နှုတ်ခမ်းကို စိုလာအောင်လုပ်၏။ သို့ရာတွင် အားမရှိ။ သူ့ကိုသာပြန်၍ကြည့်နိုင်တော့သည်။

မေသည် သူ့မျက်နှာကို ကြည့်လိုက်သောအခါ သူ့မျက်



နှာမှာ အရင်ကကဲ့သို့မဟုတ်၊ မေ့လက်ထဲတွင် သူ့မှာကစားစရာလေးသာဖြစ်လေသည်။ သူ့ကို ဖွဲဖွဲလမ်းလမ်းချစ်ရုံသာ ချစ်တတ်သောအရူးဖြစ်သည်။ မိန်းမက အရူးလုပ်ထားသော လင်။

သို့ရာတွင် မေမှားခဲ့လေပြီ။ ယခုမြင်ရသောသူမှာ အရူးမဟုတ်တော့ပြီ။ မုန်းစိတ်ဖြင့် ချွန်ချွန်မြနေသောသူ။ သူ့မျက်လုံးများမှာ မုန်းရောင်တောက်နေသည်။ လူကောင်း၏မုန်းစိတ်ဖြစ်၏။ အသက်ပေးချစ်ခဲ့ရ၍ နောက်ဆုံး သဲထဲရောက်သွားသော ချစ်သူ၏အမုန်း၊ ဖြောင့်မှန်သော တရား၏အမုန်း။ မဖြောင့်မှန်ခြင်းထက် ကြောက်စရာကောင်းသောအမုန်း။

"ဘယ်သွားနေသလဲ"

စကားလုံးများသည် မေ့အသည်းထဲသို့ မြှားကို ပစ်သွင်းလိုက်၏။

မေသည် ဘယ်လိုမှအဖြေမပေး။ ငြင်းလို့လည်း ရမည်မဟုတ်။ သူအကုန်သိပြီ၊ သူဖြောင်းလဲပြီကိုပြောလျှင်လည်း ယုံမည်မဟုတ်။ သူမကောင်းတုန်းက ကိုကျော်မြင့်သည် သူ့ကို အသေအလဲချစ်ခဲ့၏။ ယခု မေကောင်းလာပြီ။ သူက မချစ်တော့။ မေသည် ဘာလုပ်ရမှန်းကို မသိ။ ရယ်လိုက်မိလေသည်။

ရယ်လိုက်သဖြင့် ကိုကျော်မြင့်သည် ချုပ်တည်းထားရာမှ ပွင့်ထွက်လာ၏။

"အေး ရယ်၊ နာနာရယ်ကွ"

သူသည် ရှေ့သို့တိုးလာကာ မေ့လက်မောင်းကို ကိုင်လိုက်၏။

"ပဲခူးမှာကတည်းက မင်းကို မသင်္ကာခဲ့တာ၊ နားလည်လား။ မနေ့ကတည်းက မင်းအကြောင်းအကုန်သိပြီသိလား။ အကုန်သိပြီ"

www.burmeseclassic.com

www.burmeseclassic.com



သူ့ အသံသည် ဒေါသကြောင့်ကျယ်လာ၏။ "စင်စစ်တော့ ငါ့အပြစ်ပါပဲ။ မင်းကို ဘယ်လောက်ပျော်အောင်ထားခဲ့သလဲ ကြည့်စမ်း။ ညနေက မင့်လင်ငယ်နဲ့ လော်လီလာခဲ့တယ် မဟုတ်လား" သူသည် မေ၏လုံချည်ကိုညွှန်ပြ၏။ သူသည် ဘယ်တုန်းကမှ မင်းနှင့်ငါနှင့် မပြောခဲ့။ ယခု ရင့်သီးစွာပြောလေပြီ။

"မဟုတ်ဘူး မဟုတ်ဘူး"

ကိုကျော်မြင့်သည် မခန့်လေးစား ရယ်၏။

"မဟုတ်လား ဟုတ်လား၊ ငြင်းတာ နောက်ကျနေပြီ။ မင့်အဝတ်အစားတွေကို ဘယ်လူဝယ်ပေးသလဲ။ ဦးဘညွန့်အိမ်က ဘယ်လူ့ကားနဲ့ ဒီလာသလဲ၊ အခုလက်ထဲကလက်စွပ်က ဘယ်လူကပေးတာလဲ"

မေသည် အံ့သြကာ လက်ကိုငုံ့ကြည့်လိုက်၏။ လက်သူကြွယ်မှ လက်စွပ်အရောင်သည် တဖိတ်ဖိတ်လက်နေ၏။ ဦးဘညွန့်လက်စွပ်ဖြစ်၏။ သူသတိလစ်နေစဉ် ဝတ်ပေးခဲ့ဟန်တူ၏။ သူအစကတုန်းက သတိမထားမိ။ မေသည်ပြန်ပြောရန်ကြိုးစား၏။ သို့ရာတွင် စကားတစ်လုံးမှ မထွက်။

"မေ့ မိတ်ဆွေကြီး ဦးဘမောင်ကော၊ သူ့ဆီက အင်မတန်စိတ်ဝင်စားစရာကောင်းတဲ့ စာတစ်စောင်ရတယ်။ ဦးဘမောင်ဟာ လူကောင်းတဲ့။ ငါဟာမင်းကို ဘယ်လောက်ချစ်သလဲကွယ်၊ ဒါပေမယ့် ငါဟာ ဖာသည်ကို လက်ထပ်ခဲ့ပြီ"

မေသည် ခေါင်းခါ၏။ သူတတ်နိုင်သည်မှာ ဒါပဲဖြစ်၏။

"ဘာများငြင်းဦးမလို့လဲဟင်၊ ငြင်းချင်သေးသလား၊ ဟောဒီမှာကြည့်စမ်း ဒါ ဘာလဲလို့"



သူသည် အံဆွဲထဲမှ သေတ္တာငယ်ကလေးကို ထုတ်ကာ မေ့လက်ထဲသို့ထည့်၏။

"မနေ့က မင်းမွန်ပြီးဖွင့်ထားခဲ့တဲ့ဟာပဲ။ ဒီတစ်ထောင်တန်ချက်လက်မှတ်က ဘယ်လူပေးတာလဲ။ ဒီဓာတ်ပုံက ဘာလဲ၊ ဘသိန်းထံမှ အချစ်မေသို့ဆိုတာ၊ ဒီစိန်ဆွဲကြိုးကို ဘယ်လူက ပေးတာလဲ"

သူသည် ဒေါသကြီးစွာဖြင့် မေနိုးခဲ့သော စိန်ဆွဲကြိုးကို ကြမ်းပြင်ပေါ်သို့ လွှင့်ပစ်လိုက်လေသည်။

"ဒီမိန်းမကြီးကကော.. ဟင် ဘယ်လူလဲ"

မေသည် မာနထောင်၍ ရင်ကိုကော့လိုက်၏။ ထိုပုံမှာ သူ့အမေ၏ရုပ်ပုံလွှာဖြစ်သည်။

"ဒါ ဘယ်ကမိန်းမထိန်းလဲ၊ မင်းကို အသိကောင်း အဆွေကောင်းတွေ မိတ်ဖွဲ့ပေးတဲ့ မိန်းမလား"

သူသည် ဓာတ်ပုံကားကိုကြမ်းပေါ်သို့ပေါက်လိုက်ရာ ချွမ်းခနဲမြည်၍ မှန်များမှာ အစိတ်စိတ်အမွှာမွှာဖြစ်အောင် ကွဲသွားလေသည်။

မေသည် ခေါင်းကိုငုံ့လိုက်၏။

သူသည် မေ့ဘက်သို့လှည့်ကာ စကားပြော၏။ သူ့အသံသည် ငိုသံပါ၏။

"မင်းကို ငါဘယ်လောက်မြတ်နိုးခဲ့သလဲ။ ဘုရားစင်ပေါ်တင်ပြီး မကိုးကွယ်တမင်ရယ်။ မင်းပျော်အောင်ငါထားတယ်။ မင်းပျော်ရင်ပြီးရော၊ ငါဘာလုပ်ရလုပ်ရ။ အခုဒါတွေအကုန်အကုန်ပြီ။ မင်းကိုများ ငါမမုန်းတော့ဘူးမှတ်သလား။ မင့်သားကိုကော မင်းနဲ့တွေ့ရမယ်မှတ် သလား။ ဝေးလိုက်တာ၊ ထိတောင်မထိရဘူး"

မေသည် မျက်နှာကိုလက်ဝါးနှင့်အုပ်ထား၏။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



သည် သူ့စိတ်ကို အထိခိုက်ဆုံးဖြစ်၏။

"မင်းဟာ မာယာများနေတာပဲ၊ တစ်သက်လုံး အမှုအရာ လုပ်မှာပဲ။ ငါနဲ့တွေ့ခါ စ ချစ်ယောင်ဆောင်တယ်။ အခု ငါနဲ့ကွဲတော့ လွမ်း ယောင်ဆောင်ဦး။ အခုတော့ ငါ့ကို အရူးလုပ်လို့ မရတော့ဘူးမှတ်ထား။ မခင်စီက ပြောမယ်၊ ငါမှားတယ်လို့ ဖေဖေက ပြောမယ်... ငါရက်စက်တယ်။ မင်းဟာ ငါ့အသည်းကိုခွဲပစ်တာ"

စကားလုံးများသည် မေ့နားထဲသို့ သံပူနှင့်လောင်းသလို ဝင်သွားကြလေသည်။ "မင်းဟာ ငါ့အသည်းကိုခွဲပစ်တယ်" ဟုတ်သလား။ မေ မသိ၊ မေသိသည်မှာ သူမရှိတော့သည်ကိုသာ ဖြစ်လေသည်။

❑❑❑

တိတ်ဆိတ်၍နေသည်။

သူ့အရင်က ဘယ်လိုနေမယ်။ ဘယ်လိုထိုင်မယ်ဟု စိတ်ကူးနှင့် လေထဲတိုက်အိမ်ဆောက်ခဲ့သော အိပ်မက်များသည် တစ်မိနစ်အတွင်းပြိုပျက်၍သွားလေပြီ။ ကိုကိုမြင့် ကိုကိုမြင့် သူ့ကို သိသလား မေသည် ခေါင်းခါလေသည်။ သူ့ဒီနေရာမှာ နေဖို့အခွင့်မရှိတော့။ သူကား မသန့်ရှင်း။ သူကား လမ်းမနှင့်သာ တော်သည်။ သူကလည်း ဒီအတိုင်းပြောခဲ့သည်။ သူသည် စိတ်ဆိုးရမှန်းလည်းမသိ။ ဝမ်းနည်းရမှန်းလည်းမသိ။

သူ့ဝမ်းတွင်းရှိ အစိုင်အခဲအားလုံးတို့သည် အရည်ပျော်ကျကာ၊ မျက်ရည်အဖြစ်သို့ပြောင်းလဲလေသည်။ မျက်ရည်များသည် မီးအလျှံတောက်နေသောအသည်းနှလုံးကြားထဲမှ ထွက်လာသဖြင့် ချော်ရည်ကဲ့သို့ပူ၏။ သူ့တစ်ကိုယ်လုံးနာကျင်သော ဝေဒနာကိုခံစား



နေ၏။ ကိုယ်ကားမဟုတ်။ စိတ်နာကျင်မှုသာဖြစ်လေသည်။ မေသည် သူ့အမေ၏ ဓာတ်ပုံမှန်ကွဲအစအနများကို သွားမြင်၏။ မေသည် ဒူးထောက်ကာ ဓာတ်ပုံကို ကုန်းကောက်လေသည်။ မေမေ... မေမေ မျက်ရည်ကြောင့် မှုန်ဝါးဝါးသာမြင်၏။ ဒီတစ်ခုသာသူ့အဖို့ သဲကန္တာရမှ စမ်းရေအိုင်တစ်ကွက်ဖြစ်၏။ မေသည် မျက်ရည်ကို သုတ်ကာ ဓာတ်ပုံကို ကြိုးစား၍ မြင်အောင်ကြည့်၏။

## (၁၉)

ပြန်ရောက်သွားပြီ။

သူနှောင်တရ၍ စိတ်ကောင်းစေတနာကောင်းနှင့် လွတ်မြောက်ရန်ကြိုးစားခဲ့သောဘဝကို ပြန်ရောက်သွားပြီ။

သို့ရာတွင်လွတ်မြောက်ရန်လမ်းကား မရှိတော့။

မေသည် လေးတွဲ့သော ခြေလှမ်းဖြင့် (၃၇)လမ်းဘက်သို့ ကွေ့လိုက်လေသည်။ လမ်းဓာတ်မီးတိုင်များသည် လမ်းဘေးတွင် မားမားကြီးရပ်ကာ သူ့ကိုအကဲခတ်နေသည်ဟုမှတ်ထင်ရ၏။ လွန်ခဲ့သော ဆယ်ရက်ခန့်က မီးပွင့်များကို ပန်းပွင့်သဏ္ဌာန်ပြုလုပ်၍ သူ့သားကလေးကို ကစားခိုင်းမည်ဟုပြောသည်ကို အမှတ်ရ၏။ "နော်... ကလေး ဝတ်ဆံကလေးတွေကိုယူပြီး ပန်းပွင့်လှလှကြီးတွေ ဖူးခိုင်းမှာပေါ့နော်" ဟု သူကပြောခဲ့၏။

မီးပွင့်များသည် သူ့စိတ်ကူးထဲကအတိုင်း ပန်းပွင့်များမဟုတ်ကြတော့။ လောကအမှောင်ထုကို အလင်းရောင်ပေးသော အရာများသာဖြစ်ကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



၂၁၃...

သူသည် မေ့ကိုတွေ့ရာ၌ အနည်းငယ်မျှမအံ့သြ။ မေကလည်း ဘသိန်းကို သူ့ဘာ့ကြောင့် လာရသည်ကိုပြောမပြ။ သူ့ကို ချစ်သေးသည်ကို မေ တွေ့ရသည်။ သူချစ်သည့် အချစ်မှာလည်း တစ်မျိုးဖြစ်၏။ ဒီလိုအချစ်မျိုးနှင့်သာ မေနှင့်ထိုက်တန်သည်။

အစိမ်းအနားကွတ်နှင့် အပြာခံရေခဲချည်စောင်သည် မေ၏ရင်မှ လျှောကျသွားလေပြီ။ မေ၏ပိုးတွန့်လုံချည်ပေါ် တွင်ဘသိန်း၏လက်တင်ထား၏။ မေ၏ပါးနှင့် သူ၏ပါးတို့သည် အပ်ထားကြ၏။ ဒီလိုအောက်တန်းစားဘဝတွင် ဒီအရာများသာ မေ့ကိုကြည်နူးစေသည်။ အာနုံလုံးကို မေ့စေသည်။ ဒီလိုလုတကာနှင့် ပလူးရသည့် [illegible] ဘဝသာ သူ့နဂိုစရိုက်နှင့် ကိုက်ညီလှသည်။

အကောင်းကိုရှာ၏။ အကောင်းကား မရှိတော့။ ။

ဒဂုန်တာရာ

BURMESE CLASSIC .com

ဒဂုန် တာ ရာ ၏ အ မှာ

## ဒဂုန်တာရာ၏ အမှာ

ထုတ်ဝေသူက မေ ပဉ္စမအကြိမ် ထုတ်ဝေခြင်းအတွက် အမှာစာရေးရန် ပြောလာသည်။ မေကို ၁၉၄၁ ခု၊ ဩဂုတ်လတ နဂါးနီစာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိခဲ့သည်။ ၅၆ နှစ်က ဖြစ်သည်။ ယင်း ၅၆ နှစ်အတွင်း (၄) ကြိမ် ရိုက်နှိပ်ခဲ့သည်။ စန္ဒာ မဂ္ဂဇင်း၊ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းများတွင် အပတ်စဉ်ထည့်ခဲ့သည်။

စာဖတ်ပရိသတ်က မျိုးဆက်နှစ်ဆက်အတွင်း ဖတ်ရှုကြသည်ဟု သတ်မှတ်နိုင်သည်။ မေဝတ္ထုကို ကျောင်းသားဘဝက ရေးခဲ့ခြင်းဖြစ်သည်။ စာဖတ်ပရိသတ်များကို ကျွန်တော် ဖြတ်သန်းခဲ့ပြီးပြီ။ မေဝတ္ထုကို ဘာကြောင့် စာဖတ်ပရိသတ်က ဖတ်ရှုသည်ကို သိရန် ခက်လှသည်။

www.burmeseclassic.com